
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# မိုးကျော်သူ

## ချယ်ရီကျွန်းမှ ဓားသမား

(ပထမပိုင်း)

နစ်အာပ်တွဲသိုင်းစာစဉ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄–ဇူလိုင်

ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (ရွှက်စိမ်းစာပေ)
အမှတ် ၄၃ (အေ)၊ ၄–လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွာပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁)
## မြန်လာမိမဲ့ အကျဉ်းစခန်း

နံနက်ခင်း။

နေရောင်ခြည်ကင်းမဲ့သော နံနက်ခင်းအချိန်ဖြစ်သည်။

သည်းထန်စွာရွာသွန်းနေသော မိုးသီးမိုးပေါက်များသည် အရပ်ရစ်မျက်နှာတစ်ခွင်လုံးအား လွှမ်းခြုံဖုံးမိုးထားသည် မဟုတ်ပါလော။

ယခုနှစ်မိုးရာသီသည် လွန်စွာပြင်းထန်၏။ စိုက်ခင်းအတော်များများ ပျက်စီးကုန်သည်။

မိုးနှင့်အတူ လေပြင်းသည် တဟူးဟူးတိုက်ခတ်နေသည်။

ယင်းကြောင့် မိုးသက်လေပြင်းအောက်ရှိ စုန်ကျွန်းမြို့လေးသည် ကမ္ဘာပျက်သည့်အလား အကျည်းတန်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုန်ကျွန်းမြို့ တစ်မြို့လုံးသည် မာန်ဟုန်ပြင်းစွာ ရွာသွန်းနေသည့် မိုးစက်မိုးပေါက်တို့၏အဟိကို အလူးအလဲခံနေရသည်။

'ဝုန်း'

အချို့သစ်ပင်ကြီးတို့၏သစ်ကိုင်းများသည် မိုးဒဏ်လေဒဏ်ကို မခံနိုင်ခြင်းကြောင့် ဝုန်းခနဲကျိုးကျကုန်တော့၏။

စုန်ကျွန်းမြို့၏တောင်ဘက်တွင် အလွန်ကြီးမားလှသော အဆောက်အအုံကြီးတစ်ခု မြင့်မားစွာ တည်ရှိနေသည်ကို တွေ့ရလေ၏။ ကျယ်ဝန်းမြင့်မားသော အုတ်တံတိုင်းကြီးနှင့်အုတ်တံတိုင်းပေါ်တွင် တည်ဆောက်ထားသည့် အဆောင်လေးများကလည်း ထောင့်အသီးသီးတွင် ရှိနေလေ၏။

ထိုအဆောက်အအုံကြီးသည် နာမည်ကြီးစုန်ကျွန်းအကျဉ်းထောင်ကြီးပင် ဖြစ်သည်။

ဤအကျဉ်းထောင်ကြီးထဲတွင် အချုပ်ခံ အကျဉ်းသားများသည် တရားခံများနှင့်အကျဉ်းသားအားလုံးမှာ ဖြစ်မှုကျူးလွန်သူများ ဓားပြများ၊ ထောင်ဖောက်ပြေးသူများ စသည့် အကျဉ်းသားများအတွက် ထောင်ကြီးတစ်ခုပင် ဖြစ်လေသည်။



တစ်နည်းဆိုရသော် ...

ကြီးလေးသော ရာဇဝတ်မှုများကိုပို့ရာ တစ်ကျွန်းထောင်ကဲ့သို့သော ထောင်ကြီးတစ်ခုပင် မဟုတ်ပါလော။

○

မိုးသည် သည်းထန်စွာရွာသွန်းနေဆဲ။

မိုးနှင့်အတူ လေပြင်းကပါ ပြင်းထန်စွာ တိုက်ခတ်နေသည်။

မာန်ဟုန်ပြင်းစွာ ရွာသွန်းနေဆဲ။

မိုးနှင့်အတူ လေပြင်းကပါ ပြင်းထန်စွာ တိုက်ခတ်နေ၏။

မာန်ဟုန်ပြင်းစွာရွာသွန်းနေသည့် မိုး၏ဒဏ်ကို စုန်ကျွန်းမြို့ တစ်မြို့လုံး အလူးအလဲခံနေရရှာသည်။

ဤအချိန်တွင် ...

စုန်ကျွန်းအကျဉ်းထောင်၏တံခါးမကြီးသည် မိုးဒဏ် လေဒဏ်ကို ကြံ့ကြံ့ခံနေရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီးရှေ့တွင် အစောင့်တပ်သား ဆယ်ဦးတို့သည် ငြိမ်သက်စွာရပ်နေသည်။

အစောင့်ဆယ်ယောက်တို့၏အင်္ကျီများသည် မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေသည်။

သူတို့သည် အလွန်ချမ်းအေးလှသဖြင့် ခိုက်ခိုက်တုန်နေရှာသည်။

ထိုအချိန်မှာပင် ...

အဝေးဆီမှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

အစောင့်ဆယ်ယောက်၏ခေါင်းကိုယ်သည် ဆတ်ခနဲထောင်မတ်သွားသည်။

သူတို့အားလုံး၏အမူအရာသည် တိုက်ခိုက်ရန် အသင့်ဖြစ်နေသည့် တိုက်ပွဲဝင်စစ်သည်များ၏အသွင်ကို ဆောင်နေလေသည်။

အဝေးဆီမှ မြင်းခွာသံများသည် တဖြည်းဖြည်းနီးစပ်လာသည်။

မကြာမီမှာပင် မိုးသီးမိုးပေါက်များကြားမှ မြင်းလှည်းတစ်စီး ပေါ်လာလေသည်။



ထူးခြားသည်မှာ ...

မြင်းဆေယ်စီးသည် မြင်းလှည်းအိမ်၏ရှေ့နောက် ဘေးဘီဝဲယာမှခြံရံ၍ လိုက်ပါလာခြင်းပင် ဖြစ်သည်။

တစ်ခဏအကြာတွင် ...

မြင်းစီးသူရဲလူစုသည် စုန်ကျန်းအကျဉ်းထောင်ရှေ့သို့ ရောက်ရှိလာသည်။

"အကျဉ်းထောင်တံခါးဖွင့်စမ်း"

ဩဇာအာဏာပြည့်ဝသော အမိန့်သံတစ်သံသည် မိုးသံလေသံကို အန်တုရင်း ဟိန်းထွက်လာလေသည်။

အသံရှင်သည် မြင်းလှည်းအိမ်ကို ရှေ့ဆုံးမှ လမ်းပြခေါ်ဆောင်လာသည့် မြင်းစီးသူရဲပင် ဖြစ်သည်။

အစောင့်တပ်သားဆယ်ယောက်သည် အသံရှင်မြင်းစီးသူရဲကို မော့ကြည့်လိုက်သည်။

သူတို့၏မျက်ဝန်းများသည် ပြူးကျယ်ဝိုင်းစက်သွားကြသည်။

"မှူခင်းနှိမ်နင်းရေးတာဝန်ခံ ဝူရယ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်သားများ ဖြိုင်တူရှေ့တိမ်လိုက်ကြသည်။

ထိုမြင်းစီးသူရဲက လေသံခပ်ဆတ်ဆတ်ဖြင့် ...

"ကျုပ်ကို စစ်လား၊ ဆေးလား လုပ်မနေနဲ့ အကျဉ်းထောင် တံခါးကိုသာ အမြန်ဖွင့်စမ်းပါ"

မှုခင်းနှိမ်နင်းရေးတာဝန်ခံ၏စကားသံအဆုံးတွင် အစောင့် တစ်သားဆယ်ယောက်သည် ပျာပျာသလဲ ဖြစ်သွားသည်။

သူတို့သည် အကျဉ်းထောင်၏တံခါးမကြီးသော့ကို ဖွင့်သူ ကဖွင့်နှင့် ယောက်ယက်ခတ်သွားလေသည်။

မကြာမီမှာပင် ...

စုန်ကျွန်းအကျဉ်းထောင်၏တံခါးမကြီးသည် ပွင့်သွားလေ သည်။

အကျဉ်းထောင်တံခါးပွင့်သွားသည်နှင့် မှုခင်းနှိမ်နင်းရေး တာဝန်ခံ ဂူရယ်ကြူးဦးဆောင်၍ မြင်းစီးသူရဲများသည် မြင်းလှည်း အိမ်ကို ခြံရံ၍ အကျဉ်းထောင်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

○



အစောင့်ဆယ်ယောက်သည် သက်ပြင်းကို မသိမသာချရင်း စုန်ကျွန်းအကျဉ်းထောင်တံခါးကို ပြန်လည်ပိတ်လိုက်လေသည်။

သူတို့အားလုံး၏ရင်ထဲတွင် မြင်းလှည်းအိမ်ထဲ၌ မည်သူ လိုက်ပါသွားသည်ကို သိချင်စိတ်ပြင်းပြနေသည်။

အကြောင်းမှာ ...

မှုခင်းနှိမ်နင်းရေးတာဝန်ခံကိုယ်တိုင် အကျဉ်းထောင်သို့ လိုက်ပါပို့ဆောင်ခြင်းခံရသော ရာဇဝတ်သားသည် သေဒဏ်ကျခံရ မည့်သူဖြစ်ကြောင်း သူတို့အားလုံးသိထားသည်မဟုတ်ပါလော။

○

စုန်ကျွန်းအကျဉ်းစခန်းထဲတွင်ဖြစ်သည်။

မှုခင်းနှိမ်နင်းရေးတာဝန်ခံဂူရယ်ကြူး ဦးဆောင်သောလူစု သည် မြင်းလှည်းအိမ်ထဲမှ ရာဇဝတ်သားကို အပြင်သို့ ဆွဲထုတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်သား၏ခြေထောက်နှစ်ဖက်တွင် ခြေကျင်းများဖြင့် တပ်ဆင်ပြီး သူ၏လက်နှစ်ဖက်ကိုမူ ခိုင်နံ့သောသံကြိုးများဖြင့် ချည်နှောင်ထားသည်။

ဤမျှ ဆင်းရဲဒုက္ခရောက်နေချိန်တွင် အကျဉ်းသားတစ်ယောက်၏မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်သောအသွင်ကို ဆောင်နေရမည်ဖြစ်၏။

သို့သော် ... ယခု ရာဇဝတ်သား၏မျက်နှာပေါ်တွင် ထိုသို့သော အရိပ်အယောင်များမရှိဘဲ တင်းမာခက်ထန်သောအသွင်ကိုသာ ဆောင်နေလေသည်။

ထိုရာဇဝတ်သားသည် ဓားပြဗိုလ် ကျူးလုဆန်ပင် မဟုတ်ပါလော။

မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဝူရယ်ကြူးဦးဆောင်သော မြင်းစီးသူရဲများသည် ထိုရာဇဝတ်သားကိုခြံရံကာ အတွင်းဆောင်ရှိ အချုပ်ခန်းဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

○



ဓားပြဗိုလ်ကျူးလုဆန်။

ကျူးလုဆန်သည် သိုင်းပညာအလွန်ထက်မြက်သော သိုင်းပညာရှင်တစ်ဦးဖြစ်သည်။

သို့သော် ...

ယခု သူသည် စုန်ကျန်းအကျဉ်းစခန်း၏အချုပ်ခန်းထဲတွင် ရောက်ရှိနေပြီဖြစ်သည်။

သူ့အား အချုပ်ခန်းထဲသို့ အရောက်ပို့ဆောင်နိုင်ခဲ့သူမှာ မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဝူရယ်ကြူးပင် ဖြစ်သည်။

ဝူရယ်ကြူးသည် ကျူးလုဆန်၏အချုပ်ခန်းတံခါးကို သော့ခတ်လိုက်သည်။

ထို့နောက် ...

သူသည် ကျူးလုဆန်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး သူ၏တပည့်ဆယ်ယောက်နှင့်အတူ ကျူးလုဆန်၏အချုပ်ခန်းမှ ထွက်လာခဲ့သည်။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်ကျောဘက်တွင်ရှိသော ကျူးလူဆန်၏အချုပ်ခန်းထဲမှ ကြိမ်းဝါးသံ ထွက်ပေါ်လာသည်။

"ဝူရယ်ကြူး ... ကျုပ် လွတ်မြောက်တဲ့တစ်နေ့ ခင်ဗျားကို တင်မကဘူး တစ်မျိုးလုံးကို မျိုးဖြုတ်ပစ်မယ်ဟေ့"

ထိုသို့ ကြုံးဝါးလိုက်သူမှာ ဓားပြဗိုလ် ကျူးလူဆန်ပင် ဖြစ်သည်။

ဝူရယ်ကြူးသည် ကျူးလူဆန်၏စိန်ခေါ်သံကို ကြားလိုက်ရသောအခါ သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်သန်းသွားလေသည်။

အကြောင်းမှာ ...

ကျူးလူဆန်သည် သေဒဏ်ကျခံရမည့် အကျဉ်းသားတစ်ဦးဖြစ်သည်ကို သိရှိထားသောကြောင့် မဟုတ်ပါလော။

○○○



## အခန်း (၂)

## တလွဲတချော်

လကွယ်ည မဟုတ်သော်လည်း တဒင်္ဂအားဖြင့် လရောင်ကင်းမဲ့နေသည်။

အကြောင်းမှာ ...

တိမ်မည်းညိုတစ်အုပ်သည် ထိန်လင်းစွာသာနေသော လမင်းကြီးကို ဖုံးအုပ်လိုက်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ...

သူသည် မည်းမှောင်လျက်ရှိသည်။

ဤကဲ့သို့ မည်းမှောင်နေသော ညအမှောင်ထဲတွင် လှုပ်ရှားနေသည့် လူသားတစ်ယောက် ရှိသည်။

သူ၏အမည်သည် စစ်ခန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

တစ်ခါတစ်ရံ အဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးလေခွေးလွင့်တို့၏အသံမှအပ ဝန်းကျင်တစ်ခုလုံး ဘာသံမျှမကြားရဘဲ တိတ်ဆိတ်နေလေသည်။

"အင်း ... ငါ ဘယ်လိုနေရာကို ရောက်နေပြီလဲ မသိဘူး"

စစ်ခန်းသည် တစ်ကိုယ်တည်း ညည်းညူလိုက်မိ၏။

သူရောက်နေသည့်နေရာကို လုံးဝခန့်မှန်းနိုင်စွမ်းမရှိဟန်ဖြင့် စိတ်ထဲတွင် အတော်ညစ်ညူးနေသည်။

အလင်းရောင်ဟူ၍လည်း မရှိပါ။

မိမိ၏ခြေနှင့်လက်တို့ကိုပင် မြင်နိုင်စွမ်းမရှိလောက်အောင် အမှောင်၏ကြီးစိုးမှုဒဏ်ကို ခံနေရသည်။

ထိုစဉ်မှာပင် ... ညှီစို့စို့အနံ့တမျိုးက သူ၏အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်လာသည်။

သူ၏ခေါင်းထဲတွင် မူးဝေနောက်ကျိလာ၏။ ရင်ထဲတွင် လှိုက်တက်လာသော ဗို့အန်ချင်စိတ်ကို အနိုင်နိုင်ထိန်းလျက် ရှေ့သို့ ခပ်သွက်သွက် လှမ်းလိုက်မိသည်။



ထိုအခါ ...

"အား"

စွတ်စိုသောအိုင်တစ်ခုထဲသို့ ခြေအစုံကို နင်းချမိလျက်သား ဖြစ်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး၏အလေးချိန်အတိုင်း အဆအတိုင်း ပေါင်လည်လောက်ရောက်သည်အထိ မြုပ်ဆင်းသွားသည်။

ထို့ကြောင့် ...

အသည်းထဲတွင် အေးခနဲဖြစ်သွားကာ ရုတ်တရက် အော်လိုက်မိခြင်းဖြစ်သည်။

အတွင်းအားကို စုစည်းလျက် အိုင်အတွင်းမှ အပေါ်သို့ ရောက်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်၏။

သို့သော် ... အစက်အခဲတစ်ခုက သူ၏အားထုတ်မှုကို အနှောင့်အယှက် ဖြစ်စေပြန်သည်။

ယင်းအနှောင့်အယှက်မှာ ဤအိုင်အတွင်းမှ ရှုန်းကန်ထွက်ရန် ခြေထောက်အောက်တွင် အမာခံဟူ၍ လုံးဝရှာဖွေမတွေ့ခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လှုပ်လိုက်သည်နှင့် ခန္ဓာကိုယ်သည် ရွှံ့ထဲသို့ ပို၍နစ်သည်ထက် နစ်သွားလေ၏။

စစ်ခန်း မျက်လုံးပြူးသွား၏။

သူသည် အသက်ကို မှန်မှန်ရှူရင်း အမှောင်တွင်း၌ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိ၏။

နက်ရှိုင်းလွန်းသော အမှောင်ထုသည် တောက်ပလွန်းသော သူ၏အမြင်ခေတ်ကို အနိုတုလျက်ရှိ၏။

သူသည် နံဘေးတစ်နေရာသို့ လက်ကိုဆန့်၍ စမ်းလိုက်မိချိန်တွင် သစ်သားစအချို့နှင့် ဂုန်နီအိတ်စတစ်ခုကို စမ်းလိုက်မိ၏။

စစ်ခန်းသည် အလွန်အမင်း ဝမ်းသာသွား၏။

ညှိနံ့အတွင်းမှ ရုန်းထွက်ရန်မှာ အောက်ခြေအမာခံမရှိသဖြင့် ရုန်းကန်ရန် အင်အားမဲ့နေချိန်၌ အပေါ်မှ ဆွဲယူအားပြုရန် သစ်သားစတချို့က သူ့အား အရှင်လတ်လတ် မြေမြှုပ်ခံရမည့်ဘေးမှ လွတ်မြောက်စေမည့် အကူအညီတစ်ခုပင် ဖြစ်သည် မဟုတ်ပါလော။

သို့သော်လည်း ...

စစ်ခန်းသည် ချက်ချင်း အပေါ်တက်ရန် မကြိုးစားသေးဘဲ



မိမိလက်နှင့် စာစာက စမ်းမိသော သစ်သားအစများကို ဖယ်လျက် အထဲမှ ဂုန်နီအိတ်ကို စမ်းလိုက်မိ၏။

ပုံသဏ္ဌာန်ကိုကြည့်ရခြင်းဖြင့် သေတ္တာရှည်တစ်ခုပင် ဖြစ်မည်ဟု ခန့်မှန်းရ၏။

ထိုသေတ္တာရှည်မှာ ချုပ်တစ်ခုအတွင်း၌ ရှိနေမည်ကို သိရှိလိုက်ရ၏။

ယင်းသေတ္တာပုံစံ သစ်သားစများအတွင်းရှိ ဂုန်နီအိတ်ဟု ထင်ရသော ဖျင်စများကို ဆွဲဖြဲပြီး အတွင်းသို့ လက်နှိုက်လိုက်စဉ်မှာပင် ဆံပင်များနှင့် လူဦးခေါင်းတစ်ခုကို စမ်းလိုက်မိသည်။

“ဟင်”

စစ်ခန်း၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားလေသည်။

အမှန်မှာ ...

သူသည် သတ္တိနည်းလှသော လူတစ်ယောက် မဟုတ်ချေ။

ဖွဲ့သတ္တိအပြည့်ရှိသော ယောက်ျားတစ်ယောက် ဖြစ်သည်။

သို့သော် ...

ယခုကဲ့သို့ မှောင်နှင့်မည်းမည်းတွင် လူသေအလောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်စမ်းမိခြင်းသည် မည်သူမဆို တုန်လှုပ်မိမည်မှာ အမှန်ပင်ဖြစ်၏။

လက်ကိုရုပ်လိုက်သည်နှင့် ပုပ်ညှီသော အနံ့ဆိုးသည် ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားကာ စစ်ခန်း၏နှာခေါင်းထဲသို့ တန်းခနဲ ဝင်ရောက်လာလေ၏။

ဤအခြေအနေ ဤအတိုင်း ဆက်၍နေရန် အကြောင်းမရှိတော့ကြောင်း သုံးသပ်မိလိုက်ချိန်တွင် ဘေးမှ သစ်သားစကို အားပြုလျက် အတွင်းအားကို အပြည့်သုံးကာ အပေါ်သို့ ခုန်တက်လိုက်လေ၏။

ခုန်အား ဆွဲအား နှစ်ရပ်ပေါင်းအင်အားနှင့်သည် မည်မျှ အရှိန်ပြင်းသည်ဆိုသော် ချုပုတ်၏တစ်ဖက်မြေပြင်ပေါ်သို့ ရောက်ရှိသွားလေတော့၏။

စစ်ခန်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ရွှံ့များဖြင့် ပေရေညစ်ပတ်ကာ ရွှံ့မံထားသော အရုပ်ကြီးတစ်ရုပမာ ဖြစ်နေချေသည်။

သူသည် အချုပ်အနှောင်မှ လွတ်မြောက်သွားသူတစ်ယောက်ကဲ့သို့ သူ၏စိတ်အစဉ်သည် ကြည်နူးလန်းဆန်းသွားသည်။



လမင်းကြီးသည် တိမ်မည်းညိုတစ်အုပ်၏ဖုံးအုပ်ခြင်းမှ လွတ်မြောက်လာပြီဖြစ်၏။

ထိုစဉ်မှာပင် ...

“ရှမ်း”

လင်းထိန်နေသော လရောင်အောက်ဝယ် တဖိတ်ဖိတ်လက်နေသော အလင်းရောင်တန်းတစ်ခုနှင့်အတူ သူ၏လည်ချောင်းမှာ စစ်ခနဲဖြစ်သွားပြီး အေးစိမ့်သော ဓားသွားက လာရောက်ထောက်ထားခြင်းကို ရုတ်ခြည်း သိရှိလိုက်၏။

စစ်ခန်းသည် ရှောင်တိမ်းရန်အလို့ငှာ မည်သို့မျှ မစွမ်းနိုင်ခဲ့ချေ။

ထို့ကြောင့် ...

စစ်ခန်းသည် လှုပ်ရှားရန် မကြိုးစားတော့ဘဲ သူ့အား ဓားဖြင့် ချုပ်ကိုင်ထောက်ထားနိုင်စွမ်းရှိသူ၏မျက်နှာကို အသာလေးမျက်လုံးဝေ့ကြည့်လိုက်မိသည်။

အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။

တည်ငြိမ်အေးဆေးသော အသွင်ကိုဆောင်လျက် စစ်ခန်း၏

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းကို ထောက်ထားသော ဓားကို ကိုင်ထားပုံမှာ သေသပ်တိကျလှပေသည်။

ဓားကိုင်ပုံကို ကြည့်ခြင်းအားဖြင့် သိုင်းသမားတစ်ဦးမှန်း သိသာလှ၏။

သို့သော် ...

ထိုအမျိုးသမီးသည် စစ်ခန်း တစ်ခါဖူးမျှ မမြင်ဖူးသော မျက်နှာစိမ်းတစ်ဦးပင် ဖြစ်၏။

မိမိကျင်လည်ခဲ့သော အသိုင်းအဝိုင်းတွင် ဤအမျိုးသမီးကို တစ်ခါမျှ မမြင်ဖူးသည်မှာ သေချာလှ၏။

သူနှင့် ရန်ငြိုးရန်စလည်း မရှိခဲ့ချေ။

သို့သော် ...

ယခုလက်ရှိ အခြေအနေတွင် သူမသည် မိမိ၏လည်ပင်းသို့ ဓားဖြင့် အဘယ်ကြောင့် ထောက်ထားသည်ကို တွေးမရနိုင်ဘဲ ဖြစ်နေ၏။

သူသည် သေချာစေရန် ဤအမျိုးသမီးကို အကဲခတ်ကြည့်မိလိုက်ပြန်၏။



သူမ၏မျက်နှာတစ်ခုလုံး မြေဖြူမှုန့်များဖြင့် မှုန်းခြယ်ထားသည့် ကျောက်တုရုပ်တုလို ဖြူဖွေးလှ၏။

သွေးများပင် မရှိရှာလေသလားဟု ထင်ရလောက်အောင် ဖြူဆွတ်လွန်းလှသော မျက်နှာပိုင်ရှင် အမျိုးသမီးကို စစ်ခန်း ငေးကြည့်နေမိစဉ်မှာပင် ...

"ကဲ ... မင်း ... အခု ဟို ... ရွှံ့အိုင်ထဲက တက်လာခဲ့တာ မဟုတ်လား"

အမျိုးသမီး၏အမေးကို စစ်ခန်း ရယ်ချင်မိသွားတော့သည်။

"ကျုပ် ရွှံ့အိုင်ထဲက တက်မလာဘဲ မိုးပေါ်က ကျလာတာလို့ ခင်ဗျား ထင်လို့လား"

ဟု အမျိုးသမီး၏အမေးစကားကို အဖြေမပေးဘဲ စပ်ငေါ့ငေါ့ ပြန်မေးလိုက်သည်။

"မိုးပေါ်က ကျလာတာ မထင်လို့ မင်းကို ရွှံ့အိုင်ထဲက တက်လာတာလားလို့ မေးတာပေါ့"

အမျိုးသမီးက လေသံ ခပ်ထန်ထန်ဖြင့် ပြန်ပြောလိုက်ရင်း သက်ထဲမှ ဓားကို အားထည့်၍ ထိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အား"

စစ်ခန်း၏အသံသည် ရုတ်တရက် ထွက်ပေါ်လာသလို ဒေါသလည်း ထွက်မိ၏။

အမျိုးသမီးသည် စစ်ခန်းကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"မင်း ... ဒီဘက်ကို ဘာကိစ္စနဲ့ လာတာလဲ"

သူမ၏အမေးကို သူ မည်ကဲ့သို့ ပြန်ပြောရမှန်း မသိဘဲဖြစ်ရသည်။

"ကျုပ်ဘာသာကျုပ် ဘာကိစ္စနဲ့လာလာ ခင်ဗျားနဲ့ ဆိုင်သလား"

ဟု ဘုဆတ်ဆတ် ပြန်ဖြေလိုက်၏။

သူမ၏ခေါးဖျားက သူ၏စကားသံဆုံးသည်နှင့် ထောက်ထားရာမှ ဆတ်ခနဲ လှုပ်ရှားလိုက်၏။

စစ်ခန်း၏လည်တိုင်မှာ ပူခနဲဖြစ်သွားပြီး စေးထန်းထန်း ပူနွေးသော သွေးစီးကြောင်းတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

"မင်း ... ငါမေးတာကို ကောင်းကောင်းဖြေဖို့ ကြိုးစားပါ"



တည်ငြိမ်အေးဆေးစွာပြောလိုက်သည့် သူမ၏စကားသံတွင် ဒေါသသံ စွက်နေ၏။

သူသည် အကျပ်ရိုက်သွား၏။

"အင်း ... ငါ ဒီလိုပုံဆိုရင် မလွယ်ဘူး။ အန္တရာယ်က လွတ်အောင်တော့ ကြံမှ"

ဟု တစ်ကိုယ်တည်း တွေးလိုက်မိ၏။

ထို့နောက် ...

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ၊ ခင်ဗျားနဲ့ကျုပ် ဘာရန်ငြိုး ရန်စမရှိဘဲ ဘာဖြစ်လို့ ကျုပ်ကို ရန်လုပ်ချင်နေရတာလဲဗျ"

သူ ယင်းသို့ပြောရင်း သူမ၏လှုပ်ရှားပုံကို ဂရုပြုနေလိုက်သည်။

"ငါ ဘယ်သူဆိုတာ မင်းသိစရာမလိုဘူး၊ မင်းသိရမှာက ငါက မင်းကို သတ်မယ့်လူပဲ"

သူမ၏တုံ့ပြန်လာသောစကားသံသည် သူ့အတွက် မလွယ်မှန်း စစ်ခန်း နားလည်လိုက်၏။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်လင်းနေသော လမင်းကြီးကို တိမ်မည်းညိုတစ်စုက ရုတ်တရက် ဖုံးအုပ်လိုက်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ရိပ်ခနဲ မှောင်ကျသွား၏။

သဘာဝတရားက ပေးလာသည့် အခွင့်အရေးကို စစ်ခန်း ကောင်းစွာ အသုံးချလိုက်လေ၏။

စစ်ခန်းသည် နောက်သို့ ရုတ်တရက် လှန်ချလိုက်ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်၍ ကိုယ်ဖော့ပညာကို အသုံးပြုလျက် မျက်နှာချင်းဆိုင် အမျိုးသမီး၏နောက်ကျောဘက်ဆီသို့ လေထဲမှ တစ်ပတ်ကျွမ်းဖြင့် ကျော်လွှားခုန်လိုက်လေတော့သည်။

သူ၏လှုပ်ရှားမှုနောက်မှ တစ်ပါတည်းပင် အမျိုးသမီးဓားသည် တန်းခနဲ ဝင်လာ၍ သူ စောစောက ရပ်နေသောနေရာ၏အနောက်ဖက်မှ ကျောက်တုံးကို 'ချွင်' ခနဲ ထိုးခွဲလိုက်သလို ဖြစ်သွားသည်။

ကျောက်တုံးကြီးမှာ အက်ကြောင်းထင်သွားလေတော့သည်။

ထိုအခြင်းအရာကို မြင်လိုက်ရသော စစ်ခန်းမှာ အမျိုးသမီး



အတွင်းအားနှင့် ငင်းကိုင်ထားသည့် ဓားတို့မှာ အထူးအားကောင်းလှသောအရာများဟု သိလိုက်ရသည်နှင့် လုံးဝမပေါ့ရဲတော့ချေ။

ထို့ကြောင့် ...

သူ၏ခါး၌ ချိတ်ထားသောဓားကို ထုတ်လိုက်ရလေသည်။

ထို့နောက် ...

အမျိုးသမီး ပြန်မလှည့်နိုင်မီ နောက်မှ လှမ်းထိုးလိုက်လေသည်။

သို့သော် ...

သူထင်ထားသကဲ့သို့ ဖြစ်မလာဘဲ သူ၏ဓားက လေကိုသာ ထိုးမိသွားပြီး အမျိုးသမီး၏လက်ပြန်တွက်လိုက်သည့် ဓားချက်သည် သူ၏လည်ပင်းဆီသို့ တန်းခနဲဝင်လာသည်ကို ရိပ်ခနဲမြင်လိုက်ရလေ၏။

ထို့ကြောင့် ...

သူသည် ကပျာကယာ ငုံ့ရှောင်လိုက်ရလေ၏။

ဤတစ်ကြိမ်တွင် ...

စစ်ခန်းသည် စွတ်မဝင်ရဲတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘယ်ဘက်လက်မှ ခါးမှ ဓားတိုတစ်လက်ကို ထုတ်လျှက် မျက်နှာချင်းဆိုင်ဖြစ်နေသော အမျိုးသမီးကို စေ့စေ့ကြည့်လိုက်၏။

ထို့နောက် ...

သူသည် ဘယ်ဘက်လက်ထဲမှ ဓားကို ရုတ်တရက် ပစ်သွင်းဟန် ပြုလိုက်၏။

အမျိုးသမီးသည် ဓားကို ဝှေ့ယမ်းခုတ်ထုတ်လိုက်လေရာ တကယ်မပစ်ဘဲ ဟန်လုပ်လိုက်သော စစ်ခန်းသည် ဟန်ချက်ပျက်သွားသည့် အမျိုးသမီးကို ခုန်အုပ်လိုက်၏။

တစ်ဆက်တည်းမှာပင် ...

ဘယ်ဘက်လက်မှဓားဖြင့် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ လက်ပြန်တစ်ချက် ပြန်သွင်းလိုက်လေသည်။

"အင့်"

သူ၏ဓားအတို့မှာ တစ်စုံတစ်ရာနှင့် ထိတွေ့နစ်ဝင်သွားမှန်း သိလိုက်သည်။

စေးထန်းသောသွေးများပင် ... သူ၏ လက်တစ်လျှောက်



ပေကျံကုန်သည်။

ထိုအချိန် လမင်းသည် တိမ်မည်းညိုများအုပ်ဆိုင်းနေရာမှ ကြည်လင်စွာ ဖြစ်ပေါ်လာသည်။

ထိုအခါ လက်ရှိမြင်ကွင်းကို ထင်ရှားစွာတွေ့လိုက်ရသည်။

အမျိုးသမီးသည် တစ်ချက်သာ အော်လိုက်နိုင်ပြီး လဲကျသွားသည်ကို လရောင်အောက်၌ မြင်လိုက်ရလေသည်။

အမျိုးသမီးသည် နောက်ဆုံး မြေပေါ်သို့ လဲကျသည်အထိပင် လက်ထဲမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဓားရှည်ကို ဝှေ့ယမ်းခုတ်ပိုင်းလိုက်လေသည်။

ခုတ်အားမှာ ပြင်းထန်လှသော်လည်း ဓားရိုးကို ဆုပ်ကိုင်ထားရန် အင်အားမှာ လုံလောက်စွာမရှိသည်မို့ လက်ထဲမှ ဓားမှာ မြေပေါ်သို့ ကျသွားလေတော့သည်။

စစ်ခန်းသည် အတော်ပင် စိတ်ထိခိုက်သွားသည်။

အမှန်မှာ ...

ဤအမျိုးသမီးနှင့်သူသည် ရန်ငြိုးရှိသည်မဟုတ်ဘဲ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ...

မိမိသာ လက်ဦးမှုအရမယူနိုင်လျှင် အမျိုးသမီး၏လက်ချက်ဖြင့် ကေန်မုချ သူသေရမည်ဖြစ်၏။

သို့ဖြစ်၍ ...

သူသည် မိမိ၏အသက်ကို မိမိကာကွယ်ခြင်းဖြင့် အမျိုးသမီးကို သူ ရင်ဆိုင်လိုက်ခြင်းဖြစ်သည်။

ယခု ...

အမျိုးသမီးကို သူ၏ဓားချက်ထိသွားပြီဖြစ်သည်။

အမျိုးသမီးမှာ အသက်မထွက်သေးပါ။

သူမက မှိုး၍ကြည့်နေသော စစ်ခန်း၏မျက်နှာဆီသို့ လက်သည်းများဖြင့် လှမ်းကုပ်ခွဲလိုက်၏။

သို့သော် ...

သတိမပြတ်ရှိနေသော စစ်ခန်း၏လျှင်မြန်စွာ ရှောင်တိမ်းမှုကြောင့် လက်မတင်လေး လွတ်သွားခဲ့ရသည်။

စွန်လက်သည်းကဲ့သို့သော လက်သည်းများသည် နံဘေး၌ကျောက်တုံးပေါ်သို့ ဒုတ်ခနဲထိမှန်သွားလေသည်။



ထိုအခါ ...

ကျောက်တုံးပေါ်၌ အစင်းအရာများ ထင်းခနဲ ပေါ်လာသည်။

ဤသည်ကို မြင်လိုက်ရသော စစ်ခန်းမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

“ဟာ ... အတွင်းအားအပြည့်ပါတဲ့ စွန်ကုပ်လက်သည်းတိုက်ကွက်ပါလား”

ဟု နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

အမျိုးသမီးသည် သူ့အား မုန်းတီးစက်ဆုပ်သည့်အကြည့်ဖြင့် ကြည့်လိုက်၏။

“မင်းဟာ ငါ့ဘဝထဲကိုဝင်လာတဲ့ ကံကြမ္မာဆိုးပဲ”

သူမ၏ပြတ်သားသောစကားသံသည် လည်ချောင်းမှတစ်ဆင့် ထွက်လာသော်လည်း ရင်တွင်းမှ အင်အားပြည့်လှသောအသံဖြင့် ထွက်လာသောအသံဟု စစ်ခန်း ထင်လိုက်မိသည်။

သူမ၏စကားသံအဆုံးမှာပင် ပါးစပ်ထဲမှ သွေးများ ပွက်ခနဲအန်ချလိုက်ပြီး ဇက်လည်း ကျိုးကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ ... အင်း ... သူ့စကားသံကလည်း ငါ့ကို မကျေနိုင် မချမ်းနိုင်နဲ့ နောက်ဆုံးအချိန်အထိ အခဲမကြေ ဖြစ်သွားပုံရတယ်၊ စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်က ခင်ဗျားကို မသတ်ရင် ခင်ဗျားက ကျုပ်ကို သတ်မှာမို့ ကျုပ်ကိုယ်ကျုပ် ကာကွယ်လိုက်ရတာပါ"

စစ်ခန်းသည် တီးတိုးရေရွတ်လိုက်မိလေတော့သည်။

OOO



## အခန်း (၃)

## အမှတ်မထင်ဆုံတွေ့မှု

အမှန်စင်စစ် ...

သူသည် လမ်းမှားလာခြင်းပင် ဖြစ်၏။

ယခု သူရောက်ရှိနေသောနေရာသည် သူရောက်ရန် အားခဲ ထားခဲ့သော စုန်ကျွန်းအကျဉ်းထောင်ကြီး မဟုတ်ဘဲ ဟင်းလင်းပြင် မြေကွက်လပ်၏တစ်နေရာသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ပကာကိုငြိမ်သက်လျက် ရှိ၏။

ညတွင် အစာရှာထွက်ပေါ်တတ်သော ညဥ့်ငှက်သတ္တဝါများ ၏အသံပင် လုံးဝမကြားရချေ။

အမှောင်ကြီးစိုးနေလင့်ကစား တစ်ခါတစ်ရံ ပေါ်လာတတ် သည့် တိမ်မည်းတိုက်အတွင်းမှ လမင်း၏အလင်းရောင်လွှဲလွဲသည်

www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်ဝဲယာကို ကောင်းစွာအကဲခတ်နိုင်စွမ်းရှိ၏။

အမည်မသိအမျိုးသမီးတစ်ဦးနှင့် အသက်လုပွဲဆင်နွှဲလိုက်ရသော စစ်ခန်းသည် ယခုမှပင် စိတ်ချလက်ချ ပတ်ဝန်းကျင်ကို အကဲခတ်နိုင်ပေသည်။

သို့သော် ...

သူသည် လုံးဝစိတ်မချနိုင်သေးချေ။

နောက်ထပ် မည်သည့်ရန်သူများ ပေါ်လာမည်နည်းဟု စိုးရိမ်ပူပန်မှုက သူ၏စိတ်ကို ထိတ်လန့်စေလေသည်။

သူ စုန်ကျုန်းအကျဉ်းထောင်သို့သွားလိုသည်မှာအကြောင်းရှိသည်။

သူ့တွင် သွေးသောက်ညီအစ်ကိုတစ်ယောက် ရှိသည်။

ထိုလူသည် စုန်ကျုန်းအကျဉ်းထောင်ကြီးထဲတွင် ချုပ်နှောင်ခြင်း ခံနေရသည်။

ထို့ကြောင့် ...

သူ့အား ကယ်တင်ရန် စစ်ခန်း ကြိုးစားနေခြင်းဖြစ်သည်။

စစ်ခန်းသည် ဤမြို့သားတစ်ယောက် မဟုတ်ပေ။



ထို့ကြောင့် ...

သူသည် မြို့၏တည်နေရာကို ကောင်းစွာမသိပေ။

သူ၏သွေးသောက်ညီအစ်ကိုသည် ဓားပြဗိုလ်တစ်ယောက်ဖြစ်သည်။

ထိုသွေးသောက်ညီအစ်ကိုအား ကယ်တင်နိုင်ရန်အတွက် သူ၏ကြိုးပမ်းမှုသည် ယခုအခါ အရာမထင်ဘဲ ကံကောင်း၍ပင် အသက်နှင့်ကိုယ် အိုးစားမကွဲခြင်း ဖြစ်သည်။

အမှန်တွင် ...

သူ၏ညံ့ဖျင်းမှုပင် ဖြစ်၏။

သူသည် သွေးသောက်ညီအစ်ကိုကို ကယ်တင်နိုင်ရန်အတွက် အလွန်ဝေးလံသည့် အရပ်ဒေသမှ လာရောက်ခဲ့ရ၏။

ယခုအခါ သူ၏ကြိုးပမ်းမှုသည် သဲထဲရေသွန်သလို ဖြစ်ခဲ့ပြီဖြစ်သည်။

စိတ်ပျက်အားလျော့မှုတို့ဖြင့် ရောပြွမ်းနေသည့် သူ၏ခန္ဓာကိုယ်သည် ခုံဘေးရှိ သစ်ပင်ကြီးတစ်ပင်၏သစ်မြစ်ဆုံပေါ်တွင် ထိုင်ချလိုက်ရင်း ဤနေရာကို သေချာစွာ အကဲခတ်ကြည့်ရှုမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာမှန်း လုံးဝခန့်မှန်း၍မရအောင် ဖြစ်သွားသည်။

ထို့အတူ ...

စောစောက အမည်မသိသော အမျိုးသမီးသည် သူ့ကို အဘယ်ကြောင့် ရန်ပြုသည်ကိုလည်း စဉ်းစား၍မရနိုင်ဘဲ ဖြစ်နေရ၏။

ထိုအမျိုးသမီး မသေမီ ပြောသွားသည့်စကားအရ ...

'မင်းဟာ ငါ့ဘဝထဲကို ဝင်လာတဲ့ကံကြမ္မာဆိုးပဲ'

ဟူသည့် စကား၏အဓိပ္ပာယ်ကို ဖော်ထုတ်၍ မရနိုင်ဘဲ ဖြစ်နေရချေသည်။

သို့လော သို့လော တွေးတောမှုတွေကြားမှ စိတ်ရှုပ်သွားရပြီး ထိုင်ရာမှ မတ်တတ်ရပ်လိုက်ကာ သန့်ရှင်းသည့် လေကို အားပါးတရ ရှူလိုက်ပြီး ရပ်နေရာမှ အနောက်ဘက်သို့ လှည့်ကြည့်လိုက်မှီတွင် ...

"ဟင် ... ခြစည်းရိုးကြီးတစ်ခုပါလား"

မှန်သည်။



အလွန်မြင့်မားထူထဲခိုင်ခံ့သော ခြံစည်းရိုးကြီးတစ်ခုကို တွေ့လိုက်ရ၏။

စောစောက အရှေ့ဘက်ကွင်းပြင်ကြီးကိုသာ မကြည့်နေမိသော်လည်း ယခုအခါ သူရောက်နေသည့်နေရာ၏အနောက်ဘက်တွင် ထူထပ်သော မြက်ရိုင်းတောကြီးသည် လူတစ်ရပ်မြုပ်လုခမန်း ပေါက်ရောက်နေသည်ကို တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် ...

ဖြောင့်တန်းလှစွာသော ခြံစည်းရိုးကြီး၏အရှည်မှာ ပေတစ်ရာထက်မနည်း ဖြောင့်တန်းစွာ တည်ရှိနေသည်။

မျက်စိတဆုံး ရှည်လျားလှစွာဖြင့် အမှောင်ထဲ တိုးဝင်ပျောက်ကွယ်သွားသည်ကို မြင်ရသည်။

စစ်ခန်း နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။

"ငါရောက်နေတာ စုန်ကျန်းအကျဉ်းထောင်ကြီးရဲ့နောက်ဘက် ခြံစည်းရိုးအပြင်ဘက်ပဲ ဖြစ်ရမယ်"

ဟု တစ်ကိုယ်တည်း တွေးတောလိုက်မိသည်။

မှန်၏။

www.burmeseclassic.com

www.burmeseclassic.com



မမှန်၏ကိုတော့ သူကိုယ်တိုင် ယတိပြတ်မဆုံးဖြတ်နိုင်သေးချေ။

သူသည် မိမိကိုယ်မိမိ သတိအနေအထားဖြင့် သစ်ပင်အောက်မှ ထွက်လိုက်ပြီး ကျောက်တုံးကြီးတစ်တုံးပေါ် အသာလှမ်းတင်လိုက်သည်။

ယခုအခါ ...

သတိရှိခြင်းသည် သူ့အတွက် အကောင်းဆုံး သက်စောင့်လှံ့လတစ်ခုပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ...

မိမိမကျွမ်းကျင်သောဒေသသို့ ရောက်ရှိနေခဲ့၍ ဖြစ်သည်။

ဤနေရာသည် အသက်အန္တရာယ်ရောပြွမ်းသော နေရာလား။

ငြိမ်းချမ်းသောနေရာလား။ လုံးဝသေချာစွာ စိတ်ချ၍ မရသောနေရာဖြစ်သည်။

အချိန်အခါမရွေး ရန်သူပေါ်ထွက်လာနိုင်သည်။

ထို့ကြောင့် ...



သူသည် သတိလုံးဝအလွှတ်မပေးရဲပါ။

သူသည် မျက်လုံးအစုံနှင့် နားအစုံကို ဖွင့်လျက် ကျိုးကန်းတောင်းမှောက် လှေလာစုံစမ်းမှုကို ပြုနေချေသည်။

စောစောပိုင်းကပင် မလွဲမရှောင်သာ၍ လူတစ်ယောက်၏ အသက်ကို သတ်လိုက်မိသော်လည်း ယခုအခါ ဘာမှမဖြစ်သကဲ့သို့ ဤဖြစ်ရပ်ကို သူ့ခေါင်းထဲမှ ခေတ္တထုတ်ထားလိုက်မိသည်။

ထိုစဉ်မှာပင် ...

အေးမြသောလေပြည်သည် ညင်ညင်သာသာ ယိမ်း၏သဘာဝအတိုင်း ရွှေယမ်းတိုက်ခိုက်လိုက်သည်။

ထိုအခါ သူ၏ပါးပြင်မှာ စပ်ဖျင်းဖျင်းဒဏ်ကို ခံစားလိုက်ရသေးသည်။

ယောင်ယမ်း၍ စပ်ဖျင်းဖျင်းဒဏ်ရာကို လက်ဖြင့် စမ်းလိုက်မိသည်။

ထိုအခါ ...

သွေးစသွေးနများက လက်တွင် ကပ်ပါလာသည်ကို တွေ့လိုက်ရပြီး သူ၏ပါးဝယ် ဓားထိသွားမှန်း အခုမှ သိလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက သွေးပူနေတုန်းအချိန်မို့ အမှုမဲ့အမှတ်မဲ့ ဖြစ်နေခဲ့ခြင်း ဖြစ်သည်။

"အင်း ... ငါ ဒီနေရာက အမြန်ဆုံးထွက်သွားမှဖြစ်မယ်"

သူသည် ထိုသို့တွေးတောရင်း ကျောက်တုံးပေါ်တွင် ရပ်နေရာမှ အောက်သို့အသာ ခုန်ဆင်းလိုက်စဉ်မှာပင် သူ၏နောက်ဘက်မှ လှသံများကို ကြားလိုက်ရလေသည်။

○

စစ်ခန်း၏အသိစိတ်ဝယ် ဤနေရာမှ ချက်ချင်းထွက်ခွာသွားရမည်ကို နားလည်လိုက်၏။

သို့သော် ...

သူ မည်သည့်လမ်းမှသွားရမည်။ ဘယ်ဘက်သွားလျှင် ဘယ်ရောက်မည်ကို မှန်းဆ၍မရနိုင်အောင် ဖြစ်ရသည်။

လတ်တလော အခြေအနေအရ ဤကျောက်တုံးကြီး၏ နောက်နား၌ပင် ပုန်းအောင်းနေရန် အကြံရလိုက်ပြီး လျင်မြန်စွာ ကျောက်တုံးနောက်ဆီသို့ ပြေးဝင်လိုက်၏။



ကံအားလျော်စွာပင် ကျောက်တုံးနောက်တွင် လူတစ်ကိုယ်စာ ကောင်းစွာ လုံခြုံစိတ်ချရသော မြက်ရိုင်းအုပ်စုကလေး ပေါက်ရောက်နေသည်ကို ဝမ်းသာဖွယ်တွေ့လိုက်ရ၏။

ထို့ကြောင့် ...

သူက မြက်ရိုင်းတောထဲ ထိုင်ချရင်း အသံများကြားရာဘက်သို့ လှမ်းကြည့်လိုက်မိ၏။

သွက်လက်သောခြေသံများနှင့်အတူ မိန်းမပျို့နှစ်ဦး လျှောက်လာသည်ကို ထင်ရှားစွာ မြင်လိုက်၏။

ထင်ရှားစွာတွေ့လိုက်ရသည်မှာ ...

ရှေ့မှ မိန်းမပျို၏လက်တွင် ကိုင်ဆောင်ထားသော မီးပုံး၏ အလင်းရောင်ကြောင့်လည်း ဖြစ်၏။

"ရှိရောင် ... သခင်မ ... ဘယ်တွေလျှောက်သွားနေလည်း သိဘူးနော်"

"အေး ... ငါလည်း အဲဒါပဲ စဉ်းစားနေတာ"

မီးပုံးအိမ်ကို ကိုင်ဆောင်လာသော မိန်းမပျို၏မျက်နှာမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိရှောင်ဖြစ်ကြောင်းကို နောက်မှကပ်ပါလာသော ဒုတိယမိန်းမပျို၏ စကားကြောင့် စစ်ခန်း သိလိုက်ရ၏။

"ဒီအနောက်ဘက် မြစ်စည်းရိုးနား ထွက်လာတာတော့ ငါ တွေ့လိုက်တာပဲ"

ရှိရှောင်ဆိုသော မီးပုံးအိမ်ကိုင်လာသည့် မိန်းမပျိုက ပြော လိုက်ခြင်းဖြစ်၏။

ထိုမိန်းမပျိုနှစ်ယောက်သည် တဖြည်းဖြည်းနှင့် စောစောက သူနှင့်သေဆုံးသူ အမျိုးသမီးတို့ တိုက်မိုက်ခဲ့သောနေရာအနီးသို့ ရောက်ရှိလာကြလေသည်။

စောင်းလျက် လဲကျနေသော အမျိုးသမီးကို တွေ့လိုက်ရ သည်နှင့် ...

"ဒီမှာဟေ့ တွေ့ပြီ၊ သခင်မ ဘာများဖြစ်နေသလဲမသိဘူး သွားစမ်း၊ ညည်း သခင်ကြီးဆီကို မြန်မြန်အကြောင်းကြားစမ်း"

မီးပုံးကိုင်ထားသည့် ရှိရှောင်ဆိုသော မိန်းကလေးက နောက်မှပါလာသော သူ့အဖော်ဖြစ်သူ မိန်းကလေးကို လှမ်းပြော လိုက်ခြင်းပင် ဖြစ်၏။



သူကိုယ်တိုင်လည်း လဲကျနေသော သခင်မဆိုသူ အမျိုး သမီးအနီးသို့ မီးအိမ်ကိုမြှောက်၍ ကိုင်ရင်း ထိုင်ချလိုက်သည်။

"ဟယ် သွေး ... သွေးတွေပါလား၊ လာကြပါဦး၊ လာကြပါ ဦးရှင်၊ ဒီမှာ သခင်မ သွေးအိုင်ထဲမှာ လဲနေပါတယ်"

ကျယ်လောင်စူးရှစွာဖြင့် ထိတ်လန့်တကြား အော်ဟစ်လိုက် သည်။

သူမ၏အသံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ် သွားလေတော့၏။

စောစောက တိတ်ဆိတ်ငြိမ်သက်နေသောညသည် ရှိရှောင် ဆိုသည့် အမျိုးသမီး၏အသံကြောင့် သက်ဝင်လှုပ်ရှားလာ၏။

သူမ၏အော်ဟစ်သံအဆုံးတွင် ခြံဝင်း၏တစ်နေရာဆီမှ လူ သံများနှင့် မီးရောင်များ အလျှိုလျှိုပေါ်ထွက်လာသည်ကို တွေ့လိုက် ရသည်။ စစ်ခန်း ရင်ထိတ်သွား၏။

"ဟာ ... ဌါများ တွေ့ရင်တော့ မလွယ်ဘူး"

စိုးရိမ်စိတ်သည် သူ၏ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှ ထွက်ပြေးချင်စိတ်မှာ မျိုးသိပ်မရအောင်ဖြစ်လာ သည်။

သို့သော် ...

ထွက်ပြေးခြင်းမှာ လွတ်မြောက်ရန်ထက် ရန်သူများ၏ လက်တွင်းသို့ လည်စင်းပေးရန် ပြေးလွှားဝင်ရောက်သည်နှင့်မခြား ဖြစ်မည်ကို သူ ကောင်းစွာသဘောပေါက်မိသည်။

မီးရောင်များ လင်းလက်လာမှ စောစောက မြစည်းရိုးကြီး ဘေးရှိ အိမ်ကြီးကို ညအမှောင်အောက်ဝယ် ထီးထီးကြီးတွေ့မြင်လိုက် ရသည်။

မီးရောင်နှင့်အတူ မြစည်းရိုး၏ ဒီမှာဘက် နံဘေးနေရာတိုင်း ဝယ် အစောင့်ဟု ယူဆရသူများ ပုံမှန်လှုပ်ရှားစောင့်ကြပ်သွားလာနေ သည်ကို သတိပြုလိုက်မိ၏။

မဝေးလှသော နေရာတွင် မိုင်းမှိုင်းသော ဝင်းတံခါးပေါက်ကြီး တစ်ခုကို မီးရောင်ဖြင့် စစ်ခနဲ မြင်လိုက်ရ၏။

မီးရောင်များကြောင့် သူ့ကိုမြင်သွားမည်စိုးကာ မြက်ရိုင်း တောထဲသို့ ကိုယ်ကို ဝပ်ချလိုက်၏။



ဟုအချိန်မှာပင် ...

ပြင်းထန်လှသော ခြေသံကြီးတစ်သံသည် မြဝဘက်မှ ပုန်း အောင်းနေရာအနီးသို့ ဦးတည်လှမ်းလာနေသည်ကို တွေ့လိုက်ရ သည်။

သူသည် ပုန်းကွယ်နေရာမှ ဦးခေါင်းကိုမော့၍ လှမ်းမျှော် ကြည့်လိုက်မိသည်။

မြင့်မားလှသော အရပ်အမောင်းနှင့်အတူ သန်မာထွား ကျိုင်းတုတ်ခိုင်လှသည့် အမျိုးသားကြီးတစ်ယောက်ကို တွေ့ရသည်။

စစ်ခနဲမှာ ထိုအမျိုးသားကြီးကိုကြည့်နေရာမှ အသက်ရှူ မှုဝင် မေ့လျော့နေသည်။

ထိုအမျိုးသားကြီးသည် စောစောက ဖူးရှူးရှား အော်လိုက် သည့် ရိုရှောင်ဆိုသော မိန်းကလေးအနီးသို့ လျှောက်လာလေသည်။

ထိုအခါ ... ရိုရှောင်ဆိုသော မိန်းကလေးမှာ ...

"သခင်မကိုကြည့်ပါဦး သခင်ကြီး၊ သွေးအိုင်ထဲ လဲကျနေ တာကို တွေ့တွေ့ချင်း ကျွန်မ အော်လိုက်တာပါ။ မကိုင်ရဲလို့ မကိုင် သေးဘဲ ဒီနေရာမှာ ရပ်ပြီး စောင့်နေတာပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် မိန်းကလေး ဆီးပြောသောစကားကို လုံးဝ ဂရုမစိုက်ချေ။

သူသည် လဲကျနေသော အမျိုးသမီးအနီးသို့ လျှောက်သွား၍ စူးစူးစိုက်စိုက် ကြည့်နေလေ၏။

နံဘေးမှ မီးရောင်ကြောင့် ထိုလူကြီး၏မျက်နှာပုံသဏ္ဌာန်ကို ထင်ရှားစွာ တွေ့မြင်နိုင်၏။

လွန်စွာကြောက်မက်ဖွယ်အကျည်းတန် အရုပ်ဆိုးလှသည့် မျက်နှာပိုင်ရှင် မဟုတ်သော်လည်း ၎င်း၏မျက်နှာသည် တင်းမာခက်ထန်လျက်ရှိ၏။

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရ၏။

ယင်းလူကြီးသည် လဲကျနေသော အမျိုးသမီးအနီးတွင် ထိုင်နေရာမှ လက်တစ်ဖက်ကို ရုတ်တရက် လှုပ်ရှားလိုက်မိလေသည်။

ထိုလှုပ်ရှားမှုနှင့်အတူ အမျိုးသမီး၏ခန္ဓာကိုယ်သည် မှောက်လျက်အနေအထားမှ ပက်လက်ဖြစ်သွားသောအခါ ထိုလူ၏ နှုတ်မှ စကားသံ ထွက်ပေါ်လာ၏။



"အတော်ပြင်းထန်တဲ့ ဓားချက်ပါလား"

မှန်၏။

စစ်ခန်းကိုယ်တိုင်ပင် မိမိသုံးလိုက်သော အတွင်းအားသည် ဤမျှလောက်ထိ အရာရောက်လိမ့်မည်ဟု မထင်မိခဲ့ချေ။

အသက်ကင်းမဲ့နေသော အမျိုးသမီး၏အရှေ့ဘက် ရင်ဘတ်တစ်ခုလုံးတွင် သွေးများဖြင့် စိုနစ်နေသည်ကို တွေ့လိုက်ရသည်။

လူကြီးသည် ဆတ်ခနဲထလိုက်ရင်း အနောက်ဘက် ခြံကြီးဆီသို့ ခပ်ဖြည်းဖြည်း လှည့်လိုက်ပြီး ...

"ဟေ့ ... တစ်ယောက်လောက် လာခဲ့စမ်း"

လွန်စွာ တိုးညင်းလှသည်ဟု ထင်ရသော အသံက အတွင်းအား နက်ရှိုင်းမှုပေါ်၌ အခြေခံလျက် အိမ်ကြီးတစ်လုံး စူးရှစွာ ပဲ့တင်ထသွားစေ၏။

မရှေးမနှောင်းမှာပင် အိမ်ကြီးဆီမှ လူနှစ်ဦးက အပြေးအလွှား ရောက်ရှိလာကြ၏။

ထိုလူနှစ်ဦးသည် လူကြီးရှေ့တွင် ရိုကျိုးစွာ ပြိုင်တူဦးညွှတ်အရိုအသေပေးပြီး ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

လူကြီးက လက်ဝှေ့ယမ်းလိုက်ရင်း ...

"ကဲ ... မင်းတို့ ဒီအလောင်းကို သယ်သွားကြစမ်း"

"ကောင်းပါပြီ သခင်ကြီး"

ထို့နောက် ...

လူကြီးသည် အလောင်းသယ်ယူသွားရာကို မျက်စိတဆုံး ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

ထို့နောက် ...

သူသည် အနောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်လိုက်လေ၏။

ထိုအခါ ...

ရှုပုတ်ထဲမှ အပေါ်သို့ ထိုးထိုးထောင်ထောင်နှင့် ပြူထွက်နေသော ဝှန်နီအိတ်စတစ်စကို မြင်လိုက်ရသဖြင့် ခြေဖြင့် ကော်ထုတ်လိုက်၏။

ဤဝှန်နီအိတ်စသည် စောစောက စစ်ခန်း ရှံ့အိုင်အတွင်း၌ စမ်းမိသော လူသေအလောင်းထည့်ထားသည့် ဝှန်နီအိတ်ပင် ဖြစ်၏။



လူကြီးသည် ရှုပုတ်ထဲမှ တစ်စွန်းတစ်စ ထွက်နေသော ဝှန် နီအိတ်စကို ဆွဲဖြည့်လိုက်၏။

ဝှန်နီအိတ် နှုတ်ခမ်းသားတို့ ပြ၍ ပွင့်သွားပြီး အတွင်းမှ အလောင်းကောင်သည် လိမ့်၍ ထွက်လာလေ၏။

စောစောက အမှောင်ထဲမှာမို့ ဘာမျှမမြင်ရသဲ စမ်းရုံသာ စမ်းကြည့်ခဲ့သည့် စစ်ခန်းမှာ ယခုအခါ ပုန်းကွယ်နေရာမှ မြက်ရိုင်းပင်များကို မျက်စိနှစ်လုံးစာနေ့ ဖယ်လျက် လှမ်းကြည့်မိလိုက်၏။

လုလင်ပျိုတစ်ဦး၏အလောင်းတစ်လောင်းပင် ဖြစ်လေသည်။

အမျိုးသားကြီးသည် ထိုအလောင်းကို သေချာစွာ တစ်ချက်ရှုစိုက်ကြည့်လိုက်ပြီး ရှံ့အိုင်ထဲသို့ ကန်ချလိုက်လေတော့သည်။

စစ်ခန်းသည် ထိတ်လန့်စွာ အောင့်ထားသော အသက်ရှူသံကို ခပ်မှျင်းမှျင်းလေး ရှိုက်ထုတ်လိုက်၏။

သို့သော် ... အာရုံခံစားမှု အတွင်းအားအလွန်မှ အစွမ်းထက်ပုံရသော ထိုအမျိုးသားကြီး၏မျက်နှာသည် ကျောက်တုံးဆီသို့ တန်းတန်းမတ်မတ် လှည့်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ကျောက်တုံးနောက်မှာ ပုန်းနေတာ ဘယ်သူလ ထွက်ခဲ့စမ်း"

ထိုလူ၏အသံသည် မိုးချုန်းသံကဲ့သို့ ဟိန်းထွက်လာေ သည်။

သူ၏မျက်လုံးအစုံသည် ကျောက်တုံးကြီးကို ထွင်းဖော လျက် အနောက်ဘက် မြက်ရိုင်းတောထဲတွင် ပုန်းအောင်းနေသေ စစ်ခန်းကို ပကတိမြင်နေရသည့်အလား တည်ငြိမ်စွာ စူးစိုက်ကြည့် နေ၏။

စစ်ခန်းသည် အပြင်သို့ ထွက်၍ တွေ့လိုက်ရမည်လား။

သို့မဟုတ် ...

ဤနေရာမှ ရောက်ချင်ရာရောက် ပြေးပေါက်ရှာရမည် လား။

စစ်ခန်းသည် သို့လော သို့လော မရေရာသော အဖြေမျာ စွာဖြင့် ကျောက်တုံးနောက်ကွယ်မှာပင် ငြိမ်ငြိမ်လေးထိုင်နေမိလေ၏

သူ့ထံသို့ အမျိုးသားကြီးသည် မျက်မှောင်တစ်ချက် ကုတ် ပြီး ကြည့်လိုက်ရင်း ထပ်မံ၍ အော်ပြောပြန်၏။



"ဟေ့ ... ဘာလုပ်နေတာလဲ၊ ထွက်လာစမ်းလို့ ပြောနေတာ ကြားဘူးလား"

လူကြီးက အော်ပြောလိုက်သော်လည်း စစ်ခန်းမှာ ဘာလုပ် ရမှန်းမသိဘဲ ငေးကြောင်လျက် နေမိ၏။

"ကဲ ... ဒီလောက်တောင်ရှိလှတာ ကိုင်းကွာ"

လူကြီးသည် ဒေါသအကြီးအကျယ် ထွက်လာ၍ အနီးရှိ ကျောက်တုံးကို အားဖြင့် တွန်းချလိုက်၏။

မြေပြင်အနေအထားမှာ ဆင်ခြေလျှောသဏ္ဌာန်ရှိနေသော ကြောင့် ကျောက်တုံးကြီးက လိမ့်ဆင်းသွား၏။

စစ်ခန်း မျက်လုံးမျက်ဆန်ပြူးကျယ်သွားပြီး ကပျာကယာ ခုန်ရှောင်လိုက်ရ၏။

ကျောက်တုံးက သူ့နံဘေးမှ ပွတ်ကာသီကာ လိမ့်ဆင်းသွား လေ၏။

●

အကယ်၍ ...

သူ၏ရှောင်တိမ်းမှုသာ အနည်းငယ်မျှ နောက်ကျသွားပါ သွင် ...

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းသည် ဆက်လက်မတွေးရဲအောင်ဖြစ်သွား၏။

ထို့ကြောင့် ...

သူသည် ကျောက်တုံး၏အနောက်ဘက်ရှိ မြစည်းရိုးကို မော့ကြည့်လိုက်၏။

"ဟာ ... အခု ငါ မြို့ဝင်းအပြင်ဘက် ရောက်နေတာ မဟုတ်ပဲ၊ မြို့ဝင်းထဲရောက်နေတာကိုး"

စစ်ခန်းသည် အံ့ဩထိတ်လန့်စွာ ရေရွတ်လိုက်မိ၏။

မှန်သည်။

သူရောက်ရှိနေသောနေရာသည် မြို့ဝင်းကြီး၏အပြင်ဘက် မဟုတ်ဘဲ စည်းရိုး၏အတွင်းဘက်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ...

မြစည်းရိုး၏အနောက်ဘက် တံခါးပေါက်ကြီးကို လှမ်းမြင်ရသောကြောင့်ဖြစ်၏။

ထိုတံခါးပေါက်ကို လှမ်းကြည့်လိုက်ရာ အစောင့်များ တစ်ယောက်ပြီးတစ်ယောက် လှုပ်ရှားသွားနေကြသည့်ဘက်မှ မင်းတုတ်ကြီးမှာ ကြေးသော့ခလောက်ကြီး ခတ်ထားသည်ကို တွေ့ရလေ၏။



မြို့ဝင်းတစ်ခုကို သော့ခတ်မည်။ မင်းတုပ်ထိုးမည်ဆိုလျှင် အတွင်းဘက်မှသာ ပြုလုပ်လေ့ရှိသည်ကို သူ သဘောပေါက်လာ၏။

ထို့နောက် ...

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပြီး ရှိသမျှ အတွင်းအားကို အပြည့်သုံးလျက် လေထဲသို့ ထိုးတက်လိုက်သည်။

စစ်ခန်း၏ခန္ဓာကိုယ်သည် ကျောက်တုံးကြီးတစ်တုံးပေါ်မှ တစ်ဆင့် မြင့်မားလှသော မြစည်းရိုးကြီးပေါ်သို့ ရောက်ရှိသွား၏။

ထိုမှတစ်ဆင့် တစ်ဖက်မြို့ပြင်သို့ ပျံပါးလှသော ကိုယ်ဖော့ ညာဖြင့် သက်ဆင်းလိုက်လေ၏။

သူသည် မြင့်မားလှသော စည်းရိုးကြီးကို ပျံပါးလျှင်မြန်စွာ ခုန်ပျံကျော်လွှားလိုက်သည်။

ဤနေရာ ဤဒေသ၌ အချိန်ဆွဲနေရန်မသင့်ဟု စိတ်ဝယ် အလိုလိုသိလိုက်သည်နှင့် မျက်နှာမူရာသို့ ပြေးမည်ဟု ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဟူသော အသံနှင့်အတူ သူရပ်နေသော နံဘေးစည်းရိုးကြီးမှာ ကျိုးပဲ့သွားသည်။

ထိုအခါ ကာရံထားသော သစ်လုံးတိုင်များ သူ့ကိုယ်ပေါ်သို့ ပိကျလာသည်ကိုတွေ့ရသဖြင့် နောက်သို့ ခုန်ရှောင်လိုက်ရလေ၏။

စည်းရိုးကြီးမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်သွားလေသည်။

စစ်ခန်းသည် အတော်အံ့အားသင့်သွားသည်။

ဤမျှလောက် ထူထဲခိုင်ခံ့သော ခြံဝင်းထရံကြီးဖောက်ထွင်းလိုက်သူသည် တော်ရုံတန်ရုံသူမဟုတ်ကြောင်း စစ်ခန်း နားလည်လိုက်၏။

"ဟား ... ဟား ... ဟား ... မင်းလည်း ကိုယ်ဖော့ပညာအကောင်းသားပါလားကွ၊ ဒါပေမဲ့ ငါ့လက်က မင်းမလွတ်နိုင်ပါဘူး လူငယ်ရာ"

ရယ်သံကြီးနှင့်အတူ ပေါက်သွားသော ဝင်ပေါက်ဝ၌ မားမားကြီးရပ်နေသော အမျိုးသားကြီးကို မြင်လိုက်ရသည်။



စစ်ခန်း၏စိတ်ထဲဝယ် မထူးတော့ပြီမို့ ခါးတွင် ချိတ်ထားသော ဓားကိုထုတ်လျက် ရင်ဆိုင်ရန် ပြင်လိုက်သည်။

အမျိုးသားကြီးက သူ့ကို လုံးဝဂရုမစိုက်ဟန်ဖြင့် ...

"ကဲ ... မင်း ငါ့ကိုယှဉ်ပြိုင်မလို့လား ကောင်လေး"

"ဟုတ်တယ်"

ပြောပြောဆိုဆိုဖြင့် စစ်ခန်းသည် စတင်တိုက်ခိုက်လိုက်သည်။

သိုင်းကွက်နှစ်ဆယ်ကျော်မျှ လှည့်ပတ်တိုက်ခိုက်ပြီးသည်အထိ ထိုအမျိုးသားကြီးကို လုံးဝမထိသေးချေ။

စစ်ခန်းက အင်နှင့်အားနှင့် တိုက်နေသလောက် အမျိုးသားကြီးသည် လက်ပုတ်လျက် ဘယ်ညာယိမ်းနွဲ့ရင်း အသာအယာပဲ ရှောင်တိမ်းနေလေ၏။

အမျိုးသားကြီးသည် အပြုံးမပျက်ဘဲ အသာအယာပင် ရှောင်တိမ်းလိုက်သည်။

ထို့နောက် ...

သူ့ထံသို့ ဝင်လာသည့် ဓားဦးကို အပြားလိုက် လက်ညှိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းတောက်လိုက်သည်။

ဓားဖျားမှာ ရွှန်းခါမှုလှိုင်းတစ်ခုသည် ဓားရိုးမှတစ်ဆင့် စစ်ခန်း၏လက်သို့ ကူးစက်စီးဝင်သွားသည်။

ထို့ကြောင့် ...

စစ်ခန်း၏လက်မှာ ကျဉ်းခနဲဖြစ်သွားရ၏။

လက်ထဲမှဓားပင် လွတ်ကျသွားမတတ် ဖြစ်ခဲ့ရ၏။

သို့သော် ...

စစ်ခန်းသည် လျှင်မြန်စွာပင် ထိန်းသိမ်းလိုက်၏။

ထို့နောက် ...

သူသည် ဘယ်ဘက်သို့အယောင်ပြလျက် ညာခြေဖြင့် ကန်လိုက်၏။

စစ်ခန်း၏ခြေဖျားသည် ထိုလူ၏ဘယ်ဘက်နားထင်သို့ တန်းဝင်သွားလေ၏။

သို့သော် ...

သူက လုံးဝရှောင်တိမ်းခြင်း မပြုချေ။

သို့သော် ...



နားထင်နှင့်ထိကာနီးမှာပင် သူ၏လက်တစ်ဖက်က စစ်ခန်းကြွက်သားဆီသို့ လျှပ်တစ်ပြက်ကုပ်ဆွဲရန် ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် စစ်ခန်းသည် ကန်ချက်ကို ကမန်းကတန်း ပြန်လည်ရုပ်သိမ်းလိုက်ပြီး ဝမ်းဗိုက်သို့ တိုးပြီး တစ်ချက်ကန်သွင်းလိုက်၏။

သူက စစ်ခန်း၏ဓားကိုင်ထားသောလက်ဖမိုးကို မိမိရရဆုပ်ကိုင်လိုက်၏။

စစ်ခန်း မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်းမရှိ။

လက်တစ်ခုလုံး တဆတ်ဆတ် တုန်သွားရကာ လက်တွင်ကိုင်ထားသော ဓားလည်း လွတ်ကျသွားတော့၏။

သို့သော် ...

စစ်ခန်းသည် လက်မလျှော့သေးပေ။

ကိုယ်တွင်းရှိ အတွင်းအားကို စုစည်းလျက် သူ၏ရင်ညွန့်ကို တက်လက်လှန်ကာ ကန်လိုက်လေ၏။

စစ်ခန်းသည် သိသိသာသာကြီးပင် မျက်လုံးပြူးသွားလေ၏။

ကန်ချက်သည် ... ရည်ရွယ်သောနေရာကို တိတိကျကျ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားသော်လည်း ကန်လိုက်သော ရင်ညွန့်နေရာက မာကျော မနေဘဲ ကောက်ရိုးမျှင်များကို ကန်လိုက်ရသလို အိခနဲ ဝင်သွားပြီး စပရိန်ကဲ့သို့ ပြန်လည်ကန်ထွက်လာသောကြောင့် ဖြစ်၏။

တစ်ဆက်တည်းမှာပင် ...

ခြေတစ်ဖက်ရှိ အကြောတစ်နေရာကို ဖမ်းပိတ်ခြင်းခံလိုက်ရ၏။

ခြေမျက်စိမှာပင် အကြောကြီး အပိတ်ခံလိုက်ရပြီ ဆိုကတည်းက စစ်ခန်း၏ကိုယ်ခန္ဓာသည် လေလျှော့လိုက်သော ပူဖောင်းလို ပျော့အိ၍ မြေပြင်ပေါ် ပုံလဲကျသွားလေ၏။

"ကဲ ... မင်း ငါ့ကို နိုင်သေးရဲ့လား၊ ဘာဖြစ်လို့ အပင်ပန်းခံချင်ရတာလဲကွာ"

စကားဆုံးသည်နှင့် အမျိုးသားကြီးက စစ်ခန်းကို ကုပ်ပိုး၍ အသာကိုင်မြှောက်လိုက်ပြီး ပေါက်နေသော မြစ်ညည်းရိုးပေါက်မှ မြစ်တွင်းသို့ ပြန်လည်ဝင်ရောက်လိုက်လေ၏။

မြစ်အတွင်းပိုင်းရောက်သည်နှင့် ချက်ချင်းပင် လျင်မြန်သော အဟုန်ဖြင့် အိမ်မြင့်ကြီးဆီသို့ စစ်ခန်းကိုဆွဲပြီး ဝင်လာခဲ့သည်။



တရိပ်ရိပ်ကျန်ခဲ့သော ခန်းဆောင်များကို ဝိုဝိုပြင်ပြင်မမြင်ရလောက်အောင် မြန်ဆန်လှ၏။

အတန်ကြာသော် ...

ရပ်တန့်သွား၏။

ဤနေရာသည် ကျယ်ဝန်းသော ခန်းမဆောင်တစ်နေရာဖြစ်၏။

အမျိုးသားကြီးက သူ့ကို ခုံတစ်ခုပေါ် တင်ပေးလိုက်ပြီး အစ်ဖက်လှည့်ကာ လျှောက်သွားရင်း စားပွဲပေါ်မှ အရက်အိုးကို ရေသောက်သလို မော့ချလိုက်၏။

ထို့နောက် ...

သူ၏မျက်နှာကို သေသေချာချာ ကြည့်လိုက်ပြီး ...

"မင်း လာရမယ့်အချိန်လည်း မဟုတ်သေးဘူး၊ နောက်ပြီး ခင်းတို့ ချိန်းတဲ့ရက်လည်း မရောက်သေးဘဲ ဘာဖြစ်လို့ ဒီလောက်အစောရောက်လာရတာလဲ"

တည်ငြိမ်ပြီး အသံဩဇာ အပြည့်အဝပါသောလေသံဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမျိုးသားကြီး၏စကားကို နားမလည်နိုင်ဘဲ ဖြစ်သွား၏။

"ဟောကောင် ... ငါမေးနေတာကို မင်းကြားရဲ့လား၊ အချိန်အခါမဟုတ်ဘဲ ဘာဖြစ်လို့ မင်းရောက်လာတာလဲ၊ ပြောလေကွာ"

အမျိုးသားကြီးသည် သူ၏ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ပထမမေးခွန်းကိုပင် ထပ်၍မေးလိုက်ပြန်၏။

သူ၏စိတ်ထဲ၌ ဘာကိုမျှ စဉ်းစားခြင်းမရှိပါ။

သူစဉ်းစားမိသည်မှာ ဤနေရာကလွတ်အောင် မည်သို့မျှ ပြေးနိုင်မည်မဟုတ်မှန်းကို နားလည်ပြီးသား ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် ...

သူ့အား ထိုလူက အကြောဝိတ်ထားသောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် ...

အမျိုးသားကြီး၏လက်တစ်ဖက်က သူ့ပခုံးကို ကြမ်းတမ်းစွာ ဆုပ်ကိုင်လာသောအခါ နာကျင်လှသောဝေဒနာလို ခံစားလိုက်ရပြီးနောက် ... ဝိတ်ထားသောအကြောတို့သည် ပြန်ပွင့်သွားသည်ထို



သူ၏ခန္ဓာကိုယ်တွင် သွေးလည်ပတ်မှုက သက်သောင့်သက်သာ ရှိ၏။

သူက ဝမ်းသာသွားမိ၏။

သူ့အတွက် လွတ်ရုန်းမှုပြုနိုင်ပြီ မဟုတ်ပါလား။

"ခင်ဗျား ဘာတွေလာမေးနေတာလဲ၊ ခင်ဗျားမေးနေတာတွေ ကျုပ် တစ်ခုမှနားမလည်ဘူး"

တည်ကြည်စွာ ပြန်ဖြေလိုက်သော သူ့အသံလည်း အခန်းဆောင်ကြီးတစ်ခုလုံး ဟိန်းသွား၏။

"မင်း ဘာပြောလိုက်တာလဲ"

"ခင်ဗျားမေးတဲ့မေးခွန်းကို ကျုပ် မဖြေတတ်ဘူးလို့ ပြောနေတာ"

ပထမ သူပြန်ဖြေလိုက်သောစကားသံကို မရှင်းဟန်ဖြင့် ထပ်၍မေးလိုက်ရာ သူကလည်း အစကနဦးအတိုင်းပင် ပြန်ဖြေလိုက်သည်။

သူ၏အဖြေစကားကို ကြားလိုက်ရသောအခါ အမျိုးသားကြီး၏မျက်နှာမှာ အံ့ဩမှုတို့ဖြင့် ပြည့်လျှမ်းသွား၏။

"မင်းဟာ ... သူတို့လွှတ်လိုက်တဲ့လူ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မသက်သာသောလေသံဖြင့် ထပ်မေးလိုက်ပြန်သည်။

သူ သဘောပေါက်သွားသည်။

အမျိုးသားကြီးမေးသော မေးခွန်းများတွင် တစ်စုံတစ်ခု လွဲချော်နေပြီဖြစ်ကြောင်း သူက သဘောပေါက်မိသည်။

သူ့အား တစ်ဦးတစ်ယောက်နှင့် မှားယွင်းနေပြီဖြစ်ကြောင်းကိုလည်း ရိပ်စားမိလာသည်။

"ကျွန်တော် ဘာကိုမှမသိပါဘူး။ ခင်ဗျားပြောတဲ့ကိစ္စတွေကိုလည်း ကျွန်တော် လုံးဝမသိပါဘူးခင်ဗျာ"

အလွန်ယဉ်ကျေးသောစကားဖြင့် ပြန်လည်ဖြေကြားလိုက်သော လူ၏စကားသံကို အံ့သြစွာနားထောင်နေသော အမျိုးသားကြီးက ...

"ဒါဖြင့် ... မင်း ဘာဖြစ်လို့ ဒီနေရာကိုရောက်လာတာလဲ မင်း ဘယ်ကလဲ ... ငါ့ကို မှန်မှန်ပြောစမ်း"

"ဟုတ်ကဲ့၊ ကျွန်တော်မှန်တဲ့အတိုင်း ပြောနေတာပါ၊ အခု ကျွန်တော့်ကို ခင်ဗျားမေးတဲ့မေးခွန်းထဲမှာ သတ်မှတ်ချိန်ဆိုတဲ့ အချိန်မတိုင်မီ ရောက်လာတို့၊ တစ်ပါးသူတစ်ယောက်ရဲ့ စေခိုင်းမှုကြောင့်ရောက်လာတာတို့ဆိုတဲ့ မေးခွန်းတွေဟာ ကျွန်တော်နဲ့ ဘာမှမပတ်သက်ပါဘူး"



"ဟုတ်ပါပြီလေ၊ ဒါတွေထားလိုက်ပါတော့၊ အခု မင်း ... ဒီကိုရောက်လာတဲ့ကိစ္စက"

"ကျွန်တော် ပြောပြပါ့မယ်၊ အခု ဒီနေရာကိုလည်း ဘယ်နေရာဆိုတာ ကျွန်တော်မသိပါဘူး။ အမှန်တော့ ကျွန်တော်ဟာ စုန်ကျွန်းအကျဉ်းထောင်ထဲကို ဝင်ဖို့ကြိုးစားရင်းနဲ့ မမျှော်လင့်ဘဲ ဒီကိုရောက်လာတာပါ"

သူ၏စကားကို ကြားလိုက်သည်နှင့် ထိုလူ၏မျက်နှာမှာ စိတ်ဝင်စားသော အရိပ်အယောင်များအပြင် မယုံသင်္ကာမှုတို့ပါ ပေါ်လွင်လာ၏။

ထိုအခါ ...

"ဟ ... နေစမ်းပါဦး၊ စုန်ကျွန်းအကျဉ်းထောင်ကို သွားတာ ဒီကိုရောက်လာရတယ်ဆိုတော့ မင်း ... မျက်စိကန်းနေတဲ့သူလည်း မဟုတ်ပါဘူး"

စစ်ခန်း ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်၊ ကျွန်တော်က မျက်စိကန်းနေတာနဲ့ အတူတူပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဒီနယ်သားလည်း မဟုတ်ဘူး။ နောက်ပြီး စုန်ကျွန်းအကျဉ်းထောင်ကို ဖြတ်လမ်းကလာရင်း မှောင်ကြီးမဲကြီးထဲမှာမို့ လမ်းမှားသွားလို့ပါ"

ယခုမှပင် ...

ထိုလူမှာ သဘောပေါက်သွားသကဲ့သို့ ဖြစ်သွားပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက် —

သူ မရှင်းသောအချက်တစ်ချက်ကို ကောက်ကာငင်ကာ မေးချလိုက်ပြန်၏။

"အဲဒီစုန်ကျွန်းအကျဉ်းထောင်ထဲကို မင်း ဘာဖြစ်လို့ မိုးကြောင်မိုးဇက် ဝင်လာရတာလဲ"

"အဲဒါကလည်း ဒီလိုပါ။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ကယ်တင်ဖို့ပါ"

"အဲ့ဒီသူငယ်ချင်းဆိုတာ ဘယ်သူလဲ"

"ကျူးလူဆန်ပါ"



စစ်ခန်းသည် မေးသမျှမေးခွန်းတို့ကို စိတ်ရှည်လက်ရှည် အဖြေပေးလျှက်ရှိ၏။

"ကျူးလူဆန်ဆိုတာ"

မဆုံးသေးသော ထိုလူ၏မေးခွန်းကို စစ်ခန်း ကြားဖြတ်ဖြေလိုက်၏။

"ဟုတ်ကဲ့ ... စားပြဗိုလ်ကျူးပါပဲ"

သူ၏အဖြေကိုကြားလိုက်သည်နှင့် ထိုလူသည် စစ်ခန်းကို လေးစားသောမျက်လုံးများဖြင့် ပြူးကြည့်လိုက်၏။

"ကိုယ့်သူငယ်ချင်းတစ်ယောက်ကို ကယ်ဖို့အတွက် အခုလိုတစ်ယောက်တည်း ခြောက်လလုံးလုံး ကြိုးစားတဲ့သတ္တိနဲ့ဖွဲ့ကိုတော့ ...ပြီးသဘောကျသွားပြီဟေ့"

ထိုလူက လက်နှစ်ဖက်ကို ကျေနပ်အားရစွာ လွှဲ၍ အခန်း ...ွင်းဝယ် ခေါက်တုံ့လူးလာ ဆက်၍လမ်းလျှောက်လေသည်။

"အင်း ... မှားတော့ မှားနေပြီ"

ထိုလူ၏တစ်ကိုယ်တည်း ခပ်တိုးတိုးညည်းလိုက်သံကို စစ်...း ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝါ ... ဘယ်သူလဲဆိုတာရော မင်းသိလား"

သူ့ရင်ဘတ်ကိုသူ ပုတ်ပြလျက် မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော် မသိပါဘူးခင်ဗျာ"

ထိုလူသည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ဆက်ဖြေလိုက်သည်။

"ဒီနေရာကိုရော လေ့လာမိသေးလား"

"လေ့လာဖို့နေနေသာသာ လည်ပင်းကို ဓားနဲ့ထောက်ပြီး အသတ်ခံရမယ့်ဆဲဆဲမှာ မနည်းအသက်လုတိုက်ခိုက်ခဲ့ရလို့ ကိုယ်ရောက်နေတဲ့နေရာကိုတောင် ခြဝင်းအပြင်လား အထဲလားလို့ မတွေးနိုင်ခဲ့ပါဘူး"

"နောက်တော့ကော"

"ဟုတ်ကဲ့၊ ဒီအမျိုးသမီးနဲ့ တိုက်ခိုက်လို့မှ ပြီးရုံရှိသေးတယ် ခင်ဗျား ရောက်လာပြီး တိုက်ခိုက်ကြရာကနေ အခု ဒီရောက်တဲ့အထိပါပဲ"

"ဒါဆို ဒီနေရာ ဒီဒေသနဲ့ ငါ့ကို မင်း လုံးဝမသိဘူးပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော် မသိပါဘူး"



"ကဲ ... ဒါဖြင့် မင်း ဒီနေရာက မြန်မြန်ထွက်သွားပေတော့"

ထိုလူ၏စကားသံကို ကြားလိုက်ရသောအခါ ... စစ်ခန်းမှာ မိမိနားကိုပင် မယုံနိုင်အောင် ဖြစ်သွားရလေသည်။

သူသည် အတိုင်းမသိ ဝမ်းသာအားရဖြစ်သွားကာ ... စားပွဲပေါ်ရှိ သူ၏ဓားတိုကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါနဲ့ ခင်ဗျားရဲ့နာမည်ကို တဆိတ်လောက် မသိရဘူးလား၊ ဖြစ်နိုင်ရင် သိပါရစေ"

ဦးညွှတ်၍ အရိုအသေပေးရင်း မေးလိုက်၏။

"အမယ် ... အရေးထဲမှာ မင်း ဘာမှသိဖို့မလိုဘူး၊ ငါမျက်စိအောက်က မြန်မြန်ထွက်သွားစမ်း"

သူသည် လုံးဝတွဲ့ဆိုင်းမနေတော့ဘဲ အခန်းတွင်းမှ ပေါ့ပါးစွာ ပြေးထွက်သွားလေတော့၏။

"ဟေ့ ... ဒီညဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ၊ တွေ့ကြုံခဲ့တဲ့ လူတွေရဲ့ အကြောင်းအားလုံးကို မင်းအတွက် အိပ်မက်တစ်ခုလို့ သဘောထားဖို့ မမေ့နဲ့၊ ဒါမှ မင်း ... လူ့လောကထဲမှာ အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



ကင်းပြီး အသက်ရှင်နေနိုင်မယ်ဆိုတာ အမြဲ သတိရနေ ကြားလား"

အဖိုးသားကြီးက စူးရှနက်နဲသော နောက်ဆုံးအမှာစကား သည် စစ်ခန်း၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့လေတော့သည်။

၀၀၀



## အခန်း (၄)

## ကယ်တင်ရှင်

မြို့ဝင်းအပြင်သို့ရောက်သည်နှင့် စစ်ခန်းက ခေတ္တရပ်နားလိုက်၏။

ကောင်းကင်ပြင်တစ်ခုလုံးက စောစောကလောက် မမှောင်တော့ချေ။

အရုဏ်ချိန်နီးလာပြီးဖြစ်ခြင်းကြောင့် အလင်းရောင်က အရှေ့ဆီမှ သမ်းလာပြီဖြစ်၏။

မှုံဝါးကြယ်၏ရှူးရှသည့်အလင်းရောင်ကို လှမ်းမြင်ရခြင်းကြောင့် စစ်ခန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိ၏။

"အင်း ... ဒါဟာ စုန်ကျွန်းအကျဉ်းထောင်ကြီးရဲ့ တောင်ဘက်ဘေးဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲက မှတ်ချက်ချလိုက်၏။

မြို့တွင်းဘက်သည် အကျဉ်းထောင်ကြီး၏မြောက်ဘက်၌ ဖြစ်ခြင်းကြောင့် ခွဲကြယ်ကိုကြည့်ရင်း သူ၏ခြေလှမ်းများကို စတင် လှုပ်ရှားလိုက်၏။

သူသည် အတန်ကြာလျှောက်သွားခြင်းကြောင့် မြို့စွန်၌ စုန်ကျွန်းရေကန်ကြီးကို ရောက်ရှိခဲ့လေ၏။

"ဟာ ... ရောက်ပြီ၊ ဒါဆို ရောက်ခဲ့တဲ့နေရာဟာ မြို့စွန်က အဆောက်အအုံဟောင်းကြီးပဲ"

သူသည် လမ်းဘေးရှိ သစ်ပင်တစ်ပင်ပေါ်တွင် ခဏထိုင်၍ အပန်းဖြေလိုက်သည်။

ခဏသာနားလိုက်ပြီး ထိုင်ရာမှချက်ချင်းထလိုက်ပြီး ဈေး လမ်းဘက်သို့ ထွက်လာခဲ့လေ၏။

မကြာမီမှာပင် ...

စုန်ကျွန်းဈေးအတွင်း ရှုပ်ထွေးပွေလီလှသည် လမ်းသွယ် အသေးအမွှားလေးများကို ကျော်ဖြတ်ခဲ့သော် တစ်ပတ်ကျော်က သူ ငှားရမ်းခဲ့သည့် အိမ်ကလေးသို့ ပြန်လည်ရောက်ရှိလာလေ၏။



စုန်ကျွန်းမြို့လမ်းများသည် လွန်စွာရှုပ်ထွေးပွေလီလှသော်လည်း အလေ့အကျင့်ဖြစ်နေပြီး သွားလာနေကျဖြစ်သည့် စစ်ခန်းအဖွဲ့ အခက်အခဲမရှိသွားလာတတ်လေ၏။

သူ အိမ်သို့ရောက်သည့်အခါ မိုးပင်လင်းလော့မည်ဖြစ်၏။

ပထမဆုံး ...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပေကျံညစ်ပတ်နေသည့် ရွှံ့ဗွက် များကို ဆေးကြောသုတ်သင်ရန် သတိရလိုက်သဖြင့် အိမ်တံခါးကိုပင် မဖွင့်သေးဘဲ အိမ်ရှေ့ရေအိုးထဲမှရေကိုခပ်၍ ခေါင်းမှလောင်းချိုးလိုက် လေ၏။

မကြာမီမှာပင် ...

ပေရေညစ်ပတ်နေသော သူ၏ခန္ဓာကိုယ်သည် သန့်ရှင်း သွားပြီး နောက်ကျိနေသည့် ဦးခေါင်းသည်လည်း လန်းလန်းဆန်း ဆန်း ဖြစ်သွားလေ၏။

ထို့နောက် ...

သူသည် အိမ်တံခါးကို ဆွဲဖွင့်လိုက်ပြီး အိမ်တွင်းသို့ ဝင်လိုက် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်ရာပေါ်တွင် ခွေလဲလျောင်းလိုက်ရင်း တစ်ညလုံး ပင်ပန်းခဲ့သမျှကို ခါးဆန့်အနားယူလိုက်၏။

သို့သော် ...

သူ၏ဦးခေါင်းထဲ အတွေးမျှင်များဖြင့် ယောက်ယက်ခတ်နေ၏။

အထူးသဖြင့် ...

အမျိုးသားကြီးထံသို့ အတွေးများက စုပြုံ ရောက်ရှိနေသည်။

"ဟာ ... သိပြီ၊ သိပြီ"

စစ်ခန်းသည် တစ်ကိုယ်တည်း ရုတ်တရက် ထ၍အော်လိုက်မိသည်။

"ဟုတ်ပြီ၊ သူဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်က ပျောက်ကွယ်သွားတဲ့ အန်းစီရီပဲ၊ ဟုတ်ပြီ ... သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့အန်းစီရီပဲ၊ ဒါကြောင့် သူ့ရဲ့လှုပ်ရှားမှု သိုင်းကွက်တွေဟာ ထူးထူးခြားခြား အစွမ်းထက်နေတာကိုး"

မှန်သည်။



ထိုအမျိုးသားကြီးသည် လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက သိုင်းလောကသားတို့၏ပတ်ဝန်းကျင်တွင် ထူးခြားသော သိုင်းဆရာကြီးအဖြစ် ထင်ရှားခဲ့သူဖြစ်၏။

ထိုအန်းစီရီဆိုသော အမျိုးသားကြီးသည် မည်သို့ပင် လျှို့ဝှက်စွာ ဇာတ်မြှုပ်နေသော်လည်း သူ၏တင်းမာခက်ထန်သော မျက်နှာသွင်ပြင်က လူတိုင်းမှတ်မိနေသော မျက်နှာတစ်ခုပင် ဖြစ်၏။

သို့ရာတွင် ...

အန်းစီရီတွင် သိုင်းလောကအတွင်း၌ မည်သည့်သတင်းအစ အနမျှ မကြားရဘဲ ပျောက်ကွယ်သွားခဲ့သည်မှာ လွန်ခဲ့သည့်ဆယ် နှစ်ကျော်ကျော်လောက်ကပင် ဖြစ်၏။

စစ်ခန်းမှာ ငယ်စဉ်က ကြားခဲ့ဖူးရသော ဤပုဂ္ဂိုလ်ကြီးကို တစ်ခါသာ တည်းခိုခန်းတစ်ခု၌ ပုံတူပန်းချီကားကို မြင်မိခဲ့ရာမှ မျက်စိထဲတွင် စွဲစွဲမြဲမြဲမှတ်မိနေခဲ့ခြင်းဖြစ်၏။

"ဒီလူကြီးဟာ ဘာဖြစ်လို့ အခုလို ဇာတ်မြှုပ်နေတာပါလိမ့်"

ဟု စစ်ခန်း တွေးနေမိ၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွေးကို ကြာကြာမတွေးအားပါ။

စုန်ကျွန်းမြို့ထဲသို့ထွက်၍ အခြားပြုဖွယ်၊ စုံစမ်းဖွယ်ကိစ္စများကို ပြုလုပ်ရဦးမည်ဖြစ်၏။

ထို့ကြောင့် ...

သူသည် အိပ်နေရာမှ ဆတ်ခနဲ ထလိုက်ပြီး အနည်းငယ်ခြောက်သွေ့စပြုပြီဖြစ်သော စောစောက ဝတ်စုံကိုပင် ပြန်၍ ဝတ်ဆင်လိုက်ပြီး အိမ်ပြင်သို့ ထွက်လိုက်၏။

အရုဏ်ဦးရောင်ခြည်သည် အရှေ့ဆီမှ ပေါ်ထွက်လာတော့မည်ဖြစ်၏။

စုန်ကျွန်းမြို့တွင်းဆီကို ထွက်လာခဲ့၏။

ယခုလို လျှောက်လာရာမှ သူ၏ဝမ်းဗိုက်တစ်ခုလုံးမှာ တကြုတ်ကြုတ်မြည်ပြီး ဆာလောင်မွတ်သိပ်နေကြောင်း သတိထားလိုက်မိ၏။

သူသည် ဟာနေသောသူ၏ဝမ်းကို ဖြည့်တင်းရမည်ကို စဉ်းစားမိ၏။

စုန်ကျွန်းဈေးထိပ်မှ နတ်စည်းစိမ်စားသောက်ဆိုင်သည်



ယခုအချိန်ဆိုလျှင် ဖွင့်နေပြီကို သူသိ၏။

ထို့ကြောင့် ...

သူသည် ယင်းစားသောက်ဆိုင်ကိုရောက်အောင် ခပ်သုတ်သုတ်လျှောက်လာခဲ့၏။

သူသည် ဆာလောင်နေသော ဝမ်းအတွက် အစာဖြည့်ရန်စောနှင့် လျှောက်လှမ်းနေခြင်းကြောင့် ပတ်ဝန်းကျင်ကို လှမ်းအကဲခတ်မိဘဲ ဖြစ်သွား၏။

ထိုအချိန်၌ ...

ဆာလောင်မွတ်သိပ်နေခြင်းကြောင့် စားသောက်ဆိုင်သို့ရောက်ရန်သာ စိတ်စောနေမိလေ၏။

ထိုစဉ်မှာပင် ...

ဆူညံသော မြင်းခွာသံများက သူ၏အနောက်ဘက်ဆီမှ အုပ်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူသည် အနောက်ဘက်သို့လှည့်မကြည့်ဘဲ လမ်းနံဘေးသို့ဆင်း၍ ရှောင်တိမ်းပေးလိုက်သည်။

ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



အသာစောင်းငဲ့၍ မြင်းစီးသမားများကို ကြည့်လိုက်မိလေ သည်။

မြင်းစီးသမားအားလုံးမှာ ငြိမ်ဝပ်ပိပြားရေး မြို့စားမင်း၏ အထူးတပ်သားတို့ ဖြစ်သည်ကို တွေ့လိုက်ရ၏။

စုန်ကျန်းမြို့၏မြို့စောင့် တပ်ဖွဲ့ဝင်များလည်း ပါရှိလေ သည်။

"ကျုပ်တို့တော့ ကျူးလုဆန် လွတ်သွားတဲ့အတွက် တော် တော် အလုပ်များဦးမှာပဲဗျို့"

"ဟုတ်တယ်ဗျာ၊ ဒီဓားပြဗိုလ်ကို ကယ်ထုတ်သွားတဲ့လူတွေ ကလည်း အတော်ကို အစွမ်းထက်တဲ့ သိုင်းသမားတွေပဲဗျ"

စစ်ခန်းမှာ ထိုစကားများကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး ပင် ဖြစ်ရ၏။

ထိုတပ်သားတို့သည် သူသွားမည့် နတ်စည်းစိမ်စားသောက် ဆိုင်ဆီသို့ ဦးတည်နေကြောင်း တွေ့လိုက်ရ၏။

ထို့ကြောင့် ... သူသည် စားသောက်ဆိုင်ဆီသို့ ခပ်သုတ် သုတ်လျှောက်လှမ်းသွား၏။



သူသည် ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် စောစော က မြင်းစီးတပ်သားတစ်သိုက်ကို တွေ့လိုက်ရ၏။

သူက ထိုလူစုနှင့် နီးနိုင်သမျှ နီးမည့်စားပွဲကို ရွေးချယ်လိုက် ပြီး ထိုင်ချလိုက်၏။

ထို့နောက် ...

သူသည် စားသောက်ဖွယ်ရာတို့ကို လှမ်းမှာလိုက်လေ သည်။

စစ်ခန်းသည် စားသောက်ဖွယ်ရာတို့ကို မှာကြားလိုက်ပြီး အထူးတပ်ဖွဲ့ဝင်များနှင့် မြို့စောင့်တပ်သားတို့၏ပြောစကားတို့ကို နားစွင့်လိုက်မိ၏။

"ကျုပ်တို့အနေနဲ့တော့ ကျူးလုဆန်ဟာ ဒီစုန်ကျန်းမြို့ထဲက ထွက်သွားဦးမယ် မထင်ဘူး"

တပ်ဖွဲ့ထဲမှ တစ်စုံတစ်ယောက်က ပြောလိုက်ခြင်း ဖြစ်လေ သည်။

"ဟုတ်တယ် ... ကျုပ်တို့ မြို့စောင့်တပ်တွေက အခုဆို မြို့ နဲ့လေးဘက်လေးတန်ကို အဝင်အထွက်ကအစ သေချာစစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



နေကြတာမို့ ဒီကောင့်အဖို့ ထွက်ပေါက်မရှိနိုင်တော့ပါဘူး"

"ကျုပ်တို့ မှုခင်းတပ်ဖွဲ့ကလည်း အခုဆို မြို့ထဲမှာ နေရာ မလပ်ပိုက်စိပ်တိုက်ပြီး ရှာဖွေနေကြပါပြီ"

မှုခင်းတာဝန်ခံဟု စာတန်းတံဆိပ်ကပ်ထားသည့် တပ်ဖွဲ့ဝင် ၏အားတက်သရော ပြောဆိုလိုက်သော စကားသံဖြစ်၏။

စစ်ခန်းသည် ကျူးလုဆန်နှင့်မိတ်ဆွေဖြစ်လာပုံကို ပြန် လည်တွေးလိုက်မိ၏။

သူသည် လောင်စမ်း တောင်တန်းဒေသဘက်သို့ ခရီးထွက် စဉ်က ဖြစ်၏။

ကျူးလုဆန် ကြီးစိုးလှုပ်ရှားနေသောနေရာပင် ဖြစ်လေ သည်။

စစ်ခန်းသည် ယင်းဒေသသို့ ခရီးထွက်လာခဲ့ရာ တစ်နေရာ ကိုအရောက်တွင် တောပုန်းလူဆိုး အဖွဲ့တစ်ဖွဲ့၏တိုက်ခိုက်ခြင်းကို အလူးအလဲ ခံခဲ့ရ၏။

ထိုစဉ်မှာပင် ...

ကျူးလုဆန် ရောက်လာပြီး သူ့ဘက်မှ ကူညီတိုက်ခိုက်ခဲ့



ရန်သူ့လက်တွင်းမှ ကယ်တင်ခဲ့၏။

ရရှိလာသော ဒဏ်ရာများကို သူ၏စခန်းသို့ခေါ်ဆောင်သွားပြီး တောတွင်းမှ ဆေးဝါးတို့ဖြင့် ဂရုတစိုက်ကုသခဲ့သည်။

စစ်ခန်း၏ဒဏ်ရာများ ပျောက်ကင်းမှ သူသွားလိုရာခရီးသို့ လိုက်ပို့ပေးခဲ့ဖူးရာမှ စစ်ခန်းသည် ကျူးလုဆန်ကို စတင်သိရှိလာရခြင်းပင်ဖြစ်၏။

ထို့နောက်တွင် စစ်ခန်းသည် မြို့မှ ဆေးဝါးပစ္စည်းများမှအစ လိုအပ်သောအသုံးအဆောင်ပစ္စည်းများကို သွားရောက်ပို့ဆောင်ရာမှ ကျူးလုဆန်နှင့် ပိုမိုရင်းနှီးခဲ့ကြလေ၏။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး သွေးသောက်ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ခဲ့ကြသော်လည်း စိတ်ဓာတ်ချင်းကမူ လုံးဝတူညီခြင်းမရှိဘဲ ကွဲလွဲနေခဲ့ကြ၏။

စစ်ခန်းသည် စဉ်းစားနေရ၏။

ကျူးလုဆန် လွတ်သွားသည်မှာ ယမန်နေ့ညက သူ အန်းစီရီနှင့် တွေ့ဆုံနေချိန်တွင် လွတ်သွားခြင်းဖြစ်မည်ဟု ခန့်မှန်းလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူလွတ်လျှင်လွတ်ချင်း မည်သည့်နေရာကို သွားနိုင်မည်နည်း။

"ဟုတ်ပြီ"

စစ်ခန်းသည် လက်ဖျောက်တစ်ချက် တီးလိုက်ရင်းက အားတက်သရော ဖြစ်သွား၏။

သို့သော် ...

တစ်ခဏအတွင်းမှာပင် လွန်စွာ စိုးရိမ်သည့် ဟန်ပန်များ သူ၏မျက်နှာပေါ်၌ ရုတ်ခြည်း ပေါ်လွင်လာလေ၏။

"အင်း ... ဒုက္ခပါပဲ"

ဟုတ်သည်။

စစ်ခန်းသည် သူ၏တွေးတောမှုမှာ ကျိုန်းသေရမည်ဟု တွက်လိုက်မိ၏။

ကျူးလုဆန်သည် တစ်နေ့တွင် ရုပ်ဖျက်လျက် ချန်စားမြို့တွင်းသို့ ဝင်ရောက်လာ၍ တည်းခိုဆောင်တစ်ခု၌ ခိုအောင်းနေထိုင်ရင်းမှ အောက်ထပ်ရှိ စားသောက်ဆိုင်တွင် အရက်တစ်အိုး သောက်မိရာမှ အမူးလွန်ကာ ရမ်းကားရင်း နောက်ဆုံး ... သတိလက်လွတ်



ဖြစ်သွားခဲ့ရ၏။

သူ့အား အရက်မူးနေစဉ် လာရောက်ဖမ်းဆီးခဲ့သူမှာ မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဂူရယ်ကြူး ဖြစ်၏။

ထို့ကြောင့် ...

"ဂူရယ်ကြူး ... ကျုပ်လွတ်မြောက်လာတဲ့တစ်နေ့ ခင်ဗျားကိုတင်မကဘူး တစ်မျိုးလုံးကို မျိုးဖြုတ်ပစ်မယ်ဟေ့"

ဟူ၍ မခံမရပ်နိုင်သောဒေါသဖြင့် အမြဲမပြတ် ကြိမ်းဝါးလာသောကြောင့် စစ်ခန်း သိရသည်မှာ သူ၏တွက်ဆချက်အရဆိုလျှင်–

အမုန်ကြီးသူ၊ ရန်ငြိုးကြီးသူ၊ ဒေါသကြီးသူ ကျူးလုဆန်တစ်ယောက် ထောင်မှလွတ်လျှင်လွတ်ချင်း ပထမဆုံး သွားမည့်နေရာ မည်သည့်နေရာဖြစ်မည်ကို သိဝ်စဉ်းစားတွေးတောစရာမလိုဘဲ တွေးဆလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် ...

နောက်ထပ် ပေါ်ပေါက်လာမည့် အမင်္ဂလာသတင်းဆိုးအတွက် စစ်ခန်းစိုးရိမ်သွားရခြင်း ဖြစ်၏။

စစ်ခန်းသည် ထိုင်ရာမှ သက်ခနဲ ထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မြန်ဆန်သောအဟုန်ဖြင့် ဆိုင်းအတွင်းမှ ပြေးထွက်သွားလေတော့၏။

သူ၏ဦးတည်ရာမှာ မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဂူရယ်ကြီး၏အိမ်ဆီသို့ပင် မဟုတ်ပါလော။

○○○



အခန်း (၅)

အထင်မှား အမြင်မှား

စုန်ကျန်းမြို့၏အရှေ့ဘက်ရှိ ချန်စားမြို့လေးကို သွားရာ သခ်းပေါ်၌ဖြစ်သည်။

တစ်ဟုန်းထိုး ပြေးလွှားလာနေသော စစ်ခန်း၏ခန္ဓာကိုယ်သည် နံနက်ခင်းလေပြည်ဝယ် မြူမှုန်စလေးများ လွင့်ပါးနေဟန်ဖြစ်သည်။

တဖြည်းဖြည်းနှင့် ချန်စားမြို့အနီးသို့ ရောက်လာခဲ့ပြီဖြစ်သည်။

ချန်စားမြို့သည် စုန်ကျန်းနယ်အတွင်းရှိ မြို့ငယ်ကလေး တစ်မြို့ပင် ဖြစ်၏။

မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဂူရယ်ကြီးသည် — ဤနေ့စား

www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားများ၏ကြည်ညိုလေးစားမှုကို အထူးခံရသော လူတ
ယောက်ဖြစ်သည်။

ဝူရယ်ကြူး၏နေအိမ်သို့ လွန်ခဲ့သော သုံးလေးနှစ်ခန့်က ေ
ခန်း သိရှိခဲ့ပြီးဖြစ်သဖြင့် ရှာဖွေစရာမလိုဘဲ တိုက်ရိုက်ရောက်ရှိအော
လာနိုင်ခဲ့ခြင်းဖြစ်သည်။

သူ၏အကြံမှာ ဝူရယ်ကြူးနှင့် သူ၏မိသားစုတို့ကို သတိပေ
စကားပြောပြီး အိမ်သို့လာရာလမ်းမှ ဆီးကြို၍ ကျူးလုဆန်ကို စော
ဆိုင်း၍ ဖျောင်းဖျနားချပြီး လွတ်ရာလွတ်ကြောင်း ကူညီမည်ဟူသော
အကြံဖြင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သူသည် အိမ်ကြီး၏ရှေ့မျက်နှာစာ ဝင်းတံခါးဝသို့ရောက်
လာသောအခါ ဝင်းတံခါးမကြီးရှေ့၌ ရပ်လျက် အထဲမှအစောင့်များကို
အော်ဟစ်ခေါ်လျက် ဝင်ခွင့်တောင်းခံနေမိသည်။

"ဗျို့ ... ကျွန်တော် စုန်ကျန်းမြို့က လာခဲ့တဲ့သူပါ၊ အရေး
တကြီးကိစ္စရှိနေလို့ ဆရာရယ်ကြူးနဲ့ တွေ့ခွင့်ပြုကြပါ"

အထပ်ထပ်အခါခါ အော်ဟစ်ခွင့်တောင်းနေသော်လည်း
အထဲမှ လုံးဝတုံ့ပြန်သံကို မကြားရချေ။



စစ်ခန်းသည် စိတ်မရှည်တော့ဘဲ တံခါးကို ခပ်ပြင်းပြင်း
ဆောင့်တွန်းလိုက်သည်။

"ဝုန်း"

မိုးချုန်းသံတမျှသော ဗြုံးလဲသံကြီးနှင့်အတူ တံခါးရွက်ကြီး
သည် ပြိုလဲကျသွားသည်ကို အံ့ဩဖွယ်မြင်လိုက်ရသည်။

တံခါးဝ၌ အစောင့်သုံးယောက်မှာ ဒူးထောက်၍ တစ်ဖုံ
ဘံခါးတိုင်ကိုမှီ၍တစ်နည်း၊ ပက်လက်လန်လဲ၍တစ်သွယ် ပုံစံအမျိုး
မျိုးဖြင့် အသက်ပျောက်နေကြသည်ကို ထိတ်လန့်ဖွယ်မြင်တွေ့လိုက်
ရသည်။

"ဟာ ... သွားပြီ၊ သူ ငါ့ထက်ဦးသွားပြီထင်တယ်"

ဟု တီးတိုးရေရွတ်လိုက်မိသည်။

"အို ... ဒီလူတွေ ဘယ်တုန်းက ..."

စကားသံမှာ လည်ချောင်းဝ၌ ပျောက်ကွယ်သွားရသည်။
အားလုံး လုံတိုတစ်ချောင်းစီဖြင့် ထိုး၍ အသတ်ခံထားရဖြစ်
သည်။

စစ်ခန်းသည် ဂေဟာထဲသို့ ပြေးဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

သူသည် ခပ်ဟာဟာဖြစ်နေသော အခန်းဆောင်တစ်ခုထဲသို့ ဝင်လိုက်သောအခါ မိမိ၏မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

"ဟာ ... ဂူရယ်ကြူး"

ဟု နှုတ်မှလည်း လွှတ်ခနဲအော်လိုက်မိသည်။

သူမြင်လိုက်ရသောအရာကား မှုခင်းနိမ်နင်းရေးတာဝန်ခံ ဂူရယ်ကြူး လက်စွဲတော်ဓားရှည်ကို လက်ဝဲဘက်မှ ကိုင်လျက်ရှိပြီး ကျန်လက်တစ်ဖက်က နောက်ပြန် တိုင်တစ်တိုင်ကို ဖက်တွယ်ထားပြီး တောင့်တောင့်ကြီးရပ်ကာ သေဆုံးနေခြင်းဖြစ်သည်။

သူ၏နံဘေး ခုတင်ခြေရင်းဝယ် ဂူရယ်ကြူး၏ဇနီးဟု ထင်ရသော အမျိုးသမီးတစ်ဦး ဖက်လျက် လဲကျသေဆုံးနေလေသည်။

ထိုစဉ်မှာပင် ...

သူ၏ရှေ့တည့်တည့်သို့ မိုးသီးမိုးပေါက်ကျသလို တစ်စက်စက်ကျနေသည်ကို မြင်လိုက်ရသဖြင့် သေချာစွာ ကြည့်လိုက်သောအခါ သွေးစက်များကျလျက် အိုင်ထွန်းနေသည်ကို တွေ့လိုက်ရသည်။



ယင်းသွေးစက်ကျရာ နေရာကို လှမ်းကြည့်လိုက်မိရာတွင်...

"ဟင်"

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားသည်။

အကြောင်းမှာ ... ကလေးငယ်တစ်ယောက်ကို ခါးမှနေပြီး သံဖြင့် ထိုးဖောက်လျက် အမိုးမျက်နှာကြက်၌ သံမှိုဖြင့် ရိုက်ထားသလို ကပ်နေအောင် ထိုးစိုက်ထားသော မြင်ကွင်းပင်ဖြစ်သည်။

ရက်စက်သည်မှာ ကမ်းကုန်အောင် ရက်စက်လှချေသည်။

ယခု ကျူးလွန်သော သူ၏မျက်စိရှေ့တွင် ရှိမည်ဆိုပါလျှင် သက်ထဲ၌ကိုင်ထားသော ဓားဖြင့် ဝင်ရောက်တိုက်ခိုက်မိသည်မှာ အမှန်ပင်ဖြစ်သည်။

"ရှူမ်း"

တစ်စုံတစ်ခုသော အသံသည် စစ်ခန်း၏အကြားအာရုံဆီသို့ ဝင်ရောက်လာသည်။

သူသည် တွေဝေခြင်းမရှိဘဲ သွက်လက်ဖျတ်လတ်သော ခြေလှမ်းများဖြင့် အနောက်ဘက်ခန်းကိုကူးသည့် တံခါးကို ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားသည်နှင့် လှံတိုတစ်ချောင်းသည် သူ၏ရင်ညွှန့် တည့်တည့်သို့ တန်းဝင်လာသည်။

သူသည် လက်ထဲ၌ အဆင်သင့်ကိုင်ထားသောဓားနှင့် ပယ်ထုတ်လိုက်သဖြင့် ပထမပစ်လွှတ်လိုက်သော လှံချက်များ လွှတ်သွားသော်လည်း ဒုတိယဝင်လာသော လှံရှည်မှာ ဗိုလ်မြန်ဆန်လှသောကြောင့် မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ဘဲ ဝမ်းဗိုက်တည့်တည့်ကို စိုက်ဝင်လာတော့သည်။

လှံချက်သည် မြန်ဆန်လှသော်လည်း ဝမ်းဗိုက်ကိုရှက်ထားပြီး နောက်ကို တစ်လှမ်းမျှ ခုန်ဆုတ်လိုက်သဖြင့် ထုတ်ချင်ပေါက်၍ သွားခြင်း ဖြစ်သည်။

သို့သော် ...

လှံ၏ထိပ်သုံးလက်မကျော်ကျော် ဝင်သွားသော ဝမ်းဗိုက်မှ သွေးများ တရဟောစီးထွက်လာခဲ့သည်။

သူသည် ရှေ့မှတိုက်ခိုက်ရန်မူလာသူကို ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။

"တိုင်း"



ရုတ်တရက် ...

ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ရင်း ရှေ့မှရန်သူကို လက်ထဲမှ ဓားရှည်ဖြင့် ဝှေ့ယမ်းကာ ဇောင်တိုက်ခိုက်လိုက်၏။

သို့သော် ...

သူ၏ဓားသည် မိန်းကလေးထံသို့မရောက်မီ လမ်းတစ်ဝက်မှာပင် ပြုတ်ကျသွားလေတော့သည်။

"ချွင်"

ဓားကျသွားသံကို အကြားအာရုံတွင် သူ နောက်ဆုံးကြားလိုက်ရလေတော့သည်။

၁

သူ၏နားထဲတွင် တစ်စုံတစ်ရာသော အသံတို့ကို ကြားနေရသည်။

သူသည် မျက်စိကိုအားယူ၍ ဖွင့်ကြည့်လိုက်၏။

"ဟာ ... ငါ အခန်းတစ်ခုထဲကို ရောက်နေပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြစ်ခဲ့ပြီးသော ဖြစ်ရပ်များကို ပြန်လည်ဆက်စပ် တွေးတောနေမိ၏။

သူ၏ဝမ်းဗိုက်တွင် လုံချက်မိပြီး ဒဏ်ရာမှ သွေးထွက်လွန်ကာ သတိလစ်လဲကျသွားခဲ့ပုံကို မျက်လုံးထဲတွင် တရေးရေးဖြစ်ပေါ်လာ၏။

ထိုအချိန်တွင် ...

အခန်းသဲသို့ အဝါရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် သူ့အနားသို့ရောက်ရှိလာသည်ကို စစ်ခန်း တွေ့မြင်လိုက်ရသည်။

"အို ... ရှင် မထနဲ့ဦးလေ၊ ရှင့်မှာ ဒဏ်ရာရထားတယ် မဟုတ်လား"

စစ်ခန်းသည် အသံရှင်မိန်းကလေးကို မော့၍ ကြည့်လိုက်သည်။

"ဟင် ... မင်း ... မင်း"

စစ်ခန်း အထိတ်တလန့် ဖြစ်သွားသည်။

ထိုမိန်းကလေးမှာ သူ ဓားဒဏ်ရာရအောင် လုံနဲ့ထိုးနှက်ခိုက်ခဲ့သော မိန်းကလေးမှန်း ကောင်းကောင်းမှတ်မိလိုက်သည်။



သို့သော် ...

ယခုအခါ မိန်းကလေး၏အသွင်အပြင်မှာ နူးညံ့သိမ်မွေ့လှသည်။

သူ့အား ရန်ပြုမည့်အရိပ်အယောင်ထက် စိုးရိမ်ကြင်နာနေသည့်ပုံစံက ပို၍ပေါ်လွင်နေသဖြင့် ဇဝေဇဝါဖြစ်သွားမိလေသည်။

"ကျွန်မ မသိလို့ ရှင့်ကို တိုက်ခိုက်မိတာပါ"

မိန်းကလေး၏စကားသံကြောင့် ပို၍အံ့ဩသွားရပြန်လေသည်။

"မင်း ... ငါ့ကို သိလို့လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်၏။

ထိုစဉ်မှာပင် ...

သူ့အခန်းတွင်းသို့ လူရိပ်တစ်ခု ထပ်မံဝင်ရောက်လာပြန်သည်။

"သူ ... သတိရပြီလားဟော"

ထိုအသံကိုကြားလိုက်ရသေးအခါ ...

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်း၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွား

သည်။

"ဟင် ... ဒါ ... ဒါ ... ကျူးလုဆန် ကျူးလုဆန် မဟုတ်

လား"

"တိတ်စမ်း ပေ့ကောင် ... ငါ ဘယ်သူ့ကိုမှ မသတ်ဘူး

သူ၏စကားမဆုံးခင် ဒေါသသံဖြင့် ကျယ်လောင်စွာ အေ

ဟစ်လိုက်သော ကျူးလုဆန်၏အသံကြောင့် စစ်ခန်း မျက်လုံးပြ

သွားရသည်။

"ဘာပြောတယ် ... ခင်ဗျား မသတ်ဘူးဟုတ်လား"

"ဟုတ်တယ်၊ ငါ သူ့ကိုတင် မဟုတ်ဘူး၊ ဘယ်သူ့ကို

မသတ်ခဲ့ဘူး"

ကျူးလုဆန်၏အဖြစ်ကို သူ လုံးဝကျေနပ်ခြင်း မရှိနိုင်ပါ

"ဒါ ... ခင်ဗျား ကျုပ်ကို သက်သက်လိမ်တာ"

ထိုအခါ ...

ကျူးဝေဝေက ကြားဝင်၍ ...

"ဟုတ်ပါတယ် အစ်ကိုစစ်ခန်း၊ မွခင်းနိမ်နင်းရေးတာဝန်



ချုန်မအစ်ကိုကြီး မသတ်ဘူးဆိုတာ ကျွန်မ သက်သေပြပါတယ်"

ညီမဖြစ်သူ၏စကားသံအဆုံးတွင် ...

"ငါသာ တကယ်လို့ အဲဒီအိမ်က လူတွေကို သတ်မယ်ဆိုရင်

င်းကို အခုလို ကယ်လာပါ့မလားကွ"

ကျူးလုဆန်၏စကားက သူ့ကို ရှုပ်ထွေးသွားစေသည်။

"ကျုပ်ကို ကယ်ခဲ့တာလား၊ ကျုပ်ကို မသေအောင် သတ်ခဲ့

တာလား"

သူ၏မေးခွန်းကို ကြားလိုက်ရသော ကျူးဝေဝေမှာ ပျာပျာ

သလဲဖြစ်သွားပြီး ...

"အို ... ဒါက ဒီလိုပါ၊ တစ်အိမ်လုံး အသက်ရှင်လျက်နဲ့ တစ်

ယောက်မှ မတွေ့ရဘဲ အသက်မဲ့နေတဲ့အလောင်းတွေကြားမှာ လှုပ်

ရှားသွားလာနေတဲ့ အစ်ကို့ကို ကျွန်မအနေနဲ့ လူသတ်သမားပဲလို့ထင်

ပြီး တိုက်ခိုက်မိခဲ့တာပါ၊ နောက်ဆုံး အစ်ကို လဲကျသွားမှ လူသတ်

ကောင်ကို လိုက်ရှာနေတဲ့ အစ်ကိုကြီးကျူးရောက်လာပြီး အစ်ကိုဟာ

သူ့ရဲ့သွေးသောက်ညီအစ်ကိုလို့ ပြောပြီး သူကိုယ်တိုင်ထမ်းပြီး ဒီနေ

ရာကို ခေါ်လာရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အံ့အားသင့်သွားသည်။

“ဘာ … ကျုပ်ကိုတောင် လူသတ်ကောင်လို့ ထင်ခဲ့ကြတယ် ဟုတ်လား”

ကျူးလူဆန်က ခေါင်းကို ဆတ်ခနဲညိတ်ပြီး …

“ဟုတ်တယ်၊ ငါ ဒီလိုပဲ ထင်ခဲ့တယ်”

“ဒါတွေဟာ အားလုံးအမှန်တွေပဲလား၊ ခင်ဗျားတို့ ညာနေ တာလား”

သူ၏စကားကြောင့် ကျူးလူဆန်၏မျက်နှာသည် တင်းမာ ခက်ထန်သွားပြီး …

“ဟေ့ကောင် … တော်တော့၊ မင်း အသက်မသေချင်ရင် မျက်စိအောက်က မြန်မြန်ထွက်သွားစမ်း”

ထိုအခါ …

ကျူးဝေဝေက ကြားဝင်၍ …

“အို … အစ်ကိုကြီးကလည်း ဒေါသကြီးပဲ၊ သူ့မှာ ကျွန်မ ကြောင့်ရတဲ့ ဒဏ်ရာကြီးနဲ့ ဘယ်လိုလုပ်ပြီး ထွက်သွားနိုင်ပါ့မလဲ”

ညီမဖြစ်သူ၏ဖျောင်းဖျပြောဆိုမှုကြောင့် ကျူးလူဆန်မှာ



ဒေါသအရှိန်ကို ပြန်သတ်လိုက်ပြီး စစ်ခန်းကိုကြည့်ပြီး …

“မင်းက … ဒီနယ်မှာ ဘာလာလုပ်တာလဲ”

“ကျုပ်ရောက်နေတာ တစ်ပတ်ကျော်ပြီ၊ စုန်ကျန်းမြို့က ရပ် ကွက်တစ်ခုမှာ အိမ်ငှားနေတယ်”

“ဘာလုပ်ဖို့ အိမ်ငှားနေရတာလဲ”

စစ်ခန်းက ပြုံးလိုက်ပြီး …

“ကျုပ် ခင်ဗျားကို ကယ်ဖို့ ရောက်လာတာလေ၊ ဒါပေမဲ့ … ကျုပ်က ဒီနယ်မြေကို သိပ်မကျွမ်းကျင်တော့ အကျဉ်းထောင်ကို ရောက်မသွားနိုင်ဘဲ လမ်းမှားသွားပြီး ဘယ်ရောက်သွားသလဲဆို …”

စစ်ခန်းသည် သူ တွေ့ကြုံခဲ့ရသည်များကို ရှည်လျားစွာ ပြောပြလိုက်လေတော့သည်။

○

“ဝှန်း”

www.burmeseclassic.com

www.burmeseclassic.com



ကျူးဝေဝေက နံဘေးမှခုံကို လက်ဝါးဖြင့် ရိုက်ချလိုက်ပြီး

"ကဲ အစ်ကိုကြီး ... အစ်ကိုကြီးရဲ့မိတ်ဆွေဟာ အစ်ကိုကြီးရဲ့ အပေါ် ဘယ်လောက်ကောင်းသလဲဆိုတာကို အဲဒီဖြစ်ပျက်ခဲ့တဲ့ကိစ္စ ရပ်တွေကို တွေးကြည့်ရင် သိပ်သိသာနေတယ်"

ကျူးလှဆန်၏မျက်နှာ၌ ကျေနပ်နှစ်သက်သည့် အပြုံးတစ် ခု ပေါ်လွင်လာလေ၏။

"နေပါဦး၊ အဲဒီမှာတွေ့ခဲ့တဲ့ အန်းစီရီအစစ်ပဲလား"

"ဟုတ်တယ်၊ သူ့ရဲ့မျက်နှာကို ငါ တစ်သက်လုံး မှတ်မိ တယ်"

စစ်ခန်း၏စကားအဆုံးတွင် ကျူးလှဆန်သည် တည်ကြည် လေးနက်သည့်လေသံဖြင့် ...

"အန်းစီရီဟာ သူ့မိန်းမကိုသတ်ပြီး ခြံထဲဝင်လာတဲ့လူကို တောင် ရန်သူလို့သဘောမထားဘဲ ပြန်လွှတ်လိုက်ပုံကိုကြည့်ရင် ဒီကိစ္စထက်အရေးကြီးတဲ့ကိစ္စ သူ့မှာရှိနေလို့ပဲ ဖြစ်ရမယ်"

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာသည် ကွက်ခနဲ ပျက်သွား၏။



သို့သော် ...

သူမသည် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ...

"ကဲပါ ... ဒီလူကြီးနဲ့ဖြစ်တဲ့ကိစ္စတွေကို ဘေးထားလိုက်ပါဦး၊ အစ်ကိုတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိသယရှင်းပြီ မဟုတ်လား"

ဟု စကားကို ဝင်ရောက်လက်စသတ်လိုက်၏။

သို့သော် ...

စစ်ခန်းစိတ်ထဲတွင် ကျူးဝေဝေနှင့် အန်းစီရီသည် တစ်နည်း မဟုတ်တစ်နည်း ပတ်သက်နေလိမ့်မည်ဟု ထင်လိုက်မိသည်။

စစ်ခန်းမှာ အလွန်ပါးနပ်သူတစ်ယောက်ဖြစ်၏။

"ဒီကိစ္စကို ထားလိုက်ပါတော့၊ ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ဝူရယ်ကြူးရဲ့အိမ်ကိုသွားရတာလဲ"

ဟု ကျူးလှဆန်ကို မေးလိုက်၏။

သူက လက်ကာပြလိုက်ပြီး ...

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ငါ မှုခင်းနှိမ်နင်းရေးတာဝန်နဲ့ အိမ်ကိုသွားတဲ့ကိစ္စမှာ သူ့ကိုသတ်ဖို့ ညည်ရွယ်သွားခဲ့တာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရည်ရွယ်ချက်က ဝူရယ်ကြျုးကို ကြိုးတုပ်ပြီး အကျဉ်းထောင်ရှေ့က
အလံတိုင်မှာ ဇောက်ထိုးလုပ်ပြီး ဆုံးမဖို့ပဲ၊ ဒါမှလည်း သိုင်းလောက
မှာ ငါ သိက္ခာမကျဘဲ ဆက်နေနိုင်မှာပေါ့"

ကျူးလုဆန်က စကားဆုံးသည်နှင့် နမဖြစ်သူဘက်လှည့်
"ညီမလေး ... အစ်ကိုကြီး စားစရာတစ်ခုခု သွားဝယ်လိုက်
ဦးမယ်"

ဟုပြော၍ အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားတော့
သည်။

○○○



အခန်း (၆)

မိစ္ဆာညီနောင်

စစ်ခန်းသည် တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေ
ခြင်း ...

"အင်း"

သက်ပြင်းကို မသိမသာချလိုက်၏။

"ဘာတွေများ မကျေမနပ်ဖြစ်နေတာလဲ ... အစ်ကိုစစ်ခန်း"

ကျူးဝေဝေက မေးလိုက်ခြင်းဖြစ်၏။

စစ်ခန်းက ...

"ဩော် ... ကျွန်ုပ်တော့်အဘင်မှားမှုအတွက် ဖြစ်ခဲ့တဲ့ကိစ္စကို
သွား၏ အစ်ကိုကို ကျေနပ်အောင် ဘယ်လိုတောင်းပန်ရမလဲလို့ဆို
... တွေးမရလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနဲ့ ဒီကအစ်ကိုတို့ဟာ သွေးသောက်ညီအစ်ကို တွေပဲ မဟုတ်လား။ ဒီလိုမှားယွင်းတဲ့ကိစ္စလေးဟာ ဘာမှစာမဖွဲ့ လောက်ပါဘူး"

စစ်ခန်းက ကျူးဝေဝေကို မော့ကြည့်လိုက်ပြီး ...

"ကျူးဝေဝေ ... ကျွန်တော် ဓားကို အရေးအကြောင်းဆ အသုံးပြုရအောင် ကျွန်တော့်နံဘေးမှာထားပေးပါ"

ကျူးဝေဝေက ခေါင်းညိတ်လိုက်ပြီး အခန်းထောင့်ရှိ ခုံပေါ် တွင် တင်ထားသောဓားကို သွားယူလိုက်ပြီး စစ်ခန်းကို လှမ်းပေး လိုက်၏။

ဤတွင် လုံးဝမမျှော်လင့်ထားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေးလာလေ၏။

"ဒုတ်"

ကျူးဝေဝေက အံ့အားသင့်သွား၏။

စစ်ခန်းမှာလည်း ရုတ်တရက် မျက်လုံးပြူးသွား၏။

သူမ လှမ်းပေးသောဓားသည် သူ့လက်ထဲရောက်ရမည့်ဆဲ ဆဲမှာပင် နံဘေးပြတင်းပေါက်မှ ဝင်လာသော ကျာပွတ်၏ ယူငင်



ဆွဲလိုက်ခြင်းကို ခံလိုက်ရ၏။

သို့သော် ...

ဓားကို အပြင်သို့ဆွဲထုတ်မသွားဘဲ အရှိန်ဖြင့် မျက်နှာကြက် ဆီသို့ ပစ်တင်လိုက်ရာ မျက်နှာကြက်တွင် ဓားသည် စိုက်ဝင်လျက် ရှိ၏။

ထိုစဉ်မှာပင် ...

"ဗိုး"

တိုးညင်းလှသောလေသံကလေးနှင့်အတူ ကျာပွတ်မှာ မြွေ တစ်ကောင်ပမာ ပြတင်းပေါက်မှ ပြန်ထွက်သွားသည်ကို မြင်လိုက်ရ ၏။

စစ်ခန်းသည် အိပ်ရာမှထရန် ဟန်ပြင်လိုက်၏။

"အစ်ကိုစစ်ခန်း ... သိပ်မစိုးရိမ်ပါနဲ့၊ နေမြဲတိုင်းသာနေလိုက် ပါ"

ပြောပြောဆိုဆို သူမသည် စစ်ခန်း၏ခုတင်ကို အခန်း ထောင့်တစ်နေရာဆီသို့ တွန်းပို့လိုက်၏။

တစ်ဓဏအတွင်းမှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ရိပ်ခနဲ အရိပ်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရပြီး အိပ်ခန်းတွင်းသို့ ပေါ့ပါးညင်သာစွာဖြင့် လူတစ်ယောက် ဝင်ရောက် လာ၏။

ထိုလူ၏ကိုယ်ဖော့ပညာမှာ အစွမ်းထက်မြက်လှကြောင်း တွေ့မြင်လိုက်ရ၏။

ထိုလူသည် တစ်ကိုယ်လုံး နက်မှောင်သော ဝတ်ရုံရှည်ဖြင့် လွှမ်းခြုံထားပြီး သူ၏မျက်နှာသည် သရဲတစ်ကောင်မျှ ကြောက်မက်ဖွယ်ကောင်းလှသည်။

သူသည် စကားတစ်ခွန်းမျှမပြောသေးဘဲ ကျူးဝေဝေကို စိုက်ကြည့်နေပြီး ပါးစပ်လှုပ်သည်ဆိုရုံမျှလှုပ်ကာ ...

"လာတော့ဟေ့ ... ဝင်ခဲ့"

သူ၏ခေါ်သံနှင့်အတူ ပြတင်းပေါက်မှ နောက်ထပ် အရိပ်သဏ္ဌာန်တစ်ခု တိုးဝင်လာပြီး ...

ထိုနောက် ...

"ဝုန်း"

အသံမှာ ကျယ်လောင်စွာ မြည်ဟည်းသွား၍ ခန္ဓာကိုယ်



သန်မာထွားကျိုင်းပြီး မျက်နှာပေါ်တွင် အမာရွတ်များ ပြည့်နှက်နေသော လူတစ်ဦး ဝင်လာ၏။

ထိုလူသည်လည်း အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး လက်တွင်းမှ လှံတံတစ်ချောင်းကို ကိုင်ဆောင်ထားလေသည်။

စစ်ခန်းသည် ပထမ ကျားဖွတ်ရှင်၏ဓားကို မျက်နှာကြက်အမိုးတွင် ပစ်စိုက်လိုက်ပုံကို မြင်လိုက်ရကတည်းက မှုခင်းနှိမ်နင်းရေးဌာနခံဂူရယ်ကြူး၏သား သေဆုံးနေပုံကို မျက်လုံးထဲ၌ မြင်လိုက်၏။

ထို့နောက် ...

စစ်ခန်း၏အတွေးများမှာ အလွန်ရှုပ်ထွေးသွားလေတော့သည်။

ဤလူများနှင့် ဆက်နွယ်နေသော ပြဿနာရပ်သည် စုန်ကျန်းမြို့ထဲ၌ မည်သို့ဖြစ်ပေါ်နေသည်ကို သူ မသိရပေ။

ထိုအချိန်မှာပင် ...

"ညီလေး ... ဒီမိန်းကလေး ဟုတ်ရဲ့လား၊ မင်း သေချာကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ကိုင်ထားသော ကျာပွတ်ကို ဆတ်ခနဲ မြှောက်
ပြီး ကျူးဝေဝေဆီသို့ ညွှန်ပြလိုက်ရင်း နောက်မှပါလာသည့် လှံတံ
ကိုင်သိုင်းသမားအား လှမ်းမေးလိုက်၏။

လှံတံကိုင်သိုင်းသမားသည် ကျူးဝေဝေကို သေချာစွာ
စိုက်ကြည့်လိုက်၏။

"ဟော့ ... မင်း ... ကျူးလုဆန်ရဲ့ညီမ ကျူးဝေဝေ မဟုတ်
လား"

ထိုစဉ်မှာပင် ...

စစ်ခန်းသည် ဆတ်ခနဲ ထထိုင်၍ ကျူးဝေဝေ၏ရှေ့တွင်
ဝင် ရောက်ကာကွယ်ရပ်လိုက်ရင်း ...

"ဟော့ ... ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ဒီကိုလာ
ပြီး ရမ်းကားနေကြတာလဲ၊ ပြောစမ်း"

သူ၏စကားကို ကြားလိုက်ရသော ထိုလူနှစ်ဦးမှာ ကျယ်
လောင်စွာ ရယ်လိုက်ပြီး ...

"ဟ ... အသားလွတ်ကြီးပါလား၊ တို့က မေးရမယ့်စကားကို
မင်းက ပြန်မေးနေတော့ တို့က ဘာပြန်ဖြေရမှာလဲ ဟား ဟား ဟား"



ဒုတိယဝင်လာသူက ပြောလိုက်ခြင်း ဖြစ်၏။

သူ၏လှောင်ပြောင် ပြောဆိုမှုကြောင့် စစ်ခန်းမှာ ဒေါသဖြစ်
သည်။

"ဒီမှာ ... ခင်ဗျားတို့ ဒီက မြန်မြန်ထွက်သွားရင် ကောင်း
ယ်ထင်တယ်"

ရုတ်တရက်ပြောရသဖြင့်သာ ပြောလိုက်ရသော်လည်း ဤ
သို့ ပြောလိုက်ခြင်းမှာ သူမှားသွားကြောင်း စစ်ခန်း သတိရလိုက်
၏။

အဘယ်ကြောင့်ဆိုသော် ...

သူ့နံဘေးရှိ ကျူးဝေဝေနှင့် ထိုလူနှစ်ဦးသည် တစ်နည်း
နည်းနှင့် ပတ်သက်နေမည်ကို ရိပ်စားလိုက်မိခြင်းကြောင့် ဖြစ်သည်။

သူ၏စကားကို ကြားလိုက်ရသောအခါ ပထမ ဝင်လာသူ
ာပွတ်ကိုင် သိုင်းသမားကြီးသည် နံဘေးမှ စားပွဲခုံကို လက်ထဲမှ
ာပွတ်ဖြင့် ဝှေ့ယမ်း၍ ရိုက်ချလိုက်ပြီး ...

"ဟော့ကောင် ... မင်းက ဘာမဆိုင်တဲ့လူတစ်ယောက်ပဲ
တို့ ယူဆတယ်၊ ဒီတော့ မြန်မြန်ထွက်သွားရမှာက မင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ... ကျွန်မအစ်ကိုရဲ့ သွေးသောက်ညီအစ်ကိုတပ ယောက်ပဲ၊ ဒီတော့ ကျွန်မရဲ့ညွှေသည်ဆိုလည်း မမှားဘူး၊ ကျွန်မ ဧည့်သည်ကို အိမ်ထဲကနေ ရှင်တို့ နှင်ထုတ်စရာ ဘာမှမလိုပါဘူး"

ကျူးဝေဝေက ခပ်ပြတ်ပြတ်နှင့် တင်းမာစွာ ပြန်ပြောပ သည်။

"ဒီမှာ ... မင်း သူတို့ကို သိသလား"

စစ်ခန်းက ခပ်တိုးတိုး မေးလိုက်၏။

သူမ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

မှန်သည်။

ကျူးဝေဝေအနေဖြင့် သူတို့နှစ်ဦးကို ကောင်းစွာသိပါသည်။

ထိုလူနှစ်ဦးက ဟိုစွတ်နယ်မှ မိစ္ဆာညီနောင်ပင် ဖြစ်လေ သည်။

ကျားပွတ်ကိုကိုင်ဆောင်သူမှာ အစ်ကိုကြီးကျောက်ပုဖြစ် သည်။

လှံတံကိုင်ထားသူမှာ ညီဖြစ်သူ ကျောက်ကုပင် ဖြစ်လေ သည်။



ယင်းမိစ္ဆာညီနောင်၏အမည်ကို ခပ်တိုးတိုးအသံဖြင့် သူမ က စစ်ခန်းကို ပြောပြလိုက်၏။

စစ်ခန်းသည် ထိုလူနှစ်ဦး၏အမည်ကို ကြားဖူး၏။

ထိုစဉ်မှာပင် ...

ကျူးဝေဝေက မိစ္ဆာညီနောင်ကို စေ့စေ့ကြည့်ပြီး ...

"ကဲ ... မိစ္ဆာညီနောင် ရှင်တို့ ဒီက မြန်မြန်သာ ထွက်သွား ပေတော့၊ တိုကုဆာကိစ္စနဲ့ပတ်သက်ပြီး ရှင်တို့ရဲ့ဆရာကြီးကို ပြော လိုက်၊ အချိန်ကျရင် ကျွန်မ ဆက်ဆက်လာခဲ့မယ်လို့"

ကျောက်ပုက လေသံကိုနိမ့်၍ ...

"ကောင်းပါပြီ၊ ကျုပ်တို့ အခုပဲ သွားပါတော့မယ်"

ထိုအခါ ...

"အို ... အစ်ကိုကြီးကလည်း ဘာဖြစ်လို့ သွားရမှာလဲ၊ တို ကုဆာမရောက်ခင် ဒီမိန်းကလေးကို သုတ်သင်ဖို့က ကျွန်တော်တို့ ဘာဝန်မဟုတ်လား"

ကျောက်ပုမှာ ညီဖြစ်သူ၏စကားကို ကြားလိုက်ရသည်နှင့် ထွက်ခနဲ မျက်နှာပျက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကဲ သွားကြမယ်"

ဟု ညီဖြစ်သူကို ဟောက်ငမ်းပြောဆိုရင်း ခြေလှမ်းပြင်လိုက်၏။

ကျူးဝေဝေမှာ ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး …

"ဟုတ်တယ်၊ ရှင်တို့ အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံးပဲ၊ ရှင်တို့အတွက်လည်း အန္တရာယ်ကင်းလိမ့်မယ်၊ ခဏကြာရင် အစ်ကိုကြီး ကျူးလုဆန် ပြန်ရောက်လာရင် ရှင်တို့အားလုံး အသက်ရှင်လျက်နဲ့ ပြန်လို့ရမှာမဟုတ်ဘူး"

သို့သော် …

ကျောက်ပုက အားပါးတရ ရယ်လျက် …

"ဟား ဟား ဟား ရယ်စရာစကားတွေ ပြောမနေနဲ့ ကျူးဝေဝေ၊ မင်းရဲ့အစ်ကိုကြီး ပြန်လာရင်လည်း အိမ်ထဲကို ရောက်မှာမဟုတ်ဘူး။ မြို့ဝမှာ ကျုပ်ရဲ့လူတွေက ဖမ်းဆီးထားပြီးသား ဖြစ်မှာပါ"

"ရှင် … တကယ်မသွားဘူးလား"

သူမက ကျောက်ပုကို လှမ်းမေးလိုက်ခြင်းဖြစ်၏။



"မသွားနိုင်ဘူး၊ မင်းကို သုတ်သင်ပြီးမှ သွားနိုင်မယ်"

"ရှင့်အသက်ကို ဒါထက်ပိုပြီး နေချင်သေးတယ်ဆိုရင် ထွက်သွားပေတော့"

ကျောက်ကုသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး …

"ကဲ … စကားသိပ်မများနဲ့ … ရော့"

"ဝုန်း"

ပြင်းထန်ပြီး အားပါလှသော တိုက်ကွက်ပင်ဖြစ်၏။

ကျောက်ပုသည် လုံ့တံရှည်နှင့်ကျူးဝေဝေ၏ခန္ဓာကိုယ်ဆီသို့ တန်းခနဲ ဝင်လာသည်ကို ငုံ့လျက် လက်ဖဝါးတစ်ချက်တည်းဖြင့် တင်လိုက်သောအခါ သူ့အားနှင့်သူ လမ်းကြောင်းပြောင်းပြီး ပြောင်းပြီး အမိုးမျက်နှာကျက်ဆီသို့ ထောင်တက်သွားပြီး အိမ်အမိုးတန်းကြီးတစ်ခု၏သံယက်မကြီး ပြုတ်ကျလာလေ၏။

ကျူးဝေဝေသည် ကျောက်ကုကိုကြည့်လိုက်ပြီး …

"ဒီမှာကျောက်ကု ရှင် ဒီကမြန်မြန် ထွက်သွားပါ၊ ဒါ နောက်ဆုံး အခွင့်အရေးပဲ"

သူ၏စကားကို အရေးမစိုက်ဟန်ဖြင့် ကျောက်ကုသည်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ လုံတံကိုမြှောက်လိုက်၏။

သို့ရာတွင် ...

"ဝုန်း"

ပြင်းထန်သော အားကြီးတစ်ခုသည် အနောက်ဖက်တံခါးရွက်နှင့်အတူ ကျောက်ကု၏ကျောပြင်ဆီသို့ ကျလာသည်။

ကျောက်ကုမှာ အနောက်ဘက်မှ လေဟပ်သံ ကြားလိုက်ရသဖြင့် နောက်သို့လှမ်းကာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း လုံးဝအချိန်မရတော့ဘဲ တံခါးရွက်ကြီးနှင့်အတူ ရှေ့သို့စိုက်ဆင်းလာသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

"အား"

နာကျင်စွာ အော်ရင်း သွေးရူးသွေးတန်းနှင့် နံဘေးမှ သူ၏အစ်ကိုဖြစ်သူ ကျာပွတ်မိစွာကျောက်ပုကိုပင် မခေါ်နိုင်တော့ဘဲ ပြတင်းပေါက်မှ ခုန်ကျော်ကာ ထွက်ပြေးလေတော့သည်။

သို့သော် ထူးခြားသည်မှာ သူ၏ကျောပေါ်တွင် တံခါးရွက်ကြီးမှာ ပြုတ်မကျဘဲ ကပ်လျက် ထမ်းပိုးထားသည့်ပုံစံမျိုးဖြင့် ပါသွားသည်ကို တွေ့လိုက်ရသည်။



တံခါးဝမှထွက်ပြေး၍ သိပ်ဝေးဝေးမရောက်ခင်မှာပင် အပြင်တံခါးမှ လူရိပ်တစ်ခုသည် ရိပ်ခနဲပြေးလိုက်သွားပြီး ရှေ့မှပြေးနေသော ကျောက်ကုကို လှမ်းကိုင်ဆွဲလှည့်လိုက်ရလေသည်။

ယခုမှပင် ...

ကျောက်ကုသည် တံခါးရွက်ထမ်းထားရသည်ကို သဘောပေါက်စွာ မြင်ရတော့သည်။

ဖြစ်ပုံမှာ ...

တံခါးရွက်နှင့်၎င်း၏လက်မောင်းဆုံရိုးတစ်ခုလုံး ဖောက်ထွင်းစိုက်ဝင်နေသော ဓါးစိမ်ချွန်လေးတစ်ခုကို မြင်လိုက်ရလေသည်။

နောက်မှပြေးလိုက်သွားသူက သူ၏လက်ထဲမှ ပါလာသည့် နောက်ထပ်ဝါးချွန်တစ်ခုဖြင့်ပင် ထိုးကာ အောက်ဘက်မှ ခြေဖြင့် ခတ်ဘင်လိုက်သည်တွင် လေထဲတွင် တံခါးရွက်ကြီးမှာ ပျံတက်လျက် အိမ်ရှေ့သစ်ပင်ကြီးတွင် မှိုတ်လျက်သား ဖြစ်နေသည်။

ကျန်ပျဉ်ချပ်ကြီးတွင် ကျောက်ကုသည် ကပ်လျက်ပါသွားပြီး ချက်ချင်း အသံပင် မထွက်နိုင်ဘဲ အသက်ပျောက်သွားသည်ကို သိတ်လန့်တုန်လှုပ်ဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကုအား သတ်လိုက်သူက သူ၏မျက်နှာကို အခ
ဘက်သို့ ပြန်စွာလှည့်လိုက်သည်တွင် ...

"ဟာ ... ကျူးလုဆန်"

ကျောက်ပုဏ်ပါးစပ်မှ လွှတ်ခနဲ ကြောက်လန့်တကြား
အော်လိုက်မိသည်။

သူမသည် အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်ရင်း ...

သူမ၏ပဝါရှည်ကို လိပ်လျက် ချိုင်းကြားထဲသို့ ညှပ်လိုက်ပြီး
နောက်မှ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော စစ်ခန်းကို ပြုံးပြသည်။

စစ်ခန်းကတော့ ပြန်လည်၍ ပြုံးပြနိုင်စွမ်းမရှိအောင် ဖြစ်
နေမိသည်။

"ဘယ်များ ထိနိုက်သွားသေးလဲ အစ်ကိုစစ်ခန်း"

လက်ရှိအနေအထားကို ဂရုမစိုက်သကဲ့သို့ သဘောထား
ကာ စစ်ခန်းကို စိုးရိမ်သောမျက်နှာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ...

သူမက စစ်ခန်းမဖြေခင် ကြားဖြတ်ပြောဆိုလိုက်သည်။

"ဟာ ... ဒီစကားက ကျွန်တော့်ကို ခင်ဗျားက မေးရမယ်



ဘားပါ။ တစ်ချိန်လုံး နောက်မှ ကြောက်တတ်တဲ့ သိုးငယ်လေးလို
ိုင်ပြီး ကြည့်နေတဲ့လူက ဘာမှထိနိုက်စရာအကြောင်း မရှိပါဘူး"

မိန်းကလေးက သူ့ဘက်လှည့်ကာ ...

"ဟိုမှာ အစ်ကိုကြီး ပြန်လာပြီး စားစရာတော့ ပါလာတယ်၊
ဆာနေရင် စားကြတာပေါ့ ဟုတ်လား"

"အင်း ... ကောင်းပါပြီ"

"ဟား ဟား ဟား ... ဘယ်နှယ့်ဧည့်သည်တော်ကြီး တစ်
ယောက် စားချင်စိတ် လုံးဝမရှိတော့ဘူးလား"

ရူးရှသော ရယ်မောသံနှင့်အတူ ပြောလိုက်သော ကျူးလု
ဆန့်စကားကြောင့် ကျောက်ကုမှာ လက်၌ကိုင်ထားသော ကျာပွတ်
င် တဆတ်ဆတ်တုန်လျက် မျက်စိမျက်နှာပျက်လျက် ရှိနေလေ၏။

ဤသည်ကိုမြင်လိုက်ရသော ကျူးလုဆန်မှာ ...

"ဟား ဟား ဟား"

ပို၍ကျယ်လောင်စွာ ရယ်မောရင်း တဖြည်းဖြည်း တံခါးနား
ကပ်လာ၏။

ကျူးလုဆန်က ကိုယ်ကို ဆတ်ခနဲလှည့်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲရော ... ညီမလေး ဒီစားစရာတွေ ယူထားလိုက်စမ်း

လက်ထဲမှ စားစရာထုပ်များကို လှမ်းပေးလိုက်၏။

ထိုအချိန်၌ ...

တုန်လှုပ်ချောက်ချားနေသော ကျာပွတ်ရှင်ကျောက်ပုသည်

တဖြည်းဖြည်း နောက်သို့ ကြောက်ကန်ကန်ဖြင့် ဆုတ်ရာ အုတ်နံရံ

ကျောပြင်မှာကပ်သွားပြီး ဆုတ်စရာလမ်းမရှိတော့ဘဲ နံရံသို့ တ

ကိုယ်လုံး ဝင်သွားမတတ် ဖြစ်နေလေ၏။

"ဘယ်လိုလဲ သူငယ်ချင်း ကျာပွတ်သိုင်းသမားကြီးရဲ့ ...

မင်းဟာ သိုင်းအဖွဲ့ကြီးမှာ အထူးအားထားရတဲ့ လက်ရွေးစင်အဆ

မြင့်သိုင်းသမားကြီးဖြစ်နေပြီး ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာ

လဲ သူငယ်ချင်း ... ဟား ဟား ဟား"

ကျူးလုဆန်က ခပ်ရိရိလေးဖြင့် ပြောလိုက်၏။

"ကဲ ... ဘာမှမကြောက်မနေနဲ့ အပြင်ကိုသာ ထွက်ခဲ့စမ်း

ပါ"

လက်နှစ်ဖက်ကိုသပ်လျက် သူက ခေါ်လိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"



ဟု တုန်လှုပ်ချောက်ချားသောလေသံဖြင့် ခယစွာ တောင်း

ပန်ရင်း ကျောက်ပုက ပြန်ပြော၏။

"ဒီမှာ ကျောက်ပု ... ဂျူပ် အခု အပြင်ကိုသွားတုန်းက

လမ်းမှာ ခင်ဗျားတို့ သိုင်းသမားနှစ်ယောက်နဲ့ တိုက်ခိုက်ရသေးတယ်၊

သူတို့နှစ်ယောက်ကို ချေပြည်အထိ ပို့လိုက်ပြီးပြီ၊ အဲဒီကို မင်းလည်း

လိုက်သွားဖို့ သင့်တာပေါ့"

သူ၏စကားကြောင့် သူ စားသောက်စရာများ သွားသယ်စဉ် လမ်း၌

ဓားသမားနှစ်ဦးနှင့် တိုက်ခိုက်ခဲ့ရသေးကြောင်း အားလုံးသိလိုက်ကြရလေ

၏။

"အဲဒီနှစ်ယောက်မသေခင် အန်းစီရှီဆိုတဲ့ သိုင်းသမားကြီးရဲ့

အမည်ကို မပီမသပြောရင်း သေသွားကြတယ်၊ အခုလည်း ငါစိတ်ထဲ

မှာ မင်းတို့ဟာ အန်းစီရှီနဲ့ ဆက်စပ်နေမယ်လို့ ငါထင်တယ်၊ ဟုတ်

လား မဟုတ်လား ပြောစမ်း"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် မှန်တဲ့အတိုင်း အကုန်ပြော

ပြပါ့မယ်၊ ကျွန်တော်တို့မိစ္ဆာညီနောင်ဟာ အန်းစီရှီရဲ့ ကြေးစားများ

အဖြစ် အမှုထမ်းခဲ့ကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပုဏ်၏ပြောဆိုမှုသည် လိမ်ညာပြောခြင်း မဟုတ် ကြောင်း သိသာလှ၏။

“မိတ်ဆွေကြီးကျူး ... ခင်ဗျားကို စုန်ကျန်းအကျဉ်းထော ထဲက ကယ်တင်ခဲ့တဲ့သူက ဘယ်သူလဲဆိုတာ ခင်ဗျား သိမှာပါ”

ကျောက်ပုဏ်၏စကားကြောင့် သူ တွန့်ခနဲဖြစ်သွား၏။

“ဟုတ်တယ်၊ ကျုပ် သိပါတယ်”

“အန်းစီရိပဲ ကယ်တင်တာ မဟုတ်လား”

ကျောက်ပုဏ်၏စကားကို ကြားလိုက်ရသော စစ်ခန်းနှင့် ကျူး ဝေဝေတို့မှာ အံ့အားသင့်သွားကြပြီး သူ့ထံသို့ ပြိုင်တူလှမ်းကြည့်လိုက် ကြ၏။

“ဟုတ်တယ် ညီမလေး၊ အစ်ကိုကြီးကို လာပြီးကယ်ထုတ်ခဲ့ သူဟာ အန်းစီရိပဲဖြစ်ရမယ်၊ ဘာလို့လဲဆိုတော့ အဲဒီတုန်းက သူ့မျက် နှာမှာ မျက်နှာဖုံးစွပ်ထားပေမယ့် သူ့ရဲ့လှုပ်ရှားမှုကိုတော့ စေ့စေ့ စပ်စပ် ပြန်မှန်းကြည့်မိရင် သူဟာ အန်းစီရိပဲဖြစ်ရမယ်”

အစ်ကိုဖြစ်သူ၏စကားကို ကြားလိုက်ရသော ကျူးဝေဝေ က နားမလည်သည့်ဟန်ဖြင့် အစ်ကိုဖြစ်သူအား ကြည့်လိုက်သည်။



သူမနှုတ်မှလည်း မေးခွန်းတစ်ခု ထွက်ပေါ်လာ၏။

“သူက ဘာဖြစ်လို့ အစ်ကိုကြီးကို ကယ်တင်ခဲ့ရတာလဲ”

ကျူးလုဆန်က ...

“အစ်ကိုကြီးလည်း လုံးဝစဉ်းစားလို့မရဘူး”

“ကျွန်တော် ကောင်းကောင်းသိပါတယ်”

သူတို့မောင်နှမနှစ်ယောက် စဉ်းစား၍မရစဉ်မှာ ကျောက် မှာ ကြားဖြတ်၍ ဝင်ပြောလိုက်လေသည်။

“ဘာကိုသိတာလဲ ပြောစမ်းပါဦး”

ကျူးဝေဝေက မေးလိုက်ခြင်းဖြစ်၏။

“အဓိကအကြောင်းက တိုက်ဆိုက်စွာပါပဲ၊ ဘာဖြစ်လို့လဲဆို တော့ သူနဲ့ ပြဿနာဖြစ်တော့မယ့် ညီမဖြစ်သူကို တားဆီးနိုင်မယ့် အချက်ဟာ အစ်ကိုဖြစ်သူကို ကယ်တင်ပေးခြင်းပဲ မဟုတ်လား”

ထိုစကားကြားလိုက်ရသည့်အခါ သူမသည် မချိပြုံး တစ် ချက်ပြုံးလိုက်ပြီး ...

“ဟုတ်တယ် အစ်ကိုကြီး၊ သူပြောတဲ့စကားဟာ မှန်ပါတယ်၊ မှာ အစ်ကိုကြီးနဲ့ အစ်ကိုစစ်ခန်းတို့ ဘာမှဝင်မစွက်ဖက်ပါနဲ့လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ·တောင်းပန်ပါတယ်ရှင်၊ ဒီကိစ္စက ကျွန်မနဲ့ တိုက်ရိုက်ပတ်သ
နေပါတယ်"

ကျူးလုဆန်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ညီမလေးနဲ့ ပတ်သက်တဲ့ကိစ္စကို အစ်ကိုကြီး ဝင်မရှုပ်
ဘူး၊ ဒါပေမဲ့ ... ငါ့ညီမအနေနဲ့ အန်းစီရီရဲ့အကြောင်းကိုရော သိ
လား"

"ကျွန်မ အကုန်လုံးသိပါတယ်၊ စိတ်ချပါ"

ညီမဖြစ်သူ၏စကားကို ကြားလိုက်ရသောအခါ ဘာကို
ဆက်ပြီး စောဒကမတက်တော့ဘဲ ကျောက်ပုဘက်သို့ လှည့်လိုက်
၏။

"ဒါဖြင့် မှုခင်းနှိမ်နင်းရေးတာဝန်ခံ ဝူရှယ်ကြူးရဲ့မိသားစုကို
အန်းစီရီဟာ ကြေးစားလူသတ်သမားဌားပြီး သတ်ဖို့အတွက် ခင်ဗျား
တို့ညီနောင်ကို ငှားတာလား"

ကျောက်ပုက ခေါင်းကို ဖျာဖျာသလဲခါယမ်းလိုက်ရင်း ...

"ဟာ ... ကျွန်တော်နဲ့မဆိုင်ဘူး၊ ဒီကိစ္စ ကျွန်တော်တို့ ညီ
အစ်ကို မပါဘူး"



ကျူးလုဆန်သည် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်း သေသေချာချာ ပြောနော်၊ မှန်မှန်ကန်ကန်ပြော၊ လိမ်
ပြောမယ်မကြံနဲ့"

သူသည် ပြောရင်းဆိုရင်း ကျောက်ပု၏လည်ပင်းကို ဖမ်း၍
ဆုပ်ကိုင်လိုက်ပြီး ...

"တကယ်ပြောတာပါ၊ ကျွန်တော်တို့ညီအစ်ကို ဒီပြဿနာကို
သည်း မသိပါဘူး"

"ကဲ ... ဒါဖြင့် ပြီးရော"

ကျောက်ပုသည် မမှန်သောစကားကို ပြောရဲမည့်သူမဟုတ်
န်းသိသဖြင့် ဆုပ်ကိုင်ထားရာမှ ဆောင့်တွန်းလိုက်လေ၏။

"ကျူးလုဆန် ... အန်းစီရီရဲ့အိမ်မှာ မျက်နှာတစ်ခုလုံး ဖြူ
ဖွေးနေတဲ့ မိန်းမသေဆုံးမှုနဲ့ပတ်သက်ပြီး ဘာများထူးခြားမှုရှိလဲ
ပြောပါ"

တစ်ချိန်လုံး ငြိမ်နေခဲ့သည့် စစ်ခန်းက လှမ်းမေးလိုက်ခြင်း
ဖြစ်၏။ ကျောက်ပု မျက်လုံးပြူးသွားလေ၏။

"အဲဒီအမျိုးသမီးဟာ ... အန်းစီရီရဲ့ ဇနီးပဲ၊ အဲဒီမိန်းမကို

www.burmeseclassic.com

www.burmeseclassic.com



သတ်သွားတဲ့သူကို တိုကုဆာကိစ္စနဲ့မှားပြီး လွှတ်လိုက်တဲ့အတွ
အန်းစီရိုကို သူ့သမီးက စိတ်ဆိုးပြီး သူ့အမေကိုသတ်သွားတဲ့ လူ
သတ်သမားကို သူကိုယ်တိုင် ကလဲ့စားချေဖို့ ကြိုးစားရှာဖွေနေတယ်"

ကျောက်ပု၏စကားကြောင့် စစ်ခန်း ရင်ထိတ်သွားသည်။

"နေပါဦး၊ ဒီကိစ္စဟာ အပြင်လောကမှာ သိတဲ့လူ လုံးဝမ
လောက်အောင် လျှို့ဝှက်ထားတဲ့ကိစ္စပဲ၊ ဒါကို မိတ်ဆွေက ဘယ်လို
သိနေတာလဲ၊ အဲဒီအမျိုးသမီး အသတ်ခံရမှုက အန်းစီရိုရဲ့အထူးလျှို့
ဝှက်ထားတဲ့ကိစ္စပဲ၊ ဟုတ်ပြီ ... ဟုတ်ပြီ ... အဲဒီတရားခံဟာ ကျူးလ
ဆန်ရဲ့မိတ်ဆွေတစ်ယောက်လို့ ပြောသံကြားတယ်၊ ဒီတော့ ခင်ဗျား
ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

ဟု အားတက်သရောမေးလိုက်၏။

"ဟော့ အပိုတွေမေးမနေနဲ့၊ ဒီနေရာက မြန်မြန်ထွက်သွား
တော့"

ကျူးလုဆန်၏စကားကို ကြားလိုက်ရသည့် ကျောက်ပု
သည် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ရပ်နေသောနေရာမှ တွန့်ဆုတ်
တွန့်ဆုတ်နှင့် အပြင်သို့ ထွက်သွားသည်။



"ဘာဖြစ်လို့ ဒီလောက်နှေးနေရတာလဲ၊ ကဲ ... မြန်အောင်
ချုပ်လုပ်ပေးမယ်"

ကျောက်လုဆန်သည် ပြောပြောဆိုဆို ကျောက်ပု၏ခါးကို
ဆတ်ခနဲ ပြေး၍ ကန်ထည့်လိုက်ရာ ...

"ဒုန်း"

ကျယ်လောင်သော မြည်ဟည်းသံကြီးနှင့်အတူ ကျောက်ပု
ာ လွင့်ထွက်သွား၏။

အိမ်နှင့်အတန်ဝေးသောနေရာသို့ လွင့်ပြီး ကျသွားလေ
သည်။ ကျသည့်နေရာမှ ထပြေးရန် ကျောက်ပု ဟန်ပြင်လိုက်သည်။

"ဟော့ ... မင်းရဲ့အဖော်ပါ တစ်ပါတည်း ယူသွားစမ်း"

ကျူးလုဆန်က လှမ်းအော်လိုက်သည်။

ကျောက်ပုသည် လက်ထဲရှိ ကျာပွတ်ဖြင့် နောက်ပြန်လှည့်
၍ ဆတ်ခနဲ တစ်ချက်လှုပ်ရှားလိုက်သည်။

ထို့နောက် ညီဖြစ်သူ ကျောက်ကုအား ကျာပွတ်နှင့် ဆွဲပွတ်
ာ ဆွဲယူထွက်ပြေးသွားလေတော့သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## ဆွေးနွေးပွဲ

ဧည့်ခန်းဆောင်ကြီးတစ်ခု၏အတွင်းတွင်ဖြစ်သည်။

ဤဧည့်ခန်းဆောင်ကြီးသည် စုန်ကျုန်းမြို့အနောက်ဘက်

အန်းစီရီ၏စံအိမ်ကြီးထဲမှ ဧည့်ခန်းကျယ်ကြီးပင်ဖြစ်သည်။

တောက်ပထိန်လင်းစွာ ထွန်းထားသော မီးဆိုင်းကြီးများ၏

အလင်းရောင်သည် ဧည့်ခန်းကြီးတစ်ခုလုံးကို လွှမ်းလျက်ထားသည်

ဧည့်ခန်းဆောင်ကြီး၏အလယ်တွင် လှန်စွာလှပသောသစ်

လက်ရာမြောက်လှသော ကုလားထိုင်ကြီးတစ်လုံး ရှိနေသည်။

ထိုကုလားထိုင်ကြီးပေါ်တွင် အန်းစီရီသည် ခန့်ညားစွာ ထိုင်

လျက်ရှိသည်။

သူ၏ရှေ့နံဘေးတစ်ဖက်တစ်ချက်တွင် သူ၏အဖွဲ့သားများ



ငြိမ်သက်စွာ ဒူးထောက်ထိုင်နေကြသည်ကို တွေ့မြင်ရလေသည်။

အန်းစီရီ၏ရှေ့အနီးတွင် ခုံးတန်းတစ်ဖက်လေးလုံးကို ချ

ထားသည်။

ထိုခုံတန်းအသီးသီးပေါ်တွင် လူစေ့တက်စေ့ ထိုင်လျက်ရှိ

သည်။

သို့သော် ...

ဘယ်ဘက်ခုံတန်းပေါ်မှ ပုဂ္ဂိုလ်များသည် တစ်နယ်တကျေး

မှ လာရောက်ခဲ့ကြသည့် ဧည့်သည်တော်များဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် ဂျပန်ပြည်ရှိ ချယ်ရီကျွန်းသားများဖြစ်

သည်။

သူတို့ မည်သည့်ကိစ္စနှင့် ရောက်ရှိနေကြသည်ကို မသိရ

သေးပါ။

အန်းစီရီ၏ညာဘက်ခုံလေးလုံးတွင်မူ သူ၏လက်ရုံးများ

ဖြစ်သော အားကိုးရသော သဏ္ဌာန်ရှိသည့် သိုင်းသမားကြီးသုံးဦး ထိုင်

နေကြသည်။

ထိုသုံးဦးကား စူးရှတောက်ပသော မျက်လုံးအစုံပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



စွန်ရဲသိုင်းသမားကြီး ယုံစိမ် ...

အလွန်ထွားကြိုင်းသန်မာသော ခန္ဓာကိုယ်ပိုင်ဆိုင်ထား

သော သံလက်သီးဝမ်းဇွေ ...

ဝိန်ဝိန်ပါးပါးခန္ဓာကိုယ်နှင့် စာပေသမားဟန်ရှိသောသိုင်း

မားကျွမ်းလုတို့ပင် ဖြစ်ကြသည်။

ကျန်တစ်ယောက်မှာ အန်းစီရီ၏သမီးဖြစ်သူ အန်းနိုင်း

တို့ပင် ဖြစ်သည်။

"ကဲ ... ကိုယ့်လူတို့ မင်းတို့အနေနဲ့ ကျူပ်ဆီမှာ သစ္စာ

အခုထိ တာဝန်ကိုဆက်ပြီး ထမ်းဆောင်ကြပါ။ ကျူပ်တို့ဟာ မ

သောအချိန်ကာလမှာ ကောင်းစားတော့မှာ ကေန်မလွဲပါဘူး၊ ဒီအ

မှာ ကျူပ်အပေါ်မှာ သစ္စာရှိစွာ အမှုထမ်းခဲ့ကြတဲ့လူတွေကို ထိုက်

သလို ချီးမြှောက်ပြီး နေရာကောင်းပေးဖို့ ကျူပ်စီစဉ်ထားတယ်၊

... တို့များ ဆွေးနွေးစရာကိစ္စတွေရှိသေးတဲ့အတွက် အခန်းအ

ဘက်မှာ ကိုယ့်နေရာနဲ့ကိုယ် တာဝန်ထမ်းဆောင်ကြပေတော့"

အန်းစီရီ၏စကားဆုံးသည်နှင့် ...

"ကောင်းပါပြီ ... ဆရာကြီး"



ဒူးထောက်ထိုင်နေကြသူများသည် ဖြိုင်တူပင် ထရပ်ကာ

အခန်းတွင်းမှ ထွက်ခွာသွားကြသည်။

ဥ္သိုခန်းထဲဝယ် တစ်ဖက်လေးယောက်နှင့် အလယ်တွင်

အန်းစီရီသည် ထိုင်လျက် အစည်းအဝေးကို စတင်၍ကျင်းပလေ၏။

"ရောင်းရင်းကြီးဘက်က လိုအပ်တဲ့သတင်းတွေ အတော်

အားများ စုစည်းပြီးပြီလား"

ထိုစကားကို ချယ်ရီကျွန်းသားကိုယ်စားလှယ်ကြီးတစ်ဦးက

ကောင်မေးမြန်း လိုက်ခြင်းဖြစ်သည်။

"အနည်းအကျဉ်းတော့ စုမိနေပါပြီ ကိုယ်စားလှယ်ကြီး၊

ဒါပေမဲ့ အရေးကြီးတဲ့သတင်းကို ဂျပန်ပြည်က ဘုရင်မင်းမြတ်ဆီကို

သွားပေမယ့် သူက သိပ်မကြာတော့တဲ့အချိန်မှာ ရောက်လာ

သော့မှာပါ၊ ဒါပေမဲ့ အချိန်က လိုသေးတဲ့အတွက် စောင့်ဆိုင်းနေရတာ

ပ"

"သေချာရဲ့လား"

"သေချာပါတယ်"

"ဒီလိုဆိုရင် ကျူပ်တို့ရဲ့ဘုရင်မင်းမြတ်ကို ဘယ်လိုပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သတင်းပို့ရမယ်ဆိုတာ မှာကြားလိုက်စေလိုပါတယ်”

ချယ်ရီကျွန်းကိုယ်စားလှယ်က အန်းစီရီကိုမေးလိုက်ခြင်း ဖြ
လေသည်။

“ဟုတ်ကဲ့ မကြာသောကာလအတွင်းမှာ အရေးတော်
အားလုံး အောင်မြင်အောင် အကောင်အထည်ဖော်ပါ့မယ်၊ လော
လောဆယ်မှာ ကျုပ်အနေနဲ့ ဘယ်သူ့ကိုမှ ယုံစားလို့မရသေးတဲ့အ
တွက် ကျုပ်ကိုယ်တိုင် သတင်းပေးမယ့်သူကို တွေ့ဆုံပြီး သူ့ဆီက
သတင်းကိုရတာနဲ့ ဘုရင်မင်းမြတ်ထံ အနေးနဲ့အမြန်ဆိုသလို ကျုပ်သိ
ထားတဲ့အချက်အလက်ကလေးတွေ ပြန်ကြားပေးပါ့မယ်”

အထက်ပါစကားရပ်တို့ကို အန်းစီရီက ပြောကြားလိုက်ခြင်း
ဖြစ်သည်။

ချယ်ရီကျွန်းကိုယ်စားလှယ်များနှင့် အန်းစီရီမှအပ ယင်း
စကားစုကို မည်သူမှ နားလည်ခြင်းမရှိ။

“ကောင်းပါတယ် မိတ်ဆွေ၊ မိတ်ဆွေဟာ ချယ်ရီကျွန်းဘုရင်
မင်းမြတ်ရဲ့သစ္စာခံယူမှုအတွက် မိတ်ဆွေဟာ အချည်းအနှီး မဖြစ်စေ
ရပါဘူး စိတ်သာချပါ”



“ကဲ … ဒါဖြင့် ကျုပ်တို့ရဲ့မိတ်ဆွေကြီး အောင်မြင်ပါစေ”

“ဟုတ်ကဲ့ … မိတ်ဆွေတို့လည်း အောင်မြင်ပါစေ”

အပြန်အလှန်ပြောဆိုကြပြီးနောက် ညှိသည်တော် ချယ်ရီ
ကျွန်းသားကိုယ်စားလှယ်တော်များသည် ညှိနှိုင်းဆောင်အတွင်းမှ
အသီးသီးထွက်သွားကြလေတော့သည်။

အန်းစီရီ၏ဘယ်ဘက်ခုံများမှ လူမရှိတော့သော်လည်း ညာ
ဘက်ခုံတွင်မူ စောစောကလူများအတိုင်း သူ့ခုံနှင့်သူရှိနေကြတုန်းပင်
ဖြစ်သည်။

အန်းစီရီသည် ထိုလူသုံးယောက်အား ဝေ့ကြည့်လိုက်ပြီး …

“လောလောဆယ်တော့ သွေးသောက်ကြီးတို့ အေးအေး
ဆေးဆေး အနားယူနေကြပါဦး၊ မကြာခင်မှာပဲ အရေးပေါ်လာမှာပါ၊
ဒီတော့မှ ကျုပ်တို့တစ်တွေ စုစည်းပြီး လုပ်သင့်တာ လုပ်ကြတာပေါ့”

“ဖေဖေ … ကျွန်မအနေနဲ့ မေမေ့ကိုသတ်သွားတဲ့ တရားခံ
ကို လိုက်ရှာချင်တယ်၊ ဒီတရားခံကို ဖေဖေ လွှတ်လိုက်တာဟာ ဘယ်
လိုအကြောင်းနဲ့ လွှတ်လိုက်တာလဲ၊ အခုထိ သမီး တွေးလို့မရဘူး”

သမီးဖြစ်သူက မကျေနပ်သောလေသံဖြင့် အန်းစီရီကို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

အန်နီးစီရီမှာ သမီးဖြစ်သူကို ငုံစောင်း၍ ကြည့်လိုက်ပြီး ထိုင်ရာမှထကာ အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းမှ ...

"အေး ... ဟုတ်တယ်၊ ဒီကိစ္စကို ဖေဖေကိုယ်တိုင် အုံ့သြနေမိတယ်၊ ဖေဖေဟာ အဲဒီလူကို ပထမ ဖေဖေနဲ့ ဆက်သွယ်မယ့် သတင်းပေးတစ်ယောက်လို့ ထင်မိလို့ပဲ၊ နောက်မဟုတ်မှန်းသိတော့လည်း ကိုယ့်ဇနီးကို သတ်သူအဖြစ် လက်စားမချေဘဲ သူ့ကို လွှတ်ပေးလိုက်မိပြန်တယ်၊ ဒါကို ဖေဖေ စဉ်းစားလို့မရဘူး"

အမှန်မှာ ...

အန်နီးစီရီသည် ဇနီးဖြစ်သူအား သူကိုယ်တိုင် သတ်သင်ချင်နေသည်။

အဘယ်ကြောင့်ဆိုသော် ...

သေဆုံးသွားသူ စိတ္တဇဝေဒနာသည်တစ်ဦးဖြစ်နေသော ဇနီးသည်အပေါ် စိတ်ကုန်နေပြီမဟုတ်ပါလား။

သူ့ကိုယ်စား သတ်ပေးသော ကျူးလွန်သူကိုပင် ကျေးဇူးတင်မိသေးသည်။



ထိုအကြောင်းကို ဖုံးကွယ်လိုသောကြောင့် ယခုလို ဝေ့လည်ကြောင်ပတ် ပြောနေခြင်းဖြစ်၏။

"ဒီကိစ္စမှာ ဒီလူကို သမီးကိုယ်တိုင်ရှာပြီး လက်စားချေချင်ပါတယ်၊ ဒါမှလည်း သမီးတစ်ယောက်အနေနဲ့ မိခင်အပေါ်မှာ တာဝန်ကျေမှာဖြစ်ပါတယ်၊ နို့မဟုတ်ရင် မိခင်အပေါ်မှာ တာဝန်မဲ့ရာရောက်ပြီး သိုင်းလောကမှာ သိက္ခာကျစရာ ဖြစ်လာမယ်လို့ ထင်ပါတယ်"

သူသည် သမီးဖြစ်သူ၏စကားမှာ မှန်ကန်လှသဖြင့် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"သမီး ... ဒီလူကိုရှာပြီး ကိုက်ခိုက်သုတ်သင်ချင်တယ်၊ ခွင့်ပြုပါ ဖေဖေ"

သမီးဖြစ်သူ၏တောင်းခံချက်ကို ဘာမျှအဖြေမပေးသေးဘဲ စဉ်းစားနေဟန်ဖြင့် ခေတ္တငြိမ်နေလိုက်သည်။

"ဟုတ်တယ်၊ ခွင့်ပြုသင့်တဲ့ကိစ္စပဲ၊ ခွင့်ပြုဖို့ သင့်ပါတယ်"

သံလက်သီးဝမ်းစွေက ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော မြည်ဟည်းသံနှင့်အတူ လူရိပ်တစ်ခု အခန်းထဲ လှစ်ခနဲ ခုန်ဝင်လာသည်။

ထိုလူရိပ်ကား ကျောက်ပုပင်ဖြစ်သည်။

သူသည် ညီဖြစ်သူ ကျောက်ကုကို ထမ်းကာ ပြေးဝင်လာ အန်းစီရီ၏ရှေ့၌ ကျောက်ကု၏အလောင်းကို ပစ်ချလိုက်ပြီး အန် ၏ရှေ့၌ရပ်လျက် မောပန်းသောလေသံဖြင့် နှစ်ကိုယ်ကြားစကား ပြောလိုက်၏။

ကျန်လူများမှာ ကျောက်ပုနှင့်အန်းစီရီတို့ ပြောလိုက်သေ စကားများကို ဂရုစိုက်မိခြင်းမရှိဘဲ ကျောက်ကု၏ရုပ်ပျက်ဆင်းပ အလောင်းကိုကြည့်ပြီး အံ့အားသင့်စွာ ငေးမောနေမိကြလေသည်

အန်းစီရီမှာ ကျောက်ပု၏စကားကို ကြားရသောအခါ မျ နှာတစ်ချက်ပျက်သွားပြီး စိတ်ထဲမှလည်း ကျူးဝေဝေ၏သိုင်းပ မှာ မသေးလှကြောင်းကို တွေးနေမိသည်။

"မိတ်ဆွေကျောက်ပု ... ကျောက်ကု ဒီဖြစ်ရပ်မှာ ဘ ဖြစ်လာတာလဲ"

သံလက်သီးဝမ်းဇွေက မေးလိုက်ခြင်းဖြစ်၏။



"ဆရာကြီး အန်းစီရီ ... စုန်ကျွန်းတောင်ကြီးက ကယ်တင်ခဲ့ တဲ့ ကျူးလုဆန်ရဲ့လက်ချက်ပါ"

"ခင်ဗျားတို့က သူ့ဆီကို ဘာသွားလုပ်ကြတာလဲ"

ယုံစိမ်က လှမ်းမေးလိုက်ပြန်သည်။

"ကျွန်တော်တို့သွားတာက ကျူးလုဆန်ဆီ မဟုတ်ဘူး၊ ဆရာကြီးလွှတ်တဲ့ ကျူးဝေဝေဆီကို သွားတာပါ"

"သူက တိုက်လိုက်တာလား"

စာပေသမားဟန် ဝတ်ဆင်ထားသော ကျွမ်းလုက မေး လိုက်သည်။

"မ ... မဟုတ်ပါဘူး၊ သူ့ညီမငယ်ကို မချေမင်ပြန်လည် ဆက်ဆံမိလို့ ကျူးလုဆန်ရောက်လာတာနဲ့ဆုံပြီး အခုလိုဖြစ်သွားရ တာပါ"

ကျောက်ပုက တစ်စုံတစ်ခုကို သတိရလိုက်ပြီး မျက်နှာမှာ ဝမ်းသာအားရစွာဖြင့် အန်းစီရီ၏သမီးဖြစ်သူကို လှမ်းကြည့်လိုက်၏။

"နောက် သူတို့ဆီမှာ သခင်မကို လုပ်ကြံသွားတဲ့ စစ်ခန်းဆို တဲ့လူကိုလည်း တွေ့ခဲ့တယ်၊ သူဟာ အခုအချိန်မှာ ဒဏ်ရာပြင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်ထန်ရထားလို့ ကျူးမောင်နှမက စောင့်ရှောက်ထားပါတယ်"

ကျောက်ပုစ်ဆုတောင်း ပြည့်ဝသွားရှာသည်။

အဘယ်ကြောင့်ဆိုသော် ...

"ဟင် ... ဟုတ်လား၊ အဲ့ဒီလူ တကယ်ရှိနေသလား"

အန်းစီရီ၏သမီးက အားတက်သရော မေးလိုက်ခြင်း ဖြ
သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် စကားပြောခဲ့ပါတယ်"

သမီးဖြစ်သူ၏မျက်နှာမှာ လက်စားချေလိုသော အရိပ်
ယောင်များ ပေါ်လာသည်။

သူမသည် ဖခင်ဖြစ်သူဘက်လှည့်ပြီး ဦးညွှတ်အရိုအသေ
ပေးလိုက်ကာ ...

"ကဲ ... ဖေဖေ သမီးကို သွားခွင့်ပြုပါ၊ သမီး မကြာ
ပြန်လာပါ့မယ်"

ဖခင်ဖြစ်သူ၏ခွင့်ပြုချက်ကိုပင် မစောင့်တော့ဘဲ အိမ်အပြ
သို့ ပြေးထွက်သွားကာ သူ၏လူများကို စုရုံးပြီး ကျူးမောင်နှမအိမ်
သို့ ထွက်ခွာရန် စီစဉ်နေကြလေသည်။



ရုတ်တရက်ဖြစ်သောအဖြစ်ဖို့ အန်းစီရီမှာ တားဆီးခြင်း
မပြုလိုက်နိုင်ချေ။

သူ၏စိတ်ထဲ၌လည်း စစ်ခန်းနှင့်ကျူးမောင်နှမ မည်ကဲ့သို့
အပေါင်းပတ်သက်သွားသည်ကို စဉ်းစား၍မရပေ။

ထို့အပြင် ...

စစ်ခန်းမှာ မည်သည့်အတွက် ပြင်းထန်သောဒဏ်ရာ ရရှိခဲ့
သည်ကိုလည်း တွေးတော၍မရနိုင်အောင် ဖြစ်နေလေတော့သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## လှည့်ကွက်

ကျူးလုဆန်နှင့်ကျူးဝေဝေတို့ မောင်နှမ၏အိမ်ဂေဟာ လေးထဲတွင် ဖြစ်၏။

သူတို့သည် ကျူးလုဆန်ဝယ်လာသော အစားအစာများကို စားသောက်ပြီးစီးသွားပြီဖြစ်၏။

ထိုစဉ်မှာပင် ...

ကျူးလုဆန်၏အောင်မြင်သောအသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဒီမှာ ညီမလေး ... လူတွေဟာ သူတို့ရဲ့ဒေသ၊ သူတို့ရဲ့အဖွဲ့ အစည်းတွေမှာ ဘယ်လောက်ပဲ နာမည်ကျော်ကျော် ဘယ်လောက်ပဲ သတ္တိရှိရှိ ငါ့ရဲ့ရှေ့မှောက်ရောက်လာရင် ဦးညွတ်တောင်းပန်ကြရတာ



များတယ်၊ ဒါပေမဲ့ ... စစ်ခန်းကျတော့ အဲဒီလိုမဟုတ်ပါလားကွ"

ဤစကားကို ကြားလိုက်ရသော ကျူးဝေဝေက ...

"အို အစ်ကိုကြီး ... တကယ်တော့ အစ်ကိုကြီးအနေနဲ့ ဒါက အစ်ကိုစစ်ခန်းကို တကယ့်မိတ်ဆွေလို သဘောထားတယ်ဆိုရင် စကားမျိုးကို ပြောဖို့ လုံးဝမသင့်တော်ပါဘူး"

ဟု အစ်ကိုဖြစ်သူအား ခပ်ဆတ်ဆတ် ပြန်ပြောလိုက်လေသည်။

ကျူးလုဆန်သည် ညီမဖြစ်သူကို ကြည့်ပြီး ...

"ဟား ဟား ဟား ... စစ်ခန်းတို့များ တယ်ပြီး ကံကောင်းနေပါလား"

ကျူးလုဆန်၏စကားကြောင့် သူမမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ...

"ဘာတွေလျှောက်ပြောနေတာလဲ အစ်ကိုကြီး၊ ဒါ နောက်စရာ မဟုတ်ဘူးနော်"

စစ်ခန်းမှာ ကွပ်ပျစ်ပေါ်တွင် ထိုင်နေရာမှ အောက်သို့ ဆင်းခုန်ဆင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဝမ်းဗိုက်တစ်ခုလုံး တင်းခနဲ နာသွားသော်လည်း မာ
ကိုတင်း၍ ကျူးလုဆန်ရှိရာသို့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။

"ဒီမှာ ကျူးလုဆန် ... ကျုပ် ခင်ဗျားကို ဒူးထောက်ပြီးတော့
မတောင်းပန်နိုင်ဘူး။ မှုခင်းနိမ်နင်းရေးတာဝန်ခံ ဝူရယ်ကြူးရဲ့အိမ်
သားတွေကို ခင်ဗျားမသတ်ဘဲ ကျုပ်သတ်တယ်လို့ အထင်မှားပြီး
စွပ်စွဲမိခဲ့တဲ့အတွက်တော့ ကျုပ် တလေးတစား ဝမ်းနည်းစွာ တောင်း
ပန်ပါတယ်"

သူသည် ပြောပြောဆိုဆို ခေါင်းကို ငုံ့လျက် ဦးညွှတ်မိလိုက်
စဉ်မှာပင် ဝမ်းဗိုက်မှ ဒဏ်ရာကြောင့် ၎င်း၏ခန္ဓာကိုယ်ကို လုံး
မထိန်းနိုင်တော့ဘဲ ရှေ့သို့ ညွှတ်ခနဲ လဲကျသွားလေတော့သည်။

သို့သော် ...

ကျူးလုဆန်သည် လွန်စွာလျင်မြန်လှချေ၏။

ရှေ့သို့ ငိုက်ခနဲ လဲကျလာသော စစ်ခန်းကို ဆွဲယူပွေ့ပေ
ထားလိုက်၏။

သူတို့အနီးသို့ ကျူးဝေဝေကလည်း လှစ်ခနဲရောက်လာ
ပိုင်းဝန်းဖေးမပြီး ခုတင်ဆီသို့ သယ်ဆောင်လာ၏။



မောင်နှမနှစ်ယောက်တွဲ၍ စစ်ခန်းကို ပက်လက်လှန်တင်
လိုက်၏။

ထို့နောက် သူမ၏အိတ်ထဲမှ ဆေးထုပ်တစ်ထုပ်အား ထုတ်
ယူလိုက်သည်။

ပြီးမှ ...

အခန်းတွင်းသို့ ဝင်သွား၍ အရက်အိုးတစ်လုံးကို ယူလာပြီး
အရက်နှင့် စစ်ခန်း၏အနာပေါ်သို့ လောင်းချလိုက်သည်။

"အား ... ကျွတ် ... ကျွတ်"

အရက်၏တန်ခိုးသတ္တိကြောင့် အနာသည် စပ်ဖျဉ်းဖျဉ်းဖြစ်
သွားသည်။

ကျူးဝေဝေသည် အနာကို ဆေးကြောသုတ်သင်လိုက်လေ
သည်။

"ကဲ ... ဆေးထည့်မယ်နော်၊ ဒီဆေးဟာ နေပူဝေါင်က
ဘော်ကြီးတစ်ပါးက ပေးလိုက်တဲ့ ဆေးပဲ၊ ဒီဆေးထည့်ပြီးလို့
သည့်လေးနာရီမှာ နောက်ထပ် ပြင်းပြင်းထန်ထန်မလှုပ်ရှားဘဲနေ
ယ်ဆောက်ကြီးတဲ့ အနာဖြစ်ဖြစ် ကျက်သွားလေ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ...

ဆေးထည့်ပတ်တီးစည်းခြင်းအမှု ပြီးသွားခဲ့သည်။

ထိုအချိန်အထိ နံဘေးမှ ငြိမ်သက်စွာ စကားတစ်လုံးမှ မပြောဘဲ ရပ်ကြည့်နေသော ကျူးလုဆန်သည် တည်ကြည်လေး သောအသံဖြင့် ...

"ငါဟာ တကယ်တော့ လူသတ်မီးရှို့ဓားပြတိုက်နေတဲ့ ဆိုးကြီးတစ်ယောက်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ... အပြစ်မဲ့ ကလေးငယ်တွေနဲ့ မိန်းမတွေကိုတော့ အမြဲတမ်း စောင့်ရှောက် ကွယ်တတ်ပါတယ်၊ ဘယ်တော့မှ ထိခိုက်ဒဏ်ရာရစေမယ့် အပြု မျိုး၊ နာကျင်စေမယ့် အလုပ်မျိုးကို လုံးဝမလုပ်ခဲ့ဖူးပါဘူး၊ ဒါကို ယုံကြည်ထားစမ်းပါ စစ်ခန်း"

"ကျွန်တော် ယုံပါတယ်၊ ဒါကြောင့်လည်း ခင်ဗျားကို မ ဆွေကောင်းတစ်ယောက်လို သဘောထားပြီး စုန်ကျန်းအ ထောင်ကြီးထဲက ကယ်တင်ဖို့ ကြိုးစားခဲ့တာပါ၊ ဒါပေမဲ့ အန်းဒီ ကျုပ်ထက် အရင်ဦးပြီး ဘယ်လိုက ဘယ်လိုလုပ်ပြီး ကယ်တင် ခဲ့သလဲ မပြောတတ်ဘူး"



ကျူးလုဆန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ငါလည်း ပထမတော့ သိပ်ကို အံ့သြမိတယ်၊ ငါ့ကို လာကယ်ရာမှာက တစ်ယောက်၊ လာကယ်တဲ့လူက တစ် ယောက်ဖြစ်နေတော့ တော်တော်ကို အံ့သြမိတယ်"

"ဘယ်သူ လာကယ်မယ်လို့ ထင်သလဲ"

စစ်ခန်းက မေးလိုက်၏။

"ငါ့ညီပဲ လာကယ်မယ်လို့ ထင်ခဲ့တာ၊ မင်းကိုတော့ ငါ မစဉ်း စားမိဘူး၊ ဒါပေမဲ့ ... ကယ်ဖို့ ကြိုးစားတဲ့အထဲမှာ မင်းလည်း ပါနေ တဲ့အတွက် မင်းကို ငါ ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ သူ ဘယ်လိုပြောပြီး လာကယ်ခဲ့သလဲ အစ်ကိုကြီး"

ကျူးဝေဝေက ဝင်ပြီး မေးလိုက်ခြင်း ဖြစ်၏။

"ညဘက်မှာပဲပေါ့၊ အစ်ကိုကြီးရဲ့အချုပ်ခန်း အစောင့်ကင်း ချင်း လဲတဲ့အချိန်မှာ ဒုတိယဝင်ရမယ့် ကင်းသားပုံစံနဲ့ သူ ဝင် လာတာပဲ၊ နောက် ... အချုပ်ခန်းသော့ကို ဖျက်ပြီး အစ်ကိုကြီးကို နောက် လိုက်ခဲ့ပါဆိုပြီး ခေါ်သွားနဲ့ အစ်ကိုကြီးလည်း ဘာမှမေး နေတော့ဘဲ ထွက်လိုက်လာရင်းက ထောင်အပြင်ဘက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရော သူက ရှေ့ကသွားနေရာကနေ ကိုယ်ကို တစ်ချက်လှည့်
ပြီး ဟောဟိုမှာ ခင်ဗျားညီမ ရှိနေတယ်ဆိုပြီး ညီမလေးရှိရာကို လ
ပြပြီး ထွက်ပြေးသွားခဲ့တာပဲ"

ထိုအချိန်တွင် အိမ်ရှေ့သို့ လူတစ်ယောက် ရောက်ရှိလ
ကြောင်း ကျူးဝေဝေက သိလိုက်ရ၏။

ထို့ကြောင့် ...

"ဟိတ် ... အိမ်ရှေ့က ဘယ်သူလဲ၊ ဝင်ခဲ့စမ်း အထဲကို"

လှမ်းပြောလိုက်သော စကားသံဆုံးသည်နှင့် ...

"အေးပါ။ ကျုပ်ကလည်း ဝင်မလို့လာခဲ့တာပါပဲ"

ပြောပြောဆိုဆို တံခါးဝ၌ လူတစ်ယောက် ရပ်လျက် ပေါ
လာသည်။

အလွန်သန်မာထွားကျိုင်းသော လူတစ်ယောက်ဖြစ်သည်။

"ဟာ ... သံလက်သီး ဝမ်ရွှေပါလား"

စစ်ခန်း၏နှုတ်မှ အလိုလိုထွက်သွားသော စကားသံ ဖြ
သည်။

"ဘာကိစ္စများ ရောက်လာရတာလဲ ဦးလေး"



ကျူးဝေဝေက ကောင်းမွန်စွာ မေးလိုက်၏။

"လာရတဲ့အကြောင်းက ဟောဒီက ကျူးလုဆန်နဲ့ ပတ်
သက်လို့ပါပဲ"

"ဘာများပါလိမ့် ပြောပါဦး"

ကျူးလုဆန်က မေးလိုက်ခြင်းဖြစ်၏။

"မနေ့က မှုခင်းနှိမ်နင်းရေးတာဝန်ခံကို မင်း မသတ်ဘူး
လား"

"ဟုတ်တယ်၊ ကျွန်တော် မသတ်ဘူး"

သူက ဖြေလိုက်သည်။

"အေး ... ဒါပေမဲ့ မင်းသတ်တယ်ဆိုပြီး သိုင်းလောကမှာ
အကျော်ကြားဆုံး လူသတ်ကောင်တစ်ယောက်အဖြစ် စွဲချက်တင်ဖို့
ကြိုးစားနေတယ်"

သံလက်သီးဝမ်ရွှေက တည်ကြည်စွာ ပြောလိုက်၏။

အမှန်မှာ ...

ဤဖြစ်ရပ်မှာ အန်းစီရီ၏စေခိုင်းမှုသာ ဖြစ်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏သမီးဖြစ်သူ ဤနေရာသို့ ရောက်လာခဲ့လျှင် ကျုးဧ
ဝေတစ်ယောက်တည်း ဖြစ်နေစေရန် အစ်ကိုဖြစ်သကို သူ့ထံသို့ လွှ
စားခေါ်လိုက်ခြင်းဖြစ်၏။

သိုင်းပညာထက်မြက်သော်လည်း ဒေါသကြီးတတ်လျ
စဉ်းစားမှုကင်းသော ကျုးလုဆန်မှာ ယင်းစကားကို ကြားလိုက်
သည်နှင့် ယမ်းပုံမီးကျဖြစ်ပြီး လိုက်လာမည်ကို ကြိုတင်သိရှိထား
ဖြစ်သည်။

အန်းစီရီ၏တွက်နည်းသည် လွန်စွာမှန်လှ၏။

သူသည် ဒေါသတကြီးဖြစ်လာ၏။

"တောက် ... တော်တော်ယုတ်မာတဲ့လူကြီးပဲ၊ ကျုပ်ကို
တိုင် သူနဲ့ ရင်ဆိုင်ပြီးရှင်းမယ်"

"ဒီမှာ မိတ်ဆွေ ... စိတ်ကို အေးအေးထားပြီး စဉ်းစဉ်း
စား လုပ်ပါ၊ ဘာလို့လဲဆိုတော့ ဝူရယ်ကြုံးတို့အဖြစ်မှာ သူက အ
ဆုံးသူတစ်ယောက် ဖြစ်မှာပဲ"

ဝမ်စွေက ဝင်၍ထိန်းသိမ်းပေးသောစကားကို ဆိုလို
သော်လည်း ...



"ဟုတ်တယ်၊ အဲဒီလို လူသိနေလို့ သူ့ရဲ့အဖြစ်ကို ငါ့အပေါ်
ချို့ ကြိုးစားတာဖြစ်မှာပေ့ါ၊ ကဲ ... ပြောနေတာ ကြာတယ်၊ ခုပဲ
သွားစို့"

"ကျွန်မအနေနဲ့တော့ အစ်ကိုကြီးကို မသွားစေချင်ဘူး"
ညီမဖြစ်သူက ဝင်ပြောလိုက်သည်။

သို့သော် ...

သူက ခေါင်းခါယမ်းလိုက်၏။

"မသွားလို့မဖြစ်ဘူး ညီမလေး၊ တကယ်လို့သာ ဒီလိုသွား
ခဲ့ရင် သိုင်းလောကထဲက ဆယ်နှစ်ကျော်လောက် ပျောက်ကွယ်
ပြီး အခုမှ ပြန်ပေါ်လာတဲ့သူကို အရှုံးပေးရာလည်း ရောက်မယ်၊
ငါ့ရဲ့သိက္ခာနဲ့နာမည်ကလည်း အရက်စက်ဆုံး လူသတ်သ
အဖြစ်နဲ့ ပျက်စီးရလိမ့်မယ်၊ ငါသွားမှဖြစ်မယ်"

"ဟုတ်တယ်၊ မင်းရဲ့သတ္တိတွေဟာ ယုတ်ညံ့တဲ့သတ္တိတွေ
ဟုတ်ဘူး၊ မဟုတ်တာကို ပြောတဲ့လူကို ထိုက်တန်တဲ့ ဆုံးမမှုပေး
ရ နေထားတဲ့ သတ္တိတွေ ဖြစ်တယ်လို့ ကျုပ်ယုံကြည်ထားတယ်၊
မင်းရဲ့ဆုံးဖြတ်မှုဟာ သိပ်ကိုမှန်ကန်တဲ့ ဆုံးဖြတ်မှုပဲ"

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ရာလေပင့်သကဲ့သို့ ဝမ်းစွေက ဝင်ရောက်၍ သူ့အား ပြောလိုက်သည်။

"ကဲ ... လာ သွားကြစို့"

သူသည် ပြောပြောဆိုဆို ပြေးထွက်သွားလေတော့သည်။

သူ့နောက်မှ ဝမ်စွေက ထက်ကြပ်မကွာ လိုက်ပါသွားခဲ့သည်။

အိမ်ပြင်သို့ရောက်သောအခါ ဝမ်းစွေပါလာသော မြင်းပေါ်သို့ နှစ်ယောက်သား တက်လိုက်ကြကာ မြင်းကို ဒုန်းစိုင်းလျက် ထွက်သွားသည်။

စစ်ခန်းသည် ကျူးဝေဝေကို ကြည့်လိုက်ပြီး ...

"ကျူးဝေဝေ ... ခင်ဗျားလိုက်သွားမှဖြစ်မယ်ထင်တယ်၊ အန်းစီရီဆိုတဲ့ သိုင်းသမားကြီးဟာ သိပ်ပြီး ကြောက်ဖို့ကောင်းတယ်၊ ဉာဏ်လည်း အင်မတန်များတယ်၊ ဒီတော့ ကျူးလုဆန့်အတွက် စိုးရိမ်စရာပဲ"

ကျူးဝေဝေ ခေါင်းညိတ်လိုက်သည်။

ထို့နောက် ...



"ဟုတ်တယ်၊ အစ်ကိုကြီးကိုလည်း စိုးရိမ်တယ်၊ လိုက်သွားပြန်ရင်လည်း အစ်ကိုစစ်ခန်းအတွက် စိတ်မချဘူး"

စစ်ခန်းက ပြုံးလိုက်ပြီး ...

"ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ ညီမ၊ အရေးကြီးတာက ခင်းအစ်ကိုကြီးပါ"

"ကဲ ... ဒီလိုလုပ်မယ်၊ အစ်ကို့ကိုပါ ကျွန်မ ခေါ်သွားမယ်"

စစ်ခန်းက ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ကျွန်တော်က လမ်းမကောင်းကောင်း မလျှောက်နိုင်သေးတာပဲ၊ ကျွန်တော့်ကို ခေါ်သွားရင် ဒုက္ခရောက်သွားမှာပေါ့"

အိမ်ရှေ့သို့ရောက်သည်နှင့် စစ်ခန်းအား မည်သို့မည်ပုံထားနေသည်ကို စဉ်းစားနေမိ၏။

ထိုစဉ်မှာပင် ...

သူမသည် တစ်စုံတစ်ခုကို သွားတွေ့လိုက်၏။

မှန်သည်။

ကျူးဝေဝေသည် တစ်စုံတစ်ခုကို စိုက်၍ကြည့်ရှုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါ ကောင်းတယ်"

ဟု နှုတ်မှ တစ်ယောက်တည်း ရေရွတ်လိုက်၏။

သူမ၏ မျက်နှာတစ်ခုလုံးမှာ လင်းထိန်၍ ကြည်လင်သွားလေတော့၏။

○○○



အခန်း (၉)

ရန်ငြိုး

ကျူးဝေဝေသည် အိမ်ခန်းအတွင်းသို့ ပြုံးရွှင်စွာ ဝင်လာလေ၏။

သူမသည် စစ်ခန်းကို တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ အစ်ကို ... ကျွန်မ အစ်ကို့ကို တစ်နေရာမှာ မြန်မြန်ဖျက်ထားပေးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်မှာပဲ အစ်ကို့ကို သတ်မယ့်လူတစ်ယောက် ဒီကို ရောက်လာနိုင်တယ်"

ပြောပြောဆိုဆိုနှင့်ပင် လှုပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

စစ်ခန်းသည် မျက်လုံးထဲတွင် ကျူးဝေဝေ၏လှုပ်ရှားလိုက်သည် လွန်စွာလျင်မြန်လှသဖြင့် ငေးမောသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းနှင့်ရပ်လျက် စကားပြောနေရာမှ ရုတ်တရက် ဆ
ခနဲ အပေါ်သို့ ခုန်တက်လိုက်ပြီး စောစောက ကျောက်ကုန်း
ချက်ခြင်း အိမ်မျက်နှာကြက်တွင် စိုက်လျက်ရှိသော စစ်ခန်း၏
ပါ ဆွဲနုတ်၍ ပေါ့ပါးညင်သာစွာ သူ့ရှေ့သို့ လှလှပပလေး ပြန်ကျ
သည်ကို မြင်လိုက်ရသည်။

"ရော့ ... ဒီဓားကိုယူထား၊ လိုရမယ်ရပေါ့ ... ဟုတ်လား"

စစ်ခန်း၏လက်ထဲသို့ ဓားကို ထိုးထည့်လိုက်၏။

ထိုအခါ ...

စစ်ခန်းသည် သူ၏စိတ်ထဲမှ မရှင်းလင်းသည့် အချက်
ချက်ကို မေးလိုက်မိ၏။

ကျူးဝေဝေက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"အန်းစီရိရဲ့အိမ်မှာ အစ်ကိုသတ်ပစ်လိုက်တဲ့ မျက်နှာ
လုံး ဖြူဖွေးနေတယ်ဆိုတဲ့ မိန်းမရဲ့သမီးက လာသတ်မှာပေါ့"

"ဘာဖြစ်လို့လဲ"

"အို ... သူ့အမေအတွက် လက်စားချေဖို့ပေါ့"

"ကျွန်တော် ဒီမှာရှိတာ သူသိလို့လား"



"ကျောက်ပုဆီ သွားတယ်လေ၊ ဘယ်နည်းနဲ့မဆို သူ့ညီသေ
ကို ကျေနပ်မှာမဟုတ်ဘူး၊ ဒီတော့ ဒီအိမ်ကလူတွေကို တစ်
ဆက်မဟုတ် တစ်ယောက်ယောက်နဲ့ လှည့်တိုက်ပေးမှာပဲ"

ကျူးဝေဝေ၏စကားကို စစ်ခန်း သဘောပေါက်သွားသည်။

"အဲဒီတော့ ဟိုမိန်းမရဲ့သမီးဆိုတာက"

"ဟုတ်တယ်၊ အန်းစီရိရဲ့သမီးပဲပေါ့"

သူမက စစ်ခန်း၏စကားကို ဆက်ပြီး ပြောပြလိုက်လေ
သည်။

"သူ လာမယ်ထင်သလား"

သူမ အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဟေ့ကောင် ... လာနေပြီလို့ ထင်တယ်၊ ကဲပါလေ ...
လာ့မလာလာ ကြိုတင်ပြီး ပြင်ဆင်ထားမှ တော်ရုံကျမယ်
တ်လား၊ ကဲ ... လာအစ်ကို ဒဏ်ရာဟာ နှစ်ဆယ့်လေးနာရီ
ငြင်း ပြင်းထန်စွာ လှုပ်ရှားလို့မရဘူး"

ပြောပြောဆိုဆို သူမသည် စစ်ခန်းကို တွဲဖက်၍ ကွပ်ပျစ်
ဆွဲထူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

အိမ်ရှေ့သို့ တွဲ၍ထွက်လာပြီး အိမ်ရှေ့မှ သစ်ပင်ကြီးဆီ ခေါ်လာကာ သစ်ပင်အောက်သို့အရောက်တွင် ...

“ဒီသစ်ပင်ပေါ်က ခွဆုံကြားမှာ အစ်ကို့ကို ကျွန်မ တင်ထ ထားမယ်၊ အောက်မှာ ဘာတွေပဲဖြစ်နေနေ အသံမပြုနဲ့နော် ကြား လား”

“ကြားပါတယ်”

သူ ဦးခေါင်းညိတ်၍ ဖြေလိုက်သည်။

“ကဲလာ ... ညီမကို ဖက်ထား”

စစ်ခန်းကို နောက်ကျောတွင် ပိုးလျက် သစ်ပင်ကြီး၏ပင် စည်ကို မျောက်တစ်ကောင်သဖွယ်ခုန်၍ ထွက်နေသော ကျူးဝေဝေ အား ကိုယ်ဖော့ပညာ လွန်စွာမှ ကောင်းမွန်ကြောင်း သိသာလှသည်

သစ်ပင်ပေါ်သို့ရောက်သည်နှင့် အရွက်များ စိပ်လှသော ခွဆုံကြားတွင် မှေးမှိုလျက် သူ့အားချပေးထားပြီး ...

“ကျွန်မ အစ်ကိုကြီးရဲ့သတင်းကို လိုက်ပြီး စနည်းနာလိုက် ဦးမယ်၊ အစ်ကို အပေါ်မှာနေခဲ့နော်၊ နောက်ပြီး ကျွန်မ မှာသည့်



ဘာပဲတွေ့တွေ့၊ ဘာပဲဖြစ်ဖြစ် အောက်က အသံမကြားအောင်နေပါ၊ အစ်ကို့ကိုတော့ ညီမကို ကတိပေးပါ”

စစ်ခန်းက သစ်ပင်အောက်သို့ ငုံ့ကြည့်လိုက်ပြီး ...

“ဟုတ်ကဲ့ ... ကျွန်တော် အောက်က အသံမကြားအောင် နေပါ့မယ်”

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ ... ဒါဆို ကျွန်မ စိတ်ချပြီ”

ထိုစကားဖြင့် စိတ်မချတချနှင့် စစ်ခန်းကိုပြုံးလျက် တစ်ချက် ကြည့်လိုက်ပြီး သစ်ပင်အောက်သို့ ခုန်ဆင်းသွားတော့သည်။

အချိန်သည် ညနေစောင်းပြီးပြီမို့ နေဝန်းနီသည် အနောက် ဘက်သို့ ယွန်းနေချေပြီ။

သစ်ပင်ကြီးခွကြားဖြင့်ထိုင်ရင်း ဝမ်းဗိုက်မှအနာကို တဖြည်း ဖြည်းဖြင့် အတွင်းအားသုံးလျက် သွေးကြောလေးများ ပြန်ဆက်စေ ၊ သွေးပြန်ကြောကြီးမှ သွေးမျှင်ကြောလေးများထဲသို့ မှန်မှန်နှင့် ဖြင့် စီးဆင်းပေးရန် ထိန်းသိမ်းပေးလျက် ရှိသည်။

နောက်တစ်နေ့ နေ့လယ်ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



အနာသည် ကျက်တော့မည်ဖြစ်သည်။

ဆေး၏အစွမ်းဖြင့် နှစ်ဆယ့်လေးနာရီအတွင်း ပကတိ
အသားအတိုင်း ပြန်လည်ကျက်စေသည်။

ဆေးကိုထည့်ပြီး ပတ်တီးစည်းထားသဖြင့် သူ့ထုံးစံအတိုင်း
ငြိမ်သက်စွာ စိတ်ရောကိုယ်ပါ အနားပေးထားလိုက်သည်။

လမင်းသည် ကောင်းကင်ပေါ်၌ ထိန်ထိန်သာနေပြီ ဖြစ်
သည်။

စစ်ခန်းသည် အတွင်းအား အာရုဏ်ရူးစိုက်မှုမှ ခေတ္တရပ်နား
ရိုန်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေလေသည်။

ပက်လက်လှန်နေသော သူ၏မျက်နှာပေါ်သို့ လရိပ်သည်
သစ်ရွက်များကြားမှ တိုးဖယ်ဆင်းသက်နေ၏။

ထိုစဉ်မှာပင် ...

ခပ်ဝေးဝေးမှ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်၍ လာ
သည်။

ကြားရသော မြင်းခွာသံများကို သတိထား၍ ကြည့်မည်ဆို
လျှင် အတော်များမည့် မြင်းစီးတပ်ပင်ဖြစ်မည်။



တဖြည်းဖြည်း သူပုန်းနေသော သစ်ပင်ဘက်ဆီသို့ ဦးတည်
လာသည်ဟု သိလိုက်ရပေသည်။

ထိုအခါမှ ...

စစ်ခန်းသည် ပုန်းနေရာမှ သစ်ပင်အောက်သို့ အသာခြောင်း
ကြည့်လိုက်မိသောအခါ ...

မီးတုတ်များ ကိုင်ဆောင်လျက် မျက်နှာဖုံးအနက်များ စွပ်
ထားသော မြင်းစီးအဖွဲ့သည် အနည်းဆုံး သုံးဆယ်ခန့်ရှိမည်ဟု ခန့်
မှန်းရသည်။

အမှန်စင်စစ် ဤမြင်းစီးအဖွဲ့သည် ကျူးမောင်နှမအိမ်သို့
လာခြင်းဖြစ်သည်။

သူ ပုန်းနေသော သစ်ပင်ကြီးအောက်မှဖြတ်လျက် အိမ်ကို
ကြည့်၍ ဝိုင်းလိုက်ကြသည်ကို တွေ့လိုက်ရ၏။

ယခုလာသူများ၏အဓိက ဦးတည်သောရန်သူမှာ သူပင်ဖြစ်
ကြောင်း မကြာခင် သိရလေ၏။

မြင်းစီးလာသူများ၏လက်ထဲတွင် ကိုင်ထားသော မီးတုတ်
အချို့ မီးရောင်များသည် ထိန်ထိန်ညီးလျက် ပတ်ဝန်းကျင်တစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ပေးနေလေတော့၏။

ဤမြင်းစီးတပ်ဖွဲ့ကို ဦးဆောင်လာသူမှာ အုန်းခွံရောင် ကြီးအား နီနီရဲသော မြင်းကိုယ်ချပ်ကကြိုးတန်ဆာကို ဆင်ယ စီးလာသူဖြစ်ပုံရ၏။

အခြားသော မြင်းစီးတပ်သားများမှာ မျက်နှာဖုံးကို တပ်ထားကြသော်လည်း ခေါင်းဆောင်ဖြစ်ဟန်တူသော ထိုလူ လုံးဝမျက်နှာဖုံးမတပ်ဘဲ နဂိုမျက်နှာနှင့်ပင် လိုက်လာခဲ့လေသ

နံဘေးတပ်သားများလက်ထဲမှ ကိုင်ထားသော မီးတု အလင်းရောင်ကြောင့် ထိုခေါင်းဆောင်ဖြစ်သူ၏မျက်နှာကို လှမ်း လိုက်ရ၏။

"ဟင် ... မိန်းကလေးတစ်ယောက်ပါလား"

မှန်သည်။

အသားမှာ ဆွတ်ဆွတ်ဖြူနေပြီး သွယ်လျလျ မျက်နှာ ချောမောလှပသော မိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရ၏။

"ဒီမျက်နှာမျိုးကို ငါမြင်ဖူးပါတယ်"

သူသည် စိတ်ထဲမှ ကျိတ်၍ တွေးလိုက်မိ၏။



"ဟုတ်ပြီ၊ ငါမြင်ဖူးတာ သူတော့မဟုတ်ဘူး၊ သူနဲ့ သိပ်တူ အမျိုးသမီးတစ်ယောက်ပဲ"

မှန်သည်။

ယင်းမိန်းကလေးသည် အန်းစီရီ၏သမီးဖြစ်၏။

သူ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသော အမျိုးသမီး၏သမီး သဖြင့် မိခင်ဖြစ်သူနှင့် ရုပ်ချင်းဆင်လှသောကြောင့် စစ်ခန်းမြင်ဖူး ဟု ထင်နေခြင်းဖြစ်ပေ၏။

"ဟေ့ ... အိမ်ကို သေသေချာချာ ဝိုင်းထားနော်၊ ထွက်လာ လည်း ဂရုစိုက်ကြည့်"

မိန်းကလေးက ပြတ်သားသောအသံနှင့်အတူ သူမ၏လူ ကို လက်ထဲ၌ရှိသော ဓားလွတ်ကို ဝှေ့ယမ်းအမိန့်ပေးလိုက်၏။

"ငါးယောက်လောက်က အိမ်ထဲဝင်ကြည့်၊ နေရာမလပ် င် စေ့စေ့ကြည့်နော်"

ပါးစပ်မှ အဆက်မပြတ် အော်ဟစ်အမိန့်ပေးနေသည်ကို နေ့က သစ်ရွက်များကြားမှ ကြည့်နေမိ၏။

"အင်း ... ငါ့ကို လာရှာတာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

"အထဲမှာ ဘယ်သူမှမရှိကြပါဘူး သခင်မလေး"

အထဲသို့ ဝင်ရောက်၍ရှာဖွေသူများ ပြန်ထွက်လာကြ သတင်းပို့၏။

မိန်းကလေးသည် ဘာမျှပြန်မပြောဘဲ နံဘေးမှလူ၏လ ထဲရှိ မီးတုတ်ကိုယူ၍ အိမ်ဆီသို့ လှမ်းပစ်လိုက်၏။

သူမ၏လူများကိုလည်း လက်ဝှေ့ယမ်းပြ၍ သူမကဲ့သို့ လုပ်ရန် အချက်ပေးလိုက်သည်နှင့် ကျန်လူများကလည်း လက်ထဲ မီးတုတ်များကို အိမ်ဆီသို့ ပစ်သွင်းလိုက်ကြ၏။

မကြာမီပင် အိမ်တစ်ခုလုံးကို မီးတောက်များက ဝါး လိုက်လေတော့သည်။

မီးတောက်များသည် မိုးယံသို့တိုင် တိုးဝှေ့ရုန်းကန်လျ ရှိသည်။

"ဘယ်ဘက်ကထွက်ထွက် မလွှတ်စေနဲ့"

မိန်းကလေးသည် လှမ်းအော်၍ ပြောရင်း ခဏစောင့်ကြ နေသည်။



အိမ်လေးအား မီးတောက်များက ဝါးမျိုလျက် အိမ်၏သုံးပုံ နှစ်ပုံခန့် ကုန်သောအချိန်၌ ...

"အနီးအနားတွေမှာ ပုန်းခိုလို့ရမယ့်နေရာတွေ မှန်သမျှ ရှာ ကြစမ်း"

စကားဆုံးသည်နှင့် သူကိုယ်တိုင်လည်း နောက်ပြန်လှည့် လိုက်၏။

စစ်ခန်းရင်ထဲ တထိတ်ထိတ်ခုန်သွားမိ၏။

သူပုန်းကွယ်နေရာသို့ မျက်နှာမူလိုက်သော ထိုမိန်းကလေး သူ့ကိုမြင်သွားပြီဟု စိတ်ထဲမှ ထင်လိုက်မိခြင်းဖြစ်၏။

စိတ်လှုပ်ရှားမှုကြောင့် သူဆုပ်ကိုင်ထားသည့် သစ်ကိုင်း တ ဆတ်ဆတ်လှုပ်နေသည်ကို သတိမပြုမိပေ။

အကယ်၍ ...

ဤသစ်ကိုင်းနေရာသို့ ဂရုစိုက်၍ လှမ်းကြည့်လိုက်မည်ဆို လျှင် သစ်ပင်ကြီး၏သစ်ကိုင်းတို့သည် ငြိမ်သက်နေကြသော်လည်း ထူးထူးခြားခြား သစ်ကိုင်းတစ်ကိုင်းတည်း လှုပ်ရှားနေသည်ကို ထင် ရှားစွာ တွေ့မြင်ရမည်ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းသည် တစ်ခဏအတွင်းမှာပင် သူ့အခြေအနေကို သူ
သတိပြုမိ၏။

သူသည် တုန်ယင်နေသည့်လက်ကို အသာပြန်ထိန်းလျက်
နေရာရွေ့ရန်ပြင်လိုက်၏။

"အဲဒီမှာပဲ ငြိမ်ငြိမ်လေးဆက်နေပါ၊ သိပ်လည်း စိုးရိမ်မနေ
ပါနဲ့ အစ်ကို၊ ဒီနေရာမှာ ငြိမ်ငြိမ်လေး ဆက်နေပါ"

ပွန်းရှိန်းမြနေသည့် အထိအတွေ့တစ်ခုသည် စစ်ခန်း၏
လက်ဖမိုးပြင်ဆီသို့ ခံစားမှုတစ်ရပ်ဖြစ်ပေါ်လာ၏။

သေသေချာချာကြည့်လိုက်မိသည့်အခါ ကျူးဝေဝေ၏လက်
တစ်ဖက်သည် တုန်ယင်နေသည့် သူ၏လက်တစ်ဖက်ကို အသာ
အယာ ဆုပ်ကိုင်ထားပေးနေသည်ကို တွေ့လိုက်ရသည်။

"ဒီမှာပဲနေနဲ့ဦး"

ထို့နောက် ...

ပေါ့ပါးညင်သာစွာ သူ့နံဘေးမှ အရိပ်ကလေးတစ်ခု လွင့်
သွားသည်ကို တွေ့လိုက်ရပြီး မီးလောင်နေသည့် အိမ်ရှေ့၌ ရပ်လျက်
သူမ၏လူများကို မှောင်ထဲ၌ပါမကျန် လိုက်ရှာရန် အမိန့်ပေးနေသည့်



[illegible]ကလေး၏နောက်နားသို့ ကပ်လျက်ကျသွားသည့် ကျူးဝေဝေကို
[illegible]စ်ပင်ပေါ်မှ စစ်ခန်း မြင်လိုက်ရ၏။

နောက်ဘက်မှ လေတိုးသံကို ကြားလိုက်ရသည့်အခါ
[illegible] လေးသည် နောက်ဘက်သို့ လှည့်လိုက်၏။

မျက်နှာတူရှမှ သူမ၏လူများလည်း အော်ဟစ်၍ပြေးလာ
[illegible]ပြီး ကျူးဝေဝေကို ဝိုင်းထားလိုက်ကြ၏။

မိန်းမပျိုသည် မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး ...

"ရှင်က ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဒီကိုရောက်လာတာလဲ"

သူမသည် ကျူးဝေဝေကို စေ့စေ့ကြည့်၍ မေးလိုက်ခြင်း ဖြစ်
[illegible]

"ဒီစကားက ငါက မေးရမယ့်စကားပါ"

သူမစကားကြောင့် မိန်းမပျိုမျက်လုံးပြူးသွား၏။

"ဩော် ... ဟုတ်ပါတယ်၊ ဒါဖြင့် ဒီက အစ်မက ကျူးဝေဝေ
[illegible]ပါတယ်"

"ညည်း ဘာဖြစ်လို့ ငါ့အိမ်ကို မီးရှို့ရတာလဲ"

ခက်ထန်သည့်မျက်နှာထားနှင့် ခပ်မာမာလေသံကို ...

www.burmeseclassic.com

www.burmeseclassic.com



သုံးလျက် ကျူးဝေဝေက မေးလိုက်၏။

"ကျွန်မ လူတစ်ယောက်ကို လိုက်ရှာနေတာပါ"

ပုံမှန်အနေအထားမဟုတ်သော်လည်း အတတ်နိုင်ဆုံး လေ[illegible] သံကိုထိန်းလျက် ပြန်ဖြေလိုက်၏။

"ဒီလိုပြောလို့ ဘယ်ရမလဲ၊ ညည်းရှာတဲ့လူကို ရှာလို့မတွေ့[illegible] တာနဲ့ ငါ့အိမ်ကို မီးရှို့တယ်ဆိုတာဟာ ငါ့ကို စော်ကားတာနဲ့ အတူတူ ပဲ"

ကျူးဝေဝေစကားဆုံးသည်နှင့် ...

"ဟိတ်"

မိန်းမပျိုသည် လက်ဦးမှုကို ရယူနိုင်ရန်အတွက် လက်ထဲ[illegible] အသင့်ကိုင်ထားသည့်ဓားဖြင့် ကျူးဝေဝေ၏လည်ပင်းတည့်တည့်[illegible] လက်ပြတ်သိုင်းကွက်နှင့် ရုတ်တရက် ထိုးသွင်းလိုက်လေတော့၏

ဓားချက်သည် လျှပ်စစ်စွာမှလျင်မြန်လှပြီး တိကျလွန်းသဖြင့် ဘယ်နည်းနှင့်မျှ ကျူးဝေဝေ ရှောင်တိမ်းနိုင်မည်မဟုတ်ဟု စိတ်[illegible] ထင်လိုက်မိ၏။

သို့သော် ...



သူထင်ထားသကဲ့သို့ သေချာသော ဓားချက်မထိရောက်ဘဲ ဖြစ်သွားရခြင်းကို မိန်းမပျိုသည် အံ့အားတသင့်ဖြစ်သွားကာ သူမ နောက်သို့ရောက်နေသော ကျူးဝေဝေကို လက်ပြန်ဓားချက်တစ်ချက် ခုတ်ထည့်လိုက်ပြန်၏။

ထိုဓားချက်သည် သိပ်မပြင်းထန်လှသဖြင့် ကျူးဝေဝေမှာ အေးဆေးညင်သာစွာ ရှောင်တိမ်းလိုက်ပြန်၏။

ကျူးဝေဝေက သူမကို ပြုံးပြလိုက်ပြီး ...

"ညည်းက အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘာလို့ သေချင်ရတာလဲ"

မိန်းမပျို၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

"သေရမှာကြောက်တဲ့လူစားထဲမှာ ကျွန်မ မပါဘူး၊ ကဲ ... ရော့"

သူမသည် လက်တစ်ဖက်မှဓားဖြင့် ခုတ်လိုက်သကဲ့သို့ [illegible]တစ်ဖက်မှ ဓားအိမ်ကိုမြှောက်ပြီး ကျူးဝေဝေ၏ခေါင်းလည်ကို [illegible]ဖြတ်ရိုက်ချလိုက်၏။

ဤတိုက်ခိုက်မှုမှာ ကျူးဝေဝေ သိပ်အထင်မသေးရပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ...

မိန်းမပျို၏ဓားဖျားသည် ကျူးဝေဝေ၏နဖူးဆီသို့ တ

တန်းမတ်မတ် စိုက်ဝင်လာရာ မျက်နှာနှင့်ထိရန် နှစ်လက်မလော

အလိုတွင် ကျူးဝေဝေသည် လုံးဝရှောင်ရှားခြင်းမပြုဘဲ ဓားကို

ထားသောလက်နှင့် ခါးဆီသို့ ဖြတ်ရိုက်လာသော ဓားအိမ်ကိုင်

သော လက်ကို ဆတ်ခနဲဆွဲပြီး သူ၏လက်နှင့်သူ လွဲရိုက်ပေးလိုက်

"ဝုန်း"

ဟူသောအသံကြီးထွက်ပေါ်လာပြီး မိန်းမပျို၏ဓားအိမ်

ကြေမွလွင့်စဉ်သွား၏။

သို့သော် ...

မိန်းမပျိုသည် တစ်ဆက်တည်းပင် တစ်ဖက်မှ ဓားကို

ထားသောလက်ကို ပြန်ရုပ်ပြီး ကျူးဝေဝေ၏ငယ်ထိပ်တည့်တည့်

ခုတ်ချလိုက်၏။

ထိုအခါ ...

ကျူးဝေဝေ၏လက်တစ်ဖက်သည် ဝှေခနဲ လွင့်စဉ်တ

သွားပြီး သူ၏ပဝါရှည်မှာ ဓားကိုရစ်ပတ်မိသွားပြီး အရှိန်ဖြင့် ပဝါ



ကဲ့ခနဲထွက်သွားပြီး ခပ်ဝေးဝေးသို့ ရောက်သွားရာမှ အောက်သို့

ကျမိ ကျူးဝေဝေသည် ပဝါဖြင့် လှမ်းကာ ရစ်ပတ်ဆွဲယူလိုက်ပြန်

သည်။

မိန်းမပျိုမှာ အလွန်တရာ ထိတ်လန့်တုန်လှုပ်သွားလေ၏။

သူမ၏ဓားကိုင်လက်တစ်ခုလုံးမှာ ကျဉ်ခနဲဖြစ်သွားပြီး

လုံးဝမလှုပ်နိုင်ဖြစ်ရသည်။

"ဒီမှာ အန်းနိုင်းနိုင်း ... ညည်းအဖေက ညည်း ဒီကိုလာမယ်

ဆိုတာ သိသလား"

မိန်းမပျိုသည် ထိတ်လန့်တုန်လှုပ်မိ၏။

"ရှင် ကျွန်မကို သိတယ်ဟုတ်လား"

"သိပ်သိတာပေါ့။ ညည်းတင်မဟုတ်ဘူး ညည်းအဖေ အန်း

နိုင်တိုပါ သိတယ်၊ အခုဖြစ်ခဲ့တဲ့ကိစ္စတွေကို ငါ ဘယ်လိုမှ သဘောမ

ထားပါဘူး၊ ဒါပေမဲ့ ... ညည်းအဖေကို ပြောလိုက်ပါ၊ တိုက်ဆာကိစ္စ

ကို မမေ့ပါနဲ့"

"ကျွန်မအမေကို သတ်သွားတဲ့လူကို ရှင် ဘယ်မှာတွေ့ခဲ့

သလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးက မေးလိုက်ခြင်း ဖြစ်၏။

ကျူးဝေဝေ ပြုံးလိုက်ပြီး ...

"ဒီကိစ္စမှာ ညည်းကိုယ်တိုင် မိခင်ကို မုန်းတီးနေတ
မဟုတ်လား။ တကယ်တော့ ... ညည်းလက်နဲ့ သတ်ချင်နေတဲ့အ
မှာ သူတစ်ပါးရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့တဲ့အတွက် မကျေ
ဖြစ်ပြီး အခုလို သတ်သွားတဲ့လူနောက်ကို လိုက်ရှာနေတာ မဟု
လား"

သူမ၏စကားကို ကြားလိုက်ရသည့် မိန်းမပျိုနှင့်တကွ
နောက်မှ ပါလာကြသော နောက်လိုက်တို့ပါ အံ့ဩလျက် တုန်လှု
လေ၏။

အန်းနိုင်းနိုင်းသည် သူမ၏အတွင်းစိတ်သဏ္ဌာန်ကို သိ
ခြင်းကိုလည်းကောင်း၊ မိမိကိုယ်တိုင် မိခင်ဖြစ်သူကို သတ်ပစ်
အောင် မုန်းတီးနေခြင်းကို ထုတ်ဖော်ပြောလိုက်ခြင်းကြောင့် တုန်
သွားရခြင်း ဖြစ်၏။

"အေး ... နောက်တစ်ခု ထပ်ပြောမယ်၊ ပြဿနာတစ်
ဖြေရှင်းတဲ့နေရာမှာ အစအဆုံး မသိဘဲနဲ့ ကိုယ်ကချည်း မှန်တယ်



ထင်ရဘူး။ ညည်းရဲ့လဝ်တလော ဆုံးဖြတ်ချက်မှားယွင်းခြင်းဟာ
ခင်ခန်းဆိုတဲ့လူရဲ့အသက်ကို ထိခိုက်သွားနိုင်တယ်"

မိန်းမပျိုသည် အတန်ကြာ ငြိမ်သက်နေရာမှ နောက်သို့
ဆုတ်လိုက်ပြီး ...

"ကျွန်မကို သွားခွင့်ပြုပါဦး"

ချက်ချင်းဆိုသလိုပင် သူမသည် လှည့်ထွက်သွားရန် ပြင်
လိုက်စဉ် ...

"ဟော့ ... ဒီမှာ ညည်းရဲ့ဓား ယူသွားဦး"

ကျူးဝေဝေ လှမ်းပစ်ပေးလိုက်သည့် ဓားကို မိန်းမပျိုလေး
သည် ကျင်လည်စွာ ဖမ်းယူလိုက်ရင်း သူမ၏နောက်လိုက်တို့ကိုခေါ်
၍ ထွက်သွား၏။

ထိုအဖြစ်အပျက်များကိုကြည့်ရင်း စစ်ခန်းမှာ မိမိပုန်းနေရာ
မှ အန္တရာယ်ကင်းရှင်းသွားပြီဖြစ်သဖြင့် ဝမ်းသာအားရ သစ်ပင်ပေါ်မှ
အောက်သို့ ဆင်းမည်အပြုစဉ် ...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါ၍ အကြောများ တွဲဆိုင်း
သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ...

ခြေလက်တို့မှအစ ခန္ဓာကိုယ် လုံးဝလှုပ်ရှားမရတော့သ
ကျူးဝေဝေအား လှမ်းအော် အကူအညီတောင်းရန်ပင် အင်အားမ
တော့ချေ။

မိမိကို တစ်စုံတစ်ယောက်က ပင်မသွေးလည်ပတ်မှု
အကြောတို့ကို ပိတ်လိုက်ပြီဖြစ်ကြောင်း သိလိုက်၏။

သူ့အား မည်သူက ဤကဲ့သို့ ပြုလုပ်လိုက်သည်ကို သိချင်
၍ ခေါင်းလှည့်လျက် ထိုလူ၏မျက်နှာကို ကြည့်ရန် ကြိုးစားသော်
လည်း လုံးဝလှုပ်ရှားမရတော့သည့် အခြေအနေကိုသိ၍ မိမိစိတ်ကို
လျှော့ချလိုက်၏။

ထိုစဉ်မှာပင် ...

သူ၏ခန္ဓာကိုယ်အား ကလေးတစ်ဦးသဖွယ် မ,ယူသွားခြင်း
ခံလိုက်ရ၏။

သစ်ပင်အောက်သို့ ဆင်းလိမ့်မည်ဟု ပြောလိုက်သော်
လည်း မ,ယူခဲ့သူသည် အောက်သို့ မဆင်းဘဲ ခပ်လှမ်းလှမ်း
သစ်ပင်ကြီး သစ်ပင်၏ကိုင်းပေါ်သို့ ခုန်ကူးလိုက်ရာ ... ရင်ထဲတွင်



အားခနဲတစ်ချက်ဖြစ်မိသည်။

ကျူးဝေဝေသည် အန်းနိုင်းနိုင်းနှင့် သူနောက်လိုက်တို့ ပြေး
ထွက်သွားသည်ကို မျက်စိတဆုံး ကြည့်နေရင်းမှ ခေါင်းကို တဆတ်
ဆတ်ညိတ်၍ ...

"အင်း ... အစ်ကိုစစ်ခန်းအတွက်တော့ စိတ်ချသွားရပြီ"
ဟု နှုတ်မှ တီးတိုးရေရွတ်ရင်း စစ်ခန်း ပုန်းအောင်းနေသော
သစ်ပင်ဆီသို့ လျှောက်လာပြီး သစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

"ဟင်"

ကျူးဝေဝေသည် အံ့အားသင့်မိ၏။

စစ်ခန်း ဘယ်ရောက်သွားသနည်း။

သူ၏အရိပ်အယောင်ကိုမှပင် မတွေ့ရပါ။

စစ်ခန်းသည် မည်သည့်နည်းနှင့်မျှ ထွက်ပြေးလိမ့်မည်
မဟုတ်ပါ။

သူ့တွင် လှုပ်ရှားနိုင်လောက်အောင် ဒဏ်ရာများ ပျောက်
ကင်းသေးသည် မဟုတ်ပေ။

သို့ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုံတစ်ယောက်က သူ့အား ဖမ်းဆီးသွားခြင်း ဖြစ်နိုင်၏

စစ်ခန်းအား ဖမ်းဆီးသွားသူသည် မည်သည့်နည်းနှင့်မှ သစ်ပင်ပေါ်မှ အောက်သို့ဆွဲချ၍ အဟုတ္တ ယှဉ်တွဲဖမ်းဆီးခေါ်ဆောင် ခြင်း မဖြစ်နိုင်ပါ။

ထို့ကြောင့် ...

ဖြစ်နိုင်စရာအချက်သည် သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန် ကျော်ကူး၍ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသာ ဖြစ်ပေမည်။

ဤသို့ဆိုလျှင် ...

စစ်ခန်း ဒဏ်ရာရထားသဖြင့် ဤမျှ အကွာအဝေးကို လိုက် လံခုန်ကူးနိုင်မည် မဟုတ်ပါ။

ဖမ်းဆီးခေါ်သွားသူကလည်း အကြောပိတ်၍ ဖမ်းသွား မည်သာဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ...

ဤအတိုင်းသာ ဖမ်းသွားမည်ဆိုလျှင် စစ်ခန်းသည် သူ့မက် အကူအညီတောင်းမည် ဖြစ်၏။

ယခုကဲ့သို့ ငြိမ်သက်စွာ ဖမ်းခေါ်သွားခြင်းကို ခံရသည်မှာ



စစ်ခန်းအနေဖြင့် လုံးဝလှုပ်ရှားမရအောင် အကြောပိတ်ခံထားရ၍ ဖြစ်မည်။

လှုပ်ရှားမှုမရှိသော လူသေကဲ့သို့ လူတစ်ယောက်အား အလွယ်တကူ သယ်ပိုးခေါ်ဆောင်သွားသူသည် အင်မတန်အစွမ်း ထက်သော အတွင်းအားကိုင်ရှင်တစ်ယောက်ဖြစ်မည်ဟု တစ်ဆက် တည်း တွေးမိသည်။

ဤသို့ဆိုလျှင် ...

ထိုလူသည် မည်သူဖြစ်နိုင်မည်နည်း။

ကျူးဝေဝေမှာ အနည်းငယ် စဉ်းစားလိုက်ပြီး သစ်ပင် အောက်သို့ ခုန်ဆင်းလိုက်တော့သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## မထင်မှတ်သောမိတ်ဆွေ

စစ်ခန်းသည် သူ့အား သယ်ဆောင်ပြေးလွှားနေသူ၏ကျော
ပေါ်မှ ဖြတ်သန်းလာခဲ့သောနေရာဒေသများကို မှတ်ထားမိ
လောက် မှတ်သားရင်း လိုက်လာခဲ့ရာ ...

စုန်ကျွန်းရေကန်ကြီးနံဘေးမှဖြတ်၍ တဖြည်းဖြည်း မြို့
အနောက်ဘက်သို့ ရောက်လာခဲ့ပြီဟု သိလိုက်ရ၏။

ဤနေရာသည် မည်သည့်နေရာနည်း။

သူ၏မှတ်ဉာဏ်ကို အလုပ်ပေးကာ တွေးတောလိုက်
သည်။

ဟုတ်သည်။

သူ လမ်းများ၌ရောက်ခဲ့သော ညက ရောက်ဖူးခဲ့သော



နေရာများဖြစ်၏။

ထိုစဉ်မှာပင် ...

သူ့အား သယ်ဆောင်လာသူသည် ခြံဝင်းကြီးတစ်ခုရှေ့တွင်
ရပ်လိုက်ပြီး တံခါးပင် မဖွင့်တော့ဘဲ ခြံဝင်းကြီးကို ခွေ့ခနဲ ခုန်တက်
လိုက်ပြီး ခြံထဲသို့ ဝင်လိုက်၏။

တစ်ဆက်တည်းမှာပင် ...

ခြံလယ်မှ အိမ်ကြီးဆီသို့ ပြေးဝင်လိုက်ပြီး ဧည့်ခန်းကျယ်
ကြီးထဲ ဖြတ်လိုက်၏။

စစ်ခန်း ကောင်းစွာသိလိုက်လေ၏။

"ဒါဟာ ... အန်းစီရီရဲ့အိမ်ကြီးပဲ ငါနဲ့ အန်းစီရီ ဒီဧည့်ခန်းထဲ
မှာ စကားပြောခဲ့ကြသေးတာပဲ"

စိတ်ထဲမှ ရေရွတ်ရင်း အခန်းတစ်ခန်းထဲသို့ ရောက်ရှိခဲ့လေ
သည်။ အခန်းသည် မှောင်မည်းလှ၏။

သူ့အား ဖမ်းဆီးခေါ်ဆောင်လာသူက သူ့ကို ထိုအခန်းထဲ
သို့ ခေါ်ဆောင်လာပြီး အခန်းအလယ်ရှိ ခုတင်တစ်လုံးပေါ်သို့ ပစ်
ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

သူ့အား ဖမ်းဆီးလာသူည် စုတင်ပေါ်ပစ်ချခဲ့ပြီးနော[illegible] အခန်းတံခါးကို ဂျိုင်းစေ့နေအောင် ပိတ်ပြီး အခန်းထဲမှ ထွက်သွာ[illegible] လေ၏။

စစ်ခန်း၏ဝမ်းဗိုက်မှဒဏ်ရာသည် သက်သာလာစမြဲ[illegible] သတိထားမိ၏။

သို့သော် ...

နှစ်ဆယ့်လေးနာရီအတွင်း အပြင်းအထန်လှုပ်ရှား၍ မ[illegible] သော စည်းကမ်းမှာမှု ယခု ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားသော် လ[illegible] သူ့အား ဖမ်းဆီးခေါ်ဆောင်လာသူ၏လှုပ်ရှားမှုများသည် သူ့အ[illegible] ထိခိုက်လေမလားဟု စိုးရိမ်စိတ် ဖြစ်ပေါ်လာသည်။

ထို့ပြင် ...

ဖမ်းဆီးခေါ်ဆောင်လာသူမှာ မည်သူဖြစ်မည်နည်း။

ထိုအချက်ကို စဉ်းစား၍မရသဲဖြစ်နေ၏။

ထို့ပြင် ...

အဖြစ်အပျက်မှာ ဤသို့ဖြစ်၏။



အန်းစီရီ၏သမီးဖြစ်သူက စစ်ခန်းကို သွားရောက်သုတ်သင်ရန် ညီဟုဆို၏။

အကယ်၍ ...

စစ်ခန်းအား သွားရောက်သုတ်သင်ခဲ့သော ကျူးလုဆန်နှင့် ညီဖြစ်သူ ကျူးဝေဝေတို့ တွေ့မည်မှာ အမှန်ပင်ဖြစ်၏။

ကျူးမောင်နှမနှစ်ယောက်စလုံး ရှိနေမည်ဆိုလျှင် သူ၏ သမီးမှာ လုံးဝယှဉ်နိုင်မည်မဟုတ်ပါ။

စစ်ခန်းမှာ ဒဏ်ရာရနေသူတစ်ယောက်ဖြစ်သဖြင့် ဂရုစိုက်စရာမလိုပါ။

ထို့ကြောင့် ...

ဒေါသကြီးပြီး ဆင်ခြင်မှုနည်းသော ကျူးလုဆန်ကို ဤအစီအမှ သလက်သီးဝမ်းစွေကို စေလွှတ်၍ ခွဲထုတ်ရန် စီစဉ်ခဲ့သည်။

ထို့ကြောင့် ...

စီစဉ်သလိုလည်း အောင်မြင်ခဲ့သည်။

ဝမ်စွေနှင့်ရောက်ရှိလာသော ကျူးလုဆန်အား လွယ်လင့်တကူ ထောင်ချောက်ဆင်၍ ဖမ်းဆီးထားပြီးနောက် သမီးဖြစ်သူ၏

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို စိတ်မချသဖြင့် နောက်လိုက်သွားခဲ့ရာ သူရောက်သောအခါ အခြေအနေမှာ သမီးဖြစ်သူ ပြန်လည်ထွက်သွားချိန်ဖြစ်သဖြင့် အကူအညီမပေးရတော့ဘဲ နောက်ဆုံး သစ်ပင်ပေါ်တွင် ပုန်းအောင်းနေသော စစ်ခန်းကို ဖမ်းဆီးခေါ်ဆောင်လာခြင်းဖြစ်၏။

စစ်ခန်းမှာ မိမိ၏ဒဏ်ရာနှစ်ဆယ့်လေးနာရီအတွင်း ပျောက်မှပျောက်ပါတော့မလားဟု စိုးရိမ်နေမိ၏။

ဤမြည်းမှောင်နေသော အခန်းကျဉ်းလေးထဲ၌ အချိန်မည်မျှ ဆက်လက်ချုပ်နှောင်ထားခြင်းကို ခံနေရဦးမည်နည်း။

နောက်ဆုံးတွင် ...

သူသည် ဘာမှုမစဉ်းစားတော့ဘဲ ခုတင်ပေါ်သို့ အသာလှဲချလိုက်လေတော့သည်။

○

မြင်းထဲသို့ အရှိန်ဖြင့် ပြေးဝင်လာသော မြင်းခွာသံများသည် တွဲခနဲ ရပ်တန့်သွားသည်။



အားလုံး၏မျက်နှာများသည် ပင်ပန်းနွမ်းနယ်မှု အရိပ်အယောင်များ ပေါ်လွှင်နေ၏။

ရှေ့ဆုံး မြင်းပေါ်မှ ခုန်ဆင်းလာသူသည် အန်းစီရီ၏သမီး ဖြစ်သည်။

သူမစီးလာသောမြင်းကို အစေခံတစ်ယောက်က ဆွဲယူ၍ သိမ်းဆည်းသွားသည်။

မိန်းမပျိုသည် အိမ်ကြီးဆီသို့ တန်းပြီးဝင်ရောက်လာခဲ့လေသည်။

အန်းနိုင်းနိုင်းသည် သူမ၏အခန်းဆောင်ဆီသို့ လျင်မြန်သောအဟုန်ဖြင့် လှမ်းဝင်လိုက်၏။

"သခင်မလေး ... ပြန်လာပြီလား"

အခန်းထဲသို့ ဝင်လိုက်သည်နှင့် လှမ်းမေးလိုက်သောအသံ ဖြစ်သည်။

သူမသည် အသံရှင်အား သေချာစွာ ကြည့်လိုက်သောအခါ သူမအား ငယ်စဉ်မှပင် ထိန်းသိမ်းစောင့်ရှောက်လာသော ကြီးကြီးကျိုးမှန်း သိလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အခုပဲ ပြန်ရောက်လာတာပါ ကြီးကြီးကျိုး"

"ကိစ္စကော အောင်မြင်ခဲ့ရဲ့လား"

ကြီးကြီးကျိုး၏အမေးစကားကို ဘယ်လိုဖြေရမှန်း မသိအောင် ဖြစ်သွားရ၏။

သို့သော် ...

ကြီးကြီးကျိုးကို သူမ မလိမ်ချင်၍ အမှန်အတိုင်းပင် အဖြေပေးလိုက်သည်။

"မအောင်မြင်ခဲ့ပါဘူး ကြီးကြီးကျိုး"

"တကယ်တော့ ဒီလူဟာ အခန့်မသင့်လို့ မေမေနဲ့တိုက်ခိုက်မိကြတာလို့ သိရပါတယ်၊ တမင်တကာ လာရောက်တိုက်ခိုက်ခြင်းလည်း ဟုတ်ဟန်မတူပါဘူး"

ကြီးကြီးကျိုးက ပြုံးလိုက်ပြီး ...

"အေး ... ဟုတ်တယ်၊ ဒီစကားဟာ သိပ်မှန်တဲ့စကားပဲ၊ ဒါ လိမ်တဲ့စကား မဟုတ်ဘူး"

ကြီးကြီးကျိုး၏စကားကြောင့် အန်းနိုင်းနိုင်းမှာ အံ့အားသင့်သွားရ၏။



"ဒီကိစ္စကို ကြီးကြီးကျိုးသိလား"

ကြီးကြီးကျိုးသည် ပြောသင့်မပြောသင့် ချိန်ဆနေဟန်ဖြင့် မိန်းကလေးကို ငေး၍ကြည့်နေ၏။

"ပြောပြစမ်းပါ ကြီးကြီးကျိုးရယ်၊ ဒါမှ ကျွန်မစိတ်ထဲမှာ ရှင်းသွားမှာပါ၊ မဟုတ်ရင် ဒီကိစ္စကို ကျွန်မ ကျေနပ်နိုင်မှာ မဟုတ်ဘဲ စိတ်ထဲမှာ အဆင့်သင့်ဖြစ်နေရမှာ"

ကြီးကြီးကျိုးသည် ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီးနောက် ...

"ပြောပြပါ့မယ်၊ ကြီးကြီးကျိုးသိသလောက်တော့ သေသေချာချာ ပြောပြမယ်"

"ဝမ်းသာလိုက်တာ ကြီးကြီးကျိုးရယ်"

အန်းနိုင်းနိုင်းသည် လိုချင်တာကို ရသွားသည့် ကလေးငယ်ပမာ လက်ထဲတွင်ကိုင်ထားသည့် ဓားရှည်ကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်ပြီး ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်ထိုင်ချလိုက်သည်။

ဤသည်ကို မြင်လိုက်သော ကြီးကြီးကျိုးက ...

"သခင်မလေး ... အရင်က ဓားလွှတ် မကိုင်တတ်ပါဘူး၊

www.burmeseclassic.com

စားအိမ်နဲ့ကိုင်တာ မဟုတ်လား၊ အခု ... ဘယ့်နယ် စားလွတ်ပြ
ဖြစ်နေရတာလဲ”

အန်းနိုင်းနိုင်း သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

“တိုက်ပွဲမှာ စားအိမ်ပျက်စီးသွားတယ် ကြီးကြီးကျိုး”

ကြီးကြီးကျိုး မျက်နှာတစ်ချက်ပျက်သွားပြီး ...

“အို ... မထိတ်သာ မလန့်သာကွယ်၊ ဒီကိစ္စနဲ့ ဒီလော
တောင် ဖြစ်ရသလား”

“ကဲပါ ... ကြီးကြီးကျိုးရယ်၊ ပြောပြစမ်းပါ”

“ကြီးကြီးကျိုး ပြောပြပါ့မယ်”

ကြီးကြီးကျိုးသည် ခုတင်နံဘေးရှိ ခုံတစ်လုံးပေါ်တွင် ထိုင်
လိုက်ပြီး စကားစလိုက်၏။

“သခင်မလေး ... ရှကုန္တယ်ကို သတိရသေးလား”

ကြီးကြီးကျိုး၏အမေးစကားကို ကြားလိုက်ရသော
အန်းနိုင်းနိုင်း၏မျက်နှာသည် ဝမ်းနည်းကြေကွဲသည့် အရိပ်အယော
များ ပေါ်လွင်လာလေ၏။

“ဒီအကြောင်းကို ဘာလို့ပြောရတာလဲ ကြီးကြီးကျိုးရယ်



မှန်သည်။

သူမတွင် ရှကုန္တယ်ဆိုသော ချစ်သူတစ်ဦး ရှိခဲ့ဖူးသည်။
တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြသောစုံတွဲဖြစ်၏။

မကြာသော နှစ်သစ်ကူးချိန်၌ လက်ထပ်တော့မည့် ချစ်သူ
များ ဖြစ်သည်။

သို့သော် ...

သူတို့၏ချစ်ရေးလမ်းသည် မဖြောင့်တန်းခဲ့ပေ။

တစ်ညတွင် မိခင်ဖြစ်သူ စိတ္တဒေဝေနာရှင်၏လက်ချက်ဖြင့်
ရှကုန္တယ် သေဆုံးသွားခဲ့ရ၏။

ရှကုန္တယ်၏အလောင်းကိုပင် ဟယ်မှာ မြှုပ်ထားမှန်း မည်
သူမျှ မသိရှိခဲ့ပေ။

ရှကုန္တယ်ပျောက်ဆုံးသွားပြီး ... ရက်ပတ်ခန့်ကြာမှ အန်းနိုင်း
နိုင်း၏မိခင်က သမီး၏ချစ်သူကို သူသတ်ပစ်လိုက်ပြီးကြောင်း
သွေးစွန်းနေသောဓားကို သက်သေပြ၍ယုတ်မော်စွာ ပြောဆိုခဲ့လေ
သည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



မိခင်အရင်းအချာဖြစ်နေ၍ မပြစ်မှားရဲခဲ့ပါ။

ယခုတော့ ထိုအဖြစ်တို့ကို ကြီးကြီးကျိုးက ပြန်မေးလို သောအခါ ပြီးခဲ့သော အတိတ်ဓာတ်လမ်းသည် ရင်နာဖွယ် သတိ ဖြစ်ရပြန်၏။

"မေ့ထားလို့မဖြစ်ဘူး သခင်မလေး။ သခင်မလေးရဲ့အ သေဆုံးမှုဟာ အဲဒီရှကုန္တယ်အလောင်းကနေ စတင်ခဲ့တဲ့ကိစ္စပဲ"

"ရှင်"

"ဟုတ်တယ် ... သူသတ်ခဲ့တဲ့ ရှကုန္တယ်ရဲ့အလောင်းက သူ ကို သတ်လိုက်တာပဲ သခင်မလေး"

○

"အို ... ဘယ်လို ... ဘယ်လို ကျွန်မ နားမရှင်းဘူး ကြီးကြီး ကျိုး"

"သေချာနားထောင်ရင် ရှင်းလာမှာပါ"

ကြီးကြီးကျိုးက စကားဆက်လိုက်၏။



"သခင်မလေးရဲ့မိခင်ဟာ စိတ္တဇဝေဒနာရှင်တစ်ယောက် ဆိုတော့ ဘယ်သူမှ မသိအောင်မြှုပ်ထားတဲ့ ရှကုန္တယ်ရဲ့အလောင်း မြှုပ်ထားတဲ့နေရာကို မကြာခဏ သွားကြည့်ပုံရတယ်ကွဲ့"

"ဟုတ်လား ကြီးကြီးကျိုး"

ကြီးကြီးကျိုးက ခေါင်းညိတ်၏။

"အေး ... ဟုတ်တယ်၊ အဲဒီလိုနဲ့ပဲ သေဆုံးမယ့်ညမှာ သူဟာ သတ်ပစ်ပြီး မြှုပ်ထားခဲ့တဲ့ မြို့ကြီးရဲ့အနောက်ဖက် မြက်ရိုင်းတော ကို တစ်ယောက်တည်းသွားပြီး ကြည့်တယ်၊ အဲဒီမှာ လမ်းမှားပြီး က်လာတဲ့ လူတစ်ယောက်နဲ့ သွားတွေ့တယ် ...၊

"အဲဒီမှာတင် သခင်မဟာ ရှကုန္တယ် အသက်ပြန်ရှင်လာ ယ်ထင်ပြီး ဓားနဲ့ တိုက်ခိုက်ရာကနေပြီး အဲဒီလူက သူ့အသက်ကို ကွယ်တဲ့ တုံ့ပြန်တိုက်ခိုက်မှုကြောင့် သခင်မ သေဆုံးသွားရတာ "

အန်းနိုင်းနိုင်းသည် အံ့သြသွားရ၏။

"အို ... ဒါဆို ဟိုလူက ဘာအပြစ်မှ မရှိဘူးပေါ့"

"ဟုတ်တယ် ... သခင်မလေး၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်သူ ကာကွယ်လိုက်တာပဲ ဒီလိုမှ မကာကွယ်ရင်လည်း ဒု
သေရမှာပဲ”

“ဒါဆို ... ကျွန်မ သွားပြီး ရှန်ပြုမိတာ ကျွန်မရဲ့အမှားပဲ
ပေါ့”

ကြီးကြီးကျိုး ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ သခင်မလေးရဲ့ အမှားလို့ ပြောရမယ်”

သူမက သက်မတစ်ချက် ချလိုက်ပြီး ...

“သူနဲ့တွေ့ပြီး မတိုက်ခိုက်မိတာကိုပဲ ကံကောင်းတယ်ဆိုရ
မှာပဲ”

အန်းနိုင်းနိုင်း၏စကားကြောင့် ကြီးကြီးကျိုး ပြုံးလိုက်မိ
သည်။

“အဲဒီလူငယ်ကို အခုနေတွေ့ရင် သခင်မလေး ဘာလုပ်
မလဲ”

“တောင်းပန်ရမှာပေါ့”

ကြီးကြီးကျိုးက တည်ငြိမ်စွာ ပြော၏။

“သူ ဒီအိမ်မှာ ရှိနေတယ်”



အန်းနိုင်းနိုင်းမှာ အကြီးအကျယ် အံ့သြသွားမိလေတော့
သည်။ ထိုလူကို သူမ သတ်ဖို့ လိုက်ရှာ၏။

ထိုလူက ယခု သူနေသော အိမ်အတွင်းသို့ ရောက်ရှိနေ
သည်။

သူမသည် ကြီးကြီးကျိုးအား မယုံသင်္ကာမျက်လုံးဖြင့် ကြည့်
လိုက်မိ၏။

ကြီးကြီးကျိုးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်မိ
သည်။

“ကြီးကြီးကျိုး တကယ်ပြောတာပါ သခင်မလေး”

“သူ ဘယ်တုန်းက ရောက်နေတာလဲ”

“သခင်မလေးတို့ ပြန်မရောက်ခင်ကပဲ”

“သူ ဘာလာလုပ်တာလဲ”

ကြီးကြီးကျိုး သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

“သခင်ကြီး ဖမ်းလာတာပါ။ သခင်မလေးတို့ ထွက်သွားတာ
နဲ့ ဟိုကိုရောက်ရင် သခင်မလေးအနေနဲ့ ကျူးမောင်နှမကို မနိုင်နိုင်
မှန်း သခင်ကြီးက တွက်မိတယ်၊ ဒါနဲ့ အစ်ကိုဖြစ်သူ ကျူးလုဆန်ကို

www.burmeseclassic.com

တစ်ဖက်လှည့်နဲ့ ဒီကို ခေါ်ယူဖမ်းဆီးထားပြီး သခင်မလေးနောက်ကို သူကိုယ်တိုင်လိုက်သွားတာပဲ၊ ပြန်လာတော့ အဲဒီသူငယ်ကို အကြောင်း ဝိတ်ပြီး ဖမ်းလာတာ တွေ့ရတယ်"

အန်းနိုင်းနိုင်းသည် မျက်မှောင်တစ်ချက် ကုတ်လိုက်ပြီးလျှင်

"သူ့ကို ဘာလို့ ဖေဖေက ဖမ်းလာတာလဲ"

"ဖမ်းလာတာကတော့ လာမယ့် တိုကုဆာပြဿနာမှာ အဲ သူငယ်ကို အသုံးချမလို့ ထင်တယ်"

သူမ ခေါင်းခါယမ်းပြီး ...

"ဒါတော့ ဘယ်ဖြစ်မလဲ၊ သူ့မှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတယ်"

"ဒါတော့ မသိဘူး၊ အဲ့ ... သခင်မလေး ခဏ အနားယူလိုက် ပါဦး"

ပြောဆိုပြီး ကြီးကြီးကျိုးသည် အခန်းတွင်းမှ လှည့်ထွက် သွားလေတော့သည်။



အခန်းထဲ၌ မည်းမှောင်နေဆဲပင် ဖြစ်သည်။

အခန်းတံခါးကို ညင်သာစွာ ဆွဲဖွင့်သံ ထွက်ပေါ်လာသည်။

ထို့နောက် ...

အခန်းထဲသို့ ညင်သာစွာ ဝင်ရောက်လာသော ခြေသံတစ်သံ ကို ကြားလိုက်ရ၏။

စစ်ခန်းသည် အမှောင်ကို ကျင့်သားရနေပြီဖြစ်၍ ခြေသံရှင် ကို ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ ...

သူ၏ခုတင်နံဘေးသို့ ဖြူးဖြူးသွယ်သွယ် မိန်းကလေးတစ်ဦး ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

"ရှင် သွေးကြောဝိတ် ခံထားရတယ် မဟုတ်လား"

စစ်ခန်း၏ပါးစပ်ထဲဝယ် အားဖေးထည့်ထားသကဲ့သို့ ဖြစ်နေ သည်။

"ရှင် သတိတော့ရနေတယ် မဟုတ်လား"

အန်းစီရီ၏သမီးဖြစ်သူက ထပ်၍ မေးလိုက်ပြန်သည်။

www.burmeseclassic.com



"ရှဲ"

အခန်းထဲတွင် မီးတိုင်တစ်တိုင် လင်းလာ၏။

"ရှင် သွေးကြောပိတ်ခံထားရတယ် မဟုတ်လား"

စစ်ခန်းက ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်လေသ

"တောက်"

သူသည် ရင်ထိတ်သွားမိ၏။

မိန်းကလေး၏လက်သည် သူ၏မျက်နှာရှေ့သို့ ရိုင်

ရောက်လာ၍ ပိတ်ထားသော အကြောနေရာများကို လက်ညှိုး ထောက်လိုက်သည်ကို ခံစားလိုက်ရပြီး တစ်ခဏအတွင်းမှာပင် သူ့ ခြေလက်များမှာ ကောင်းစွာလှုပ်ရှားနိုင်ပြီကို တွေ့လိုက်ရသည်

စစ်ခန်းသည် မိန်းကလေးကို စေ့စေ့ကြည့်ရင်း ...

"မင်း ကျုပ်ကို သတ်ဖို့လာတာ မဟုတ်လား"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မ အစ်ကို့ကို မသတ်တော့ပါ

ကျွန်မရဲ့အထင်လွဲမှုကို တောင်းပန်ဖို့ ဝင်လာတာပါ"



စစ်ခန်းသည် မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘာကိုတောင်းပန်ရမှာလဲ"

မိန်းကလေး သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဒီက အစ်ကိုက မေမေ့ကိုသတ်လိုက်တဲ့ကိစ္စနဲ့ ပတ်သက် ပြီး ပထမပိုင်းမှာ မေမေ့လို စိတ္တဇဝေဒနာရှင်တစ်ယောက်ကို ရက် ရက်စက်စက်သတ်ပစ်လိုက်ရလေခြင်းဆိုတဲ့ ဒေါသစိတ်နဲ့ ရန်ပြုဖို့ လိုက်ရှာမိတာပါ"

"အို ... သူက စိတ်မမှန်ဘူးပေါ့လေ"

စစ်ခန်း စိတ်မကောင်းဖြစ်သွားရ၏။

သူမက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း အစ်ကို့ကို ရန်ရှာခဲ့တာပါ"

"သူက အရင်စပြီး တိုက်ခိုက်ခဲ့တာပါ"

စစ်ခန်း ပျာပျာသလဲ ရှင်းပြလိုက်၏။

"ဟုတ်ပါတယ်၊ ဒါဟာလည်း အစ်ကို့ကို လူတစ်ယောက်နဲ့ပ ူးပြီး ရန်ပြုတာပါ"

သူ အံ့သြသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … လူတစ်ယောက်နဲ့ မှားတာ ဟုတ်လား ညီမ"

သူမ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူ မျက်မှောင်ကုတ်လိုက်ပြီး …

"ဘယ်သူနဲ့ မှားတာလဲ ခင်ဗျာ"

ဤစကားကို အန်းနိုင်းနိုင်းသည် မဖြေပါ။

အမှန်တွင် …

သေဆုံးသွားခဲ့သော သူ၏ချစ်သူနှင့် မှားယွင်းခြင်းကို သူ့အား ရှင်းပြမလို့ပေ။

"လူတစ်ယောက်၊ လူတစ်ယောက်ပဲဆိုပါတော့၊ အဲ့ဒီလူ မှားပြီး အစ်ကို့ကို ရန်ရှာတာပါ"

ဟု ပြီးစလွယ်ပြန်ဖြေလိုက်၏။

ထို့နောက် …

သူမသည် စကားလမ်းကြောင်းကို ပြောင်းလွှဲလိုက်လေသည်။

"ကျွန်မနာမည် အန်းနိုင်းနိုင်းပါ အစ်ကို"



မိန်းကလေးက သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"အစ်ကို့နာမည်က စစ်ခန်းပါ"

စစ်ခန်းသည် ထိုသို့ပြောပြီး ခုတင်ပေါ်မှ ဆတ်ခနဲ ထလိုက်သည်။

သူသည် မိမိကိုယ်မိမိ အတော်ကြီး အံ့အားသင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် …

ဝမ်းဗိုက်မှ ထိခိုက်ခဲ့သောဒဏ်ရာသည် ကျူးဝေဝေ၏ဆေးကုသည့်ထားခဲ့ရာ နှစ်ဆယ့်လေးနာရီ ငြိမ်သက်စွာနေမှ ဒဏ်ရာသည် ပြန်လည်ပျောက်ကင်းမည်ဟုဆိုသည်။

သို့သော် …

ယနေ့တစ်နေ့လုံး၊ တစ်ညလုံးလိုလို မိမိက လှုပ်ရှားခြင်း ပြုခဲ့တော့သော်လည်း တစ်ပါးသူ၏လှုပ်ရှားမှုများက သူ လှုပ်ရှားသကဲ့သို့ ဖြစ်ကာနေသဖြင့် ပျောက်မှပျောက်ပါ့မလားဟု စိုးရိမ်နေမိရာမှ ယခုအခါ ဝမ်းဗိုက်မှ ဒဏ်ရာသည် အတော်သက်သာနေကြောင်း သိရှိလိုက်ရ၏။

အမှန်စင်စစ် …

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီ၏သွေးကြောပိတ်ထားခဲ့မှုကြောင့် သူ၏ဒဏ်ရာ
သက်သာမှုမှာ ပိုပြီး သက်သာရသည်ကို မစဉ်းစားမိသေး။

သွေးလည်ပတ်မှုများမှာ ယခုလို ငြိမ်သက်နေခဲ့သော
ကြောင့် ယခင်လှုပ်ရှားခဲ့သည်များကိုပင် ပြန်လည်အနယ်ထိုင်စေခဲ့
ခြင်း ဖြစ်သည်။

သို့သော် ...

သူ၏ဒဏ်ရာသက်သာသည်ကို သူမှအပ မည်သူ့ကိုမှ မသိ
စေချင်သေးသည်မို့ ဟန်ဆောင်ကာ ...

"အား ... ကျွတ် ... ကျွတ်"

သူသည် မိမိ၏ဝမ်းဗိုက်ကို မိမိဘာသာဖိရင်း အော်လိုက်
သည်။

အန်းနိုင်းနိုင်းမှာ ပျာပျာသလဲဖြစ်သွားသည်။

"အို ... အစ်ကို ဒဏ်ရာက ပျောက်မှမပျောက်သေးဘဲ ဘာ
ဖြစ်လို့ ဒီလိုအရမ်းထလိုက်ရတာလဲ"

သူမသည် ပြောပြောဆိုဆို စစ်ခန်းကို ဖေးမဆွဲယူထား
လိုက်သည်။



"ရပါတယ် ညီမရယ်၊ ရုတ်တရက်မို့ သတိလက်လွတ်ဖြစ်
သွားမိတာပါ"

"ဒါနဲ့ ညီမရဲ့အဖေက အစ်ကို့ကို ဘာလို့ဖမ်းလာတာလဲ"

"ညီမထင်တာတော့ တိုကုဆာကိစ္စလို့ပဲ ထင်ပါတယ်"

စစ်ခန်း မျက်မှောင်ကြုတ်သွား၏။

"ဒီမှာ ညီမ ... ဒီတိုကုဆာကိစ္စဆိုတာ ဘာကိုပြောလိုက်
တာလဲ"

အန်းနိုင်းနိုင်း၏အမေးကို ကြားလိုက်ရသော သူ တွေ့ခနဲ
ဘာချက် ဖြစ်သွား၏။

"အဲဒီကိစ္စက ဖေဖေ့ကို လာတွေ့မယ့်ကိစ္စပဲ၊ ဘာကိုဆိုတာ
တော့ ညီမ သေသေချာချာမသိဘူး"

"အဲဒီကိစ္စအတွက် ကျူးဝေဝေလာမယ်ဆိုတာ သိပ်အရေး
ကြီးသလား"

စစ်ခန်း မေးလိုက်ခြင်းဖြစ်၏။

"အရေးကြီးမကြီးတော့ မသိဘူး၊ လောလောဆယ်တော့
အဖေ့အနေနဲ့ ကျူးဝေဝေလာရင် သူ့ဘက်က လုံခြုံစိတ်ချရအောင်

www.burmeseclassic.com

www.burmeseclassic.com



စွန်ရဲသိုင်းသမားကြီးယုံစိမ်တို့ကို ခေါ်ထားတာ တွေ့ရတာပဲ"

သူမက ချင့်ချင့်ချိန်ချိန် ပြောလိုက်၏။

သူက မျက်မှောင်ကုတ်လိုက်၏။

"ယုံစိမ်တို့ကိုဆိုတော့ ဘယ်နှစ်ယောက်တောင် ခေါ်ထားသလဲ ညီမ"

သူမက ခေါင်းညိတ်လိုက်၏။

"စာပေသမားကျွမ်းလုလည်း ပါတယ်၊ သံလက်သီး"

"ဝမ်းရွှေ မပါဘူးလား"

သူမ၏စကားအဆုံးမသတ်မီ စစ်ခန်းက ပြောလိုက်ခြင်းဖြစ်သည်။

သူမ အံ့ဩသွားလေ၏။

"အစ်ကို သူတို့ကို သိလို့လား"

စစ်ခန်းက ...

"သိုင်းလောကမှာ အလွန်တစ်ရာ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တွေပဲ သိတာပေါ့"

စစ်ခန်းသည် လွယ်လင့်တကူ ပြန်ဖြေလိုက်၏။



သူ၏စိတ်ထဲတွင် ကျူးဝေဝေအတွက် အတော်စိတ်ပူသွားမိသည်။

ကျူးဝေဝေသည် မည်သည့်အတွက် ဤတိုက္ကုဆာ၏ကိစ္စတွင် ပါဝင်ပတ်သက်နေရသနည်း။

သူသည် မည်သည့်အဖွဲ့အစည်းကို ကိုယ်စားပြုသနည်း။

ဤကဲ့သို့ ထိပ်တန်းသိုင်းသမားများကို အန်းစီရီသည် စုစည်းခေါ်ဆောင်ထားပုံကို ထောက်ရှုလျှင် တိုက္ကုဆာ၏ကိစ္စသည် တော်ရုံတန်ရုံကိစ္စတစ်ခု မဖြစ်နိုင်မှန်း သဘောပေါက်နားလည်လိုက်သည်။

"အခု အစ်ကို့ကို ဖမ်းဆီးခေါ်ဆောင်လာတာကလည်း သူ့ရဲ့အတွင်းအင်အားတစ်ခုလို့ သဘောထားပြီး ခေါ်ဆောင်လာပုံရတယ်"

စစ်ခန်းက ရင်ထိတ်သွား၏။

"ဒီကိစ္စကို ညီမ ဘယ်လိုလုပ်သိခဲ့သလဲ"

အန်းနိုင်းနိုင်းက ပြုံးလိုက်ပြီး ...

"ကျွန်မ အစ်ကိုနဲ့လာတွေ့ဖို့ကိစ္စကို ဖေဖေ့ဆီမှာ ခွင့်တောင်းပြီးမှ လာတွေ့တာပါ၊ ဖေဖေ ခွင့်ပေးလိုက်လို့လည်း အခုလို

www.burmeseclassic.com



လာတွေ့နိုင်တာပါ။ ဖေဖေက အစ်ကိုကို ကျူးဝေဝေနဲ့ တိုက်ရိုက်နှုတ်ပြောနိုင်းလိုက်ပါတယ်၊ ကဲ … ဒီကိစ္စကို အစ်ကို သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

ထို့နောက် …

သူမသည် အခန်းထဲမှ လှည့်ထွက်သွားလေတော့သည်။

ပထမပိုင်း ပြီး၏

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (ရွက်စိမ်းစာပေ)
အမှတ် ၄၃ (အေ)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁၁)

## နားလည်မှု

အန်းစီရီ၏စံအိမ်ဧည့်ခန်းထဲ၌ဖြစ်၏။

"ဟော့ ... မင်းတို့သခင်ကြီး ဘယ်ရောက်နေလဲ၊ ဒီမှာ ကျူးဝေဝေ ရောက်နေတယ်လို့ အကြောင်းကြားလိုက်စမ်း"

သူမသည် ဧည့်ခန်းထဲသို့ ရောက်လျှင်ရောက်ချင်း အော်ပြောလိုက်၏။

ထိုအသံကြားလိုက်ရသောအခါ စစ်ခန်းသည် ဧည့်ခန်းဆီသို့ ရောက်လာလေ၏။

သူ ဧည့်ခန်းထဲသို့ရောက်သောအခါ ...

ကျူးဝေဝေနှင့်အန်းစီရီတို့ စကားအခြေအတင်ပြောနေကြသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လူကြီးမင်းအန်း ... ဒဏ်ရာပြင်းပြင်းထန်ထန်ရထား
တဲ့ ကျွန်မကိုယ်တိုင် စောင့်ရှောက်ထားရတဲ့လူနာကို ဘာဖြစ်လို့
ဖမ်းသွားတာလဲ"

အန်းစီရီက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ကျူးဝေဝေ၊ ကျုပ် မှားသွားတယ်၊ ဒါပေမဲ့
... မင်း ဘာမှမစိုးရိမ်နဲ့ ဟိုမှာ မင်းရဲ့လူနာ"

ထိုအခါ ...

ညှို့ခန်းတံခါးဝ၌ ရပ်နေသည့် စစ်ခန်းကို ကျူးဝေဝေ ရှေ့
မြင်သွား၏။

ကျူးဝေဝေသည် သူ့ကို ချိုသာစွာ ပြုံးပြလိုက်၏။

ထို့နောက် သူမသည် အန်းစီရီဘက်သို့ လှည့်လိုက်ပြီး —

"ဒီလိုဆို ကျွန်မအစ်ကို့ကို လွှတ်ပေးပါ"

"ကိစ္စမရှိပါဘူး၊ ကျုပ် အခုပဲ ခေါ်ပေးပါ့မယ်၊ ဟေ့ ... မင်း
ဆွေကျူးကို ဒီအခန်းထဲကို ခေါ်ခဲ့စမ်းပါ"

စကားသံဆုံးသည်နှင့် အခန်းတွင်းသို့ လူရိပ်တစ်ရိပ် ဝင်
ရောက်လာ၏။



ထိုလူသည် ကျူးလူဆန်ပင်ဖြစ်၏။

ကျူးလူဆန်သည် အန်းစီရီကို လက်ညှိုးငေါက်ငေါက်ထိုး
လိုက်ရင်း ...

"ခင်ဗျား ... ကျုပ်ကို ယုတ်မာတဲ့စိတ်နဲ့ ဖမ်းထားတာ
မဟုတ်လား"

အန်းစီရီက တည်ကြည်လေးနက်သောအသံဖြင့် ...

"ဒီမှာ ငါ့တူ ... မင်းအပေါ် စိတ်မကောင်းရှိခဲ့ရင် စုန်ကျန်း
အကျဉ်းထောင်ထဲကထောင် ကယ်မလာဘူး။ အခုလို ဖမ်းဆီးထားရ
တာလည်း မဖြစ်သင့်တာတွေ ဖြစ်မှာစိုးတဲ့စိတ်ကြောင့် ဖမ်းဆီးထားရ
တာပဲ"

ကျူးလူဆန်သည် နားမလည်ဟန်ဖြင့် ...

"ခင်ဗျား ... ဘာကိုဆိုလိုတာလဲ"

အန်းစီရီက ပြုံးလိုက်ပြီး ...

"ငါပြောခဲ့တယ် မဟုတ်လား၊ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်မှာ
စိုးလို့ပါဆို၊ မင်း သဘောမပေါက်ဘူးနဲ့တူတယ်၊ ငါ့ရဲ့သမီး အန်းနီနီး
နီးဟာ အထင်လွဲမှားပြီး စစ်ခန်းကိုတိုက်ခိုက်ဖို့ ထွက်သွားတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



မင်းရှိနေရင် သိပ်ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေဖြစ်ပြီး စိတ်ဆင်းရဲစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ ဒါကို တွေးကြည့်ပြီး မင်းကို တစ်ဖက်လှည့်ပြီး ဒီကိုခေါ်ထားရတာပါ"

ရှည်လျားစွာ ရှင်းနေသော်လည်း ကျူးလူဆန်၏ဒေါသာ အရှိန်မသေဘဲ စတင်တိုက်ခိုက်လိုက်သည်။

"ယား"

မာန်သွင်းသံနှင့်အတူ ခုန်ဝင်လိုက်လေသည်။

ကျူးလူဆန်သုံးလိုက်သော အတွင်းအားသည် ကြောင်ခမန်းလိလိပြင်းထန်လှ၏။

အမှန်တွင် ...

အန်းစီရီသည် ကျူးလူဆန်ကို အထင်သေးလိုက်ခြင်းသာ ဖြစ်၏။

ထို့ကြောင့် ...

အန်းစီရီ၏ဘယ်ဘက်ကို အရောင်ပြ၍ ပေါင်ကြားဆီသို့ ဦးခနဲ ကန်ထည့်လိုက်သည်တွင် သိုင်းလောကတွင် ဤကဲ့သို့ ယုတ်မာသည့် တိုက်ကွက်မျိုးကို ခြေသူမှု မတိုက်ခိုက်သည်မို့ အန်းစီရီမှာ



ဝင်လာသောခြေကိုလန်ပြီး ကြောင်ကြည့်နေစဉ် ပေါင်ရင်းသို့တန်းပြီး ဝင်လာသောခြေသည် ဆတ်ခနဲပြောက်တက်လာပြီး ညာဘက်နံရိုးပေါ်ကို ပြင်းထန်စွာ ကျရောက်သွားလေတော့သည်။

ပြင်းထန်လှသောအားနှင့် မာလွန်းသောအရိုးတို့ ထိတွေ့မိလိုက်၏။

အန်းစီရီ တစ်ချက် နောက်ကိုယိုင်သွားသည်။

"မင်းရဲ့လှည့်စားချက်က သိပ်ပညာလှပါတယ် ကျူးလူဆန်"

အန်းစီရီသည် စိတ်ဆိုးဟန်မပြဘဲ ပြုံးလိုက်ပြီး ...

"ဝေါ့"

ဓားအကြားတွင် အန်းစီရီ၏ပါးစပ်တွင်းမှ သွေးတစ်ပွက် အန်ချလိုကသည်ကို တွေ့လိုက်ရ၏။

ယိုစဉ်မှာပင် ...

အရိပ်တစ်ခုသည် လှစ်ခနဲဝင်ရောက်လာပြီး အန်းစီရီ၏နံဘေးတွင် ရပ်လိုက်၏။

တိုလူဘ ...

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖေဖေ့ကို ထိသွားပြီ၊ ရှင် တော်တော်ရက်စက်တဲ့သူ

ပါလား"

ထိုသူမှာ အန်းနိုင်းနိုင်းပင်ဖြစ်သည်။

"အေး ... မင်းကိုလည်း တိုက်ရမယ်"

ကျူးလုဆန်သည် ပြောပြောဆိုဆို လက်ကိုရှေ့သို့ဆန့်တန်း

လိုက်သောအခါ ကျူးဝေဝေက လှမ်းရှားလိုက်သည်။

ကျူးဝေဝေသည် သူမ၏လက်ကိုင်ပဝါဖြင့် အစ်ကိုဖြစ်သူ၏

လက်ကို ရစ်ပတ်ယှန့်တားလိုက်ခြင်းဖြစ်သည်။

"အစ်ကိုကြီး တစ်ဖက်က တုံ့ပြန်မှုမရှိဘဲ ဒီလောက် ကိုယ့်

အပေါ် ရှင်းပြနေတာကို ဆက်ပြီး တိုက်ခိုက်ဖို့မသင့်ဘူး"

သူမ၏စကားကို ကြားလိုက်ရသောအခါ အန်းစီရီမှာ ဝမ်း

သာသွားသည်။

"လေးစားပါတယ် ဂူမလေး၊ ဦးတို့အပေါ်မှာ ဒီလောက်

အထိ ခွင့်လွှတ်သိတတ်မှုကို လေးစားပါတယ်"

အန်းနိုင်းနိုင်းက ဖခင်ဖြစ်သူက ဖေးမလိုက်သည်။

သူတို့နှင့် ရင်ဘောင်တန်းရပ်နေသော စစ်ခန်းမှာ ကျူး



မောင်နှမကိုလည်းကောင်း အန်းစီရီကိုလည်းကောင်း ကြည့်ရင်း ရပ်

မြဲတိုင်း ရပ်နေသည်။

"ကဲ ... အစ်ကိုတို့ ပြန်ဖို့အချိန်တန်ပြီ၊ သွားကြစို့"

ကျူးဝေဝေက စစ်ခန်းနှင့်အစ်ကိုဖြစ်သူတို့ကို ပြောလိုက်

သည်။

ကျူးလုဆန်သည် တောင့်တောင့်ကြီးရပ်နေရာမှ ...

"အခုဖြစ်ခဲ့တဲ့ကိစ္စအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊

ဦးလေး ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

အန်းစီရီ ပြုံးလိုက်ပြီး ...

"မင်းကို ခွင့်လွှတ်ပြီးသားပါကွယ်၊ ရုတ်တရက်ကြီးဆိုတော့

မင်းလည်း ထူပူပြီး မစဉ်းစားမချင့်ချိန်ဘဲ ဖြစ်သွားရတာပဲ မဟုတ်

လား"

ကျူးလုဆန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဦးလေးအန့်၊ ရုတ်တရက်ကြီးဆိုတော့ ကျွန်

တော်လည်း ဘာမှမစဉ်းစားလိုက်မိဘူး၊ အဲဒီအတွက် ဦးလေးကို အနူး

အညွတ် တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း အန်းစီရီကို အရိုအသေပေးလိုက်သည်။

အန်းစီရီ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အခုလို ဦးလေးနဲ့ငါတို့ ကျူးမောင်နှမ နားလည်မှုရလိုက်တာ ဝမ်းသာတယ်ကွ"

ကျူးလုဆန်က ပြုံးလိုက်ပြီး ...

"ကျွန်တော်လည်း ဝမ်းသာပါတယ် ခင်ဗျာ"

ယင်းသို့ပြောပြီး အခန်းတွင်းမှ လှည့်ထွက်သွားလေသည်။

"လာလေ ... အစ်ကိုစစ်ခန်း"

ကျူးဝေဝေက လှမ်းခေါ်လိုက်၏။

ထိုခေါ်သံကြောင့် စစ်ခန်း သတိဝင်လာပြီး အန်းစီရီကို လှမ်းကြည့်လိုက်လေသည်။

ထို့နောက် ...

သူသည် အန်းစီရီကို အရိုအသေပေးလိုက်ပြီး ...

"ကဲ ... ကျွန်တော့်ကို သွားခွင့်ပြုပါခင်ဗျာ"

အန်းစီရီ ခေါင်းညိတ်လိုက်ပြီး ...

"ငါတို့ ငါ့ကို စိတ်မကွက်ပါနဲ့နော်၊ ငါက အခြေအနေအရ



မင်းကို သွေးကြောဝိတ်ပြီး ခေါ်လာရတာပါ၊ ဒီလိုမှမလုပ်ရင်လည်း ပြဿနာ ပိုရှုပ်ထွေးသွားမှာစိုးလို့ပါ။ ဒါနဲ့ မင်းဒဏ်အရာအခြေအနေ ဘယ်လိုလဲ"

စစ်ခန်းက ပြုံးလိုက်ပြီး ...

"စိုးရိမ်စရာ မရှိတော့ပါဘူး၊ နောက် သုံးလေးရက်ဆို ပျောက်သွားမှာပါ"

စစ်ခန်းလည်း ထိုသို့ပြောပြီး တစ်ဖက်သို့ လှည့်လိုက်ရင်း ကျူးဝေဝေ၏နောက်မှ လိုက်သွားလေသည်။

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

အန်းစီရီ၏လက်ခုပ်သံသုံးချက် ထွက်ပေါ်လာပြီး ညှို့ခန်းခန်းအနောက်ဘက်မှ လူသုံးယောက် ပြေးထွက်လာသည်။

ထိုလူသုံးယောက်သည် သူ့အား ဦးညွှတ်အရိုအသေပေးလိုက်သည်။

သူသည် ထိုလူသုံးယောက်ကို ကြည့်လိုက်ပြီး ...

"ကဲ ... ညှို့သည်တွေကို အပြင်ရောက်တဲ့အထိ တံခါးဖွင့်ပြီး လိုက်ပို့ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်သည် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး အခန်းထဲမှ လျင်မြန်စွာ ထွက်သွားလေသည်။

ထို့နောက် ...

တံခါးမကြီးကိုသွားပြီး ဆီးကြိုစောင့်ဆိုင်းနေကြသည်။

ကျူးလုဆန် ဦးဆောင်၍ ကျူးဝေဝေနှင့် စစ်ခန်းတို့မှာ ချ ပြီး ထွက်ခွာသွားကြလေတော့သည်။

○○○



## အခန်း (၁၂)

## မပြောလိုက်ရသော ရင်တွင်းစကား

လဆုတ်ဆယ့်သုံးရက် ...

လရောင်သည် ဝန်းကျင်တစ်ခုလုံးအား မှေးမှိန်သည့် အလင်းရောင်သာ ပေးစွမ်းနိုင်ပေ၏။

ကြယ်ကလေးများ၏မှေးမှိန်သော အလင်းရောင်သည် ... အမှောင်ထုကို အံတု၍ ဖက်ပြိုင်နေသည်ဟု ထင်ရပေတော့သည်။

ရှေ့မှ ခပ်သုတ်သုတ်လှမ်းနေသည့် ကျူးလုဆန်မှာ နောက်လိုက်လာသော ညီမဖြစ်သူနှင့် စစ်ခန်းကို လှည့်ကြည့်လိုက်ရင်း ...

"ဘယ်လိုလဲဟေ့ ... မြန်မြန်လာကြလေ"

ဟု စိတ်မရှည်သလို တစ်ချက်အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဝေဝေသည် သူမအခင်ကို၏ဒေါသအကြောင်းကို သိ ထားသူဖြစ်၍ စစ်ခန်းအား မျက်ရိပ်ပြလိုက်ပြီး ခပ်မြန်မြန် ပြေးလိုက် သွားသည်။

စစ်ခန်းမှာ သူမကဲ့သို့ ကိုယ်ဖော့ပညာကို အသုံးပြု၍ အပြေးလိုက်ရန် ဟန်ပြင်လိုက်သော်လည်း ဝမ်းဗိုက်မှ ဒဏ်ရာကြောင့် ကာ ဖြည်းဖြည်းချင်း လိုက်ခဲ့လေ၏။

ဤလမ်းသည် အိမ်ဝင်တံခါး၏အရှေ့ဖက် ဖြစ်ပုံရလေ သည်။

ယခင် သူထွက်လာခဲ့စဉ်က လမ်းမဟုတ်သည်ကို သူ သတိ ပြုမိသည်။

တဖြည်းဖြည်းနှင့် တောင်ကုန်းအထက် တစ်နေရာတွင် သူ့ အား ထိုင်စောင့်နေသော ကျူးဝေဝေကို တွေ့လိုက်ရမိလေသည်။

"ကြာလိုက်တာ အစ်ကိုရယ်၊ ဘယ်လိုများ လမ်းလာသလဲ လမ်းမှာများ အိပ်ပျော်နေသလားလို့တောင် ထင်မိတယ်"

သူမက အပြစ်တင်စကား ဆိုလိုက်၏။

"ဒါတောင် အစ်ကို ကြိုးစားပြီး လမ်းလာရတာ၊ ဒဏ်ရာ



မကျက်မှာစိုးလို့"

သူမ ခေါင်းညိတ်ပြီး ...

"ဩော် ... ဟုတ်သားပဲ"

ဟု ပြောပြီး စစ်ခန်းကို တွဲလိုက်၏။

ထို့နောက် ...

သူမသည် စစ်ခန်းနှင့်ယှဉ်တွဲ၍ သစ်မြစ်ဆုံကြီးတစ်ခု အောက်တွင် ထိုင်လိုက်ကြ၏။

"ကျူးလုဆန် ... ဘယ်ရောက်သွားသလဲ"

ဝန်းကျင်ကို ဝေ့ဝဲ၍ကြည့်ရင်း စစ်ခန်းက မေးလိုက်လေ သည်။

"သူ ကိစ္စတစ်ခုနဲ့ တစ်နေရာကို ထွက်သွားတယ်"

"သူ့ကို မြို့တွင်းမှာ မြို့စောင့်တပ်တွေနဲ့ မှုခင်းနှိမ်နင်းရေး အဖွဲ့ဟာ ပိုက်စိပ်တိုက်ပြီး ရှာနေကြတာကို သူ ဂရုစိုက်ဖို့ ကောင်း တယ်၊ အခု သွားတဲ့နေရာကတော့ စိတ်ချရ ချရဲ့ပါမလား"

စစ်ခန်းက စိုးရိမ်စွာဖြင့် မေးသည်။

"အစ်ကိုကြီးက သူ့ခဲ့ခရှရာယ်ကို သူ ရှောင်နိုင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်မလည်း မကြာခင် သူ့နောက်သို့ လိုက်သွားမှာ”

စစ်ခန်းက ကျူးဝေဝေ၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး

“လိုက်သွားမယ် ဟုတ်လား”

သူမ ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ အဲဒါကို အစ်ကို့ကို ပြောချင်လို့ နောက်ကျ နေရစ်ခဲ့တာ”

“ဟင်း”

သူသည် သက်ပြင်းတစ်ချက်ကို အသာချလိုက်မိလေသော သည်။

သူမက မျက်မှောင်ကုတ်ပြီး ...

“ဘာဖြစ်လို့လဲ အစ်ကိုစစ်ခန်း”

စစ်ခန်းက ...

“အစ်ကို ဘယ်သူနဲ့ နေခဲ့ရမလဲလို့ တွေးမိလို့ပါ”

သူ၏စကားကို ကြားလိုက်ရသောအခါ သူမ၏ရင်ထဲ၌ မကောင်းဖြစ်သွားသည်။



စစ်ခန်းကလည်း သူမ၏မျက်နှာကို အတန်ကြာအောင် ပြန်ကြည့်နေ၏။

သူမသည် မျက်လွှာကို အောက်သို့ချလိုက်၏။

ထို့နောက် ...

သူမက စကားဆက်သည်။

“ကျွန်မလည်း မထားခဲ့ချင်ပါဘူး၊ ဒါပေမဲ့ ...”

“ဒါပေမဲ့ ... ခေါ်သွားလို့လည်း မဖြစ်တဲ့နေရာ မဟုတ်လား”

စစ်ခန်းက မေးလိုက်ခြင်းဖြစ်၏။

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ မကြာခင် ပြန်တွေ့ကြမယ်လို့ မျှော်လင့်ပါတယ်”

သူမ၏အသံမှာ တုန်ယင်လိုက်လှဲနေသည်။

စစ်ခန်းကမူ အဓိပ္ပာယ်မရှိ မြေကို သစ်ကိုင်းခြောက်တစ်ချောင်းဖြင့် ခြစ်နေ၏။

“အစ်ကို ဒီမြို့မှာပဲ နေနေမယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူက တစ်လုံးတည်း အဖြေပေးလိုက်၏။

"ဘာကိစ္စလဲဆိုတာ အစ်ကို မသိရဘူးလား"

သူက မေးလိုက်ခြင်း ဖြစ်သည်။

"ဒါဟာ တိုင်းရေးပြည်ရေးကိစ္စပါ၊ အဲဒါကို မသိချင်ပါနဲ့ အစ်ကို"

သူမက ချိုနွဲ့သောအသံဖြင့် တောင်းပန်လိုက်လေတော့သည်။

သူသည် သိချင်နေသော စိတ်အစဉ်ကို ချုပ်တည်းလိုက်ပြီး

"ဒါဆိုရင်လည်း ရှိပါစေတော့လေ၊ အစကို မသိချင်တော့ပါဘူး။ ဒါနဲ့ ဟိုမှာ ဘယ်နှစ်ရက် ကြာမှာလဲ"

သူမက ခေါင်းခါယမ်းလိုက်ပြီး ...

"သိပ်တော့ မကြာပါဘူး၊ အကျိုးအကြောင်း ပြောပြီးတာနဲ့ ပြန်ခဲ့မှာပါ"

သူက သူမအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဘယ်သူ့ကို အကျိုးအကြောင်း သွားပြောမှာလဲ"



သူမက မချိပြုံး ပြုံးလိုက်ပြီး ...

"မသိချင်ပါနဲ့ အစ်ကိုရယ်"

စစ်ခန်းသည် သူမအား ရီဝေစွာ စိုက်ကြည့်လိုက်ပြီး ...

"ညီမ ပြန်လာရင် အစ်ကို စကားတစ်ခန်းတော့ ပြောချင်တယ်"

သူမက ထိုင်ရာမှ ထလိုက်ပြီး ...

"အခု ပြောပါလား"

သူ ခေါင်းခါယမ်းပြီး ...

"ဟင့်အင်း ... အခုပြောလိုက်ရင် ညီမ သွားဖို့ခရီးမှာ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါ"

"ဘာစကားမို့လို့လဲ"

စစ်ခန်းက တုန်ယင်လှုပ်ရှားသောအသံဖြင့် ...

"ရင်ထဲက စကားအချို့ပါ"

ကျူးဝေဝေသည် ရပ်နေရာမှ ရှေ့သို့ လှမ်းထွက်သွားသောကြောင့် ထိုင်နေသည့် စစ်ခန်းမှာ ကမန်းကတန်း ထလျက် နောက်မှ ပြေးလိုက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျူးဝေဝေအား မီလာသောအခါကျမှ ...

"ပြောစရာရှိတဲ့စကားကို ညီမပြန်လာမှပဲ ဆက်ပြောမယ်နော် ဟုတ်လား"

သူမက အဝေးသို့ ငေးကြည့်နေရင်းမှ ...

"အစ်ကို ဘယ်မှာနေခဲ့မလဲ"

"စုန်ကျန်းမြို့မှာ တည်းခိုခန်းတွေ အများကြီးပါ ညီမရယ် တည်းခိုခန်းတစ်ခုခုမှာ တည်းမှာပေါ့"

စစ်ခန်းသည် ကျူးဝေဝေ လက်အစုံကို ယုယစွာ ကိုင်တွယ်ရင်း ...

"အစ်ကို ဆုံဆည်းရာတည်းခိုခန်းကနေ ညီမကို စောင့်နေပါ့မယ်"

ကျူးဝေဝေသည် သူမ၏ပခါးနောက်တွင် ဆက်ထားသော အဝါရောင် ပဝါစလေးကို ဖြုတ်၍ ...

"ရော့ ... ဒါဟာ ညီမရဲ့လက်ဆောင်ပစ္စည်းပဲ၊ ကျွန်မတို့ နှစ်ယောက် ပြန်တွေ့မှ အစ်ကိုပြောချင်တဲ့ စကားတွေကို ညီမ နားထောင်ပါ့မယ်"



ပြောပြောဆိုဆို သူ့အနီးမှ ပြေးထွက်လာသော ကျူးဝေဝေကို ငေးမောရင်း စစ်ခန်းတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

## သစ္စာဖောက်

အိမ်ကြီးတစ်ခုလုံး မီးရောင်ထိန်လင်းနေသည်။

မီးရောင်ကြောင့် အိမ်ရှေ့ဝရံတာတွင် လမ်းလျှောက်နေသော အန်းစီရီကို တွေ့မြင်လိုက်ရလေသည်။

သူ၏စိတ်အစဉ်ကို အတွေးများက စိုးမိုးထားသည်။

မိမိ သိုင်းလောကသို့ စတင်ဝင်ရောက်လာသည်မှစ၍ ယခုထိ မိမိကိုယ်မိမိ ကောင်းအောင် ကြိုးစားခဲ့သည်မှအပ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ သိုင်းအဖွဲ့စည်းများကိုသော်လည်းကောင်း ကောင်းကျိုးမပြုမိခဲ့ပါ။

ထို့အပြင် ...

ယခု ...



တိုင်းပြည်ကို သစ္စာဖောက်၍ ရောင်းစားရန် ကြံစည်နေသော လူတစ်ယောက်အဖြစ်သို့ ရောက်ရှိနေသည်။

လူမျိုး၊ ဘာသာ အစရှိသည်တို့ကိုပင် လုံးဝထောက်ထားခြင်း မရှိပါ။

သူသည် လွန်ခဲ့သော ဆယ်နှစ်ကျော်က သိုင်းလောကထဲမှ ထွက်ပြေးကာ ဂျပန်ပြည်ရှိ ချယ်ရီကျွန်း၌ ခိုလှုံနေထိုင်ခဲ့သည်။

ယခု ...

မိမိတိုင်းပြည်ကြီးအား ကျူးကျော်ထိပါးလာမည့် တိုင်းတစ်ပါးသား ဂျပန်တို့၏အထောက်တော်အဖြစ် အထူးလျှို့ဝှက် ထောက်လှမ်းရေးတပ်သားအနေဖြင့် ဤဂုန်ကျွန်းမြို့၌ လာရောက်နေထိုင်ခြင်း ဖြစ်၏။

ယခု ...

သူ၏အသက်အရွယ်မှာ ကြီးရင့်လာပြီဖြစ်၏။

ထို့ကြောင့် ...

သူသေဆုံးသွားခဲ့လျှင် ကျန်ရစ်ခဲ့မည့် အန်းနိုင်းနိုင်းမှာ မျက်ငယ်၍ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အသိစိတ်တွင် မိမိများယွင်းနေသည်ကို နားလည်လိုက်မိသည်။

မည်သို့ဆိုစေ ...

ပြင်ဆင်ရန်အချိန်မှာလည်း လုံလောက်စွာ ရှိသေးသည်

သို့သော် ...

သူ့တွင် အနီးကပ်ဆုံးရန်သူများ ရှိနေ၏။

ထိုရန်သူမှာ တိုကုဆာ၏ကိုယ်စားလှယ်တော် ကျူးဝေဝေပင်ဖြစ်သည်။

ဂျပန်တို့အား ယခင်က တိုက်ရိုက်သတင်းပေးသူအဖြစ် ...ဝက်တပ်သားတာဝန်ကို ထမ်းဆောင်နေသော ကျူးဝေဝေသည် ...အခါ သူမှတစ်ဆင့် သတင်းများကို ပေးပို့တော့မည်ဟု သိရ၏

ထိုသို့ သတင်းအပေးအယူကာလတွင် အန္တရာယ်သည် မဖိတ်ခေါ်ဘဲ ရောက်မည်။

သူ ကောင်းစွာ သဘောပေါက်ထားသောကြောင့် သတင်း...ကို ဂျပန်ပြည်ဘုရင်မြတ်ထံသို့ သူမှတစ်ဆင့် သွားရောက် ပေး...မည်။



ထိုအခါ ...

လမ်းတွင် မိုးချစ်သူရဲကောင်းတို့၏တိုက်ခိုက်မှုကို ခံရတတ်သည်။

ထို့ကြောင့် ...

မိမိ၏အသက်အန္တရာယ်ကို ကာကွယ်ရန် အကျော်အမော်သိုင်းပညာရှင်များဖြစ်ကြသော ဗွန်ရဲသိုင်းသမားကြီး ယုံစိမ်၊ သံလက်သီး ဝမ်းစွေနှင့် စာပေသမား ကျွမ်းလုတို့ကို စည်းရုံးခေါ်ဆောင်ထားပြီးဖြစ်၏။

မကြာမီမှာပင် ...

တိုကုဆာရောက်လာတော့မည်ဖြစ်သည်။

ထိုအခါ ....

သူသည် ဤကိစ္စကိုကြားမှ ဆက်သွယ်သတင်းပို့သူအဖြစ် လေ့ပ်နိုင်တော့ဟုဆိုပါလျှင် ...

ဂျပန်တို့၏ဘက်တော်သား ကျူးဝေဝေ၏တိုက်ခိုက်ခြင်းကို ရှောင်လွှဲမသွေ ခံရပေမည်။

သူမနှင့်အတူ ကျူးလုဆာန်လည်း ပါလာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးမောင်နမ၏အန္တရာယ်သည် သေးလှသော အန္တရာယ် မဟုတ်ချေ။

ဤအန္တရာယ်ကို ရှောင်လွှဲ မလွှဲမသွေ သူသည် တိုင်းပြည်၏သစ္စာကို ဖောက်ရချေမည်။

အန်းစီရီ၏မျက်နှာသည် စိုးရိမ်သောကကြောင့် ရှိုင်းရှိုင်း ထက် ပို၍အိုစာနေလေ၏။

ထိုစဉ်မှာပင် ...

လျှင်မြန်စွာ ပြေးဝင်လာသော သူ၏ငယ်သားတစ်ယောက် ကို တွေ့လိုက်ရ၏။

"သခင်ကြီး ကိုယ်စားလှယ်တစ်ယောက် စာချွန်လာပါ တယ်"

ငယ်သားဖြစ်သူက ရိုသေစွာ ဦးညွှတ်၍ ပြောလိုက်လေ သည်။

"အခု ... ဘယ်မှာလဲ"

"ဧည့်ခန်းမှာ စောင့်နေပါတယ် သခင်ကြီး"

"အေး ... ဧည့်ခံထားလိုက်ပါ၊ ငါ ... အခုလာခဲ့မယ်"



ငယ်သားဖြစ်သူသည် သူ့အနီးမှ ခေါင်းညိတ်၍ ထွက်သွား သည်။

အန်းစီရီ စိတ်ညစ်သွား၏။

"ဟင်း"

သက်ပြင်းတစ်ချက်ကို လေးပင်စွာချရင်း ဧည့်ခန်းဆောင် ဘက်သို့ ထွက်လာခဲ့၏။

ဧည့်ခန်းဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် ...

ချယ်ရီကျွန်းသားကိုယ်စားလှယ်ကို တွေ့လိုက်ရလေ၏။

"ဘာများ အကြောင်းထူးသလဲ မိတ်ဆွေ"

အန်းစီရီက ဟန်ဆောင်ပြုံးရင်း မေးလိုက်၏။

ကိုယ်စားလှယ်က ခေါင်းညိတ်လိုက်ပြီး ...

"ဂျပန်တပ်မကြီးဟာ အခုဆိုရင် ကန်တန်မြို့ရဲ့နယ်စပ်မှာ တပ်စခန်းချထားပါတယ်၊ မကြာမီရက်အတွင်းမှာ စုန်ကျုန်းကိုရောက် ဖို့ အသွားအလာရှိတယ်၊ ဒါကြောင့် ဒီကသတင်းတွေရရင် အမြန်ဆုံး ပို့ပေးဖို့ ဖစ်ဦးစီးမှူးက အမှာတော် ရှိလိုက်ပါတယ်"

ကိုယ်စားလှယ်တော်၏စကားသံကြောင့် အန်းစီရီခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး တုန်လှုပ်သွားမိသည်။

"မျှားမကြာမီရက်အတွင်းဆိုတော့ စုန်ကျွန်းမြို့ကို အလုံးအရင်းနဲ့ ဝင်မှာလား၊ ဘယ်လိုပုံစံနဲ့ ရောက်ရှိမှာလဲ မိတ်ဆွေကြီး"

ကိုယ်စားလှယ်က အနည်းငယ်စဉ်းစားလိုက်ပြီး ...

"လိုတော့ လိုပါသေးတယ်၊ ကန်တန်မြို့ကနေပြီး စုန်ကျွန်းမြို့ကို လာရမယ့် ခရီးဟာ ကြားမှာ ဟိုစီခရိုင်တစ်ခုလုံး ခြားနေသေးတယ်လေ၊ ဒီတော့ အလုံးအရင်းနဲ့လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပထမဆုံး တပ်မှူးတွေနဲ့ ဂျပန်ကေရာစ်တို့ဟာ ရုပ်ဖျက်ပြီး ဟိုစီခရိုင်ကို ဖြတ်လာရမှာပါ၊

အဲဒီအခါမှာ ဒီကလူကြီးမင်းက ဦးဆောင်ပြီး ဒီမြို့ရဲ့တည်ဆောက်မှုသတင်းတွေနဲ့အတူ တုန်စီနယ်စပ်ကနေပြီး လာကြိုရမှာပါ၊ ဒီကိစ္စဟာ အရေးပေါ် အတွင်းစကားဖြစ်လို့ ပေါက်ကြားလို့မဖြစ်ဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ...

အန်းစီရီ လွန်စွာတုန်လှုပ်ချောက်ချားသွား၏။

သို့သော် ...

သူသည် ဟန်မပျက် ၎င်း၏အခက်အခဲကို သွေးတိုးစမ်း၍



တင်ပြလိုက်၏။

"ဒီအတွက် မပူပါနဲ့၊ ဂျပန်ပြည်ဘုရင်မင်းမြတ်ရဲ့အနွယ်တော်လည်းဖြစ်၊ သိုင်းပညာအရာမှာ အလွန်ထူးချွန်စိတ်ချရတဲ့ လူတစ်ယောက်ဟာ ဒီမြို့မှာရှိနေတယ်၊ လူကြီးမင်းကို လာပြီး သတင်းပေးသူပဲ ဖြစ်ပါတယ်၊ သူကိုယ်တိုင် လူကြီးမင်းနဲ့အတူ လိုက်ပါစောင့်ရှောက်ပါလိမ့်မယ်"

အန်းစီရီ၏မျက်လုံးထဲတွင် ကျူးဝေဝေကို ထင်းခနဲ မြင်ယောင်လာသည်။

သွယ်နွဲ့သောဟန်ပန်ဖြင့် နူးညံ့သောမိန်းမသားဖြစ်သော်လည်း ဂျပန်ပြည်ဘုရင်မင်းမြတ်ကိုယ်တိုင် အားကိုးရဆုံး စိတ်ချရဆုံး သိုင်းအကျော်အမော်တစ်ဦး ဖြစ်၏။

"ကောင်းပြီလေ၊ ကျွန်တော် အတတ်နိုင်ဆုံး အောင်မြင်အောင် ကြိုးစားပါ့မယ်လို့သာ သတင်းပို့လိုက်ပါ ကိုယ်စားလှယ်ကြီး"

စကားဆုံးသည်နှင့် ချယ်ရီကျွန်းသား ကိုယ်စားလှယ်တော်ကြီး ထိုင်ရာမှ ထလိုက်ပြီး ...

"ဒီလိုဆို ကောင်းပြီလေ၊ မင်း ကျူပ်ကို သွားခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားလေ၏။

အန်းစီရီသည် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်သည်။

ထိုစဉ်မှာပင် ...

တစ်စုံတစ်ယောက်သည် လျှင်မြန်သောအရှိန်ဖြင့် ပြေးဝင်လာကာ အန်းစီရီရှေ့တွင် တုန့်ခနဲရပ်လိုက်၏။

"ဟော့ ... ဘယ်သူလဲ၊ ဘာလို့ ဒီလောက်အရေးကြီး ဖြစ်ရတာလဲ"

သူသည် ဝင်လာသူကို ဆီးကြို၍ ဟောက်လိုက်၏။

"ခြံထဲမှာ စွန်ရဲသိုင်းသမားကြီးယုံစိမ်ကို ဘယ်သူလုပ်ကြသွားမှန်းမသိဘဲ သေဆုံးနေတာကို တွေ့ရပါတယ် သခင်ကြီး"

သူသည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မည်သည့်စကားမျှ မမေးနိုင်တော့ဘဲ အလွန်လျင်မြန်သောအဟုန်ဖြင့် ခြံထဲသို့ ပြေးဆင်းသွားလေ၏။

အိမ်ပြင်သို့ ထွက်လိုက်သည်နှင့် ခြံဝင်းတစ်နေရာတွင် ငှ များ စုရုံးနေသည်ကို တွေ့လိုက်ရသည်။



မကြာပါချေ။

ထိုနေရာသို့ အန်းစီရီ ရောက်လာသည်။

ဟုတ်သည်။

မြေပြင်ပေါ်တွင် တစောင်းလဲလျက် အသက်ပျောက်နေသော စွန်ရဲသိုင်းသမားယုံစိမ်ကို တွေ့လိုက်ရသည်။

"ဒီအလောင်းကို ဘယ်အချိန်က တွေ့တာလဲ"

"အခုလေးတင်ပဲ၊ ဒီနေရာကို ကျုပ်လျှောက်လာရင်း တွေ့လိုက်ရတာပဲ"

သံလက်သီးဝမ်းစွေက ဖြေလိုက်ခြင်းဖြစ်သည်။

"ခြံထဲထိ ကျူးကျော်ဝင်ရောက်ပြီး လုပ်ကြံသွားတယ်ဆိုတော့ ..."

မျက်မှောင်ကို တစ်ချက်ကုတ်လိုက်ပြီး ဖြည်းလေးစွာ ပြောလိုက်သော အန်းစီရီကိုကြည့်ပြီး ...

"ကျုပ်လည်း အဲဒါကို မခံချင်တာပေါ့၊ ဒီလောက် လူတွေများပြီး ဝင်းတံခါးကြီးကိုလည်း သေသေချာချာ ပိတ်ထားလျက်နဲ့ အခုလိုဖြစ်ရတယ်ဆိုတာ အတော့်ကို ရှက်စရာကောင်းတဲ့ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားသည် မှန်ကန်နေသဖြင့် အန်းစီရီမှာ ဘာမှပြန်မ
ပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေမိသည်။

"လူသတ်သမားရဲ့အရိပ်အယောင်ကိုကော မမြင်လိုက်ကြ
ဘူးလား"

သူ၏လူများကိုလှည့်၍ မေးလိုက်ခြင်းဖြစ်သည်။

"မ ... မမြင်လိုက်ပါဘူး သခင်ကြီး"

"မင်းတို့ ဘယ်မှာသွားအိပ်နေကြတာလဲ"

ဖြေဆိုသူကို ထပ်မံ၍ ဟိန်းဟောက်လိုက်ပြန်သည်။

"ဘယ်သူမှမအိပ်ကြသေးပါဘူး၊ စောစောကတင် ကျွန်ုပ်
စကားပြောပြီး သူ ဒီဘက်ကိုထွက်လာတာပဲ၊ ကျွန်ုပ်နားထဲမှာ ဒီဘက်
က တိုက်ခိုက်သံတွေ ကြားလိုက်ရသလိုရှိတာနဲ့ လာကြည့်တဲ့အခါ
ယုံစိမ်ကို ဒီအတိုင်း သွေးအိုင်ထဲမှာ လဲနေတာကို တွေ့ရတော့တာပဲ"

အန်းစီရီသည် ဘာစကားမှမပြောတော့ဘဲ ယုံစိမ်အ
လောင်းကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

ရှန်သူ၏ဓားချက်သည် ဘယ်ဘက်လက်ပြင်၌ စိုက်ဝင်သွား
ပြီး ရှေ့ဘက်ရင်အုံမှ ထိုးဖောက်သွားသည်ကို တွေ့လိုက်ရသည်။



အန်းစီရီသည် မည်သည့်စကားကိုမျှမပြောတော့ဘဲ အိမ်
ကြီးဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လှမ်းလျှောက်ဝင်သွားတော့သည်။

ကျန်ရစ်သူများသည် ယုံစိမ်၏အလောင်းကို သင့်တော်ရာ
တစ်နေရာတွင် မြှုပ်နှံလိုက်ကြ၏။

သံလက်သီးဝမ်းစွေနှင့်စာပေသမားကျွမ်းလုတို့သည် သူတို့
၏ရောင်းရင်းတစ်ယောက် ကျဆုံးမှုအတွက် ဝမ်းနည်းကြေကွဲသော
မျက်နှာများဖြင့် အလောင်းမြှုပ်နှံရာကို စိုက်ကြည့်နေကြသည်။

အချိန်သည် သန်းခေါင်ယံကိုကျော်လွန်နေပေပြီ။

ညဥ့်သည် ကွယ်ပျောက်သောနေကို ရှာဖွေရန် အရှေ့ဦးဆီ
သို့ အပြေးသွားလျက် ရှိ၏။

တစ်ချိန်သောအခါတွင် ဖုံးကွယ်မှုတရားခံသည် မှန်ကန်မှု
ရင်ခွင်၏ဖမ်းဆီးထွေးပိုက်မှုကို ခံရမည်ဖြစ်သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## ချယ်ရီကျွန်းမှတမန်တော်

ဆိုင်တွင်းသို့ ဝင်လိုက်သည်နှင့် ပါးလျားလှသော လူ ယောက်နှင့် မျက်နှာချင်းဆိုင် တိုက်လုမတတ် ဖြစ်သွားသည်။

"မတော်လို့ပါခင်ဗျာ"

စစ်ခန်းသည် ရည်မွန်စွာတောင်းပန်ရင်းမှ ဆိုင်တွင်း လှမ်းဝင်လိုက်၏။

သို့သော် သူ့ခြေလှမ်းသည် အတွင်းသို့ မရောက်ဘဲ မြှောက်လက်စကြီးနှင့် နောက်သို့ ယိုင်လျက်ပါသွားသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တွဲ့ခနဲ အဆွဲခံလိုက် သည်။

"ဟာ"



နှုတ်မှလည်း ရုတ်တရက် ထိတ်လန့်တကြား အော်လိုက်မိသည်။

"ဘယ်လိုလဲ ကိုယ့်လူ၊ ကျုပ်က ကျေနပ်ပြီလို့ မပြောသေးဘဲ ဒီအတိုင်း အထဲဝင်သွားလို့ရမလား"

နောက်မှ တွဲ့ဆွဲလိုက်သူက မချေင်သောစကားဖြင့် ပြောသာချေ၏။

စစ်ခန်း၏စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွားသည်။

သူသည် မျက်နှာကို စေ့စေ့ကြည့်လိုက်သောအခါ မဖျော်ဆင့်သောလူတစ်ယောက်ကို တွေ့လိုက်ရ၏။

"ဟာ ... ညီမ"

မှန်သည်။

ယောကျ်ားလေးတစ်ယောက်အသွင် ဝတ်ဆင်ထားသော နန်းနိုင်းနိုင်းကို တွေ့လိုက်ရသောကြောင့် အံ့သြမှု ဖြစ်သွားရသည်။

"အစ်ကို ဘာလာလုပ်တာလဲ"

ပြုံးစစမျက်နှာဖြင့် စစ်ခန်းကိုကြည့်ရင်း မေးလိုက်၏။

"ညီမရော ... ဘာလာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမေးကို မဖြေဘဲ ပြန်လည်၍ မေးခွန်းထုတ်လိုက်သည်။

"စားသောက်ဆိုင်ကို လာတာ ... စားဖို့အတွက်ပဲပေါ့"

"ဒီလိုဆို ... စားပြီးပြီလား"

သူမက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ...

"အင်း ... အခုပဲ စားပြီးတယ်"

တစ်ဖန် ...

စစ်ခန်းကိုကြည့်လျက် ...

"အစ်ကိုက ခုမှစားဖို့လာတာ မဟုတ်လား၊ ကဲလာ ... ညီမ ကျွေးမယ်"

ပြောပြောဆိုဆို သူ၏လက်ကိုဆွဲပြီး ဆိုင်ထဲသို့ ဝင်သွားလိုက်၏။

ဆိုင်ထဲ၌ စားပွဲလွတ်တစ်လုံးတွင် မျက်နှာချင်းဆိုင် ဝင်၍ ထိုင်လိုက်ကြ၏။

ထို့နောက် စားသောက်စရာများကို မှာလိုက်၏။

သူမသည် စစ်ခန်းအား တစ်ချက်ကြည့်လိုက်ပြီး ...



"အစ်ကို ... ဘယ်တွေပျောက်သွားနေသလဲ"

"ဘယ်ကိုမှ ပျောက်မသွားပါဘူး၊ ဒီမြို့ထဲမှာပဲ ရှိနေပါတယ်"

"ဟို ... အစ်မကျူးဝေဝေတို့ မောင်နှမရော ပါမလာဘူးလား"

"သူတို့ ခရီးသွားကြတယ်၊ မနေ့က ပြန်လာပြီးကတည်းက တစ်ခါတည်း ဆက်သွားကြတာပဲ၊ အစ်ကိုသာ နေခဲ့တာပါ"

မကြာမီမှာပင် ...

စားစရာများကို အငွေ့တထောင်ထောင်ဖြင့် လင်ဗန်းပေါ်တွင် တင်၍ယူလာသော စားပွဲထိုးလေး ရောက်လာပြီး စားပွဲပေါ်တွင် စားစရာများကို စီစီရီရီချပေးလိုက်သည်။

ထို့နောက် စစ်ခန်းက စားစရာများကို အားပါးတရစားနေလိုက်လေသည်။

"အခု ညီမမြို့ထဲ ထွက်လာတာ ကိစ္စတစ်ခုရှိလို့ အစ်ကိုရဲ့"

သူမသည် နံဘေးမှ စားပွဲထိုးများကို အကဲခတ်ရင်း ခပ်တိုးတိုးပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်း ဘာမှမပြောဘဲ နားစွင့်နေ၏။

"အဲဒါ ဘာကြောင့်လဲ အစ်ကိုသိလား"

သူမ မေးခွန်းထုတ်လိုက်၏။ စစ်ခန်း ခေါင်းခါပြီး ...

"ဟင့်အင်း ... ညီမပြောမှ သိမှာပေါ့"

သူမက တည်ကြည်လေးနက်သော လေသံဖြင့် ...

"မနေ့ညတုန်းက မြို့ထဲမှာ စွန်ရဲသိုင်းသမားကြီး ယုံစိမ် လုပ်ကြံခံလိုက်ရတယ်"

သူမ၏စကားက သူ့အား မျက်လုံးပြူးသွားစေ၏။

"ဟင်"

စစ်ခန်းက ပျာပျာသလဲ အမူအရာဖြင့် ...

"ဘယ်သူက အခု လုပ်ကြံသွားတာလဲ"

သူမ ခေါင်းခါလိုက်၏။

"တရားခံကို အခုထိ မသိရသေးဘူး"

စစ်ခန်းသည် သူမကို စေ့စေ့ကြည့်လိုက်ပြီး ...

"ဒါဆို ညက မြို့ထဲမှာ တော်တော်ယောက်ယက်ခတ်သွားမှာပေါ့"



သူမ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဖေဖေဆိုဟာ စိတ်ဆိုးလွန်းလို့ ညက တစ်ညလုံး မအိပ်ပါဘူး"

စစ်ခန်း စကားဆက်လိုက်၏။

"ဟို ... သံလက်သီးဝမ်းဓွေနဲ့ စာပေသမားကျွမ်းလုရော ဘာပြောကြသေးသလဲ"

သူမက စိတ်ရှုပ်ဟန်ဖြင့် ...

"သူတို့က ဘယ်ကျေနပ်ကြမလဲ"

စစ်ခန်းသည် သူမကို စေ့စေ့ကြည့်လိုက်ပြီး ...

"ဒါဖြင့် ... ညီမက မြို့ထဲကို လာပြီးတော့"

သူမက ခေါင်းညိတ်လိုက်၏။

ထိုအခါ ..

"ဟုတ်တယ်၊ တရားခံရဲ့ သတင်းအစအနကို ထောက်ထားနိုင်ပေါ့"

စစ်ခန်းက စားသောက်သည့်ကိစ္စကို နောက်ဆုံး အစသတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး ထိုဆိုင်တွင်းမှ သူမနှင့်အတူ ထွက်လာခဲ့၏။

လမ်းမသို့ရောက်သောအခါ ...

"ကဲ ညီမ အစ်ကိုသွားတော့မယ်နော်"

အန်းနိုင်းနိုင်း ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ အစ်ကို၊ ညီမလည်း သွားစရာရှိသေးတယ်"

ဟု ပြောကာ အသီးသီး လမ်းခွဲလိုက်ကြလေတော့သည်။

○

ယမန်နေ့က အဖြစ်အပျက်ကြောင့် ခြံဝင်းကြီးတစ်ခုလုံး၏ ခြံစည်းရိုးနေရာတိုင်းတွင် ယခင်ရှိရင်းစွဲ အစောင့်အရှောက်များထက် နှစ်ဆမျှ ပိုချထားသည်။

ဧည့်ခန်းမဆောင်၏အလယ်ရှိ စားပွဲတွင် အန်းစီရီအပါအဝင် လူလေးယောက်နေကြ၏။

သူတို့မှာ စားပွဲ၏ထိပ်တွင်ရှိသော အန်းစီရီ၏နံဘေးတွင်



သမီးဖြစ်သူ အန်းနိုင်းနိုင်းက ထိုင်လျက်ရှိ၏။

အန်းနိုင်းနိုင်း၏မျက်နှာချင်းဆိုင်ထိုင်ခုံတွင် သံလက်သီးစမ်း ဧွနှင့် တပေသမားကျွမ်းလုတို့ ထိုင်နေကြ၏။

အန်းနိုင်းနိုင်း၏နံဘေးခုံမှာ လွတ်လျက်ရှိသည်။

ယင်းခုံနေရာ၏ပိုင်ရှင်သည် ယမန်နေ့ညက သေဆုံးသွားသော သိုင်းသမားပဲ့စိမ်၏နေရာပင်ဖြစ်သည်။

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများအပြင် အကောင်း စားအရက်အိုးကို တင်ဆောင်ထားသည်။

သို့သော် ဤစားသောက်ဖွယ်ရာများတို့ကို မည်သူမျှ တို့ထိခြင်း မရှိကြချေ။

ဤစားသောက်ဖွယ်ရာများ စားလိုကြသည့် စိတ်ထက် အန္တရာယ်အငွေ့အသက်ကို သူတို့၏အတွင်းစိတ်များတွင် သိရှိခံစားနေမိကြ၏။

"ကဲ ... အစောင့်အရှောက်တွေကိုလည်း ပိုပြီး တိုးချထား၏ ဘာမှစိုးရိမ်သောက ရောက်မနေကြပါနဲ့ စားစရာရှိတာ မြိန်မြိန် ယှက်ရှက် သုံးဆောင်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိပ်တွင်ထိုင်နေသော အန်းစီရီသည် ပြောဆိုပြီး သူ

ရှေ့၌ရှိသည့် နှင်းဆီပန်းတံဆိပ် ကပ်ထားသော ...ကောင်း

အရက်အိုးကြီးကို မ,ယူ၍ မော့ချလိုက်၏။

ကျန်ရှိနေသော စားပွဲနံဘေးမှ ပုဂ္ဂိုလ်များသည် အန်းစီရီ

ကြည့်လိုက် ...

သူတို့ရှေ့မှ စားသောက်ဖွယ်ရာတို့ကို စားလိုက် ...

အရက်အိုးများကို မော့လိုက်နှင့် တစ်ခဏအတွင်း စား

သောက်ပွဲလေးသည် စည်ကားလာခဲ့၏။

"သမီး ... ဒီကနေ့ မြို့ထဲသွားတာ ဘာများထူးခြားခဲ့သလဲ"

ဖခင်ဖြစ်သူ၏အမေးကြောင့် တို့ကနန်း ဆိတ်ကနန်း စား

သည်ပင် တန့်ခနဲဖြစ်သွား၏။

သူမသည် ရင်ထိတ်သွား၏။

အမှန်မှာ ...

သူမသည် ယနေ့နေ့ခင်း မည်သည့်နေရာကိုမှ သွားရော

သောက်လုပ်ခြင်းမရှိဘဲ စစ်ခန်းနှင့် စားသောက်ဆိုင်တွင် စကားပြော

ပြီး ပြန်လာခဲ့ခြင်း ဖြစ်၏။



ယခုလည်း ...

သူမသည် ဖခင်ရှိနေ၍သာ ဟန်မပျက် ဝင်ရောက်စား

သောက်နေခြင်းဖြစ်၏။

သို့သော် ...

သူမသည် ဖခင်ဖြစ်သူ၏အမေးစကားကို ဟန်မပျက် ဖြေ

လိုက်၏။

"ဘာမှတော့ သိပ်ထူးခြားမှုမတွေ့ပါဘူး၊ လူသတ်သမား

ဟာ ကိုယ်ရောင်ဖျောက်နေတဲ့လူကလည်း ဖြစ်တယ်၊ နောက် သူက

သာ ကျွန်မတို့ကို သိပြီး ကျွန်မတို့က သူ့ကို သိရတာ မဟုတ်တော့

ပိုပြီး ရှာရခက်တာပေါ့၊ ဒါပေမဲ့ လမ်းဆုံးရင် ရှာတွေ့မှာပါ"

အန်းနိုင်းနိုင်း၏ချက်ကျလက်ကျ စကားကြောင့် အန်းစီရီမှ

အစ သံလက်သီးဝမ်းစွေနှင့်စာပေသမား ကျွမ်းလုတို့ပါ ခေါင်းကို

တဆတ်ဆတ် ညိတ်ပြီး ထောက်ခံနေမိကြလေသည်။

"ကဲ ... ရောင်းရင်းတို့ကရော ဘာများထူးသေးလဲ"

အန်းစီရီက တစ်ဖက်သို့လှည့်၍ မေးခွန်းထုတ်လိုက်ပြန်

သည်။

www.burmeseclassic.com

www.burmeseclassic.com



သံလက်သီးဝမ်းခွေက သက်ပြင်းတစ်ချက် ချလိုက်ပြီးနောင်

"ကျုပ်တို့လည်း ဘာမှမထူးခြားလှပါဘူး၊ တူမလေးပြော သွားတဲ့ စကားအတိုင်းပဲ၊ ရန်သူကသာ ကိုယ့်ကိုယ်ကိုယ် သိနေပြီး ကိုယ်က ရန်သူကို မသိရတော့ စုံစမ်းနေရတယ်၊ အရာထင်မှားတော့ မဟုတ်ဘူး ထင်တယ်"

သူ တွေးတွေးဆဆပင် ပြော၏။

ကျွမ်းလု ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ဒီတော့ ဒီတရားခံကို အတင်းလိုက်ရှာနေ လို့ အချိန်ကုန် လူပင်ပန်းရုံပဲ ရှိမယ်၊ တိုကုဆောက်စွ မဖြစ်မချင်း ကျုပ်တို့ ဒီခြံထဲမှာပဲ လုံလုံခြုံခြုံ စောင့်ကြည့်ရင်ကောင်းလိမ့်မယ်"

ကျွမ်းလုက သူ၏ခံယူချက်ကို ဆက်ပြောလိုက်ခြင်း ဖြစ် သည်။

သံလက်သီးဝမ်းခွေကခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီး

"ဟုတ်တယ်၊ အဲဒါ ကောင်းတယ်၊ အခုလို ခြံစည်းရိုးရဲ့ နေရာ တိုင်းမှာ လုံခြုံရေးအစေနဲ့ အဖွဲ့လိုက် နေရာချထားပြီးပြီ၊ ဒီရန်သူကို ကြောက်စရာ မလိုဘူး"



ဟု ပြောလိုက်၏။

အန်းစီရီသည် ထိုလူတို့၏စကားများကို စဉ်းစားဝေဖန်ရင်း သူ၏မှတ်ဆိတ်မွေး မတိုမရှည်တို့ကို သပ်လျက် ငြိမ်နေသည်။

"ဒါထက် ကျုပ်တစ်ခု မေးပါရစေ ဆရာကြီး"

သံလက်သီးဝမ်းခွေက အန်းစီရီကို စကားပလ္လင်ခံလိုက် သည်။

"မေးပါ၊ ဖြေသင့်ရင် ဖြေပါ့မယ်"

အန်းစီရီက ငြင်းချက်နှင့် ခွင့်ပေးလိုက်၏။

"ဟိုလေ ... တိုကုဆောက်စွဟာ ဘာလဲ၊ ကျုပ်တို့ မသိရဘူး လား"

သံလက်သီး၏မေးခွန်းကို အန်းနိုင်းနိုင်းနှင့်ကျွမ်းလုတို့ကပါ စိတ်ဝင်စားသွားရ၏။

အားလုံးသည် အန်းစီရီ၏ပြန်လည်ဖြေကြားမည့်စကားသံ ကို နားစွင့်လျက် ရှိသည်။

"အဟမ်း"

အန်းစီရီသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက ကျုပ်တို့ရဲ့ဆောင်ရွက်ရမယ့်ကိစ္စမှာ ဂျပန်ဘုရင်မင်းမြတ်ရဲ့ဆက်သွယ်မှုဆိုင်ရာ အထူးလျှို့ဝှက်တမန်တော်ပဲ၊ ဒီဝိုကုဆာဆိုတာ ဒီထောက်လှမ်းရေးတမန်တော်ရဲ့အမည်ပါပဲ"

"ဟုတ်ကဲ့ ပြောပါ"

ကျွမ်းလုက ဝင်ရောက်ထောက်ခံလိုက်၏။

အန်းစီရိက ခေါင်းညိတ်ပြီး ...

"ဒီတော့ ... အခုလို ဝိုကုဆာဆိုတဲ့ နာမည်နဲ့ လူပြောင်းလူလွဲလုပ်ပြီး လူစားလဲလာနိုင်တယ်လေ၊ ဒီတော့ ... ခုလို ကိုယ့်ရှေ့ ဟုတ်,မဟုတ် ... ချယ်ရီကျွန်းသားထောက်လှမ်းရေးတမန်တော် ဟုတ်,မဟုတ် စစ်ဆေးကြည့်တဲ့အခါမှာ အမှတ်အသားပစ္စည်းတစ်ခု ပါရမယ်၊ ဒါကြောင့် ဒီပစ္စည်းဟာ ဘာပစ္စည်းလဲဆိုတာ ကျုပ်ကလွဲရင် ဘယ်သူမှ အသိပေးလို့ မဖြစ်ပါဘူး၊ ဘယ်လိုမှ စိတ်မရှိကြပါနဲ့ ...

တကယ်လို့ ဒီစကားဟာ ပေါက်ကြားသွားပြီး အခြားလူတစ်ယောက်က ကျုပ်ဆီကို ချယ်ရီကျွန်းသားတမန်တော်တစ်ဦးလို ဟန်ဆောင်ပြီး ရောက်လာခဲ့ရင် သူ့ကိုလည်း ကျုပ် မမြင်ဖူးတော့ ဒီပစ္စည်းကို သုံးပြီး ဘယ်လိုလုပ်မလဲ"



အန်းစီရိ၏ဆီလျော်သော အကြောင်းပြချက်ကြောင့် အားလုံး ပါးစပ်ပိတ်သွားကြ၏။

"ကဲ ... ဒီလိုဆိုရင် ဒီကိစ္စအောင်မြင်ရေးမှာ ကျုပ်တို့ရဲ့ အသက်နဲ့ ရင်းနှီးရမယ့် အကျိုးအမြတ်က ဘယ်လိုသတ်မှတ်ထားသလဲ"

ကျွမ်းလုက မေးလိုက်ပြန်၏။

အန်းစီရိက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒါကို ဂျပန်တပ်မှူးကြီးဆီကနေတစ်ဆင့် ဂျပန်မင်းမြတ်ဆီကို တင်ပြပေးပါ့မယ်၊ လောလောဆယ်တော့ ဒီကိစ္စအတွက် လျှံငွေတစ်သိန်းစီပေးဖို့ စီစဉ်ထားပါတယ်"

"လျှံငွေတစ်သိန်း ဟုတ်လား"

စာပေသမား ကျွမ်းလုက လျှံငွေတစ်သိန်းဆိုသည့်အသံကို ကြားလိုက်ရသည်နှင့် မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေ၏။

"လျှံငွေတစ်သိန်း ဟုတ်လား"

သေချာအောင် ထပ်မေးလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီက ခေါင်းညိတ်ပြီး ...

"ဟုတ်ပါတယ်၊ လှုံ့ငွေတစ်သိန်းပါ၊ ရွှေဆိုရင်လည်း ရွှေ ငွေဆိုရင်လည်း ငွေ၊ တန်ဖိုးညီမျှတဲ့ရွှေငွေတွေကို ပေးမယ်ဆိုတဲ့ အကြောင်းကိုတော့ သိထားပါတယ်"

သံလက်သီးဝမ်းစွေက မျက်မှောင်ကုတ်လိုက်ပြီး ...

"ဒါပေမဲ့ ... တင်ပြပေးပါ့မယ်ဆိုတာ ဘယ်ကိစ္စကို တင်ပြ ပေးမှာလဲ"

ဟု ကြားဖြတ်ဝင်မေးလိုက်၏။

"တယ်လည်း လောဘကြီးရှန်ကော" ဟူသော မျက်လုံးအစုံ ဖြင့် သံလက်သီးဝမ်းစွေကိုကြည့်ရင်း ...

"တကယ်လို့ ဂျပန်တွေရဲ့စစ်ပွဲဟာ အောင်မြင်ပြီး ဒီနယ်မြေ သိမ်းပိုက်တဲ့အခါ မြို့စားနယ်စားတွေရဲ့ တာဝန်ပေးအပ်ချီးမြှင့်တဲ့ နေရာမှာ ရာထူးတစ်နေရာရအတွက်ကို ပြောတာပါလေ"

အန်းစီရီက ပြောပြလိုက်၏။

တစ်ချိန်လုံး နံဘေး၌ ဘာစကားမျှမပြောဘဲ ထိုင်ပြီး နား ထောင်နေသော အန်းနိုင်းနိုင်းမှာ 'ဝါး'ခနဲ တစ်ချက်သမ်းဝေလိုက်ပြီး



သူတို့စကားများကို စိတ်မဝင်စားဟန်ဖြင့် ...

"ကျွန်မကို ခွင့်ပြုပါဦး"

ဟု အားလုံးကို နှုတ်ဆက်လိုက်၏။

"ဖေဖေ ... သမီးအိပ်ခန်းကို ပြန်ပါရစေတော့၊ ဒီကနေ့ ခရီးနည်းနည်းပန်းသွားလို့ပါ"

သူမသည် ဖခင်ဖြစ်သူကိုလှည့်၍ တောင်းပန်စကားနှင့် ခွင့် ခံလိုက်၏။

အန်းစီရီက အသာအယာပြုံး၍ ခေါင်းညိတ်ခွင့်ပေးလိုက် သောအခါ နေရာမှအသာထ၍ ဧည့်ခန်းဆောင်အတွင်းမှ ထွက်ခွာ သွားလေတော့၏။ အန်းစီရီက သမီးဖြစ်သူ ထွက်ခွာသွားသောအခါ

"ကဲ ... မိတ်ဆွေတို့၊ မိတ်ဆွေတို့ရဲ့သဘောထားဟာ ဒီလုပ် ငန်းကို ဆက်ပြီးလုပ်ဖို့ စိတ်ထဲက သေသေချာချာစဉ်းစားပြီးကြပြီ လား"

ကောက်ကာငင်ကာ မေးလိုက်သော အန်းစီရီ၏စကား ကြောင့် သံလက်သီးဝမ်းစွေနှင့် ဓားပေသမား ကျွမ်းလုတို့နှစ်ယောက် စိတ်လန့်တကြားဖြင့် အန်းစီရီကိုကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုအစီအစဉ်များရှိလို့ ဒီစကားကို ပြောရတာလဲ အ
စီရီ”

ကျွမ်းလုက မေးလိုက်ခြင်းဖြစ်၏။

အန်းစီရီမှာ သူ၏အတွင်းစိတ် ဖြစ်ပေါ်နေသော သ
ထားကို ပြောသင့်မပြောသင့် ချိန်ဆနေသကဲ့သို့ ဝမ်းစွေနှင့်ကျွ
တို့မှာလည်း အန်းစီရီ၏ပြန်လည်ဖြေဆိုသည့်အသံကို နားစွင့်နေ

အန်းစီရီသည် ဝေခွဲမရဖြစ်နေသော သူ၏သဘော
မည်သို့ပြောဆိုရမှန်းမသိအောင် ဖြစ်နေရှာသည်။

“မိတ်ဆွေကြီးပြောမယ့်စကားကိုသာ ပြောစမ်းပါ၊ ကျွ
က သွေးသောက်ညီအစ်ကိုတွေပါ၊ ဘာမဆို ဆိုးလည်းအတူ
ကောင်းလည်း အတူတူ မျှဝေခံစားကြရမယ့်လူတွေပါ”

အန်းစီရီ တွေဝေနေသောအဖြစ်ကို သိသဖြင့် ဝမ်းစွေ
ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်သည်။

“ဟုတ်တယ်၊ ကျုပ်တို့ဟာ သိုင်းလောကထဲကို ဝင်လာ
ကတည်းက တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကူညီစောင့်ရှောက်ခဲ့
တာပဲ၊ ဘာမဆို ယုံကြည်စေချင်တယ်”



ကျွမ်းလုကလည်း အားတက်သရော ပြောဆိုလိုက်သည်။

အန်းစီရီက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ ဒီကိစ္စမှာ ကျုပ်က ခေါင်းဆောင်နေရာယူထားရတာဆိုတော့ လုပ်ငန်းတစ်ခုရဲ့ဖြစ်မြောက်အောင်မြင်မှု၊ ကျဆုံးမှုတွေဟာ ကျုပ်အပေါ်မှာ မူတည်နေပါတယ်၊ ဒါပေမဲ့ အခု ...”

သူ၏စကားက တစ်ဝက်နှင့် ရပ်သွားပြန်၏။

ဝမ်းစွေနှင့်ကျွမ်းလုတို့သည် အန်းစီရီ၏ဆက်မည့်စကားကို မိမိတို့စိတ်ကူးဖြင့် မိမိတို့ပုံဖော်တွေးတောနေကြ၏။

အမှန်မှာ အန်းစီရီသည် သိုင်းလောကသို့ စတင်ဝင်ရောက်စဉ်မှာပင် ဤဝမ်းစွေ၊ ကျွမ်းလုနှင့်သေဆုံးသွားခဲ့သော ယုံစိမ်တို့မှာ အထူးချစ်ခင်လှသော မိတ်ဆွေများ ဖြစ်ကြ၏။

စိတ်ဆိုးလျှင်လည်း တစ်ဦးနှင့်တစ်ဦး ခဏမျှသာ စိတ်ဆိုးတတ်ကြပြီး မကြာမီ ပြန်လည်သင့်မြတ်တတ်ကြ၏။

ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြ၏။

ဆယ်နှစ်တာကာလအတွင်း အန်းစီရီမှာ ဒုစရိုက်လုပ်ငန်းများကို ဆက်တိုက်လုပ်ရှားပြီး ပျောက်ကွယ်သွားကာ ယခုပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသောအခါ သူ၏မိတ်ဆွေရင်းချာများဖြစ်ကြသော မိတ်ဆွေသုံးဦးစလုံး စည်းရုံးခေါ်ဆောင်ထားခြင်းဖြစ်၏။

အမှန်မှာ ...

ယခင် အန်းစီရီသည် ဒုစရိုက်လုပ်ငန်းများဖြင့် ကျင်လည်ခဲ့စဉ်ကာလကမှ ဝမ်းရွှေ၊ ယုံစိမ်နှင့် ကျွမ်းလုတို့မှာ အန်းစီရီကိုလည်း အခင်မင်မပျက် ခင်မင်ခဲ့ကြ၏။

သူ၏ဒုစရိုက်လုပ်ငန်းများကို ဝင်ရောက်ကူညီခြင်းလည်း မရှိ နှောင့်ယှက်ဝေဖန်ခြင်းလည်းမပြုဘဲ သီးသန့်နေထိုင်ခဲ့သော်လည်း ဆယ်နှစ်ကျော်ကွယ်ပျောက်နေသော သူငယ်ချင်းမိတ်ဆွေတစ်ဦးကို ပြန်၍တွေ့ဆုံရသဖြင့်လည်းကောင်း၊ အန်းစီရီ၏နောက်ဆုံး ဤတစ်ကြိမ်သာ ကူညီပါဟု တောင်းပန်ခြင်းကြောင့်လည်းကောင်း ယခုကဲ့သို့ တိုင်းပြည်အား ရောင်းစားမည့်ကိစ္စရပ်မျိုးထဲ၌ ပါဝင်လာရခြင်းဖြစ်၏။

အမှန်တကယ်တွင် ...

သူ၏ရင်ထဲ၌ရှိသော မျိုးချစ်သိုင်းသမားကောင်းစိတ်များသည် မီးခဲပြာဖုံးနေခြင်းသာ ဖြစ်၏။

ဝမ်းရွှေသည် အတန်ကြာစဉ်းစားလိုက်ပြီး ...



"ဒီမှာသူငယ်ချင်း ... မင်းနဲ့ငါဆိုတဲ့ ဟိုတုန်းက အခေါ်အဝေါ်မျိုးနဲ့ပဲ ဆွေးနွေးကြရအောင်၊ ဟုတ်လား"

ဝမ်းရွှေ၏ပြုံးရွှင်စွာ ပြောဆိုလိုက်သောစကားကို နားထောင်ရင်း အန်းစီရီသည် ငယ်စဉ်ကကဲ့သို့ စိတ်ထဲတွင် ပျော်ပါးကြည်နူးသွားမိ၏။

သူသည် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး ...

"သိပ်ကောင်းတာပေါ့ သူငယ်ချင်းရာ၊ အခု ... တို့မှာက လုပ်ငန်းကိစ္စပုံစံနဲ့ ဆရာကြီး၊ မိတ်ဆွေဆိုတဲ့ အသုံးအနှုန်းတွေက စကားပြောရတာ မလွတ်လပ်ပါဘူး"

အန်းစီရီ၏စကားကို ကြားလိုက်ရသော ကျွမ်းလုမှာ ...

"ဟား ဟား ဟား ... ကောင်းတယ်ဟေ့ ကောင်းတယ်၊ ငါ လည်း သိတ်ကြိုက်တယ်"

ဟု သဘောကျစွာ ရယ်မောရင်း ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဝမ်းရွှေက အန်းစီရီအား စေ့စေ့ကြည့်လိုက်ပြီး ...

"ကဲ ... အခု မင်းစိတ်ထဲမှာ ဒီလုပ်ငန်းကို ဆက်လုပ်ရမှာ ခွန်လေးနေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



တဲ့တိုးကြီးမေးချလိုက်သော ဝမ်းစွေ၏စကားကြောင့် အန်းစီရီမှာ တုန်လှုပ်သွားရ၏။ အန်းစီရီ ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် သူငယ်ချင်း၊ ငါ ... ငါ"

ဝမ်းစွေသည် အားပေးနှစ်သိမ့်သောအပြုံးဖြင့် ...

"မင်းမှာ တစ်ချိန်တုန်းက ... ဘယ်လိုပဲ မကောင်းမှုတွေ လုပ်လာလာ၊ လူတွေကိုပဲ သတ်လာလာ တုန်လှုပ်မှုမရှိခဲ့ဘူး ဥပဒေကို လက်တစ်လုံးကြား မင်းရှောင်ပြေးခဲ့တယ်၊ ဒါပေမဲ့ အခုတော့ တိုင်းပြည် နဲ့လူမျိုးကို ရောင်းစားရတော့မယ့်ကိစ္စမျိုးကိုတော့ မင်း လက်တွန့် နေမိတယ် မဟုတ်လား"

အန်းစီရီသည် ဝမ်းစွေ၏စကားကို ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။

"ဟုတ်တယ် သူငယ်ချင်း၊ ငါဟာ ဘယ်လိုလူမျိုးတွေကိုမှ မကြောက်ဘူး၊ ဘယ်လိုအန္တရာယ်နဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ သတ္တိရှိခဲ့ တယ်၊ လူတစ်ယောက်အသက်ကို မပြောနဲ့ ရာနဲ့ချီပြီး သတ်ခဲ့ဖူး အဆင့်အထိ ငါ လက်မန္တုခဲ့ဘူး၊ ဒါတွေကို ငါ အပိုပြောနေတာ မဟုတ်ဘူး၊ မင်းတို့သိတယ်"



ကျွမ်းလုက ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

"အေး ... အခု ငါဟာ ဘာမဟုတ်တဲ့ တိုကုဆာနဲ့ရင်ဆိုင်ရမှာကို ကြောက်နေတယ်၊ ရင်လေးနေတယ်၊ ကိုယ့်လိပ်ပြာ ကိုယ် မသန့်ဘူး၊ ဒါကြောင့် ငါ မင်းတို့ကို ခေါ်ထားပြီး ငါ့ကို ကူညီစောင့်ရှောက်ပေးဖို့ ပြောဆိုမိခဲ့တာပဲ"

အန်းစီရီသည် ရင်ထဲ၌ ကျိတ်ခဲထားသမျှကို ဖွင့်အံ၍ သွန်ချလိုက်ခြင်းဖြစ်သည်။

"အေး ... အဲဒါဟာ မကောင်းမှုဆိုတဲ့ အရိပ်မည်းရဲ့ လွှမ်းမိုးမှုကြောင့် မင်းစိတ်တွေ မှုမမှန်ဘဲ ကြောက်သွေးဟွေ့ဝင်လာတာပေါ့"

ကျွမ်းလုကလည်း ဝင်ပြောလိုက်ပြန်သည်။

အန်းစီရီက စကားဆက်လိုက်သည်။

"နောက် ငါ စဉ်းစားမိကယ်၊ ငါ့မှာ သမီးလေးတစ်ယောက် ရှိနေတယ်၊ မင်းတို့လို လွတ်လပ်တဲ့လူတစ်ယောက် မဟုတ်ဘူး၊ ဒီတော့ တကယ်လို့ ငါဟာ အခုနေများ သေဆုံးသွားရင် တိုင်းပြည် သစ္စာဖောက်၊ အသားထဲကထွက်တဲ့ လောက်ကောင်ရဲ့ သမီးဆိုပြီး ငါ့သမီးလေးဟာ သိုင်းလောကမှာရော လူ့လောကထဲမှာပါ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မဖော်ပုံအောင် ဖြစ်ပြီး ကျန်ရစ်ခဲ့မှာကို ငါ သတိထားမိပြီး စိုးရိမ်ထား တယ်"

အန်းစီရီ၏ကြေကွဲဝမ်းနည်းဟန် မျက်နှာထားဖြင့် ပြောအေ သော စကားရပ်တို့သည် နဂိုက စိတ်ရင်းကောင်းပြီး ရိုးသားခဲ့ကြ သော ဝမ်းရွှေနှင့်ကျွမ်းလုတို့မှာ စိတ်မကောင်းဖြစ်သွားကြသည်။

ကျွမ်းလုသည် အတန်ကြာစဉ်းစားလိုက်ပြီး ...

"ဟုတ်တယ်၊ ဒီကိစ္စဟာ ပိုပြီးအရေးကြီးတယ်၊ ဘာမှလည်း အပြစ်မရှိဘဲ အလွန်နုနယ်တဲ့ တူမလေးအန်းနိုင်းနိုင်းမှာ မင်းလုပ်ခဲ့ တဲ့ မကောင်းမှုအရိပ်အမည်းကြီးကြောင့် တစ်သက်လုံး လူ့လောက ထဲမှာ မျက်နှာမဖော်နိုင်အောင် ဖြစ်သွားစေမယ့်ကိစ္စကိုတော့ ငါတို့ သိပ်စိုးရိမ်မိတယ်"

တွေးတွေးဆဆဖြင့် ပြောလိုက်၏။

ဝမ်းရွှေသည် အန်းစီရီကို ကြည့်လိုက်ပြီး ...

"မင်းရဲ့ဇနီးဟာ မင်းနဲ့ ပတ်သက်လို့ စိတ်ဖောက်ပြန်သွား ရတာပဲ မဟုတ်လား"

သူ ခေါင်းညိတ်လိုက်ပြီး ...



"ဟုတ်တယ်၊ သမီးကို မွေးပြီးကာစ သွေးနုနုမှာ သူ့မျက်စိ ရှေ့ ချင်းအော်တောင်တန်းက လူစုနဲ့ တိုက်ခိုက်ကြရင်း ငါ့လက်ချက် နဲ့ လူအတော်များများ သေဆုံးကုန်တယ်၊ ဒါတွေကို တွေ့လိုက်ပြီး သွေးနုနုမို့ သွေးပျက်သွားတာကနေ စိတ္တဇဝေဒနာရှင်တစ်ယောက် ဖြစ်သွားရတာပဲ"

ဝမ်းနည်းကြေကွဲစွာ ရှင်းပြလိုက်သော သူ၏စကားသံမှာ တုန်ယင်နေ၏။

အတန်ကြာသည်အထိ တိတ်ဆိတ်သွားကြ၏။

စိတ်မကောင်းစရာ အဖြစ်အပျက်များကြောင့် အားလုံး ငိုင် သွား၏။

"ကဲ ... ဒီတော့ ပြီးခဲ့တာတွေကို ပြန်တွေးနေလို့ မပြီးဘူး၊ ခင်း ... ဘယ်လိုဖြစ်ချင်သလဲ၊ ငါလည်း ငါ့တိုင်းပြည် ငါ့လူမျိုးထက် ဒုပန်တွေဆီကရမယ့် လျှံငွေတစ်သိန်းမပြောနဲ့ ဆယ်သိန်းတောင် မက်တော့ဘူး၊ မင်းကသာ ဘာဖြစ်ချင်သလဲဆိုတာ ဆုံးဖြတ်ပါ"

ဝမ်းရွှေ ရဲဝံ့စွာ စကားဖြင့် အားပေးလိုက်၏။

ကျွမ်းလုကလည်း ထောက်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါလည်း ငါ့သူငယ်ချင်းယုံစိမ် သေဆုံး[illegible]တည်းက စိတ်ဓာတ်ကျနေတာ"

သူ ခေါင်းညိတ်လိုက်ပြီး ...

"ငါ သဘောပေါက်ပါပြီ၊ လက်ရှိအုပ်ချုပ်သူ လက်ရှိ ငါတို့[illegible] ဖခင် တိုင်းပြည်ဟာ တူညီမျှတတဲ့ အခွင့်အရေးတွေ ပေးထားလျှ[illegible] သူများထက်ပိုပြီး အခွင့်ထူးရချင်တဲ့ လောဘစိတ်ကြောင့် [illegible] ကျော်သူ တိုင်းတစ်ပါးသားတွေကို ငါ ရောင်စားဖို့ ကြံမိတယ်။

တကယ်တော့ ... ငါတို့တိုင်းပြည်ကို ဒီကောင်တွေ ရော[illegible] လာရင် ငါတို့တော့ လက်သပ်မွေး၊ လိုတာပေးပြီး ကျန်တဲ့ ပြည်[illegible] ပြည်သားတွေကို ကျွန်လိုလုပ်မယ်ဆိတာ ငါ သဘောပေါက်[illegible]"

အားလုံးသည် သူ၏စကားကို စူးစိုက်စွာ နားထောင်နေ[illegible] သည်။

သူက စကားဆက်လိုက်၏။

"ငါတစ်ယောက်တည်း ကောင်းစားရုံ ကောင်းစားပြီး [illegible] တိုင်းပြည်လုံး ကျွန်ဘာဝင်ရမယ့် အဖြစ်ကို ငါ ဆက်၍ မလုပ်[illegible] တော့ဘူး"



သူ၏စကားကို ကြားလိုက်ရသော ကျွမ်းလုက ပြုံးရွှင်စွာဖြင့် ...

"ကောင်းလိုက်တဲ့စကားကွာ၊ သူငယ်ချင်းရယ် ငါတို့လည်း ဝမ်းသာပါတယ်"

ဝမ်းစွေက မျက်မှောင်ကြုတ်ပြီး ...

"ဒါဖြင့် ... တို့အစီအစဉ် ဘယ်လိုဆက်လုပ်ကြမလဲ"

သူ ချောင်းတစ်ချက် ဟန့်ပြီး ...

"ချယ်ရီကျွန်းကိုယ်စားလှယ်တွေရဲ့သတင်းကို သက်ဆိုင်ရာမှခင်းတပ်ဖွဲ့တွေထံ သတင်းပေးပြီး စစ်ဘက်ဆိုင်ရာတွေကို အကြောင်းကြားခိုင်းမယ်၊ အခု ဂျပန်တွေ အလုံးအရင်းနဲ့ တပ်ဖျောက်ပြီး ကန်တန်မြို့မှာ စခန်းချနေတယ်ဆိုတဲ့သတင်းကို မှခင်းတပ်ဖွဲ့ဝင်တွေဆီ သတင်းပို့ပြီး သူတို့ရဲ့ စစ်ဦးစီးကို ချိုးပစ်ရမယ်၊ တို့ အခုနေတဲ့ စန်ကျန်းမြို့ကိုတော့ ဘယ်နည်းနဲ့မှ မရောက်နိုင်သေးဘူး ဘာဖြစ်လို့လဲဆိုတော့ ဟိုစီခရိုင်တစ်ခုလုံး ကြားခံနေတာကိုး"

ဟု အစီအစဉ်ကို ရှင်းပြလိုက်၏။

"ကောင်းတယ်၊ စစ်ဦးကျိုးသွားရင် ဒီကောင်တွေအား[illegible]နဲ့

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားမှာပဲ၊ အဲဒီမှာ တို့ဘက်ကနေ စီးတိုက်ပေးလိုက်ရင် ပြီး ထွက်သွားမှာပဲ"

ထို့နောက် ...

ဝမ်းရွှေ အားတက်သရောပြောလိုက်၏။

အန်းစီရီ သက်ပြင်းချလိုက်ပြီး ...

"အေး ... ဒါပေမဲ့ လောလောဆယ် ဒီသတင်းကိုပေးတဲ့ ဟာ ဂျပန်တွေဘက်က လွှတ်ထားတဲ့ တိုကုဆာ ဒီကိုရောက်မယ့် အချိန်မှာ သွားပြီး သတင်းပို့ရင် ပိုကောင်းမယ်၊ သူ့ကိုပါ တို့တစ်ခါ တည်း ဖမ်းဆီးလိုက်နိုင်ရင် သိပ်ကောင်းမယ်"

ကျွမ်းလု ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ဒီအကြံပိုကောင်းတယ်"

ဝမ်းရွှေ အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လောလောဆယ်တော့ ဒီကိုယ်စားလှယ်ကို မသိရသေး တာ ဆိုးတယ်"

တွေးတွေးဆဆ ဝင်ပြော၏။

သူက ကျွမ်းလုနှင့်ဝမ်းရွှေကို တစ်ချက်ငေးကြည့်လိုက်ပြီး—



"ငါ့ကို ကြိုတင်ပြီး သူလာမယ့်အကြောင်း သတင်းပို့ထားတဲ့ လူက ကျူးဝေဝေပဲ၊ သူဟာ ချယ်ရီကျွန်းရဲ့တပ်သားတစ်ဦးလို့ ကျွပ် သတင်းကြားထားတယ်"

သူ သိထားသမျှကို ဖွင့်ပြောလိုက်၏။

ဝမ်းရွှေက ထင်မြင်ချက်ကို တင်ပြပြန်၏။

"ဒါကတော့ တိုကုဆာက အမှတ်အသားပစ္စည်းဖော်ပြနိုင်မှ ဟုတ်မဟုတ် သိရတော့မှာပဲ၊ သူတို့မောင်နှမဟာ အခုလောလော ဆယ်မှာတော့ ဝရမ်းပြေးဖြစ်နေလို့ သတ်မှတ်ထားတဲ့ ရက်မရောက် ခင်မှာတော့ ဘယ်မှာမှ ထင်ထင်ပေါ်ပေါ် ရှိနေမှာ မဟုတ်ဘူး"

အန်းစီရီက ထိုင်ရာမှထ၍ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် သမ်းလျှောက်နေ၏။

ကျွမ်းလုက အရက်အိုးထဲမှ အရက်များကို အကုန်မော့ချ ပြီး အသားတုံးတစ်တုံးကို ကောက်ယူ၍ စားနေလိုက်လေသည်။

အခန်းထဲတွင် ထွန်းထားသော ဖယောင်းတိုင်မီးတိုင်များ က အချို့ငြိမ်းကုန်သဖြင့် စောစောကလောက် လင်းထိန်ခြင်း မရှိ တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စနဲ့ပတ်သက်လို့ လောလောဆယ်မှာ မင်းရင်ထဲမှာပဲ ထားပါ၊ ဘူမလေး အန်းနိုင်းနိုင်းကိုတောင် ဖွင့်မပြောပါနဲ့၊ သူ့ဘက ကလေးသာသာ ရှိသေးတော့ စကားပွသွားရင် တို့အကြံအစည် ပျက်သွားနိုင်တယ်"

ကျွမ်းလုက အန်းစီရီကို သတိပေးလိုက်၏။

သူ ခေါင်းညိတ်ပြပြီး ...

"စိတ်ချပါ၊ ငါ့ဘက်ကတော့ ဘယ်လိုမှ မပေါက်ကြားနိုင်ပါဘူး"

ဝမ်းဇွေကလည်း ကတိခံလိုက်၏။

"တို့ဘက်ကလည်း စိတ်ချပါ သူငယ်ချင်းရယ်၊ ငါတို့အသက် နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်"

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားပြန်၏။

အတန်ကြာမှ ...

အန်းစီရီက သူငယ်ချင်းနှစ်ယောက်ကို ငေးကြည့်ပြီး ...

"ကဲ ... ဒီညတော့ အခြေအနေကောင်းမှာပါ၊ လူသတ် ကောင်မပြောနဲ့ ခြံထဲကို ပုရွက်ဆိတ်တကောင် ဝင်လို့မရပါဘူး၊ စိတ်



ချလက်ချ အနားယူကြပေတော့၊ ငါလည်း အိပ်လိုက်ဦးမယ်"

"ကဲ ... ကောင်းပြီလေ"

ကျွမ်းလု ထိုင်ရာမှ ထလိုက်၏။

ပြီးမှ ...

သူတို့သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ရင်း ...

"တို့ အောင်မြင်ရမယ်"

ပြိုင်တူ တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ရင်း မိမိတို့ ၏အိပ်ခန်းအသီးသီးသို့ လှည့်ထွက်သွားလိုက်ကြလေတော့သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

## ထူးဆန်းစွာ ပျောက်ဆုံးခြင်း

ဝမ်းစွေ၏အိပ်ခန်းနှင့်ကျွမ်းလုတို့၏အိပ်ခန်းသည် အိမ်ကြီး၏အရှေ့ဘက်အဆောင်တွင် ရှိ၏။

အန်းစီရီ၏အိပ်ခန်းသည် တောင်ဘက်အဆောင်တွင် ဖြစ်သည်။

အိမ်ကြီး၏ဧည့်ခန်းကို ဗဟိုပြု၍ အိပ်ခန်းအသီးသီးကို ဖွဲ့စည်းထားသည်။

အပေါ်တည့်တည့်မှကြည့်လျှင် နံ့ာရီပုံစံကြီးဖြစ်၏။

အရှေ့ဘက်ဆောင်သို့ ကူးခဲ့ပြီး ပထမဆုံး အခန်းသည် ကျွမ်းလု၏အခန်းဖြစ်၏။

တံခါးကိုဖွင့်လျက် အတွင်းသို့ဝင်ကာနီး ...



"သူငယ်ချင်း ... ဒီညဟာ တို့အတွက် မင်္ဂလာညဖြစ်ပါစေ"

"မင်္ဂလာပါပဲဗျာ"

ကျွမ်းလု၏နှုတ်ဆက်မှုကို ဝမ်းစွေက ပြန်ဖြေရင်း တံခါးပိတ်သွားသော ကျွမ်းလုကိုကြည့်ပြီး သူ့အခန်းဆီသို့ ဆက်လျှောက်လာခဲ့သည်။

စကြံလမ်းတစ်လျှောက်သည် ထိန်လင်းသော မီးရောင်ကြောင့် လင်းထိန်စွာ မြင်နေရသည်။

မကြာမီမှာပင် ...သူ၏အိပ်ခန်းတံခါးဝသို့ ရောက်ရှိလာပြီးဖြစ်သည့်ပြင် အခန်းတံခါးကိုဖွင့်၍ ဝင်လိုက်၏။

အခန်းထဲ၌ မည်းမှောင်နေသည်။

အပြင်စကြံလမ်းမှ မီးရောင်အနည်းငယ်သာ ဖွင့်လိုက်သည့် တံခါးမှတစ်ဆင့် အခန်းတွင်းသို့ အနည်းငယ် တိုးဝင်နေသည်မှအပ သဲကွဲစွာ မမြင်ရချေ။

ဝမ်းစွေသည် မှောင်ထဲ၌ စားပွဲရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်သွားရင်း စားပွဲပေါ်ရှိ မီးခတ်နှင့်ဖယောင်းတိုင်ကိုယူ၍ မီးခတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝှမ်းစကို မီးစွဲသွားပြီဖြစ်သဖြင့် နံဘေးရှိ မီးအိမ်ကို မီးညှိ လိုက်၏။

အဝါရောင်မီးအိမ်ငယ်လေးကြောင့် အခန်းတွင်းဝယ် လင်း ထိန်ကြည်လင်သော အလင်းရောင်က ဖြာကျလာပြီး အခန်းတွင်းရှိ ပစ္စည်းများကို ရှင်းလင်းစွာ မြင်လာရတော့သည်။

ပစ္စည်းများသည် နဂိုရှိရင်းစွဲအတိုင်း ခုတင်သည် ခုတင် နေရာ၊ စားပွဲသည် စားပွဲနေရာ၊ ခွေးခြေသည် ခွေးခြေနေရာနှင့် သူ့ နေရာနှင့်သူ အသီးသီး လက်ရာမယွင်း ရှိနေလေတော့သည်။

ဝမ်းစွေသည် အခန်းတွင်းသို့ အကဲခတ်လိုက်ပြီးသည်နောက် သူ၏နံဘေးရှိ ပြတင်းပေါက်ဆီသို့ လျှောက်လာ၍ တံခါးမင်းတုန်းကို သေချာစစ်ဆေးလိုက်၏။

စိတ်ချရသော အနေအထားကို တွေ့မှပင် ခုတင်ပေါ်ရှိ အဝတ်ထုပ်ကလေးကို ဘေးသို့ ဖယ်လိုက်ရင်းမှ လှဲချလိုက်လေသည်။

တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကြောင့် ယခုကဲ့သို့ လှဲ လျောင်းလိုက်သောအခါ အကြောအချဉ်တို့သည် ပြေလျော့၍ ဆော အတွင်းမှာပင် မျက်လုံးများ မှေးကျလာလေတော့၏။



ထိုစဉ်မှာပင် ...

"ဒေါက် ဒေါက် ဒေါက်"

ထူးခြားသော တံခါးခေါက်သံကြောင့် ဝမ်းစွေမှာ ဆတ်ခနဲ ခေါင်းထောင်လာရ၏။

"ဘယ်သူလဲ"

ဟု ခပ်ဆတ်ဆတ် မေးလိုက်၏။

သို့သော် ...

အပြင်ဘက်မှ မည်သည့်တုံ့ပြန်ဖြေဆိုသံကိုမှ မကြားရပါ ချေ။

ထို့ကြောင့် ...

"ဟိတ် ... ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

ဟု ထပ်မံ၍ မေးလိုက်ပြန်သည်။

မည်သည့်ဖြေဆိုသံကိုမှ မကြားရသောအခါ အိပ်ရာမှ ထ လိုက်ပြီး တံခါးဝသို့ ဖြည်းလေးစွာ တိုးကပ်လာပြီး တံခါးချက်ကို ဆတ် ခနဲ ဖွင့်လိုက်၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အံ့အားသင့်သွား၏။

အခန်းရှေ့ နံရံပေါ်တွင် တိုကုဆာဟူသော စာလုံးသုံးလုံးကို တွေ့လိုက်ရ၍ဖြစ်၏။

သေချာကြည့်မိသောအခါ ယင်းစာလုံးသုံးလုံးသည် သွေးများဖြင့် ရေးသားထားသော စာလုံးတို့ဖြစ်ကြ၏။

သူသည် ထိန်လင်းနေသည့် စင်္ကြံတစ်လျှောက် ကျီးကန်းတောင်းမျှော်ကြည့်မိ၏။

မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

သက်ရှိသတ္တဝါဟူ၍ ပုရွက်ဆိတ်တစ်ကောင်မျှပင် မတွေ့ရပါ။

လမ်းတစ်လျှောက်လုံး ရှင်းနေသည်။

ချက်ချင်းပင် ...

သူ့အခန်းတံခါးကို ပိတ်လိုက်ပြီး ကျွမ်းလုအခန်းသို့ သွားရောက်ပြောကြားရန် ခြေလှမ်းလိုက်သည်နှင့် စောစောက သူ သတိမထားမိခဲ့သော အမိုးမျက်နှာကြက်ပေါ်မှ အရိပ်တစ်ခုသည် သူ့နောက်သို့ ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်ကို သတိထားမိသည်တွင်



ရုတ်တရက် နောက်ပြန်ဖြင့် ကန်ထည့်လိုက်လေသည်။

"ဗိုး"

ခြေသည် လေကိုသာ ကန်မိ၏။

ထို့ကြောင့် ခန္ဓာကိုယ်ကို နောက်သို့လှည့်ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားလေ၏။

"အင့်"

ဟူသော ညည်းသံနှင့်အတူ သူ၏ဘယ်ဘက်လက်ပြင်ထဲသို့ ချွန်ထက်သော ဓားတစ်ချောင်း ဝင်လာသည်ကိုသာ သိလိုက်ရသည်။

ဝမ်းဇွေ၏ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်ခါသွားပြီး ပြိုလဲကျသွားလေတော့သည်။

အနောက်ဘက်မှ အရိပ်သည် ဝမ်းဇွေ၏အိပ်ခန်းထဲသို့ ဝင်၍ ပြတင်းတံခါးကိုဖွင့်ကာ မှောင်ရိပ်ထဲသို့ ညင်သာစွာ ခုန်ချသွားလေတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်း အိပ်ရာမှ နိုးလာသောအချိန်တွင် မိုးအတော်လင်းနေပြီဖြစ်၏။

ယခု ...

သူတည်းခိုနေသည့် တည်းခိုခန်းသည် စုန်ကျွန်းမြို့၏အစွန်တွင် ရှိပြီး မထင်မရှား တည်းခိုခန်းလေး တစ်ခုပင် ဖြစ်လေသည်။

တည်းခိုခန်းမှာ ဈေးပေါလှသလို အခန်း၏ပြင်ဆင်မှုများလည်း လွန်စွာ ညံ့ဖျင်းလှ၏။

မသေမသပ် အခန်းကျဉ်းလေးထဲတွင် ယိုင်နဲ့နေသော ကျွန်းပျဉ်လေးတစ်ခုပေါ်၌ ဂုန်နီအိတ်သာသာခန့်ရှိ အခင်းအကျင်းဖြင့် သစ်သားခေါင်းအုံးလေးတစ်ခုကိုသာ ပေးထားနိုင်သည့် တည်းခိုခန်းဖြစ်၏။

ညဦးပိုင်းတွင် ခြင်က နှိပ်စက်သည့်အပြင် အခန်းမှာလည်း ပိတ်လှောင်နေသဖြင့် ပြတင်းပေါက်မှ ကျော်ဆင်း၍ အပြင်သို့ ထွက်ကာ လမ်းလျှောက်နေသဖြင့် အိပ်ရေးပျက်ခြင်းလည်း ဖြစ်သည်။

သူ့အခန်းတွင်းသို့ ပြန်ရောက်ချိန်တွင် ညဥ့်လယ်ပိုင်းကိုပင်



ကျော်နေပြီဖြစ်၏။

ထို့ကြောင့် ...

သူသည် ယခုလို အိပ်ရာထ နောက်ကျခြင်း ဖြစ်၏။

အိပ်ရေးမဝသည့်ဒဏ်ကြောင့် လူမှာ မလန်းဆန်းပေ။

ထို့ကြောင့် ...

အောက်ထပ်စားသောက်ခန်းသို့ ဆင်းကာ အရက်တစ်အိုးကို မှာယူ၍ သောက်မည်ဟု စိတ်ကူးနှင့် အိပ်ခန်းတွင်းမှ ထွက်လာခဲ့လေသည်။

အောက်ထပ်သို့ရောက်ရန် လှေကားရင်းရှိ ပိတ်ထားသော အခန်းတစ်ခန်းရှေ့သို့အရောက်တွင် သူ့ရင်ကို လှုပ်ခတ်လှိုင်းထသွားစေသော အသံတစ်သံကြားလိုက်ရ၏။

"အချိန်က နှစ်ရက်စာ လိုသေးတယ် အစ်ကိုကြီး"

ထိုအသံကို သူကြားဖူးသည်။

သူ မည်သည့်အခါမှ မေ့မည်မဟုတ်သောအသံ ဖြစ်လေသည်။

ထိုအသံပိုင်ရှင်မှာ ကျူးဝေဝေပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းသည် ချက်ချင်းပင် အခန်းဝသို့ ကပ်၍ နားစွင့်လိုက်သည်။

နားထောင်စဉ်ကမူ မည်သည့်ရည်ရွယ်ချက်မှ မပါသော်လည်း အခန်းတွင်းမှ ကြားလိုက်ရသောစကားကြောင့် ...

အလွန်တရာမှ စိတ်ဝင်စားသွားပြီး ဆက်လက်နားထောင်လိုက်၏။

သို့သော် ...

နောက်ပိုင်းစကားများသည် သူ့အား တည်းခိုခန်းတစ်ခုတွင် ရှာဖွေတွေ့ရှိလိမ့်မည်ဖြစ်ကြောင်း ...

သူတို့၏ကိစ္စပြီးမှ အေးဆေးစွာ ရှာဖွေရန် စကားမျှသာ ဖြစ်ကြောင်း ...

ဆက်လက်၍ နားမထောင်တော့ဘဲ သူတို့ ထွက်အလာကို အောက်ထပ်ရှိ စားသောက်ခန်းမှစောင့်ရန် ဆင်းလာခဲ့သည်။

အောက်ထပ်သို့အရောက်တွင် အပေါ်စား စားသောက်ဆိုင်ဖြစ်သည်နှင့်အညီ ယိုင်နဲ့စွာ ခင်းကျင်းထားသော စားပွဲများထဲမှ အကောင်းဆုံးစားပွဲတစ်ခုတွင် ထိုင်လိုက်ရင်း ...



သူ့ နဂိုအရက်သောက်ရန် အစီအစဉ်ကို ဖျက်လျက် ရိုးရိုးစားသောက်ဖွယ်ရာများကို မှာယူစားသောက်ရင်း ကျူးမောင်နှမ ဆင်းအလာကို စောင့်စားနေမိသည်။

မကြာလှသောအချိန်တွင် ...

ကျူးလုဆန်ဦးဆောင်လျက် ကျူးဝေဝေက နောက်မှကပ်၍ မောင်နှမနှစ်ယောက် စားသောက်ခန်းထဲသို့ ဝင်လာကြသည်ကို တွေ့ရသည်။

အနီးရောက်မှ အံ့အားသင့်သွားအောင် ခေါ်လိုက်မည်ဟု ကြံစည်ကာ စားသောက်ဖွယ်ရာများကို ငုံ့၍ ဟန်လုပ်စားသောက်နေလိုက်၏။

သို့သော် ...

မည်သူမျှမရှိသော စားသောက်ဆိုင်တွင်းမှာ မည်သည့်ထူးခြားသော လှုပ်ရှားသံမှ မကြားရသောကြောင့် မော့ကြည့်လိုက်သောအခါ ...

စောစောက စားသောက်ခန်းထဲသို့ ဝင်လာသော ကျူးမောင်နှမမှာ ပျောက်ချင်းမလှပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ တိုက်ရိုက်ထွက်သွားရန်မှာလည်း သူ၏နေရာမှ သာ မြတ်၍သွားနိုင်၏။

ယခုမူ ...

အပြင်သို့ ထွက်သွားခြင်းလည်း မရှိပါ။

စားသောက်ခန်းအတွင်းမှာလည်း မတွေ့သောကြောင့် ဘယ်ကို ရောက်သွားသနည်း။

သူ လုံးဝစဉ်းစား၍မရပါ။

ထို့ကြောင့် ...

သူသည် ထိုင်နေရာမှ ဆတ်ခနဲထလိုက်ပြီး ...

လှေကားရင်း၌ရှိ ငွေသိမ်းစားပွဲ၌ ငိုက်မျဉ်းနေသော ဆိုင်ရှင် ထံသို့ ချဉ်းကပ်၍ ငွေသိမ်းခုံကို တဖြန်းဖြန်းပုတ်လိုက်၏။

သူ ထုပုတ်လိုက်သောအသံက အတော်ပင် ကျယ်လောင် သွားသည်။

စားပွဲနောက်မှ ငိုက်မျဉ်းနေသော ဆိုင်ရှင်လူကြီးသည် စားပွဲကို ရိုက်လိုက်သောကြောင့် မှေးစင်းနေသော မျက်လုံးများ တဖြည်းဖြည်း ပွင့်လာလေ၏။



"ဆရာ ... ဘာအလိုရှိလို့လဲ"

လေးပင်စွာ မေးလိုက်၏။

စစ်ခန်းက သူသိလိုရာကို ကောက်မေးလိုက်၏။

"ခုနက လှေကားထိပ်မှာတည်းတဲ့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် စားသောက်ခန်းထဲသို့ ဆင်းလာတာ တွေ့တယ်၊ အခု ဘယ်ရောက်သွားသလဲ"

သူ၏အမေးကြောင့် မှေးနေသော မျက်လုံးအစုံနှင့် ဆိုင်ရှင်ကြီးမှာ ...

"ဘယ်မှာလဲ ဆရာကြီး၊ ဘယ်တုန်းက ဆင်းလာတာလဲ၊ သူတို့စားပြီး ငွေမရှင်းခဲ့လို့လား"

ဆိုင်ရှင်ကြီး၏မေးလိုက်သောအသံကြောင့် စစ်ခန်းသည် စိတ်ညစ်သွားသည်။

မိမိကိုယ်မိမိ မှားသွားမှန်းလည်း သိလိုက်သည်။

မှန်သည်။

ငိုက်မျဉ်းနေသော သူ့ကို သိလိုစိတ်ဖြင့် စဉ်းစားဆင်ခြင်မှု ကင်းစွာ မေးလိုက်မိသော သူ၏အမှားကို သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဆရာ ... စားပြီး ပိုက်ဆံပေးမသွားဘူးလား"

အရေးထဲတွင် သူမေးလိုသော မေးခွန်းကိုသာ ပြန်မေး သဖြင့် ...

"မသိဘူးဗျာ"

ပြောပြောဆိုဆို အပေါ်ထပ်လှေကားအတိုင်း ပြေးတက် လိုက်သည်။

"ဟာ ... ဒီဆရာ ရူးနေတယ်ထင်တယ်"

စစ်ခန်း၏ကျောပြင်ကိုကြည့်ရင်း ရေရွတ်လိုက်သော စား သံကို စစ်ခန်းကြားရသော်လည်း ဘာမှပြန်မပြောတော့ဘဲ စော က ကျူးဝေဝေတို့အသံကို ကြားရသော အခန်းသို့ တက်ခဲ့လေတော့ သည်။

အခန်းဝသို့ရောက်သည်နှင့် တံခါးကို ခေါက်မနေတော့ ရုတ်တရက် ဝုန်းခနဲ တွန်းဖွင့်လိုက်၏။

အခန်းထဲတွင် မည်သူ့ကိုမျှ မတွေ့ရချေ။

ယိုင်နဲ့နေသောကွပ်ပျစ်လေးပေါ်တွင် အခန်းခဟူသော စာ တစ်ကြောင်းနှင့်ငွေစအနည်းငယ်ကို ချထားကြောင်း တွေ့လိုက်ရ၏



ပုံစံကိုကြည့်ရခြင်းဖြင့် အလောတကြီး ထွက်သွားကြောင်း သိသာလှ၏။

မည်သည့်နေရာသို့ ထွက်ခွာသွားသနည်း။

သို့သော် ...

ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုပါ။

အခန်း၏ပြတင်းပေါက်သည် ဖွင့်လျက်ရှိသည်ကို ဤပြ တင်းပေါက်မှသာ ထွက်သွားခြင်း ဖြစ်မည်ဟု သိလိုက်ရလေသည်။

စစ်ခန်း စိတ်ပျက်အားလျော့သွားသောဟန်ဖြင့် ...

"ဟင်း"

သက်ပြင်းတစ်ချက်ကို အားရပါးရ မှုတ်ထုတ်လိုက်၏။

ထို့နောက် ...

လေးကန်သော ခြေလှမ်းဖြင့် အခန်းထဲမှ လှည့်ထွက်လိုက် ပြီး အောက်ထပ်သို့ ဆင်းလာလိုက်၏။

အောက်ထပ်သို့ရောက်သည်နှင့် လှေကားခြေရင်းဘေး ငွေ သိမ်းစားပွဲတွင် ထိုင်၍ငိုက်နေသော ဆိုင်ရှင်လူကြီးကို ပြုံးလျက် ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ ငွေစအနည်းငယ်ကို စားသောက်ခနှင့် တည်းခိုခန်း အဖြစ် အသာချပေးခဲ့၏။

ထို့နောက် ...

သူသည် ချည်နဲ့သော ထိုစားသောက်ဆိုင်ကလေးထဲမှ ထွက်ခွာသွားလေတော့သည်။

ooo



## အခန်း (၁၆)

## မြင်းသူခိုး

စုန်ကျုန်းမြို့ရှိ မထင်မရှား တည်းခိုခန်းကလေးတွင်းမှ ထွက်လာခဲ့သည်။

တဖြည်းဖြည်းနှင့် မြို့လယ်သို့ ရောက်ရှိလာကြသော ကျူး လုဆန်နှင့်ညီမဖြစ်သူ ကျူးဝေဝေတို့မှာ လမ်းတစ်လျှောက်လုံး ကိုယ့် အတွေးနှင့်ကိုယ် ဘာစကားမျှမပြောဖြစ်ကြချေ။

"အစ်ကို ... ဘယ်ကိုသွားမှာလဲ အစ်ကိုကြီး"

ကျူးလုဆန် သက်ပြင်းချလိုက်ပြီး ...

"တို့ လောလောဆယ် မြို့ထဲမှာနေလို့ မဖြစ်သေးဘူး အဲဒီ တော့"

ကျူးဝေဝေ မျက်မှောင်ကုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... ဘယ်ကိုသွားမလဲ"

ကျူးလုဆန် အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဂူတန်းကျေးရွာမှာ ခဏသွားပြီး ခိုနေရင် ကောင်းလိမ့်မယ်"

သူမ ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ အစ်ကိုကြီး"

အစ်ကိုဖြစ်သူ၏စီစဉ်မှုကို သဘောတူလိုက်ပြီး စုန်ကျန်းနယ်အတွင်းရှိ ကွမ်လင်မြို့ကလေးအနီးမှ ဂူတန်းကျေးရွာဆီသို့ ထွက်ခွာလာခဲ့လေသည်။

စုန်ကျန်းမြို့နှင့်ဆိုလျှင် သိပ်မဝေးလှသော ရွာကလေးပင်ဖြစ်သည်။

ရွာကလေး၏တည်ရှိနေပုံမှာ ...

စုန်ကျန်းမြို့နှင့်ကွမ်လင်မြို့အလယ်တည့်တည့်တွင် ဖြစ်သည်။

စုန်ကျန်းမြို့မှ သွားမည်ဆိုလျှင် နေ့ဝက်မရှိတရှိ သွားရသော ခရီးပင်ဖြစ်၏။



"အစ်ကိုကြီး ခြေလျင်သွားမှာထက် မြင်းတစ်စီးလောက်တော့ လိုလိမ့်မယ်၊ ညရေးညတာ အရေးပေါ်ကိစ္စတွေမှာ စုန်ကျန်းမြို့ကို လာရမှာက ခြေလျင်ဆိုရင် ခရီးဖင့်တယ် အစ်ကိုကြီး"

ညီမဖြစ်သူ၏စကား မှန်သောကြောင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ဒါဖြင့် ... တို့ဈေးမှာ မြင်းကောင်းတစ်စီး သွားဝယ်မှ ဖြစ်မယ်"

သူတို့လျှောက်နေသည့် ခြေလှမ်းကို ဈေးဘက်သို့ လှည့်လိုက်ကြ၏။

မကြာမီမှာပင် ...

ဈေး၏အရှေ့ဖက် မြင်းဈေးတန်းလေးသို့ ရောက်သောအခါ ဈေးတန်းထဲသို့ ဝင်ရန် ကျူးလုဆန်သည် မိမိ၏အိတ်တွင်းမှ ညစ်ပေနေသည့် တဘက်ကြီးတစ်ထည်ကိုထုတ်၍ ခေါင်းပေါင်းလိုက်၏။

ပြီးနောက် ...

အိတ်တွင်းမှ နှုတ်ခမ်းမွေးအတုတစ်စုံကိုထုတ်လျက် မသိသော တပ်ဆင်လိုက်ပြီး မြင်းဈေးတန်းထဲသို့ ဝင်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဈေးတန်းထဲတွင် အဖြူ၊ အနက်၊ အုန်းနွဲ့ စပ်ကြား

များက စုံလှချေ၏။

အရောင်အသွေး စုံသလောက် မျိုးကောင်းမျိုးသန့် မြ

ကလည်း စုံလင်လှ၏။

ကျူးလုဆန်သည် မွန်ဂိုမြင်းကြီးတစ်ကောင်ကို ပွတ်

ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရမိသည်နှင့် တိဗက်မြင်း

ကောင်ကို ဆွဲယူလိုက်၏။

"ဒီမြင်း ဘယ်လောက်ပေးရမလဲ ခင်ဗျာ"

ဟု မေးလိုက်၏။

"လျှံငွေတစ်ထောင့်ရှစ်ရာ ကျပါတယ်၊ မြင်းက သိ

ကောင်းလှပြီး ပြေးတာလည်း အင်မတန် မြန်ပါတယ်၊ တိဗက်

မှာတော့ ဒီမြင်းဟာ အကောင်းဆုံး မြင်းတစ်စီးပါပဲ ခင်ဗျာ"

မြင်းသည် အားလုံးကောင်း၏။

ခွေတို့လည်း မပါ။

ခွာကျုံပုံလည်း လှသည်။

လည်ဆံလည်း ရှည်၏။



နှာရောင်လည်း ဖြောင့်၏။

အရောင်အသွေးက နီရောင်ပြေး၊ ရွှေ့မွှေးရောင်နုနု ဖြစ်

သည်။

မြင်းကို လှည့်ပတ်ကြည့်ရှုရင်း ...

"ကဲ ... ဒီမြင်းကို ကျုပ်ယူမယ်၊ မလျှော့ဘူးလား၊ လျှံငွေ

တစ်ထောင့်ရှစ်ရာ"

ဈေးသည်၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်လေ

သည်။

"ဟုတ်ကဲ့ပါ ... နောင်ကြီး၊ မလျှော့နိုင်လို့ပါ"

ကျူးလုဆန်သည် ခပ်လှမ်းလှမ်း သစ်ပင်ရိပ်တွင် ရပ်နေ

သော နှမဖြစ်သူ ကျူးဝေဝေကို လှမ်းကြည့်လိုက်၏။

ကျူးဝေဝေသည် မတ်တတ်ရပ်လျက် သူ့ကို ပြန်ကြည့်နေ

သည်။

ခေါင်းတွင် ပတ်ထားသော ပဝါကို ဖြုတ်လျက် ဇွေ့ယမ်းပြ

လိုက်၏။

ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ... ဟိုမှာ ကျုပ်ညီမ ရပ်နေတယ်၊ အဲဒီမှာ ငွေပါတယ်၊ ခင်ဗျား လိုက်ယူနိုင်မလား။ ဒါမှမဟုတ် ကျုပ်သွားယူပေးရမလား"

ကျူးလုဆန်သည် ဈေးသည်ကြီးကိုကြည့်၍ မေးလိုက်သည်။

ဈေးသည်ကြီးမှာ လှမ်းမြင်နေရသော မဝေးလှသည့် သစ်ပင်အောက်တွင် ရပ်နေသည့် ကျူးဝေဝေကို လှမ်းမြင်လိုက်သည်နှင့် ခေါင်းကို ဖြည်းလေးစွာ ညိတ်ရင်း ...

"နောင်ကြီးပဲ သွားယူပေးပါ၊ ကျုပ်က ဒီဆိုင်ကို ပစ်သွားလို့ မဖြစ်ဘူး"

ဈေးသည်ကြီး၏စကားဆုံးသည်နှင့် ကျူးလုဆန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ဒီလိုဆို မြင်းကိုတော့ နည်းနည်းစမ်းပြီး စီးကျင့်ပါရစေ၊ တစ်ခါမှ ကောင်းကောင်းမစီးဘူးလို့ပါ။ ခုမှ မြင်းကို ကိုယ်ပိုင်ဝယ်ပြီး မြင်းစီးကျင့်ရင်းပေါ့"

ကျူးလုဆန်၏စကားကြောင့် ...



ဈေးသည်ကြီးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ...

"ကောင်းပါပြီ ... ကောင်းပါပြီ၊ စီးကြည့်ရင်း ငွေသွားယူမယ်ပေါ့"

ကျူးလုဆန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ဈေးသည်ကြီးက ပြုံးလျက် ...

"ဒါဖြင့် စီးကြည့်ပါ"

ကျူးလုဆန်က ကျူးဝေဝေရှိရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ဟို ... မိန်းကလေးနားနဲ့ ဒီနဲ့ နှစ်ခေါက်လောက် စီးကြည့်လိုက်ရင် အသားကျပါတယ်"

ဈေးသည်၏ခွင့်ပြုချက်ရသည်နှင့် ယင်းတိဗက်မြင်းကြီးကို ဆွဲထုတ်လိုက်ပြီး မြင်းပေါ်သို့ မတက်တတ်သည့်ပုံစံနှင့် ဖက်တက်လိုက်၍ ဟိုတို့သည်တို့ဖြင့် သစ်ပင်အောက်တွင် စောင့်နေသည့် ကျူးဝေဝေဆီသို့ ဦးမတည်ဘဲ ဘေးသို့ ဆွဲလိုက် ပြန်တည့်လိုက်နှင့် စီးနေသော ကျူးလုဆန်ကို မြင်းဈေးသည်ကြီးက ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား …. မြင်းတောင် ကောင်းကောင်းမစီးတတ်ဘဲနဲ့ တကယ့် စစ်မြင်းကိုမှ ရွေးဝယ်တယ် အံ့ရော"

ဟု အော်ပြောလိုက်၏။

ကျူးလုဆန်သည် တဖြည်းဖြည်းနှင့် ညီမဖြစ်သူ ကျူးဝေဝေဆီသို့ ရောက်ရှိလာခဲ့၏။

"ညီမလေး ငွေဘယ်လောက်ပါသေးလဲ"

သူမက ခပ်သွက်သွက် ပြန်ဖြေလိုက်သည်။

"တစ်ထောင်လောက်တော့ ပါ,ပါတယ်"

သူမသည် ငွေတစ်ထောင်ခန့်ပါသော ငွေထုပ်ကို လှမ်းပေးရင်း …

"ဟင် … ဒီမြင်းဟာ"

ကျူးလုဆန် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဘာမှပြောမနေနဲ့တော့၊ နောက်မှ ကြည့်ရှင်းရတော့မှာပဲ၊ ကဲ … မြင်းပေါ်ကို နောက်က ခုန်တက်လိုက်"

ကျူးဝေဝေသည် ဘာမှပြန်မပြောဘဲ ဆတ်ခနဲ ခုန်တက်လိုက်သည်တွင် …



"ဟား"

ဝမ်းခေါင်းသံကြီးနှင့် မာန်သွင်းအော်ဟစ်၍ မြင်းကြီးကို ခုန်းစိုင်း စီးထွက်သွား၏။

မြင်းဈေးသည်ကြီးမှာ မြင်းကို ကျင်လည်စွာ စီးနင်းသွားသည်ကို သဘောကျစွာဖြင့် တအံ့တဩ ကြည့်နေရင်း …

"ဟာ … မစီးတတ်ဘူးလိုလိုနဲ့ တယ်ဟုတ်တဲ့လူပါလား၊ လှလိုက်တာကွာ၊ ခွလေးဖက်ကျကို ညီအောင်စီးနိုင်တာပဲ၊ နောက်က တက်သွားတဲ့ သူ့နှမဆိုတဲ့ကလေးမလေးကလည်း မြင်းပေါ်တက်လိုက်ပုံလေးကလည်း လှလိုက်တာဟော့"

အားပါးတရချီးကျူးရင်း ကျန်ရစ်ခဲ့လေ၏။

တိဗက်မြင်းကြီးသည် သခင်သစ်နှစ်ဦးကို တင်ဆောင်၍ တဖြည်းဖြည်း ဝေး၍ဝေး၍ ပျောက်ကွယ်သွားချေပြီ။

ထိုအခါမှပင် မြင်းရောင်းသူသည် သတိရစွာဖြင့် …

"ဟာ … မြင်းဖိုး၊ မြင်းဖိုး၊ မြင်းဖိုး လျှံငွေတစ်ထောင့်ရှစ်ရာ ပေးမသွားပါလား"

သူရှူးတစ်ယောက်ပမာ လမ်းမပေါ်တွင် ပြေးသွားလျက်

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးပြေးရာဘက်သို့ လိုက်ရမလို ဆိုင်ထဲပြန်ဝင်ရမလိုနှင့် ဖြစ်နေ
နေပေတော့သည်။

○

ဤအဖြစ်အပျက် မကြာမီမှာပင် ဖြစ်သည်။

စစ်ခန်းမှာ စိတ်ပျက်အားလျှော့စွာဖြင့် တစ်ယောက်တည်း လျှောက်လာရင်း ဈေးရှေ့သို့ ရောက်လာလေတော့သည်။

ဘေးဘီကိုမကြည့်ဘဲ လျှောက်လာသောသူကို တစ်စုံတစ်ယောက်က ပြင်းထန်စွာ ဝင်တိုက်လိုက်သဖြင့် ရုတ်ခြည်း ကိုယ်ကို တောင့်ခံ၍ ထိန်းလိုက်နိုင်သဖြင့် သူ့မှာ ယိုင်လဲသွားခြင်းမရှိသော်လည်း ၎င်းကို ဝင်တိုက်လိုက်သောသူမှာ ဖင်ထိုင်လျက် လမ်းပေါ် လဲကျသွားလေ၏။

ရုတ်တရက် သူသည် ဒေါသဖြစ်သွားသော်လည်း သူ၏ခြေရင်းဝယ် ဖင်ထိုင် လဲကျသွားသောလူကြီးကို တွေ့လိုက်ရသောအခါ သနားသွားမိသဖြင့် ...



"အို ... ဦးလေး ဘယ်လိုဖြစ်တာလဲ၊ ထ ... ထ ... တော်တော် နာသွားသလား"

ပြောပြောဆိုဆို မ,ထူပေးလိုက်၏။

လမ်းသွားလမ်းလာများမှာ သူတို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးစေ့စေ့အမူအရာဖြင့် ကြည့်သွားကြ၏။

"အား ... ကျွတ် ... ကျွတ်"

မိမိ၏မြီးညောင်းရိုးကို မိမိပွတ်လျက် စစ်ခန်း၏ဆွဲထူမှုနှင့် ထလာသောလူကြီးသည် စောစောပိုင်းက မြင်းရောင်းပြီး ပိုက်ဆံမရလိုက်သော မြင်းဈေးသည်ကြီးပင် ဖြစ်၏။

စစ်ခန်းသည် ထိုလူကြီးကို မ,တွဲထူပေးရင်း သက်တောင့်သက်သာဖြစ်အောင် နေရာချထားပေးလိုက်၏။

"အမယ်လေး ... ကျေးဇူးပါပဲ ငါ့တူရယ်"

ရှုံ့မဲ့၍ထလိုက်ရင်း စစ်ခန်းကို ကျေးဇူးတင်ကြောင်း ပြောလိုက်၏။

"ဈေးလမ်းမကြီးမှာ ကလေးလည်းဟုတ်ဘဲနဲ့ ဘာလို့ ပြေးတာလဲ ဦးကြီး"

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းသည် ထိုလူကြီးအား စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

ထိုလူက မျက်နှာကိုရှုံ့မဲ့ပြီး ...

"ဟာ ... ဘယ်ကလာ အလကားပြေးပေါ့မလဲကွာ၊ ငါ့မြင်း ပါသွားလို့ကွ"

စစ်ခန်း အံ့ဩသွားမိသည်။

"ဟင် ... ဘယ်ကိုပါသွားတာလဲ"

ထိုလူကြီးက စိတ်ပျက်လက်ပျက်ဖြင့် ...

"ဘယ်ကိုရမလဲ၊ ဟိုမောင်နှမလား လင်မယားလား [illegible] ဘူး ငါ့မြင်းကို ဝယ်မယ်ဆိုပြီး ခဏစီးကြည့်ဖို့တောင်းပြီး စီးရင်း[illegible] နဲ့ မစီးတတ်သလိုလို ဘာလိုလိုနဲ့ နောက်ဆုံး သူ့ညီမဆိုတာကို[illegible] ပြီး ပြေးတော့တာပဲကွာ၊ ငါ့မြင်းတော့ ဆုံးပါပြီကွာ၊ အီး ... ဟီး ... ဟီး"

ပြောပြောဆိုဆို ငိုချလိုက်သော လူကြီးကိုကြည့်ရင်း ရယ်ချင် သလိုလို ဖြစ်လာမိသော စစ်ခန်းမှာ ကမန်းကတန်း တစ်ဖက်သို့ လှည့်လိုက်ရလေသည်။



"လူတွေကို မှတ်မိလား"

ထိုလူကြီးက အံတင်းတင်းကြိတ်ပြီး ...

"မှတ်မိတာပေါ့ကွ၊ မိန်းကလေးက ခပ်ချောချောလေး၊ လက်ထဲမှာလည်း ပဝါလေးတစ်ထည် ကိုင်ထားသေးတယ်"

ထိုလူ၏စကားကြောင့် စစ်ခန်းသည် ဝမ်းသာသွားလေသည်။

"ပဝါက ပိုးပဝါမဟုတ်လား"

အားတက်သရော မေးလိုက်သော စစ်ခန်း၏အမေးကြောင့် မြင်းဈေးသည်ကြီးသည် စစ်ခန်းကို ထူးဆန်းစွာ ကြည့်လိုက်ပြီး မျှော်သင့်ချက်အပြည့်ရှိသော မျက်လုံးအစုံဖြင့် မေးလိုက်ပြန်သည်။

"မင်း ... သူ ... သူတို့ကို သိသလား"

"အမျိုးသားက အရပ်မြင့်မြင့် ခေါင်းကောင်းကောင်းနဲ့ ဟုတ်လား"

မြင်းဈေးသည်၏အမေးကို ဂရုမစိုက်ဘဲ သူသိချင်သည်ကို သာ မေးလိုက်ခြင်းဖြစ်၏။

ထိုလူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့က ဘယ်က..."

"အခု သူတို့ ဘယ်ဘက်ကိုသွားသလဲ ဦးလေး"

ဒုတိယအကြိမ် ထိုလူ၏အမေးကို မဖြေဘဲ သူသိလိုသည်ကို သာ ပြန်မေးလိုက်ရင် မြင်များထားရာနေရာသို့ လျှောက်လာသော စစ်ခန်း၏နောက်မှ ဝမ်းသာအားရမျက်နှာဖြင့် ထိုလူမှာ ကပ်လျှောက် လိုက်ပါလာရင်း ...

"ဟိုဘက်တည့်တည့်ကို ငါ့မြင်းကြီးစီးပြီး ထွက်သွားတာ မင်း ... မင်းသိရင် လိုက်ပေးစမ်းပါ ငါ့တူရယ်၊ လျှံငွေတစ်ထောင်မျှ ရာကြီးတောင်ကွ၊ နည်းတာမဟုတ်ဘူး"

ထိုလူကလည်း သူသိချင်တာကိုပင် တဖွဖွပြောနေလေ၏။

စစ်ခန်းသည် သူ့အိတ်ထဲမှ စုန်ကျန်းမြို့၏မြေပုံကို ထုတ် ကြည့်လိုက်ရင်း ထိုလူနှစ်ယောက်မှာ ကျူးလုဆန်နှင့်ကျူးဝေတို့ နှစ်ယောက်ဖြစ်မည်ကို ကျိန်းသေတွက်မိလိုက်သည်မို့ သူ့လက်တွင်း မှ မြေပုံစာရွက်ကို သဲသဲမဲမဲ ကြည့်နေလေသည်။

မြင်းနှင့်သွားသည်ဆို၍ မြို့ထဲတွင် သွားမည့်ရေးမဖြစ်နိုင် ပေ။



ထို့အပြင် ...

သူတို့၏ကိစ္စဆိုသည်မှာလည်း သန်ဘက်ခါဆို၍ ခရီးဝေး လည်း မဖြစ်နိုင်။

ဤမြို့နှင့် အနီးဆုံးရွာ (သို့မဟုတ်) မြို့များလောက်ကိုသာ သွားနိုင်မည်ဖြစ်၏။

မြေပုံအရဆိုလျှင် နီးစပ်သောမြို့မှာ ချိုနန်မြို့ဖြစ်၏။

ချိုနန်မြို့ကိုသွားလျှင် နှစ်ရက်ခရီးလောက် သွားရမည်။

အသွားအပြန်ဆိုလျှင် လေးရက်ဖြစ်သွားမည်။

မဖြစ်နိုင်သေးပေ။

သို့ဆိုလျှင် ...

ဂူတန်းကျေးရွာသည် နေ့ချင်း ပြန်သွား၍ ရ၏။

ထို့ကြောင့် ...

ကျူးမောင်နှမသည် ဂူတန်းကျေးရွာသို့ သွားသည်သာ ဖြစ် ရမည်။

တစ်ယောက်တည်း မြေပုံစာရွက်ဖြင့် အလုပ်ရှုပ်နေသော ...စပ်မှလည်း တတွတ်တွတ် ရေရွတ်နေသော စစ်ခန်းကို ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်ကြီးမှာ မျှော်လင့်တကြီးဖြင့် ...

"အေး ... ငါ့တူလေး သူတို့သွားတဲ့နေရာကို သိလား"

"သိတယ်"

ဤတစ်ကြိမ်တွင်တော့ ပြန်ဖြေလိုက်၏။

သူ၏စကားကြောင့် မြင်းသည်ကြီးမှာ ဝမ်းသာအားရဖြ

"ဟာ ... ဒါဆို လိုက်ပေးစမ်းပါ ငါ့တူရာ၊ ဦး ကျေးဇူးမေ့ ပါဘူး"

သူလိုချင်ရာကိုသာ ဇွတ်တောင်းဆိုလိုက်၏။

စစ်ခန်းသည် မြင်းဈေးထဲမှ ဒေါင်ကောင် အရပ်အမောင်း ကောင်းလှသော မွန်ဂိုမြင်းကြီးတစ်ကောင်ကို ဆွဲယူလိုက်ပြီး သေချာ ကိုင်တွယ်ကြည့်ရှုမိ၏။

မြင်းသည်ကြီးမှာ စစ်ခန်း၏အမူအရာကို ကြည့်လိုက်ရင်း ပင် ...

"ဟေ့ ... တူမောင်၊ ဟို ... တိဗက်မြင်းကြီးခြေကို ဒီကောင် လောက်မှ မီမှာကွ၊ ကောင်းတယ် ... ဒီမြင်းကိုသာယူ မင်း ကိုနိုင်ပေ မီမယ်၊ ငါ့ကို လျှံငွေတစ်ထောင်ပဲပေးပါ။ မင်းက လျှံငွေရှစ်ရာယူလိုက်



ငါ မင်းမို့လို့ လျှော့တာ၊ အထဲမှာ ကုန်းနှီးနဲ့ ခြေကွင်း ငါသွား ယူပေးမယ်၊ ဟိုရောက်ရင် လျှံငွေကမ်းထောင့်ရှစ်ရာကိုလည်း တောင်း ပေးပါကွာနော်"

စစ်ခန်းသည် မြင်းသည်ကြီး ပြောနေသော စကားများကို လုံးဝဂရုမပြုဘဲ မြင်းကြီးကို ခေါင်းယမ်းမှ ဆွဲထုတ်လိုက်လေသည်။

"နေ ... နေဦးနော်၊ ငါ ကုန်းနှီးပါ ယူပေးမယ်"

ပြောဆိုပြီး မြင်းတဲအတွင်းသို့ ပြေးဝင်၍ မြင်းကုန်းနှီးများ အနက်မှ အကောင်းဆုံး ကုန်းနှီးတစ်ခုကို ယူလိုက်လေသည်။

"အင်း ... ငါ့ဝိုက်ဆံပါ ဟောင်းနိုင်းချတဲ့အတွက် ကောင်း ကောင်းလေးပဲ ပေးလိုက်မယ်၊ လျှံငွေတစ်ထောင်ပဲရလည်း ငါ့အ တွက် မဆိုးပါဘူး"

ဤသို့ပြောဆိုပြီးသည်နှင့် သူသည် မြင်းကုန်းနှီးကို ဆွဲယူ လိုက်၏။

ထို့နောက် ...

သူသည် ဆိုင်ကပြင်သို့ ပြေးထွက်လာသောအခါတွင်မှ ...

"ဟော ... ဘယ်ရောက်သွားပါပြီမှ"

www.burmeseclassic.com

www.burmeseclassic.com



မြင်းသည်ကြီးသည် လမ်းမဘက်သို့ ကပျာကယာ ကြည့်လိုက်ပြီး ...

"ဟေး ... ဟေး ... ဟာ ပါသွားပြန်ပြီ၊ အမယ်လေး ... ငါ့ မြင်းတွေတော့ ကုန်ပါပြီ"

သူသည် ပါးစပ်မှ တတွတ်တွတ် အော်ရင်း ဆိုင်ရှေ့တွင် သတိလစ် လဲကျသွားလေ၏။

မှန်ပိုမြင်းကြီးကို ဒုန်းစိုင်းစီး၍ ထွက်သွားသော စစ်ခန်းမှာ ပျပျကလေးပင် မမြင်ရတော့သည့် အဝေးကြီးဆီသို့ ရောက်သွားလေပြီ။

○

အရှိန်ရလာသည်နှင့်အမျှ အားကောင်းမောင်းသန် မြင်းကြီးသည် မြို့ပြင်လမ်းမကြီးသို့ရောက်သည်နှင့် မြားတစ်စင်းကို ညှို့ကြိုးမောင်းသန်လှသည့် လေးမှ လွှတ်လိုက်သကဲ့သို့ လှစ်ခနဲ လှစ်ခနဲအောင် ပြေးလျက်ရှိ၏။



ရုတ်တရက်ကြည့်လိုက်မည်ဆိုလျှင် မြင်းပေါ်၌ လူမှပါရဲ့လားဟု ထင်ရပေမည်။

အဘယ်ကြောင့်ဆိုသော် ...

မြင်းကိုဇက်ကုန်းလွှတ်၍ ကုန်းနှီးမပါသော မြင်းကျောကုန်းပေါ်တွင် ပြားနေအောင် ဝပ်၍စီးလာသောကြောင့် ဖြစ်သည်။

မြင်းသည် သခင်ဖြစ်သူကို သယ်ဆောင်၍ ကုန်းမြင့်လေးကို ဖြတ်လိုက်သည်နှင့် ခပ်ဝေးဝေးတွင် ဂူတန်းကျေးရွာကို ပျပျကလေး မြင်နေပြီဖြစ်၏။

စစ်ခန်းသည် တောင်ကုန်းထိပ်တွင် မြင်းကို ခဏနားပြီး ဂူတန်းကျေးရွာဆီသို့ လှမ်း၍ အကဲခတ်ကြည့်ရှုလိုက်မိလေသည်။

ထို့နောက် ဂူတန်းကျေးရွာ၏အဝင်လမ်းတစ်လျှောက်ကို စီးဝင်၍ ဖန်တီးကာ စိုက်ထားသည့် ပန်းပင်တို့က လမ်းတစ်ဖက်တစ်ချက်မှာ ညီညာစွာ ပေါက်ရောက်လျက် ရှိ၏။

ရွာ၏စည်းရိုးကြီးကလည်း ခိုင်ခန့်လှသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဤရွာ၏စည်းလုံးညီညွတ်မှုသည် အင်အားကောင်းမွန်လှကြောင်း သိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငေးနေလို့မဖြစ်သေးဘူး၊ နေမစောင်းခင် ရွာထဲ ဝင်မှပဲ"

ဟု စဉ်းစားရင်း မြင်းကြီးပေါ်သို့ လှုံးခနဲ ခုန်တက်လိုက်သည်။

ထို့နောက် ...

ကုန်းဆင်းလမ်းကလေးအတိုင်း ခပ်ဖြည်းဖြည်း စီးနင်းခဲ့သည်။

မကြာမီအချိန်မှာပင် ...

ရွာတွင်းသို့ ရောက်ရှိခဲ့လေတော့၏။

ရွာရှိ လမ်းမများသည် ဖြန့်ပြူးနေ၏။

အရှေ့မှ အနောက် ...

အနောက်မှ အရှေ့ ...

သွယ်တန်းဖောက်ထားသော စည်းကမ်းရှိလှသည့် ရွာတစ်ရွာပင် ဖြစ်၏။

စစ်ခန်းသည် ရွာထဲသို့ ခပ်မှန်မှန် မြင်းကိုစီးရင်း ဝင်လာသေးသည်။



ရွာ၏အလယ် မကျတကျလောက်တွင် ဆိုင်တစ်ဆိုင်ကို တွေ့လိုက်သည်။

နှင်းတောင် တည်းခိုခန်း ...။

ယင်းမှာ သေးငယ်သော သစ်သားပြားလေး တစ်ပြားပေါ်တွင် ဖြစ်သလို ရေးထားသည့် ဆိုင်းဘုတ်နှင့် တည်းခိုခန်းတစ်ခန်း ဖြစ်၏။

ဆိုင်၏ရှေ့၌ မြင်းများ ချည်နှောင်ထားရန် နေရာပါ အဆင်သင့် တွေ့ရ၏။

ဤသည်ကို ကြည့်မြင်းအားဖြင့် သူကဲ့သို့သော ခရီးသွားများ နားနေ စားသောက်နေကြကြောင်း သိသာလှပေလေသည်။

မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မြင်းများ ချည်နှောင်ရာ နေရာသို့ ဆွဲလာခဲ့သည်တွင် ...

"မြင်း ကျွန်တော့်ကို ပေးပါ အစ်ကို၊ ကျွန်တော် ကောင်းတဲ့ နေရာမှာ ထားပေးပါ့မယ်"

ထိုအခါမှ ...မြင်းစောင်းထဲမှ လုလင်ပျိုတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းက ပြုံးလိုက်ပြီး ...

"မင်း ငါ့မြင်းကို ဘယ်ဆွဲသွားမလို့လဲ"

လုလင်ပျိုက ကိုယ်ကို ညွှတ်၍ ဆတ်ခနဲ မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး ...

"အစ်ကို့မြင်းကို ကောင်းတဲ့နေရာ ထားပေးပါ့မယ်"

"ဟာ ... တယ်ဟုတ်ပါလားကွ"

လုလင်ပျို၏လှုပ်ရှားမှုကို စစ်ခန်းပင် လွန်စွာသဘောကျသဖြင့် နှုတ်မှ ချီးကျူးလိုက်၏။

"မြင်းကို အစာကျွေးရမလား အစ်ကို၊ ဒီည ဒီမှာပဲ တည်းမှာလား"

မြင်းပေါ်မှ မြင်းထိန်းလုလင်၏အမေးကြောင့် သူ ဝမ်းသာသွားသည်။

အကြောင်းမှာ ... သူ၏စကားကို ကြည့်ခြင်းအားဖြင့် ဤတည်းခိုခန်းလေး သည် စုန်ကျွန်းမြို့မှ ကွမ်လင်မြို့သို့ သွားရာခရီးလမ်းအလယ်၌ ရှိနေသဖြင့် ခရီးသွားများ မပြတ်ရှိသော တည်းခိုခန်းလေးသာဖြစ်သည် ကို ရိပ်စားမိလိုက်၏။



သို့သော် ...

ဤနေရာ၌ တွေ့လိုသောလူများမရှိခဲ့သော် ကွမ်းလင်မြို့ထိ ခရီးဆက်ရမည်ဖြစ်သဖြင့် တည်းရန်မတည်းရန် သေချာပြော၍မရချေ။

ထို့ကြောင့် ...

"ငါ တည်းဖြစ်မယ်၊ မတည်းဖြစ်မယ်ဆိုတာ မသေချာသေးဘူး။ ဒါပေမဲ့ ... မြင်းကိုတော့ အစာကျွေးထားပါ။ ငါ သွားတဲ့အချိန်မှာ မြင်းကို တွေ့ချင်မှတွေ့မယ်၊ ဒီတော့ မြင်းကို ဘယ်မှာထားမလဲဆိုတာ ငါ့ကိုပြောပါ၊ ရော့ ငွေ တစ်ခါတည်း ယူထားလိုက်"

စစ်ခန်းက အိတ်ထဲမှ ငွေတုံးတစ်တုံးကိုထုတ်၍ မြင်းထိန်းလုလင်ပျို၏လက်သို့ ထည့်လိုက်၏။

"အစ်ကို ပြန်ဖြစ်မည်ဆိုရင် တစ်ခါတည်း ယူသွားလို့ရအောင် မြင်းထားတဲ့နေရာကို ပြထားပါ့မယ်၊ လိုက်ခဲ့ပါ"

ပြောဆို၍ တည်းခိုခန်းဘေးမှပတ်၍ အနောက်ဘက်ရှိ မြင်းဇောင်းတစ်ခုသို့ မြင်းကိုစီးနှင်း၍ ဝင်လိုက်သည့် လုလင်ပျို၏နောက်မှ စစ်ခန်း ထက်ကြပ်မကွာ လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုက သူ့အား လှည့်၍ ပြုံးပြပြီး ...

"အစ်ကိုမြင်းလို မြင်းကောင်းမြင်းသန့်ကျတော့ အပြင်မှာ ထားလို့မဖြစ်တော့ဘူး၊ ဒါကြောင့် ဒီနောက်မှာ သီးသန့်ထားပေး တယ်"

သန့်ရှင်းသပ်ရပ်သော အစာခွက်များနှင့် လုံခြုံစိတ်ချရသော မြင်းဇောင်းကိုကြည့်၍ စစ်ခန်း သဘောကျသွားသည်။

သူသည် မြင်းဇောင်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်မိသည်။

စုစုပေါင်း သူ့မြင်းနှင့်မှ နှစ်ကောင်သာ ရှိသည်ကို သတိထား မိ၏။

သူ မြင်းနှင့်ယှဉ်၍ အစာစားနေသော မြင်းမှာ တိဗက်မြင်း ကြီး ဖြစ်၏။

စစ်ခန်းက မြင်းထိန်းကိုကြည့်၍ ...

"ဒီမြင်းကို ဘယ်သူတွေ စီးလာကြသလဲ"

အနီရောင်နှင့် ငါးရှဉ့်သွေးရောင် ရောစပ်ထားသည့် အရောင်သွေးရှိသော တိဗက်မြင်းကြီးကို လက်ညှိုးညွှန်ပြ၍ မေးလိုက် ခြင်းဖြစ်၏။



ထိုမြင်းမှာမူ ကျူးလုဆန်နှင့် ကျူးဝေဝေတို့မောင်နှမ နှစ်ယောက် စီးနင်းသွားသော မြင်းကြီးပင် ဖြစ်၏။

လုလင်ပျိုက ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"အရပ်မြင့်မြင့် အစ်ကိုတစ်ယောက်နဲ့ ခပ်ချောချောအမျိုး သမီးတစ်ယောက် စီးလာကြတာပဲ အစ်ကို"

ဟု ပြောလိုက်၏။ စစ်ခန်း မျက်မှောင်ကုတ်ပြီး ...

"သူတို့ ဒီမှာတည်းလား"

လုလင် ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့ ... သူတို့အထဲမှာ ရှိနေကြပါတယ်"

စစ်ခန်း စဉ်းစားခြင်းပင် မပြုတော့ပါ။

သူသည် လုလင်ကို နောက်ထပ် ငွေတုံးတစ်တုံး ထပ်ပေး လိုက်ပြီး ...

"ရော့ ... ဒါ မင်းအတွက် အပိုဆု၊ ဒီည ငါ ဒီမှာပဲ တည်း တော့မယ်"

မြင်းပေါ်မှ မြင်းထိန်းလုလင်သည် စစ်ခန်း ပစ်ပေးသွား သော ငွေတုံးလေးကို ဖမ်းလိုက်နိုင်ပြင် ...

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းသည် မြင်းဓောင်းအပြင်ဘက်သို့ ရောက်ရှိသွား[illegible] ဖြစ်သည်။

သူသည် ထိုတည်းခိုခန်းသေးသေးလေးကို အထင်သေး[illegible] သည်။

သို့သော် ...

သူသည် ထိုတည်းခိုခန်းအတွင်းသို့ ဝင်လိုက်သည့်အ[illegible] အထင်နှင့်အမြင် လွန်စွာကွဲပြားသွား၏။

အဘယ်ကြောင့်ဆိုသော် ...

တည်းခိုခန်း၏အတွင်းဘက်မှာ သန့်ရှင်းသပ်ရပ်လှပြီး [illegible] ထိုးလူငယ်လေးများမှာလည်း ဖော်ရွေရည်မွန်လှလေသည်။

"အစ်ကို ... ဘာအလိုရှိပါသလဲ"

ပြုံးရွှင်သောမျက်နှာထားဖြင့် ဖော်ရွေသည့်ဟန်အပြည့်[illegible] ရသော စားပွဲထိုးလုလင်လေးတစ်ယောက်က သူ့နံဘေးသို့ [illegible] မေးလိုက်သောကြောင့် ...

"ကျွန်ုပ် အခန်းတစ်ခန်းလိုချင်တယ်"

လုလင်က ခေါင်းကို ဖျာဖျာသလဲညိတ်ပြီး ...



"ဟာ ... ရပါတယ် အစ်ကို၊ အစ်ကို ကံကောင်းတာပဲ၊ စော စောကပဲ မောင်နှမနှစ်ယောက်က တစ်ယောက်တစ်ခန်း ယူသွားလို့ အခု တစ်ခန်းပဲ အစ်ကို့ကိုပေးဖို့ ကျန်တော့တယ်"

"အေး ... ကျုပ် ... ကံကောင်းတတ်ပါတယ်"

စစ်ခန်းသည် လုလင်လေး၏ပခုံးကိုပုတ်၍ ပြောလိုက်ပြီး အိပ်ခန်းများရှိရာသို့ ထွက်လာခဲ့၏။

လုလင်လေးက အခန်းတစ်ခန်းရှေ့သို့အရောက် ...

"ဒီအခန်းပဲ အစ်ကို"

လုလင်လေးက သူ့အား အခန်းတံခါး ဖွင့်ပေးလိုက်ရင်း ပြောလိုက်၏။

"လိုအပ်တာရှိရင် ကျွန်တော့်ကို ခေါ်နိုင်းနိုင်ပါတယ်၊ စားစ ရာကိုတော့ အခန်းထဲမှာ ယူစားလို့ မရပါဘူး၊ အချို့ ဧည့်သည်တွေက စားကြွင်းစားကျန်တွေနဲ့ ညစ်ပတ်လို့ ဒီစည်းကမ်းကို ထုတ်တာပါ အစ်ကို"

လုလင်က ရှင်းပြလိုက်၏။

သူ ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လုလင်ထွက်သွားသည်နှင့် အခန်းတံခါးကို ပိတ်လိုက်ပြီး တစ်ဖက်ခန်းသို့ ချောင်းကြည့်နိုင်မည့်နေရာကို အခန်း လှည့်ပတ်၍ ရှာကြည့်၏။

ဤတစ်ခါတွင် ...

စစ်ခန်း ကံဆိုးသွား၏။

အခန်းတွင်း၌ အိပ်နေသည်မှာ ကျူးဝေဝေမဟုတ်ပါ။ ကျူးလုဆန်သာ ဖြစ်နေ၏။

သူ စဉ်းစားရကျပ်နေ၏။

ဆယ်ခန်းမျှရှိသော အခန်းတိုင်း တံခါးခေါက်၍ လိုက် ရမည့်ကိစ္စမှာ လွယ်ကူသော ကိစ္စမဟုတ်မှန်း သူ သဘောပေါက်သည်။

သူသည် မည်သို့ကြံရမည်နည်း။

သူ စဉ်းစား၍မရပါ။

သူသည် ခုံပေါ်မှ ဆင်းလိုက်ပြီး ခုံကို နေရာတကျပြန်ထား လိုက်၍ အခန်းအပြင်သို့ ထွက်လာလိုက်၏။

ပြီးလျှင် ...



စားသောက်ခန်းအတွင်းသို့ ဝင်လျှက် ငွေရှင်းသော စားပွဲကို ရှာလိုက်၏။

ထိုအခါ ...

ဖော်ရွေဟန်ရှိသော အဘွားကြီးတစ်ယောက်ထိုင်၍ ငွေသိမ်းနေ၏။

သူ အကြံတစ်ခုရသွားသည်။

သူသည် သွက်လက်သော ခြေလှမ်းများဖြင့် အဘွားအိုထံသို့ လျှောက်လှမ်းလိုက်သည်။

"ဘာကိစ္စရှိလို့လဲ သူငယ်"

ခုံရှေ့သို့ ရပ်လိုက်သည်နှင့် ငွေသိမ်းနေသော အဘွားအိုက မေးလိုက်၏။

စစ်ခန်းသည် အဘွားအို၏စကားကြောင့် ဘာကိုစပြောရ မှန်းမသိ ဖြစ်ရလေ၏။

ပြီးမှ ...

သူသည် တစ်စုံတစ်ခုကို တွေးလိုက်မိသည်နှင့် အဘွားအို အား တစ်ချက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အခန်းလဲလို့ မရဘူးလားခင်ဗျာ"

သူ၏စကားကြောင့် အဘွားအိုမှာ ပျာပျာသလဲဖြစ်နေသည်။

"ဘာဖြစ်လို့လဲ ငါ့တူ"

အဘွားအိုက မေးလိုက်ခြင်းဖြစ်၏။

သူသည် မှင်သေသေမျက်နှာထားဖြင့် ...

"ကျွန်တော့်အခန်းဘေးက အမျိုးသမီးတည်းတဲ့ အခန်းလား မသိဘူး၊ အမွှေးနံ့တွေ သိပ်ရနေတယ်၊ ကျွန်တော်က အဲဒီအမွှေးနံ့သာရရင် ခေါင်းမူးတတ်လို့ပါ"

အမွှေးနံ့ရလျှင် ခေါင်းမူးတတ်သော ထူးဆန်းသည့် သတ္တဝါ စစ်ခန်းကို အံ့သြစွာဖြင့် ...

"အို ... ဒီတည်းခိုခန်းမှာ မိန်းကလေးဆိုလို့ ဟိုဘက် အစွန်ဆုံးအခန်းပဲ ရှိတယ်၊ မင်းဘေးက အခန်းက အဲဒီမိန်းကလေးရဲ့ အစ်ကို အခန်းပါ၊ မင်းနဲ့ဆိုရင် ဟိုဘက်ထိပ် ဒီဘက်ထိပ်ပါပဲ၊ သူ့ကို မိန်းကလေးမို့ အစွန်ဆုံးမှာ သတ်သတ်နေရာပေးထားတာပါ"

အဘွားအိုက အနည်းငယ်စဉ်းစားလိုက်ပြီး ...



"မင်းရတဲ့အမွှေးရနံ့က သူ့အစ်ကိုဆိုတဲ့လူမှား လိမ်းချယ်နေတာလားကွယ်"

အဘွားအို၏အတွေးစကားကြောင့် စစ်ခန်းသည် ရယ်ချင်မိသွားသည်။

သို့သော် ...

သူ၏လိမ်လည်မှု ပေါ်သွားမည်စိုး၍ မရယ်ဝံ့ပါ။

"ဟုတ်ကဲ့၊ ကျွန်တော်ပဲ စိတ်ထင်လို့ဖြစ်မှာပါ၊ စိတ်မရှိပါနဲ့ ခင်ဗျာ"

အားနာဟန်အပြည့်နှင့် ပြောလိုက်သောသူ့ကို အဘွားအိုက ပြုံးပြုံးကြီးကြည့်ပြီး အံဆွဲခုံဘေးခွက်ထဲမှ ပဲပုတ်ပြားတစ်ချပ်ကို ထုတ်ကာ ...

"အမွှေးနံ့ရလို့ ခေါင်းမူးတတ်ရင် ဟောဒီပဲပုတ်ပြားကို ရှူထားပါလား၊ သူက မမွှေးဘူး နံတယ်၊ ဒါဆို အမွှေးနံ့တွေ ပျောက်သွားပါလိမ့်မယ်"

အဘွားအို၏စေတနာသည် စစ်ခန်းအား တွန့်ခနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေပါစေတော့ အဘွားရယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဟဲ ... ဟဲ"

ရယ်ကျဲကျဲဖြင့် ထွက်သွားသော စစ်ခန်းကို အဘွားအိုသည် ဘယ်လိုပါလိမ့် ဟူသောအတွေးဖြင့် လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

စစ်ခန်းမှာ ဉာဏ်နီဉာဏ်နက်ဖြင့် ကျူးဝေဝေ၏အခန်းကို သိခဲ့ရပြီမို့ မစဉ်းစားတော့ဘဲ ကျူးဝေဝေ၏အခန်းဆီသို့ တန်းၡ လျှောက်လာလေ၏။

ကျူးလုဆန်နှင့် ခုနစ်ခန်းခြားနေသည်မို့ လုံးဝမှုစရာမလိုပေ။

စစ်ခန်းသည် အခန်းဝသို့ရောက်သည်နှင့် တံခါးခေါက်ရန် ရွယ်လိုက်သောအခါ ...

"ကျွီ"

တံခါးပွင့်လာလေ၏။

စစ်ခန်း၏ရွယ်ထားသောလက်မှာ တန်းလန်းကြီးဖြစ်နေတော့၏။



"ကဲ ... အထဲကို မြန်မြန်ဝင်"

မှန်သည်။

တံခါးဖွင့်လိုက်သူမှာ ကျူးဝေဝေပင် ဖြစ်၏။

ရည်ရွယ်သည်က ထိုတံခါးကို ခေါက်လိုက်မည်။

ကျူးဝေဝေက တံခါးလာဖွင့်မည်။

ထိုအခါ သူ့ကိုတွေ့လိုက်ရသော ကျူးဝေဝေ အံ့အားသင့်သွားပေမည်။

ဤသို့တွေးတောသော စစ်ခန်းမှာ ယခု သူက ပြန်အံ့အားသင့်နေရ၏။

မှန်သည်။

သူလာမည်ကို ကြိုတင်သိထားဟန်ရှိသော ကျူးဝေဝေသည် တံခါးကို ကြို၍ဖွင့်ထားနှင့်သောကြောင့် ဖြစ်လေသည်။

ကျူးဝေဝေက သူ့အား ဒေါပေါက်ကြည့်ပြီး ...

"ဘာလို့ သဲသဲမဲမဲ လိုက်နေရတာလဲ အစ်ကိုရယ်"

စစ်ခန်းက ပြုံးစစဖြင့် ...

"တွေ့ချင်လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

စစ်ခန်း၏အဖြေကြောင့် သူမမှာ သက်ပြင်းတစ်ချက်

ပြင်းပြင်းလေး ချလိုက်၏။

"ညီမလည်း တွေ့ချင်ပါတယ်၊ ဒါပေမဲ့ ညီမမှာ ကိစ္စ

တွေက မပြတ်သေးဘူး၊ ဒါကြောင့် အစ်ကို့ကို လာမတွေ့နိုင်တာ"

စစ်ခန်း အံ့အားသင့်သွား၏။

"ဒါဖြင့် စုန်ကျွန်းမြို့က တည်းခိုခန်းမှာကတည်းက အစ်

ကို တွေ့တာပေါ့ ဟုတ်လား"

သူမ ခေါင်းညိတ်လိုက်၏။

"ပြန်ပြီးဆုံကြရင် အစ်ကိုပြောချင်တဲ့စကားတွေ နား

မယ်ဆိုတာ နားထောင်ရမှာစိုးတာနဲ့ ပုန်းနေတာလားဟင်"

စစ်ခန်း၏အမေးသည် သူမ၏ခန္ဓာကိုယ်တစ်ခုလုံးကို

ခနဲ တုန်ခါသွားသည်။

"အို ... မဟုတ်ပါဘူး အစ်ကိုရယ်၊ ညီမ သိပ်ကို နား

ချင်ပါတယ်၊ ဒါပေမဲ့ ညီမတို့မှာ သိပ်ပြီးအရေးကြီးတဲ့ကိစ္စတွေ

တယ်၊ ဒါကလည်း မနက်ဖြန် သန်ဘက်ခါလောက် ပြတ်သွား



ဟန်ဆောင်မှုမပါသော ရင်ထဲမှစကားများဖြစ်ကြောင်း စစ်

ခန်း သိ၏။

"ဒါဖြင့် ... အဲဒီတော့မှ ပြောရမှာပေါ့ ဟုတ်လား"

စစ်ခန်းက မေးလိုက်၏။

"အဲဒီအချိန်ကျမှ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် နား

ထောင်ရရင် ပိုကောင်းတာပေါ့"

သူမ၏စကားမှာ ရှင်းနေပါသည်။

ဘာကိုဆိုလိုမှန်း သူသိလေ၏။

သူပြောချင်သောစကားကို ပြောစရာပင် မလိုတော့မှန်း

သဘောပေါက်မိသည်။

သို့သော် ...

အချိန်နည်းနည်းတော့ လိုသေးသည်။

"ဒီလိုလုပ်ပါလား အစ်ကို"

စစ်ခန်းသည် ကျူးဝေဝေ၏မျက်နှာကို စေ့စေ့ကြည့်လိုက်

သည်။

"ဘယ်လိုလုပ်ရမှာလဲပြော"

www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်ပြီး ...

"အခုကစပြီး နောက်လေးရက်ပြည့်တဲ့နေ့မှာ စုန်ကျွန်းရွာက ဆုံစည်းရာတည်းခိုခန်းကနေ စောင့်နေပါလား။ ညီမ ဦးရင်လည်း ညီမ စောင့်နေမယ်၊ အဲဒီနေ့ဆိုရင် ညီမကံစွတွေ အကုန်ပြတ်ပြီ"

စဉ်းစဉ်းစားစား ပြောလိုက်သောစကားမို့ ယုံမှားသံသယ ဖြစ်စရာမလိုပေ။

"ဒါဖြင့် ... အစ်ကို အခုသွားရတော့မှာလား"

မျက်ရည်များ ရစ်ဝဲနေသော မျက်လုံးအစုံဖြင့် ကျူးဝေ ခေါင်းညိတ်လိုက်၏။

ထို့နောက် ...

သူမသည် တိုးညင်းသောလေသံဖြင့် ...

"ဒီကိစ္စကို အစ်ကိုကြီးမသိစေချင်ဘူး"

သူမသည် သူမ၏အခြေအနေကို တစ်စွန်းတစ်စ လှစ်ဟ ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

သူ သဘောပေါက်ပါသည်။

သို့သော် ...



သူသည် ရုတ်တရက် ကျူးဝေဝေ၏ဖြူနုသွယ်လျသော လက်ကလေးကို ဆွဲယူနမ်းလိုက်ပြီး ချာခနဲလှည့်ထွက်လာခဲ့သည်။

အခန်းတွင်းမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

အခန်းအပြင်သို့ရောက်သည်နှင့် တိုက်ရိုက်မြင်းဇောင်းသို့ သွက်ခဲ့ပြီး သူစီးလာသော မြင်းကြီးပေါ်သို့ ခုန်တက်လိုက်ပြီး စုန်ကျွန်းရွာဆီသို့ ဦးတည်ခုန်းစိုင်း၍ စီးနင်းထွက်ခွာနေလေတော့သည်။

○○○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

## တတိယမြောက်သားကောင်

အခန်းထဲတွင် သုံးယောက်သာ ရှိ၏။

သုံးယောက်စလုံး၏မျက်နှာများသည် ပြိုတော့မည့်မိုးလို ညှိုးမှိုင်းနေသည်။

သူတို့သည် စိတ်ထဲမှ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း အစရှိသော ခံစားမှုများသည် မျက်နှာဝယ် ထင်းထင်းပေါ်နေချေ၏။

အခန်းကြီးတစ်ခုလုံးရှိနေမည့် နဂိုအလင်းရောင်ထက် နှစ်ဆမျှ ပိုလင်းနေ၏။

ထွန်းထားသည့် ဖယောင်းတိုင်များမှာ နှစ်သစ်ကူးပွဲတော်ပင် ထိန်လင်းလွန်းလှ၏။



အခန်းထဲရှိ လူသားသုံးဦးအနက် နှစ်ဦးသာ ထိုင်နေသော်လည်း ကျန်တစ်ဦးမှာ လုံးဝလည်း မထိုင်၊ လုံးဝမရပ်နားဘဲ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။

သူသည် အန်းစီရီပင် ဖြစ်၏။

တစ်သက်တာလုံး မကောင်းမှုများနှင့် ကျင်လည်လာသော ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်လုံးပင် ဖြစ်လင့်ကစား ...

ယခု ...

ကြုံနေရသောကိစ္စရပ်များကြောင့် တုန်လှုပ်ချောက်ချားမှုက ကြီးစိုးလွန်းနေ၏။

ကြောက်လန့်ခြင်းထက် ခံပြင်းခြင်းက ပိုနေချေ၏။

ထိုင်နေသူနှစ်ဦးမှာ ကျွမ်းလုနှင့် အန်းနိုင်းနိုင်းတို့ ဖြစ်လေသည်။

အားလုံး တိတ်ဆိတ်လျက် ရှိကြသည်။

တစ်ယောက်နှင့်တစ်ယောက်မှာ မည်သူ့ကိုမှ စကားမပြောကြချေ။

ကျွမ်းလုတစ်ယောက်သာ စားပွဲပေါ်ရှိ အရက်အိုးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ခံပြင်းတိုင်းသာ တစ်ကျိုက်ပြီး တစ်ကျိုက် မော့နေသည်။

"ဘာမှလည်း စိတ်ပူက်မနေကြပါနဲ့၊ သန်ဘက်ခါဆိုရင် ဒီ စိတ်ဆင်းရဲမှုဒဏ်က လွတ်တော့မှာပါ၊ ငါလည်း ထာဝရအေးချမ်းတဲ့ အလင်းရောင်ရဲ့ ဘက်တော်သားအဖြစ် ခံယူတော့မှာပါ၊ ဒီအချိန် တို့ရဲ့ အန္တရာယ်မှန်သမျှကို တရားဥပဒေက-ကာကွယ်ပေးမှာပါ"

တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်သူမှာ အန်းစီရိပင် ဖြစ်သည်။

ကျွမ်းလုက ဒေါသတကြီးဖြင့် ...

"အိုး ... ဘာမှကြောက်စရာမလိုပါဘူး၊ ကြောက်လည်း ငါ မကြောက်ပါဘူး။ ဒါပေမဲ့ ... ငါ ခံပြင်းတယ်၊ ငါတို့ရဲ့အချစ်ဆုံး သူငယ်ချင်းတွေဖြစ်ကြတဲ့ ဝမ်းရွှေနဲ့ ယုံစိမ်တို့နှစ်ယောက်အတွက် ငါ ဝမ်းနည်းတယ်၊ ဒါပဲ ... ငါ့သူငယ်ချင်းတွေအတွက် ငါ့အသက်နဲ့ ရင်းပြီး ကလဲ့စားချေပြမယ်ကွ"

"ခွမ်း"

ဒေါသနှင့်အတူ ကျွမ်းလုသည် သောက်လက်စ အရက်အိုးကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ချပေါက်ခွဲလိုက်လေ၏။



သူ့ရင်ထဲမှ ပေါက်ကွဲမှုသည် ယခုထက် ဆိုးမှန်း အန်းစီရိ သဘောပေါက်မိသဖြင့် ကျွမ်းလုကို ဘာမှမပြောဘဲ ငေးကြည့်နေသည်။

အန်းနိုင်းနိုင်းသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်၏။

နှုတ်မှလည်း ...

"ဦးလေးကျွမ်း ... သတိထားပါ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး၊ အနေးနဲ့အမြန်ဆိုသလို ပေါ်လာရမှာပါပဲ"

ဟု အားပေးလိုက်သည်။

သူမကိုယ်တိုင်ပင် ခံပြင်းမှု၊ ဝမ်းနည်းမှု၊ အားငယ်မှုတို့က ရင်ထဲမှာ အပြည့်ဖြစ်နေ၏။

ဖခင်ဖြစ်သူ စိတ်ဓာတ်ကျမည်စိုး၍သာ ဟန်လုပ်နေရခြင်း ဖြစ်သည်။

ဖြဝင်းထဲ၌ စောင့်ကြပ်နေသူများအပြည့်ရှိသည်။

အိမ်ကြီး၏ပတ်ပတ်လည်ပတ်လည်း ထပ်မံ၍ အစောင့်များ ထို တိုးချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့ပြီးသော ရက်မှ သေဆုံးရသည်ကို ဖြေ၍ရ၏။

နောက်ဆုံး သေဆုံးရသည့် ဝမ်းစွေလုပ်ကြံခံခဲ့ရခြင်း[illegible] အားလုံးက ယူကျုံးမရ ဖြစ်နေကြရခြင်းဖြစ်၏။

ထိုနေ့က ယင်းအလောင်းကို စတင်တွေ့ရှိသူမှာလည်း ကျွမ်းလုပင်ဖြစ်၏။

ကျွမ်းလုသည် တစ်ညလုံး အိပ်မရဘဲဖြစ်နေစဉ် အိပ်ခန်း[illegible] ပြတင်းပေါက်ကို အပြင်မှ ဖွင့်သံလိုလို ကြားရသဖြင့် ရုတ်တ[illegible] လန့်သွားလေ၏။

ထို့ကြောင့် ...

သူသည် ခြံတွင်းသို့ ဆင်းကြည့်ရန် ဝမ်းစွေကို အဖော်အ[illegible] လာရောက်နှိုးမည်ဟု သူ့အခန်းမှ အထွက်တွင် ၎င်း၏အခန်း[illegible] ပင် ၎င်းသေဆုံးနေသော ဝမ်းစွေကို တုန်လှုပ်ဖွယ်တွေ့ခဲ့ရခြင်း[illegible] သည်။

တရားခံသည် တစ်ယောက်တည်းပင် ဖြစ်ရမည်။

ယုံစိမ် သေဆုံးရသောအချက်နှင့် ယခု ဝမ်းစွေ သေ[illegible] သော အချက်များမှာ တစ်ထပ်တည်းပင် ဖြစ်နေပေတော့သည်။



ထူးဆန်းသည်မှာ ...

ဤလူသတ်သမားသည် အမြဲတမ်း ဓားကို နောက်ဖက်မှ ချည်း ထိုး၍ လုပ်ကြံခဲ့ခြင်း ဖြစ်၏။

သူ ဘယ်လိုလုပ်ပြီး ထိုးခဲ့သနည်း။

ယခု ...

လုပ်ကြံခံခဲ့ရသည့် ဝမ်းစွေနှင့်ယုံစိမ်တို့သည် နှယ်နှယ်ရရ သိုင်းသမားများ မဟုတ်ပါ။

အဆင့်မြင့် ထိပ်တန်းအကျော်အမော် သိုင်းပညာရှင်များသာ ဖြစ်ကြ၏။

မည်သည့်နည်းနှင့်မျှ ရန်သူကို နောက်ကျောပေး၍ အလစ် တိုက်ခိုက်ခံမည့်သူများ မဟုတ်ကြပါ။

နောက်မှ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း မဖြစ်နိုင်ပေ။

ဤမျှ အဆင့်မြင့် သိုင်းပညာရှင်ကြီးများကို အလစ်ဝင်၍ တိုက်ခိုက်ဖို့ဆိုသည်မှာ လွယ်သည့်ကိစ္စ တစ်ခုတော့ မဟုတ်ပါချေ။

ဤတစ်ချက်ကို ကျွမ်းလုတစ်ဦး တွေးနေမိ၏။

သူသည် ... တစ်ဦးတည်းတွေးရသည်ကို အားမရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီကိုပါ အတွေ့ခေါ်လိုက်၏။

"ဒီမှာ သူငယ်ချင်း ... ဒီလူသတ်ကောင်ရဲ့သိုင်းပညာအဆင့် ဟာ ဘယ်အဆင့်လောက် သတ်မှတ်ရမလဲ၊ မင်း စဉ်းစားစမ်းပါဦး"

အန်းစီရီသည် ကျွမ်းလု၏အမေးကို ခေါင်းညိတ်ပြလိုက်ရင်း

"တို့သူငယ်ချင်းနှစ်ယောက်စလုံးဟာ သာမန်ပညာရှင်တွေ မဟုတ်ဘူးကွ၊ ဒါကို ကလေးလေး သတ်သလို သတ်သွားတဲ့ လူသတ် ကောင်ရဲ့အဆင့်က နည်းနည်းနောနော သိုင်းပညာအဆင့် မဟုတ်နိုင် ဘူးလို့ ငါထင်တယ်"

ကျွမ်းလုက စားပွဲကို လက်ဖြင့် ပုတ်လိုက်ပြီး ...

"စဉ်းစားမနေနဲ့ ထင်မနေနဲ့ ဟုတ်ကိုဟုတ်တယ်၊ ဒီကောင် ရဲ့သိုင်းပညာအဆင့် မသေးလှဘူးကွ၊ သူ့ကို တို့ကောင်တွေ ဘာလို့ မျက်နှာချင်းဆိုင် မတိုက်မိကြသလဲ၊ ငါ ငါပဲ စဉ်းစားလို့မရတာ"

ကျွမ်းလုသည် စဉ်းစားရင်းမှ စိတ်တိုလာပြီး 'တက်' [illegible] ချက်ကို ပြင်းထန်စွာ ခေါက်လိုက်လေ၏။

ထို့နောက် ...

အခန်းတွင်း၌ ပြန်လည်တိတ်ဆိတ်သွားပြန်၏။



အတန်ကြာမှ ...

"ဒါနဲ့ နေပါဦး၊ ဟိုညက ဦးလေးယဲ့စိမ် လုပ်ကြံခံရတဲ့နေရာ တည့်တည့်က တိုကုဆာဆိုတဲ့ စာကြောင်းဟာ ဘယ်သူရေးတာလဲ၊ ဒီလူသတ်ပဲ ရေးသွားတာ မဟုတ်လား"

အန်းနိုင်းနိုင်းက သတိရသောအချက်ကို ပြောလိုက်ခြင်း ဖြစ်သည်။

အန်းစီရီက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အဲဒါကလည်း ခက်သားပဲ၊ တိုကုဆာလို့ထင်အောင် လှည့် စားသွားတာလည်း ဖြစ်နိုင်တာပဲ၊ နောက် အဲဒီညက ကျုပ်ရဲ့လုံ ခြုံ ရေးအဖွဲ့ဝင်ထဲက သန်ရှိဆိုတဲ့လူ ပျောက်နေတယ်"

"ဒီတော့ ဒီကောင် ဘယ်ရောက်သွားသလဲ၊ ဒီကောင့် [illegible] ဝင်ကို ပြန်ပြီး စုံစမ်းကြည့်တော့လည်း သိပ်ပြီး လူသတ်တဲ့နေ့ ဥမှာ ရှိသေသပ်တယ်လို့ သတင်းရလေတော့ သူ့ကိုပဲ ထင်ရမ လိုလို ဘောင် ဖြစ်နေတယ်"

သူက ထင်မြင်ချက်ကို ပြောပြလိုက်၏။

ကျွမ်းလု ခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူငယ်ချင်း၊ ဘယ်သူလို့ မသိရတဲ့ တရားခံကို ထင်ချင်ရာထင် လျှောက်ထင်နေရမည့်ပုံပဲ"

စိတ်ပျက်သောလေသံဖြင့် ပြောလိုက်၏။

"ဒါထက် ဒီမြို့ထဲမှာရှိတဲ့ လူတွေကို မင်း ... ဘယ်က ခေါ်ထားတာလဲ"

ကျွမ်းလုက မေးလိုက်ခြင်းဖြစ်၏။

အန်းစီရိ ခေါင်းညိတ်ပြပြီး ...

"ငါ့ရဲ့ အရင်က လူဟောင်းတွေပါပဲ၊ လူသစ်ဆိုလို့ တစ်ဦးမှ မရှိဘူး"

ကျွမ်းလု သက်ပြင်းချပြီး ...

"ဒီလိုဆို တို့ဘက်မှာ တော်တော်အားနည်းနေပြီကွ၊ ဒီတော့ ညဘက်မှာ မင်းနဲ့ငါ ကိုယ်တိုင် သတ်မှတ်ရက် မရောက်ခင် ဒုက္ခခံပြီး မအိပ်ဘဲ မြို့ထဲမှာ ချထားတဲ့ ကင်းတွေကို သတိထားပြီး လှည့်လာရင် ကောင်းမယ်ထင်တယ်"

သူသည် ကျွမ်းလု၏စကားကို လက်ခံသဘောတူရန် တွေးတောမိသည်။



"အေး ... ငါလည်း ဒီလိုပဲ စဉ်းစားမိပါတယ်၊ ကောင်းတယ် သတ်မှတ်တဲ့ရက်လည်း သန်ဘက်ခါဆို ရောက်ပြီမို့ သိပ်ဒုက္ခခံစရာ မလိုတော့ပါဘူး သူငယ်ချင်းရာ"

သူသည် စကားပြောရင်း ရီဝေသော မျက်လုံးများဖြင့် မျက်နှာကြက်ကို ငေးကြည့်လိုက်၏။

"သန်ဘက်ခါ သန်ဘက်ခါနဲ့ ပြောနေတာ အဲဒီနေ့ကို တိုကုဆာနဲ့ ပတ်သက်တဲ့လူလာမယ်ဆိုတာ သေချာရဲ့လား"

သမီးဖြစ်သူက ဝင်ရောက်မေးလိုက်သည့်စကားကို ကျွမ်းလုက ခေါင်းညိတ်ပြ၏။

"ဖေဖေ ကောင်းကောင်းသိပါတယ်၊ ဒီနေ့ဒီရက်ကို ဘယ်သူ လာမယ်ဆိုတာကိုလည်း သိထားပါတယ်၊ အဲဒီလာမယ့်လူဟာ တကယ့်လူ ဟုတ်,မဟုတ်ကိုတော့ လေ့လာစစ်ဆေးကြည့်ရမှာပဲ"

ကျွမ်းလု အတန်ကြာစဉ်းစားလိုက်ပြီး ...

"မင်းပြောတဲ့ အစီအစဉ်ဆိုရင် ငါ မှူးခင်းတစ်ဖွဲ့ဝင်တွေဆီ သွားအကြောင်းကြားဖို့ကလည်း ရှိသေးတယ်၊ အဲဒီတော့ ဒီကိစ္စကို ငါ တာဝန်ယူတယ်၊ မင်းအနေနဲ့ အဲဒီကိုယ်စားလှယ်ဆိုတဲ့ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန္ယူၿပီး အခ်ိဳ႕သတ္ထိန္းထားေပါ့ ဟုတ္လား"

ကၽြမ္းလု၏စကားကို အန္းစီရီ သေဘာေပါက္ေသာ္လည္း အန္းနိုင္းနိုင္းမွာ အေတြးကလည္း နုနယ္ၿပီး ကၽြန္ကိစၥမ်ား တိုင္ဝင္ မည္သူမရွိေသာေၾကာင့္ ...

မည္သည့္အေၾကာင္းကို ေျပာေနသည္ဟု သေဘာေပါက္ျခင္း မရွိဘဲ ...

"ဟင္ ... ေဖေဖက ကိုယ္စားလွယ္ေတြကို ဘုရင့္တစ္ဖြဲ႕ဝင္ ေတြလက္ကို အပ္လိုက္မယ္ ဟုတ္လား"

ထိတ္ထိတ္ပ်ာပ်ာ ဝင္ေမး၏။

"တိုးတိုးေျပာစမ္း သမီး"

သူမ ေမးလိုက္သည့္အသံမွာ အနည္းငယ္က်ယ္ေလာင္ေနသျဖင့္ ဖခင္က လွမ္း၍ သတိေပးလိုက္၏။

ထို႔ေနာက္ အန္းစီရီသည္ သမီးျဖစ္သူအား သူ၏ဆုံးျဖတ္ခ်က္ကို ရွင္းျပလိုက္၏။

"ဟုတ္တယ္၊ ေဖေဖတို႔မွာ မိုက္မဲယွင္းမွားခဲ့တဲ့ ႀကိဳးစည္မႈေတြကို ေျပၿငိမ္းေအာင္ ျပဳျပင္ဖို႔ ေဖေဖ ဆုံးျဖတ္လိုက္ၿပီ"



ထို႔ေနာက္ ...

အန္းစီရီသည္ သူ၏သေဘာထားခံယူခ်က္ အေမွာင္မွ အလင္းသို႔ ကူးေျပာင္းေတာ့မည့္စိတ္ဓာတ္တို႔ကို သမီးျဖစ္သူ နားလည္သေဘာေပါက္ေအာင္ ရွည္ေဝးစြာရွင္းျပ၏။

တခ်ိဳ႕ေနရာမ်ားတြင္ ကၽြမ္းလုက ဝင္ေရာက္ရွင္းျပျခင္းျဖင့္ အန္းနိုင္းနိုင္းမွာ နားလည္သေဘာေပါက္လာေလေတာ့သည္။

"အဲဒါေတြဟာ သမီးရဲ႕ေနာင္ေရးကိုပါ ေဖေဖ သတိရၿပီး ငါ့သမီးေလး ေလာကအလယ္မွာ တိုင္းျပည္ရဲ႕သစၥာေဖာက္သမီးလို႔ အေခၚခံရမွာစိုးတဲ့အတြက္ ပိုၿပီး အမ်ဳိးကာကြယ္ပါတယ္ သမီး"

ဖခင္ျဖစ္သူ၏စကားကို ၾကားလိုက္ရေသာအခါ ...

သူမသည္ ႀကီးမားသန္႔စင္လွေသာ မိဘေမတၱာေၾကာင့္ မ်က္ဝန္းထဲမွ မ်က္ရည္စမ်ားသည္ ပါးျပင္ေပၚသို႔ တလိမ့္လိမ့္စီးက်လာေလေတာ့၏။

"ေဖေဖရယ္ ... သမီး သေဘာေပါက္ပါတယ္၊ ေဖေဖဟာ သမီးကို ဒီတစ္ခ်က္တည္းနဲ႔ ဘယ္ေလာက္ခ်စ္တယ္ဆိုတာကို သက္ေသျပလိုက္တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်း၍ ကျသည့်မျက်ရည်များပင် ဖြစ်၏။

အန်းစီရီက သမီးဖြစ်သူအား ပြုံး၍ကြည့်လိုက်ပြီး —

"ကဲပါ သမီးရယ်၊ ခုအချိန်ဟာ ငိုနေရမည့်အချိန် မဟုတ်တော့ပါဘူး။ ဖေဖေတို့တစ်တွေ ညီညီညွတ်ညွတ်နဲ့ လတ်တလော ...လာမည့် ရန်သူကို တိုက်ခိုက်ရမယ်ဆိုတဲ့ အစီအစဉ်တွေ ဆွဲရမယ့်အချိန်ပဲ၊ ကဲ ... တိတ်"

ဖခင်ဖြစ်သူ၏စကားသံကြောင့် ...

သူမ၏မျက်ရည်စများကို သုတ်လိုက်ပြီး ခါးတွင် ချိတ်...သည့် လှံတို့ကို ထုတ်လိုက်ကာ ...

"ဖေဖေနဲ့ အတူတူ တိုင်းပြည်ကို ကျူးကျော်တဲ့ စက်သီး...ဂျပန်တွေကို စပြီး တိုက်ခိုက်ချေမှုန်းပါ့မယ်လို့ ကတိပြုပါတယ်"

ဤကဲ့သို့ ငွေရောင်လှံတံကို မြှောက်ပြီး သစ္စာဆိုလိုက်...သည်။

အန်းနိုင်းနိုင်း၏အပြုအမူကြောင့် နံဘေးမှာ ရပ်နေသော ...ကျွမ်းလုပင် ကြက်သီးများ တဖြန်းဖြန်း ထသွားရလေတော့သည်...

မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ကြီးငယ်မဟူ ထားရှိအပ်...



သဘောတရားဖြစ်ကြောင်း သူ ကောင်းစွာ နားလည်သဘောပေါက်လိုက်မိ၏။

"ကဲ ... သမီး အနားယူတော့၊ ဖေဖေနဲ့ သမီးဦးလေးကျွမ်းလု ကင်းတွေလှည့်ပြီး စစ်ဆေးလိုက်ဦးမယ်"

အန်းစီရီသည် သမီးဖြစ်သူကို အနားယူအိပ်စက်ရန် တိုက်တွန်းလိုက်သော်လည်း ...

"ဟင့်အင်း ... သမီးလည်း ဖေဖေနဲ့အတူ လိုက်မယ်၊ ခုအချိန်မှာ တစ်ယောက်ဆိုတဲ့ အင်အားဟာ တစ်ယောက်မှန်းသိသာတဲ့အချိန်ပါ"

ထိုစကားကို ကျွမ်းလုတစ်ယောက် သဘောကျသွားလေသည်။ သူသည် အားရဝမ်းသာဟန်ဖြင့် ...

"ကောင်းတယ်ဟေ့ ... ကောင်းတယ်၊ အဲဒီလို သိတတ်တဲ့ သမီးမျိုးလေး ငါတောင် တစ်ယောက်လောက်ရှိချင်တယ်၊ ဟား ဟား ဟား"

အန်းနိုင်းနိုင်းကိုကြည့်လျက် ရယ်မောကာ ပြောဆိုလိုက်သော ကျွမ်းလုကိုတစ်လှည့် သမီးဖြစ်သူကိုတစ်လှည့် ကြည့်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီလည်း …

“ကဲ … ဒါဖြင့်လည်း ဖေဖေတို့ ခြံဝင်းနားက ကင်းတွေဆီသွား လှည့်ပြီးစစ်ဆေးမယ်၊ သမီးကတော့ အိမ်နံဘေးက ကင်းသမားတွေ ကိုကြည့်လိုက်၊ ဒါမှ အိပ်ချင်ရင်လည်း အိမ်ပေါ်တက်ပြီး အိပ်လို့ရ ပေါ့”

အန်းစီရီ၏အစီအစဉ်ဖြင့် အန်းနိုင်းနိုင်းသည် အိမ်အနီးပတ် ဝန်းကျင်များကို စစ်ဆေးစေလိုက်၏။

သူနှင့်ကျွမ်းလုတို့သည် ခြံဝင်းကြီးဆီသို့ ထွက်လာခဲ့လေ သည်။

ထို့နောက် …

ခြံဝင်းတစ်ဝန်းလုံးကို လိုက်လံစစ်ဆေးပြီး စိတ်ချရသည်နှင့် အိမ်ကြီးဘက်သို့ လှည့်လျှောက်ခဲ့လေ၏။

အိမ်ကြီး၏ပတ်ဝန်းကျင်မှ သိုင်းသမားများမှာလည်း သူ့ တာဝန်ကျနေရာများ၌ အဆင်သင့်တာဝန်ကျေစွာ နေကြသည်ဟု အန်းနိုင်းနိုင်းက သူစစ်ဆေးပြီးကြောင်း ပြောပြလေသည်။

ထိုစဉ်မှာပင် …



အိမ်ခြံဝင်းကြီး၏တစ်ဖက်ဆီမှ ဆူဆူညံညံအသံမျိုးကို ကြား လိုက်ရသဖြင့် အန်းစီရီမှာ ထိတ်ခနဲဖြစ်သွားပြီး ထိုနေရာသို့ အပြေး ကလေး ထွက်လာခဲ့လေ၏။

ယင်းနေရာသို့ရောက်သောအခါ ကင်းသမား လူရွယ်နှစ် ယောက် တစ်ယောက်နှင့်တစ်ယောက် အချင်းများသည့်ကိစ္စဖြစ် သည်မို့ နှစ်ယောက်စလုံးကို နှုတ်ဖြင့်သာ ဆုံးမပြီး ပြန်လှည့်လာလေ ၏။

အိမ်ကြီး၏နောက်ဘက်မှ ပတ်၍လျှောက်လာခြင်း ဖြစ်လေ သည်။

အိမ်ရှေ့သို့အတက်ရောက်တွင် အန်းစီရီမှာ စောစောကနေရာ တွင် သမီးဖြစ်သူနှင့် ကျွမ်းလုတို့ကို မတွေ့ရသဖြင့် အိမ်ထဲသို့ ဝင်လာ ခဲ့လေ၏။

အိမ်ကြီး၏ဧည့်ခန်းသို့အရောက်၌ သမီးဖြစ်သူ အန်းနိုင်းနိုင်း ကို တွေ့လိုက်ရသဖြင့် ကျေနပ်မိလေသည်။

“သမီး အိပ်တော့လေ ကိစ္စမရှိပါဘူး အားလုံးလည်း စိတ်ချ ရပြီပဲ၊ ကျွမ်းလုတောင် အိပ်ရာထဲဝင်သွားပြီလား မသိဘူး”

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီက ပြောလိုက်ခြင်းဖြစ်၏။

အန်းနိုင်းနိုင်းမှာ ဖခင်ကြီး၏ချမ်းသာမှုအတွက် မအိပ်ချင်သေးသော်လည်း ခေါင်းကိုညိတ်ပြ၍ အိပ်ခန်းဘက်ဆီသို့ လျှောက်သွားလေ၏။

ဧည့်ခန်းထဲ၌ အန်းစီရီတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ထိုအချိန်တွင် ....

ကျွမ်းလုမှာ စောစောက ရန်ဖြစ်၍ ဆူဆူညံညံဖြစ်သွားသောနေရာသို့ ရောက်ခဲ့လေသည်။

အမှန်မှာ ...

အန်းစီရီထွက်သွားသည်နှင့် လိုက်သွားရန်ဖြစ်သော်လည်း အန်းနိုင်းနိုင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့မည်စိုးသဖြင့် နေရစ်ခဲ့ပြီး အန်းနိုင်းနိုင်း အိမ်ထဲသို့ ဝင်သွားသဖြင့် အန်းစီရီနောက်သို့ လိုက်လာခြင်းဖြစ်သည်။

သို့သော် အန်းစီရီမှာ အိမ်နောက်ဘက်မှပတ်၍ ပြန်လှည့်လာခဲ့ရာ လမ်း၌ လူချင်းကွဲသွားခဲ့ရလေ၏။



ဆူဆူညံညံ ကြားသောနေရာသို့ ရောက်သောအခါ၌ ဘာမှမဟုတ်သည့်ကိစ္စမို့ အန်းစီရီကိုလည်း မတွေ့ဘဲ ပြန်သွားပြီဖြစ်ကြောင်း သိရသည်။

သို့ဖြင့် ...

ကျွမ်းလုက အိမ်ကြီးဆီသို့ ပြန်လှည့်လာခဲ့ရာ အိမ်ကြီး၏ခေါင်မိုးပေါ်မှ တစ်စုံတစ်ခုသော လှုပ်ရှားမှုကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် ရပ်လျက်ကြည့်လိုက်မိ၏။

ထိုအခါ ...

လူရိပ်တစ်ခုဖြစ်သည်ကို တွေ့လိုက်ရ၏။

သူက ထိုလူရိပ်နောက်သို့ တစ်ဟုန်ထိုးတက်ရန် စိတ်ကူးနှင့် အိမ်ကြီး၏ခေါင်မိုးအစွန်းပေါ်သို့ တုံ့ခနဲတက်လိုက်၏။

အလွန်ထက်မြက်လှသော ကိုယ်ဖော့ပညာဖြစ်၏။

ခြေသံမကြားရပါချေ။

သို့သော် ...

သူ့ရှေ့မှ လူရိပ်သည် လိမ္မာပါးနပ်လှ၏။

သူ့ကိုတွေ့သည်နှင့် တုံ့ခနဲရပ်လိုက်ပြီး မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လှည့်၍ စောင့်နေ၏။

ကျွမ်းလုရင်ထဲ၌ ထိတ်ခနဲဖြစ်သွားပြီး ခါးတွင် ပတ်ထားသော ကြိုးကွင်းကို ဖြုတ်လိုက်၏။

ထိုအခြင် ...

လက်ထဲ၌ ချိန်ဆ၍ ကိုင်လိုက်ရင်း တဖြည်းဖြည်း ရွေ့တိုးလာ၏။

လရောင်ဖျော့ဖျော့မှအပ အလင်းရောင်ဟူ၍ လုံးဝမရှိ။

တစ်ဦးနှင့်တစ်ဦး မြင်ရရုံရှိ၏။

တစ်ဖက်မှသူက ဝတ်စုံအနက်ရောင်ကို ဝတ်ထားလျှင် မျက်နှာကို ဖုံးလုမတတ် မြတ်ခမောက်ကြီးတစ်လုံးကိုအုပ်၍ ဆောင်းထားသောကြောင့် သူ၏မျက်နှာ ရုတ်တရက်မြင်ဖို့မှာ မလွယ်ပါ။

ကျွမ်းလု၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွား၏။

သူ့ အန္တရာယ်၏အငွေ့အသက်ကို ခံစားရှူရှိုက်ရသလို ဖြစ်လာချေပြီ။

လက်ထဲမှ ကြိုးကွင်းကို ရုတ်တရက် ဝှီးခနဲ လှမ်းပစ်လိုက်သည်။



သို့သော် ...

ကြိုးကွင်းသည် လိုရန်သူ့ကို မစွပ်မိရုံမက ရှေ့မှရန်သူသည် ဖျတ်ခနဲ သူ့ဘေးသို့ရောက်လာ၏။

ကျွမ်းလုရင်ထဲ ယိတ်ခနဲဖြစ်သွားမိ၏။

မြန်လိုက်သည်ဖြစ်ခြင်း။ လက်ဖျားခါလောက်အောင် မြန်သည်။

အမှန်စင်စစ် ...

သူ၏ကြိုးကွင်းက ကောင်းကင်တွင်ပျံနေသော ဗျိုင်းကိုပင် လှစ်ခနဲ လှမ်းပစ်ဖမ်းယူသောကြောင့် ယခုလို လူသားတစ်ဦးကို စမ်းမိခြင်းမှာ သူညံ့၍မဟုတ်။

ဟိုလူတော်လွန်း၍ဖြစ်ကြောင်း သဘောပေါက်လိုက်မိလေသည်။

"မကြိုးစားပါနဲ့ ... မိတ်ဆွေ"

တစ်ဖက်လူက သံပြတ်နှင့်ပြော၏။

"မင်း ... ဘယ်သူလဲ"

ကျွမ်းလု သိချင်ဇောနှင့်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုကုဆာ"

တစ်ဖက်မှရန်သူ၏အဖြေက ကျွမ်းလု၏ဒေါသကို အထွဋ် အထိပ်သို့ ရောက်သွားစေ၏။

အဘယ်ကြောင့်ဆိုသော် ...

သူ၏သူငယ်ချင်းဖြစ်သူ ယုံစိမ်နှင့်ဝမ်းစွေတို့ သေဆုံးရခြင်း သည် ယခု တိုကုဆာ၏လက်ချက်ဖြစ်သောကြောင့် ဖြစ်သည်။

တစ်ဖက်ရသူက ပေါ့ပေါ့တန်တန် ရန်သူမဟုတ် အမှန် တကယ် စွမ်းထက်သည့် ရန်သူမှန်း သိထားသောကြောင့် လုံးဝမလေး ရဲချေ။

တစ်ဖက်မှ လူသတ်သမားက လုံးဝမတုန်မလှုပ်ကျောက် ရုပ်တစ်ရုပ်လို ရပ်လျက်ရှိ၏။

ထို့ကြောင့် ...

သူ ကြိုးကွင်းကို ဒုတိယအကြိမ် ထပ်ပစ်လိုက်၏။

"ဝှီး"

အသံနှင့်အတူ သံစူးကလေးများ တပ်ဆင်ထားသော ကြိုး ကွင်းလည်း ရန်သူလူသတ်သမားဆီသို့ ပြေးဝင်သွား၏။



မြန်လည်း မြန်လှသည်။ အားမာန်လည်း ပါလှသည်။

သို့သော် ရန်သူက သူ့လက် လျှင်မြန်နေ၏။

ကြိုးကွင်း သူ့ဆီသို့ရောက်တော့မည့်အချိန်တွင် ဓားငယ် တစ်ချောင်းကို ပစ်သွင်းလိုက်သည်ကို ကျွမ်းလု တွေ့လိုက်ရသော ကြောင့် ...

ရုတ်တရက် တစ်ဖက်သို့ တိမ်းရှောင်လိုက်စဉ်ဝယ် လေထဲ သို့ အရုပ်ကြီးတစ်ခု မြောက်တက်သွားသလို ရှေ့မှ လူသတ်သမားက ခုန်တက်လိုက်သည်ကို တွေ့လိုက်၏။

ခုန်သွားပုံမှာ သူ့နောက်ဘက်သို့ ခုန်သွားသည်ကို တွေ့ လိုက်ရာ ...

ယုံစိမ်နှင့်ဝမ်းစွေတို့ သေရပုံကို သတိရပြီး ရန်သူကို နောက် အရောက်မခံဘဲ ချက်ချင်း လှည့်လိုက်သော်လည်း နောက်ကျလေပြီ။

ကျွမ်းလု သိလိုက်ပြီဖြစ်၏။

သူ၏သူငယ်ချင်းတို့ သေဆုံးရခြင်းမှာ ရန်သူကို ကျောမပေး သော်လည်း တစ်ဖက်လူက ကျောဘက်ရောက်အောင် နေရာယူတိုက် ခိုက်ခြင်းဖြစ်သည်ကို သိလိုက်ရသောအချိန်သည် ...

www.burmeseclassic.com

www.burmeseclassic.com



"အွန့်"

ထိုလူ၏ခေါးချက်က သူငယ်ချင်းဖြစ်ကြသည့် ယုံစိမ်နှင့် ဝမ်းခွေတို့နည်းတူ ဘယ်ဘက်လက်ပြင်ကို စူးနစ်ဝင်ရောက်ပြီကို နောက်ဆုံး သိသွားရလေတော့သည်။

အိမ်ခေါင်မိုးပေါ်မှ မတိုးမကျယ် ထွက်လာသော အသံကြောင့် အန်းစီရီသည် အိမ်တွင်းမှ အပြေးအလွှား ထွက်လာ၍ အပေါ်မော့ကြည့်လိုက်၏။

အမှန်တကယ်တွင် ...

အန်းစီရီ ထွက်လာသောအချိန်နှင့် ကျွမ်းလု လဲကျသွားသောအချိန်တွင် သိပ်ကွာလှသည်မဟုတ်ပါ။

သို့သော် ...

လူသတ်သမားမှာ အနောက်ဘက်ဆောင်သို့ ခုန်ကျော်၍ မှောင်ရိပ်တစ်နေရာသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

မြေပြင်ပေါ်မှ ခေါင်မိုးပေါ်သို့ လှမ်းကြည့်သော်လည်း ဘာမှုမမြင်ရပေ။



ထိုအချိန်၌ ...

အန်းစီရီ ပြေးထွက်လာသည်ကို မြင်သဖြင့် အနီးသို့ ဝိုင်းဝန်းရောက်ရှိလာသူများထဲမှ မီးတုတ်တစ်ခုကို ဆွဲယူလိုက်ပြီး အိမ်ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်၏။

အိမ်ခေါင်မိုးပေါ်သို့ မီးတုတ်ရောက်သွားသည်နှင့် ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသောအခါ ...

"အင်း ... ကျွမ်းလု"

နှုတ်မှ လွှတ်ခနဲခေါ်ပြီး သွေးအိုင်ထဲတွင် လဲကျလျက်ရှိသော ကျွမ်းလုကို ပြေးပွေ့လိုက်၏။

သို့သော် ...

ကျွမ်းလုမှာ အသက်မရှိတော့ချေ။

ထိုစဉ်ပင် ...

သူ့နံဘေးသို့ လူရိပ်တစ်ရိပ်ရောက်ရှိလာ၏။

ရုတ်တရက် ...

လှည့်ကြည့်လိုက်သည်တွင် ...

"ဦးလေး ကျွမ်းလုလည်း သွားပြန်ပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဒေါသသံရောစွက်နေသော အသံဖြင့် ပြောလိုက်သော သမီးဖြစ်သူ အန်းနိုင်းနိုင်းကို တွေ့လိုက်ရ၏။

"မှတ်ထားယ် သမီး၊ သူလည်း ဒီဝိဇ်ပစအခြောက် ဆုမ်ကဲ့ဆဲ့ရပြန်ပြီ"

အန်းစီရီသည် လေးလေးပင်ပင်ကြီး ပြောချလိုက်လေတော့သည်။

○○○



## အခန်း (၁၈)

## လျှို့ဝှက်သတင်း

ကျန်တိချိုသည် စုံကျွန်းမြို့၏မှုခင်းအထောက်တော်ဖြစ်လေသည်။

ဤမြို့တွင်း သူ့အား မသိသူ ရှားပါးလှ၏။

သူသည် မှန်ကန်သောဘက်မှ ရပ်တည်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ လူချစ်လူခင် ပေါ်များလှ၏။

မတရားမှုကို ဖယ်ရှားတတ်သောကြောင့် လူတိုင်း၏လေးစားမှုကို ခံယူနေရသူတစ်ယောက်လည်း ဖြစ်သည်။

အမှန်စင်စစ် ...

သူသည် စုန်ကျွန်းမြို့၏ဂုဏ်သရေရှိ မျက်နှာဖုံး စာရင်းတွင် တစ်ယောက်ပါဝင်နေသူလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အိမ်သည် စုန်ကျွန်းမြို့၏မင်းလမ်းမကြီး တစ်နေရာ၌ ရှိသည်။

ယနေ့ ...

ကျန်တိချိုသည် သူ၏တပ်ဖွဲ့ဝင်များနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်တို့ကို တိုင်ပင်ဆွေးနွေးညွှန်ကြားပြီးသည့်နောက် အနားယူရန် သီးသန့်ခန်းအတွင်းသို့ ဝင်လာခဲ့၏။

ဤတွင် ...

မြင်းစီးမိန်းမပျိုတစ်ဦး ရောက်ရှိလာ၍ သူနှင့်အရေးကြီးသည့်ကိစ္စများ ဆွေးနွေးတိုင်ပင်လိုသည်ဟု တပ်သားတစ်ဦးလာပြော၏။

ထို့ကြောင့် ...

အထူးဧည့်သည်များ ဆွေးနွေးတိုင်ပင်ရာ အခန်းသို့ ခေါ်ခဲ့ရန် ပြောပြီး အနားမယူနိုင်တော့ဘဲ ထိုင်ရာမှထလိုက်၍ ဆွေးနွေးရန် အခန်းဆီသို့ ဝင်ခဲ့၏။

အခန်းတွင်းသို့ ဝင်၍ အပေါက်ဝသို့ မျက်နှာပြုထားသော ထိုင်ခုံ၌ ကျန်တိချိုသည် ထိုင်လိုက်၏။



ထိုစဉ်မှာပင် ...

"ကျွန်မကို ဝင်ခွင့်ပြုပါ လူကြီးမင်း"

ချိုလွင်သောအသံဖြင့် အငယ့်အသားဖြူလှသည့် မိန်းကလေးတစ်ဦးကို တွေ့လိုက်ရ၏။

"ကောင်းပြီ ... ဝင်ခဲ့ပါ"

ကျန်တိချိုက ဝင်ခွင့်ပြုလိုက်သည်နှင့် မိန်းကလေးသည် ဖျတ်လတ်စွာ အခန်းတွင်းသို့ဝင်လာပြီး သူ၏ရှေ့တွင် မတ်တတ်ရပ်လိုက်၏။

"ထိုင်နိုင်ပါတယ် မိန်းကလေး"

သူ့ရှေ့မှ ထိုင်ခုံကို လက်ညှိုးညွှန်ပြလိုက်ရာ မိန်းကလေးသည် တည်ငြိမ်စွာ ထိုင်ချလိုက်၏။

ကျန်တိချိုသည် မိန်းကလေးကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။

"လာရင်းကိစ္စက"

မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်မ သိပ်အရေးကြီးတဲ့ အထူးလိုအပ်ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို တင်ပြတိုင်ပင်ချင်လို့ပါ"

သူမသည် ဘေးဘီဝဲယာကို မလုံခြုံစိတ်ဖြင့် တစ်ချက် ...ခနဲ လှည့်ကြည့်လိုက်သောပုံစံကို မြင်လိုက်ရသည့် ကျွန်တော်ချိုမှာ ...

"ဖြောင်း ... ဖြောင်း"

လက်ခုပ်နှစ်ချက်ကို ခပ်ဆတ်ဆတ်တီးလိုက်လေ...သည်။ လက်ခုပ်သံကြောင့် တံခါးဝဝယ် တပ်သားတစ်ဦး ရိုပ်ခနဲ...လာ၏။

"တံခါးကို လုံခြုံအောင် ပိတ်လိုက်ပါ။ ပြီးတော့ ... အပြင်ဘက် မနီးမဝေးက စောင့်နေစမ်း"

ကျွန်တော်ချို၏စကားဆုံးသည်နှင့် တပ်သားလူငယ် အ...ခါးကို ဇွေစပ်သေချာစွာ ပိတ်လိုက်၏။

"ကဲ ... ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း တိုင်ပင်...နွေးပါ မိန်းကလေး၊ ဒီအခန်းဟာ ငါ့ရဲ့လုံခြုံရေးစိတ်ချရတဲ့ အထူး...နွေးခန်းပဲ"

ကျွန်တော်ချို စကားဆုံးသည်နှင့် မိန်းကလေးသည် သူပြော...သည့် စကားများကို စတင်၍ ပြောလေ၏။



ထိုမိန်းကလေး၏စကားများကို စတင်နားထောင်သည့် အချိန်မှစ၍ မှုခင်းတပ်ဖွဲ့မှူး ကျွန်တော်ချို၏မျက်နှာမှာ စိတ်ဝင်စားမှုများ၊ အံ့ဩမှုများ ရောထွေးလျက် ထိုင်ရာမှ ရှေ့သို့ ထိုးလာကာ အလွန်အားတက်စရာ နားထောင်နေသည့်ပုံမျိုး ပေါက်လာသည်။

မိန်းကလေး စကားပြောနေစဉ်တွင် မည်သည့်စကားကိုမျှ ဝင်ရောက်ပြောဆိုခြင်း မရှိပါ။

အတန်ကြာသောအခါ ...

မိန်းကလေး၏တင်ပြမှုကို သူ့ရှေ့ရှိ စာရွက်အချို့ကို ဆွဲယူ၍ စိတ်ဝင်စားသည်တို့ကို ထပ်မံမေးမြန်းလျက် လိုက်လံရေးမှတ်နေသည်ကိုလည်း တွေ့ရှိရ၏။

သူသည် မိန်းကလေးပြောသမျှ စိတ်ရှည်လက်ရှည် နားထောင်၏။

ထို့နောက် ...

ကျွန်တော်ချိုသည် သူမ ပြောပြနေသည်များကို သေချာနားထောင် သုံးသပ်ကြည့်နေ၏။

ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ဆောင်သည့် အစီအစဉ်များကို တစ်လုံးချင်း သေချာစွာ သူမကို ပြန်လည်ရှင်းပြလိုက်၏။

သူမကလည်း သူရှင်းပြသည်တို့ကို သေချာစွာ စူးစိုက်ထောင်နေရာမှ တချို့အချက်အလက်များ ပြန်လည်ဆွေးနွေးခြင်း

မရှင်းသည်များကို ပြန်လည်မေးမြန်းခြင်း ပြု၏။

အတန်ကြာအောင် ဆွေးနွေးခဲ့ပြီးနောက် နှစ်ဦးစလုံး၏မျက်နှာများဝယ် ကျေနပ်မှုအရိပ်အယောင်တို့ ပေါ်လာလေသည်။

"ခုလို ကူညီတာကို သိပ်ကျေးဇူးတင်ပါတယ် လူကြီးမင်း ရှင်"

"တိုင်းပြည်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းညီညွတ်မှုအပေါ်မှာ မူတည်ပါတယ် မိန်းကလေး"

မိန်းကလေး၏ကျေးဇူးတင်စကားကို ကျန်တိချို ပြန်လည် ပြောကြားလိုက်သည်။

မိန်းကလေးမျက်နှာသည် ရွှင်လန်း၍ အားတက်သွားသည်။



"ကျွန်မရဲ့အဖေဟာ ဒီစကားတွေကိုသာ ကြားရင် သိပ်ပြီး ဝမ်းသာအားရ ဖြစ်မှာပါ"

ကျန်တိချိုက ခေါင်းညိတ်ပြီး ...

"ဟုတ်ပါတယ်၊ ငြိမ်းချမ်းရေး လုံခြုံမှုဆိုတာဟာ လူတိုင်း နှစ်သက်လိုလားကြတဲ့ ကိစ္စတွေပါပဲ၊ အခုလို အချိန်မီ အမြင်မှန်ရတဲ့ မိန်းကလေးရဲ့ ဖခင်ကြီးကို ဦးတို့ မှုခင်းတပ်ဖွဲ့ကလည်း အထူးဂုဏ်ယူပါတယ်"

ကျန်တိချိုက လှိုက်လှဲစွာ ဂုဏ်ပြုစကား ပြောကြားလိုက်သည်။

"အသိတရားဆိုတာ ဖန်တီးယူလို့ မရပါဘူး။ ပင်ကိုစိတ်နဲ့ စိတ်မျိုးစေ့ပေါ်မှာ အခြေခံပြီးမှ ပေါ်ထွက်လာတာမျိုးပါ။ မင်းရဲ့ဖခင်ဟာ တကယ်တော့ ဒီမျိုးစေ့ မှန်ကန်သူတစ်ဦးဖြစ်ပါတယ်"

ရှည်လျားဖြူဖွေးသော သူ၏မုတ်ဆိတ်ကြီးကို ပွတ်သပ်ရင်း တစ်လုံးချင်း ပြောလိုက်သည့် ကျန်တိချို၏စကားကို မိန်းကလေးသည် ခေါင်းညိတ်ပြလိုက်၏။

"ဒီလိုဆိုရင် ကျွန်မကို ပြန်ခွင့်ပြုပါဦး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ခွင့်ပန်လိုက်၏။

မှုစင်းတာဝ်ပွဲ့ရှုး ကျန်တိချိုက ခေါင်းညိတ်ပြလိုက်ပြီး ထိုင်ရာမှထလိုက်ပြီး တံခါးပေါက်ရှိရာသို့ လျှောက်သွား၏။

တံခါးလက်ကိုင်ကွင်းကို ဝေ့ပြင်းပြင်းခေါက်လိုက်၏။

တံခါးခေါက်သံဆုံးသည်နှင့် အပြင်ဘက်မှ တံခါးဖွဲ့မှင့်ပေးလိုက်ခြင်းကို တွေ့ရ၏။

မိန်းကလေးနှင့်အတူ ကျန်တိချိုပါ အခန်းတွင်းမှထွက်လာပြီး သူမစီးလာသော အိမ်ရှေ့ရှိ မြင်းချည်ထားသောနေရာကို လိုက်လံပို့ဆောင်ပေးလေ၏။

မိန်းကလေးနှင့်အတူ ကျန်တိချိုပါ အခန်းတွင်းမှ ရောစ္ဆ၍ထွက်လာပြီး သူမမြင်းဆီသို့ ပို့ဆောင်ပေးလေ၏။

မိန်းကလေးသည် မြင်းပေါ်သို့ခုန်တက်လိုက်ကာ ...

"သွားပါဦး လူကြီးမင်း"

ကျန်တိချိုက ခေါင်းညိတ်လိုက်ပြီး ...

"ကောင်းပါပြီ၊ အရာရာကို စိတ်ချပါ၊ အချိန်ကို အတိအကျဆောင်ရွက်ပါ့မယ်လို့ မင်းအဖေကို ပြောလိုက်ပါ"



ကျန်တိချိုစကားဆုံးသည်နှင့် သူမသည် မြင်းစော်ဝမ်းဗိုက်ကို ခြေနှစ်ဖက်ဖြင့် ညှပ်၍ ရိုက်လိုက်ပြီး တစ်ဟုန်ထိုး မြို့တွင်းမှ မြင်းစီးထွက်ခွာသွားလေ၏။

○

အန်းနိုင်းနိုင်းသည် မြို့တွင်းမှ သွက်လက်သော စိတ်အလျှင်ဖြင့် မြင်းကို အသော့နှင်၍ စီးလာခဲ့၏။

မကြာမီမှာပင် စုန်ကျန်းမြို့၏ဈေးရှေ့သို့ရောက်လာတွင် ဈော်လင့်သူ တစ်ဦးကို တွေ့လိုက်ရ၏။

ထိုသူသည် မွန်ဂိုမြင်းကြီးကိုစီးလျက် လမ်းကွေ့မှ ဖျတ်ခနဲထွက်လာသည့် စစ်ခန်းပင်ဖြစ်၏။

စစ်ခန်းသည် သူတို့ကိုမမြင်ဘဲ မြို့ထွက်လမ်းအတိုင်း မြင်းကို အသော့စီးလျက် ထွက်သွားသည်ကို တွေ့မြင်လိုက်ရသော အန်းနိုင်းနိုင်းသည် သူ့မြင်းကို တစ်ချက်စောင့်၍ လျှင်မြန်စွာ စီးနင်းလိုက်ပါသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ စစ်ခန်းစီးသွားသည့် မြင်းကြီးမှာ အသားကျစီးနင်းသော်လည်း အတော်ပင် မြန်လှ၏။

နောက်မှ အပြေးလိုက်နေသည့် အန်းနိုင်းနိုင်းက အတော်ပင် လိုက်ယူရလေ၏။

မကြာမီမှာပင် ...

မြို့တံခါးအနီး၌ ရှေ့မှ စစ်ခန်းကို မီလာတော့၏။

"အစ်ကို ... အစ်ကို"

နောက်မှ ခေါ်သံကြောင့် သူသည် နောက်သို့လှည့်လိုက်ရာ သူမကို တွေ့မြင်လိုက်သည်နှင့် မြင်းဇက်ကြိုးကို တွဲနေဆွဲ၍ ရပ်လိုက်၏။

ထို့နောက် ...

သူ့မြင်းနံဘေးကိုယှဉ်၍ ရပ်လာသော အန်းနိုင်းနိုင်းအား အံ့ဩစွာကြည့်လိုက်ရင်း ...

"ဘယ်သွားမလို့လဲ ညီမ"

"အဲဒီစကားက ညီမက မေးရမှာလား။ အစ်ကိုက မေးရမှာလား"



သူမ၏စကားကြောင့် စစ်ခန်း ပြုံးမိသွားလေ၏။

"ကိုင်း ... ညီမတစ်ယောက်လုံးကိုတောင် မမြင်ချင်ယောင်ဆောင်ပြီး အစ်ကို ဘယ်သွားမလို့လဲ"

သူမက ထပ်မေးလိုက်သဖြင့် စစ်ခန်းမှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရတော့၏။

"အို ... အစ်ကို တကယ်မတွေ့လို့ပါ။ ညီမက ဘယ်ကနေတွေ့လိုက်တာလဲ"

ဟု ဟာဟာသလဲ ပြန်ပြောလိုက်၏။

အန်းနိုင်းနိုင်းက ပြုံးလိုက်၏။

"ပန်းဈေးတွေ့က ထွက်ကတည်းကပေါ့။ ဒီကဖြင့် လိုက်လာရတာ မောသွားတာပဲ"

စစ်ခန်းက သူမကို စေ့စေ့ကြည့်လိုက်ပြီး ...

"ကိုင်း ... အခုမှီပြီ၊ ဘာပြောမလို့လဲ"

သူမက တစ်ချက်ပြုံးလိုက်ပြီး ...

"ဘာမှပြောစရာမရှိပါဘူး။ အစ်ကိုတွေ့လို့ လိုက်နှုတ်ဆက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



စစ်ခန်းက ပြုံး၍ ---

"ပြောစရာမရှိရင်လည်း အစ်ကို သွားတော့မယ်နော်"

သူမက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သွားပါ။ ကျွန်မက အစ်ကိုကိုတွေ့လို့ နှုတ်ဆက်တာပါ"

စစ်ခန်းက သူမကို တစ်ချက်ပြုံးပြတဲ့ မြင်းကို မြန်မြန် အပြင်းစီးနှင်သွားလေတော့၏။

၀၀၀



## အခန်း (၁၉)

## အမြင်မှန်

ယနေ့သည် သတ်မှတ်ထားသောနေ့ဖြစ်၏။

တစ်နည်းအားဖြင့် ချိန်းဆိုထားသည့်နေ့ဖြစ်၏။

ချိန်းဆိုထားသည်ဆိုသော်လည်း လျှို့ဝှက်တမန်တော်နှင့် တွေ့တော့ဆိုင်ဆိုင်ချိန်းဆိုထားခြင်းတော့ မဟုတ်ပါချေ။

ချယ်ရီကျွန်းသားကိုယ်စားလှယ်များမှတစ်ဆင့် ဤနေ့ ဤရက်တွင် ထိုတမာန်တော်မှ စုဆောင်းထားသောသတင်းများကို အယူမည်ဖြစ်ကြောင်း ...

ထိုသတင်းများကို အန်းစီရီမှတစ်ဆင့် မွန်ဂိုတပ်မှူးထံသွား ရောက်ရန် သတင်းပို့ပေးရမည်ဖြစ်လေ၏။

ထိုတမန်တော်ကို နယ်ခြားမှုခင်းထောက်လှမ်းရေးသမား

www.burmeseclassic.com

www.burmeseclassic.com



နှင့် နယ်ခြားမြို့စောင့်တပ်သားတို့၏စစ်ဆေးမှုကို မခံရအောင် အန်းစီရီက ကူညီရမည်။

ချယ်ရီကျွန်းသားဖြစ်သော တမန်တော်ကို အန်းစီရီး အမျိုးသားသစ္စာဖောက်အဖြစ်နှင့် နယ်ခြားသို့ လိုက်လံပို့ဆောင်ရန် စီစဉ်ထားခြင်းဖြစ်၏။

အကယ်၍သာ ...

မြို့စောင့်နယ်ခြားတပ်ဖွဲ့ဝင်များက စစ်ဆေးလျှင်လည်း တရုတ်လူမျိုးတစ်ယောက် ပါဝင်နေသည်မို့ သံသယရှိလှမည် မဟုတ်မှန်း ဂျပန်စစ်မှူးတို့က တွက်ဆထားခြင်းဖြစ်၏။

ယနေ့၌ အဖြေပေါ်တော့မည်ဖြစ်၏။

ညဦးကတစ်ညလုံး မအိပ်ရသော်လည်း တက်ကြွသော စိတ်ကြောင့် အန်းစီရီမှာ လန်းဆန်းလျက်ရှိသည်။

သူ၏မကောင်းမှုများကို ဆေးကြောသန့်စင်မည့်နေ့သည်။

မြို့တွင်းမှ အစောင့်သိုင်းသမားများတွင်လည်း စုန်ကျန်းမှူခင်းတပ်ဖွဲ့ဝင်များမှာ ရုပ်ဖျက်၍ အသင့်စောင့်ဆိုင်းနေကြ၏။



ကျန်ခဲ့သည့် တစ်ရက်ကျော်ကျော်က သမီးဖြစ်သူ အန်းနိုင်းနိုင်းကိုယ်တိုင် စုန်ကျန်းမြို့မှ မှူခင်းအထောက်တော် ကျန်တီရှိုကို သတင်းပို့ အကူအညီတောင်းခဲ့ကြ၏။

ယခုအခါ မှူခင်းတပ်ဖွဲ့ဝင်များမှာ မြို့တွင်း၌ သူ့လူများနှင့် အတူရှိနေပြီဖြစ်၏။

ထို့ကြောင့် ...

ဧည့်ခန်းမကြီး အထူးရှင်းထား၏။

စားပွဲခုံကြီးကိုပင် ဘေးဘက်သို့ မသိမသာရွှေ့ထားလိုက်သည်။

အကယ်၍ တိုက်ခိုက်ကြမည်ဆိုလျှင် ရန်သူကို ဝိုင်းထားနိုင်ရန်ဖြစ်၏။

"ဖေဖေ ... ဘာမှစိတ်မလောပါနဲ့ သမီးတို့ဘက်က အားလုံး အစီအစဉ်တွေ ပြည့်စုံနေတာပဲ၊ ဘာစိုးရိမ်စရာ ရှိသလဲ"

သမီးဖြစ်သူ၏အားပေးမှုကို သဘောကျစွာ ပြုံးလိုက်ရင်း ခေါင်းယမ်းလိုက်၏။

အန်းနိုင်းနိုင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သူက ဝင်လာလာချင်း သမီးတို့ကို ရန်သူလိုဆက်ဆံမှာ မဟုတ်တော့ ဘာကြောက်စရာလိုလဲ၊ သူ့အနေနဲ့ သမီးတို့ကို သူ့ လူလို့ သဘောထားမယ့်ပုံစံပဲ မဟုတ်လား"

အန်းစီရီက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"မဟုတ်သေးဘူး သမီး၊ ဖေဖေတို့ကို သူက မယုံကြည်ဘူး ဆိုတာ ပေါ်လွင်နေတယ်၊ ဘာလို့လဲဆိုတော့ ဖေဖေတို့ရဲ့အင်အား တွေကို သူ ဖယ်ပစ်ခဲ့တာကြည့်တော့"

လူယယ်များဖြစ်ကြသော ယုံစိမ်၊ ဝမ်းစွေနှင့် ကျွမ်းလုတို့ကို လုပ်ကြံလိုက်ခြင်းကို ရည်ရွယ်၍ ပြောဆိုနေမှန်း အန်းနိုင်းနိုင်း သိ၏။

သူမက ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်ပြီး ...

"အင်းလေ ... မီးစင်ကြည့်က ရတာပေါ့၊ ဒါဖြင့် သူတို့ တို့ကဆာ ဟုတ်၊မဟုတ် ဘယ်လိုစစ်ဆေးရမလဲ"

"စစ်ဆေးမယ့်ပုံစံက ..."

အန်းစီရီ၏စကားမဆုံးမီမှာပင် ညှို့ခန်းတွင်းသို့ ဝင်လာသောခြေသံကို ကြားလိုက်ရသဖြင့် အန်းစီရီသည် ဆတ်ခနဲ ကြည့်လိုက်မိသည်။



"ကျူးဝေဝေပါလား"

ကျူးဝေဝေက ခေါင်းတစ်ချက်ညိတ်၍ ...

"ဟုတ်တယ်၊ ကျွန်မပါပဲ"

ထိုအချိန်မှာပင် ...

အခန်းတွင်းသို့ လူရိပ်တစ်ရိပ် ရောက်ရှိလာပြန်၏။

"သြော် ... ကျူးလုဆန်လည်း ပါလာတာကိုး၊ ကဲ ... ကဲ ... ထိုင်ကြပါ၊ ဟေ့ ... ညှို့သည်တွေကို နေရာထိုင်ခင်းပေးကြ"

စစ်ခန်းက ပျူပျူငှာငှာ ဆီးကြိုလိုက်၏။

အမှန်တွင် ...

*မှခင်းအထောက်တော် ကျန်တိရှိစဉ်းစားထားသည့်အတိုင်း* ကြိုးကြိုးထဲသို့ ဝင်လာသူများကို လွတ်လပ်စွာ ဝင်ခွင့်ပေးထားနိုင်းသဖြင့် ကျူးမောင်နှမနှစ်ယောက် ဝင်လာနိုင်ခြင်း ဖြစ်သည်။

အန်းစီရီ၏စကားကြောင့် သူ၏ဟန်ဆောင်ထားသော မှခင်းဘဝ်ဖွဲ့ဝင်များမှာ ကျူးမောင်နှမကို ထိုင်ခုံများပေးပြီး မသိမသာ ဝိုင်းထားလိုက်ကြ၏။

"ကိုင်း ... အခုလာတဲ့ကိစ္စက ..."

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီက မေးလိုက်ခြင်းဖြစ်၏။

"တိုကုဆာနဲ့ ပတ်သက်တဲ့ကိစ္စပါ"

ကျူးဝေဝေက တည်ငြိမ်စွာ ပြန်ဖြေလိုက်၏။

အန်းစီရီက ကျူးဝေဝေကို တစ်ချက်ကြည့်လိုက်ပြီး ...

"အထောက်အထားတွေက"

"ဒီမှာ ပါ့ပါတယ်၊ ကြည့်ပါ"

ကျူးဝေဝေက အိတ်အတွင်းမှ ဂျပန်ဘုရင်မင်းမြတ်၏တံဆိပ်တုံးနှင့် ဂျပန်စစ်သံမှူးတို့တံဆိပ်တို့ကို ထုတ်ပြလိုက်၏။

အန်းစီရီက တံဆိပ်များကို ယူ၍ စစ်ဆေးကြည့်ရှုလိုက်လေသည်။

ထိုအခါ ...

တံဆိပ်များမှာ ဆွေးလွှန်းနေသည်ကို တွေ့လိုက်ရ၏။ အန်းစီရီက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"မင်း ... ငါ့ကို လိမ်နေတာပဲ၊ ဒီတံဆိပ်တွေ ဘယ်ကရသလဲ ပြောစမ်း"

ဟု မေးလိုက်၏။



ကျူးဝေဝေက ချက်ချင်းပင် လက်ထဲမှ ပဝါစလေးကို ဝှေ့ယမ်းတိုက်ခိုက်လိုက်၏။

'ရှိုး'

'ဗွစ်'

အသံတို့က တိုးညင်းလှသော်လည်း အားမှာပြင်းလှ၏။

သို့သော် ...

သူက ကျူးဝေဝေတိုက်ခိုက်မှုကို လွယ်လင့်တကူ ရှောင်လိုက်နိုင်လေ၏။ သူက ရှောင်တိမ်းရင်းမှလည်း ...

"ငါက မင်းကို ဂျပန်တွေရဲ့သူလျှိုမှတ်လို့ မတိုက်တဲ့ ပြန်လွှတ်ခဲ့တာ တကယ်သာတိုက်ရင် မင်းတို့မောင်နှမနှစ်ယောက်စလုံး တိုက်တာတောင် ငါ့ကိုမနိုင်ဘူး"

ဟု လှမ်းပြော၏။

မကြာမီမှာပင် ...

ကျူးလုဆန် တိုက်ပွဲအတွင်းဝင်လာပြီး ကန်လိုက်၏။

ကျူးဝေဝေက သူမ၏ပဝါကို ပိုက်ကွန်ကဲ့သို့ဖြန့်၍ အန်းစီရီကို အပေါ်စီးမှ ရိုက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှ ရပ်ကြည့်နေသော အန်းနိုင်းနိုင်းက ဖခင်ကို နှုတ်ယောက်ညှပ်တိုက်လိုက်သည်နှင့် အန်းစီရီဘက်မှ ဝင်ကူရန် ငွေလုံးလေးကို ဆွဲထုတ်၍ တိုက်ပွဲတွင်း ခုန်ဝင်လိုက်၏။

ထိုအခါ ...

အန်းစီရီက ...

"ဟေ့ သမီး ... အချင်းချင်းတွေ လက်လွန်ကုန်မယ် ဘေးဖယ်နေ သူတို့မသိသေးလို့ တိုက်နေတာ"

ဟု အော်ပြောလိုက်၏။

ဖခင်ဖြစ်သူ၏စကားကြောင့် သူမမှာ ငေးကြောင်သွားလေသည်။

ထိုအခါ ...

ကျူးဝေဝေ၏ရိုက်ချက်ကို ပြန်ရပ်ဖို့ ကြိုးစားသော်လည်း မရတော့ဘဲ သူ၏ဦးခေါင်းပေါ်သို့ ကျသွားလေတော့သည်။

သို့သော် ...

ကျူးလုဆန်ကန်လိုက်သော ကန်ချက် အန်းစီရီက မိုးကြိုးလက်ဝါးဖြင့် ဖယ်ထုတ်လိုက်၏။



ထို့နောက် ...

ကျူးဝေဝေ၏ပဝါကို အောက်မှ လက်ဝါးနှစ်ဖက်ဖြင့် အတွင်းအားကိုသုံး၍ ခေါင်းပေါ်အုပ်ရန် ဟစ်လက်မအလိုတွင် အပေါ်ပင့်တင်လိုက်၏။

ကျူးဝေဝေ၏လက်မောင်းကို ကျင်ခန့်နေအောင် သူ၏အတွင်းအားက ပဝါမှတစ်ဆင့် စီးဝင်လေ၏။

သူမ ရင်ထိတ်သွား၏။

ကျူးလုဆန်လည်း နောက်ဆုတ်သွား၏။

"ကဲ ... မင်းတို့ဟာ လူဆိုးဟန်ဆောင်နေတဲ့ အယောင်ဆောင်မျိုးချစ်အဖွဲ့ဝင်တွေမဟုတ်လား။ ဦးလေးသိပါတယ်၊ မင်းတို့ ငါ့ကို တိုက်ခိုက်ဖို့ မကြိုးစားကြနဲ့တော့၊ တိုက်လည်း မနိုင်ဘူး။ စိတ်ချ၊ အချိန်ကုန်ရုံပဲရှိမယ်၊ ငါလည်း မင်းတို့ဘက်တော်သားအဖြစ် ခံယူလိုက်ပါပြီ၊ ငါ့ကိုယုံကြည်စမ်းပါ"

သူက နံဘေးမှ ခုံတစ်လုံး၌ ထိုင်လိုက်ရင်း စကာကို ဆိုလိုက်ခြင်းဖြစ်၏။

အန်းနိုင်းနိုင်း ကြားဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမ၊ ဖေဖေဟာ အခု သူ့ရဲ့အမှားတွေ မြင်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ အိမ်ဝင်းထဲလည်း မှူခင်းတစ်ဖွဲ့ဝင်တွေ ခေါ်ပြီး နေရာယူထားကြပါတယ်၊ မှုခင်းအထောက်တော် ဦးလေး ကျန်တိချိုကိုယ်တိုင် စီစဉ်ပေးထားတာပါ"

သူမ၏စကားကို ကြားရသောအခါ ...

ကျူးဝေဝေမှာ ယုံရမလိုလို ဖြစ်လေ၏။

သို့သော် ...

သူမက ယုံကြည်ဟန်မပြသေးချေ။

"ဟုတ်ပါတယ် ကျူးဝေဝေ၊ ကျူပ်ကို လာပြီး အကြောင်းကြား အကူအညီပေးထားလို့ ကျူပ် အားလုံးစီစဉ်ထားတာပါ"

အနောက်ဘက်အခန်းထဲမှ မှုခင်းတပ်ဖွဲ့မှူး ကျန်တိချို ကိုယ်တိုင်ထွက်လာပြီး အန်းစီရီအမြင်မှန်ရလာပုံတို့ကို ရှည်ဝေးစွာ ပြောပြ၏။

ထိုအခါ ...

ကျူးဝေဝေ ဦးညွတ်အရိုအသေပေးလိုက်ပြီး ...

"လေးစားပါတယ် ဦးလေး၊ ကျွန်မတို့ကို ခွင့်လွှတ်ပါ"



ကျူးလုဆန်က ...

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါခင်ဗျာ"

မောင်နှမနှစ်ယောက်စလုံး တောင်းပန်လိုက်၏။

"သူတို့ဟာ ချိန်နန်တောင်ကြားက မျိုးချစ်မှူခင်းတစ်ဖွဲ့ရဲ့အားထားရတဲ့ ကျူးမောင်နှမပါပဲ အန်းစီရီ"

မှုခင်းအထောက်တော် ကျန်တိချိုက ကျူးဝေဝေတို့မောင်နှမကို မိတ်ဆက်ပေးလိုက်၏။

ထို့နောက် ...

ဤကဲ့သို့ ဒုစရိုက်သမားများကို နှိမ်နင်းရန်အတွက် ကျူးလုဆန်မှာ နှစ်နှင့်ချီ၍ ဓားပြဗိုလ်အဖြစ် ပုံစံပြောင်း၍ လှုပ်ရှားခဲ့ပုံကို ရှင်းပြလိုက်ရာ ...

သူ အံ့သြရလေ၏။

"ဟာ ... မယုံကြည်နိုင်စရာပဲ၊ ခုလို တိုင်းပြည်အတွက် ရက်ရည်လများ ဆင်းရဲအပင်ပန်းခံပြီး လှုပ်ရှားခဲ့တဲ့ ကျူးလုဆန်ရဲ့စွန့်သတ္တိကို ဦးလေးက ချီးကျူးပါတယ်"

သူက ကျူးလုဆန်ကို ချီးကျူးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါနဲ့ ဒီတံဆိပ်တွေက ဘယ်က ရလာတာလဲ"

သူက ဂျပန်တံဆိပ်များကိုကြည့်၍ မေးလိုက်ခြင်း ဖြစ်လေသည်။

ကျူးလူဆန်က ပြုံးပြီး။

"လွန်ခဲ့တဲ့ ရှစ်လလောက်ကပေါ့၊ ဂျပန်တွေဆီက ပြည်မထဲကို သူလျှိုတစ်ယောက် ဝင်လာမယ်ဆိုတဲ့ သတင်းရတာနဲ့ ကျွန်တော်တို့မောင်နှမနှစ်ယောက် ငွေဖြူတောင်ကြားကနေ ဆီးပြီး လုပ်ကြလိုက်တယ်"

ကျူးလူဆန် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"အဲဒီလူရဲ့ အိတ်ထဲမှာ ဦးလေးအန်းရဲ့အမည်နဲ့ လိပ်စာပါတဲ့စာရွက်ရယ်၊ ဒီစာရွက်တွေရယ်ကို ရရာကနေ ညီမလေးက တိုက်ဆာရဲ့သူလျှိုနေရာဝင်ပြီး ဦးကိုဖမ်းဆီးဖို့ စီစဉ်ခဲ့တာပါ"

ကျူးလူဆန်၏ရှင်းပြချက်ကို ကြားရသောအခါ အန်းစီရှီမှာ လွန်စွာ အံ့သြနေမိသည်။

"ကဲ ... ဟိုလူလာတော့မယ်ထင်တယ်၊ ကျုပ်အခန်းထဲ ဝင်နေဦးမှ"



ပြောဆိုပြီး မှုခင်းထောက်လှမ်းရေးမှူး ကျန်တိရှီမှာ အနောက်ဘက် အခန်းထဲသို့ လှမ်းဝင်သွားလိုက်လေတော့သည်။

ကျူးမောင်နှမမှာလည်း ကျန်တိရှီ၏အစီအစဉ်ကြောင့် ကိုယ်ရောင်ဖျောက်နေလိုက်ကြသည်။

အချိန်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးသွားပြီ ဖြစ်လေတော့သည်။

နေရောင်သည် ဖွင့်ထားသော ပြတင်းပေါက်မှ အခန်းထဲသို့ ဖြာကျလာ၏။

ထိုစဉ်မှာပင် ...

ကင်တိုဓားကိုနှစ်ချောင်းကို ဘေးတစ်ဖက်တစ်ချက်စီတွင် ချိတ်၍ ဖြည်းညင်းစွာ ဝင်ရောက်လာသည့် လူရွယ်တစ်ဦးကို အန်းစီရှီ တွေ့လိုက်ရ၏။

ထိုလူရွယ်သည် အဖြူရောင်ဝတ်စုံရှည်ကို သေသပ်ကျနစွာ ဝတ်ဆင်ထား၏။

သူ၏မျက်နှာကို အဖြူရောင်ပဝါစဖြင့် စည်းနှောင်ထားသဖြင့် မျက်လုံးနှစ်လုံးကိုသာ မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘ ာသ်သူလဲ"

အန်းစီရီက မေးလိုက်ခြင်း ဖြစ်၏။

"တိုက္ကူဆာ"

ထိုလူရွယ်က အသံဝဲအက်အက် ပြန်ပြောလိုက်၏။

"ဟော့ ... နေရာလုပ်ပေးကြစမ်း"

အန်းစီရီက တပ်ဖွဲ့ဝင်များကို သတိပေးစကားပြောလိုက်သည်။

ရုပ်ဖျက်ထားသော တပ်ဖွဲ့ဝင်နှစ်ယောက်သည် ထိုင်ခုံကို သူ၏အနားသို့ တိုး၍ချပေးလိုက်၏။

သို့သော် ...

ထိုလူရွယ်က ထိုင်ပင်မထိုင်ဘဲ ...

"အချိန်မရှိဘူး၊ ပေးမယ့်သတင်းကို ပြောပါ"

သူလိုချင်သည်ကိုပင် ပြောလိုက်၏။

အန်းစီရီက မျက်မှောင်ကုတ်လိုက်ပြီး ...

"ဒီလိုနဲ့ ဘယ်ရမလဲ၊ ဘယ်မှာလဲ အထောက်အထား"

"ရော့ ... ဒီမှာ"



ထိုသူက သူ့အိတ်တွင်းမှ စောစောက ကျူးဝေဝေ ပြောသည့် တံဆိပ်မှိုးနှစ်ခုကို ထုတ်ပြလိုက်၏။

ထိုလူသည် ချယ်ရီကျွန်းသားအစစ်ဖြစ်၏။

အန်းစီရီသည် မည်သို့လုပ်ရမှန်းမသိ ဖြစ်သွား၏။

ယခု ...

သူတို့မျှော်လင့်ထားသောကိစ္စတစ်ခု ပြေရှင်းရပေတော့မည်။

သို့သော် ...

အမှန်တကယ် တွေ့ကြုံလာသောအခါ မည်သို့လုပ်ရမှန်းမသိ ဖြစ်နေ၏။

"ကဲ ... ဘယ်မလဲ၊ ကျုပ်ကိုပေးမယ့် သတင်းစာချွန်"

ထိုလူရွယ်က လက်ဖြန့်၍ တောင်းလိုက်၏။

အန်းစီရီမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားရ၏။

လူရွယ်က စိတ်မရှည်တော့ဟန်ဖြင့် ...

"အချိန်မရှိဘူး၊ မြန်မြန်လုပ်ပါ"

သူ ထပ်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အန်းစီရီသည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချ၍ ...

"ကဲ ... ရော့"

အန်းစီရီသည် လျှင်မြန်သောအဟုန်ဖြင့် လက်ဝါးချက်ကို ဝှန်းခနဲ ပြင်းထန်စွာ ရိုက်ထည့်လိုက်၏။

လူရွှယ်က ပို၍လျှင်မြန်သည့် ရိုက်ချက်ကို လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်၏။

"ဩော် ... ခင်ဗျား သစ္စာဖောက်တယ်ပေါ့။ ဘာလဲ — ခင်ဗျားသူငယ်ချင်းတွေ သွားရာလမ်းကို သွားချင်လို့လား။ ရပါတယ် သွားရပါစေမယ်"

လူရွှယ်သည် ပြောဆိုပြီး သူ့ခါးတွင် ချိတ်ထားသော ကင်တိုဓားတိုနှစ်ချောင်းကို ထုတ်ယူလိုက်၏။

ထိုစဉ်မှာပင် ...

သူ့နံဘေးမှ မှုခင်းတပ်ဖွဲ့ဝင်များသည် ဝင်ရောက်ပြ ပေး၍ တိုက်ခိုက်ကြလေတော့၏။

အများနှင့်တစ်ယောက် ဖြစ်သော်လည်း ထိုလူ၏သိုင်းပညာမှာ အံ့မခန်း ချီးကျူးဖွယ်ကောင်းအောင် ထက်မြက်လှသည်။



ထို့ကြောင့် ...

တပ်ဖွဲ့ဝင်များနှင့် တစ်ယောက်နှင့်တစ်ယောက် ဒဏ်ရာရသူရ၊ ကျဆုံးသူဆုံး ဖြစ်ကုန်လေ၏။

အားလုံးထဲတွင် အန်းစီရီမှာ အဓိက တိုက်ခိုက်နေသူဖြစ်သည်။

သို့သော် ...

သိုင်းကွက်ငါးဆယ်ကျော်သည့်အထိ လူရွှယ်ကို ထိထိမိမိ မတိုက်ခိုက်နိုင်သေးပေ။

ထိုစဉ်မှာပင် ...

အနောက်ဘက်အခန်းမှ အထောက်တော် ကျန်တိချ ထွက်လာလေသည်။

"ဒီမှာ မိတ်ဆွေ ... လက်နက်ချပါ၊ မင်းကို အားလုံးဝိုင်းထားပြီးပြီ"

ထိုအခါ ...

ကျန်တိချိုကို တွေ့လိုက်ရသည်နှင့် ထိုလူသည် တုံ့ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှအစွမ်းထက်သော ဒုစရိုက်သမားဖြစ်စေ၊ ဥပဒေဘက်တော်သားတစ်ယောက်ကို ရင်ဆိုင်ရသည့်အခါ လက်တွန့်သွားတတ်၏။

ထို့နောက်မှာပင် ...

နောက်မှလိုက်လာသော ကျူးဝေဝေတို့မောင်နှမနှစ်ဦးကို မြင်လိုက်သည့်လူရွယ်မှာ ...

"ယား"

ဝမ်းခေါင်းသံကြီးနှင့်အတူ အပေါ်သို့ ရိပ်ခနဲ မြောက်တက်သွားပြီး လေထဲမှာပင် ဓားတစ်လက်ကို အန်းစီရီထံ ပစ်လွှတ်လိုက်၏။

အန်းစီရီမှာ ပစ်လိုက်သော ဓားကို ကမန်းကတန်း ရှောင်နေစဉ်မှာပင် သူ့နောက်သို့ရောက်သွားသည်ကို သတိထားမိလိုက်သည်။

ထို့နောက် ...

နောက်သို့လှည့်ရန် ကြိုးစားနေစဉ်မှာပင် ဘယ်ဘက်လက်ပြင်သို့ ဓားတစ်ချောင်း စူးဝင်သွားသည်ကို သိလိုက်ရလေသည်။



အန်းစီရီသည် ရှေ့သို့ ဒိုက်ခနဲ စိုက်ကျသွား၏။

ဖခင်ဖြစ်သူ ထိသွားသည်ကို တွေ့မြင်လိုက်ရသော အန်းနိုင်းနိုင်းမှာ ထိုလူထံသို့ ပြေးဝင်လိုက်၏။

မည်သူမျှ တားဆီးချိန် မရလိုက်တော့ပေ။

ဤသည်ကို မြင်လိုက်ရသော ကျူးလုဆန်မှာ တိုက်ပွဲတွင်းသို့ ပြေးဝင်လာပြီး ...

"အန်းနိုင်းနိုင်း ... ညီမ နောက်ဆုတ်လိုက်စမ်း"

အော်သံနှင့်အတူ ပြင်းထန်သောတိုက်ကွက်များနှင့် တိုက်ပွဲကြီးတစ်ခုသည် ဧည့်ခန်းဆောင်အတွင်း ရုတ်တရက် ဖြစ်ပေါ်လာလေ၏။

အတန်ကြာသောအခါ ...

ကျူးလုဆန်မှာ တိုက်ပွဲအတွင်းမှ လွင့်ထွက်သွားသည်ကို ကျူးဝေဝေ တွေ့လိုက်ရ၏။

"ငေါ"

ပါးစပ်မှသွေးများ အန်ကာ လဲကျသွားသော အစ်ကိုကြီးဖြစ်သူကို ကျူးဝေဝေက ပြေးပွေ့လိုက်၏။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို လှမ်းကြည့်လိုက်သော ထိုလူကို အန်းနိုင်းနိုင်းသည် အငိုက်တွင် လှံဖြင့်ပင့်ထိုးလိုက်လေ၏။

"အင့်"

ထိုလူ၏ဝဲဘက်ရင်အုံ၌ ဒဏ်ရာရသွားလေ၏။

ထိုအချိန်မှာပင် ...

တိုက်ပွဲအတွင်းသို့ ကျူးဝေဝေ ဝင်ရောက်လာပြန်သည်။

ယင်းနောက် ...

ကျူးဝေဝေနှင့်အန်းနိုင်းနိုင်းတို့နှစ်ယောက်မှာ ညှပ်လျက် တိုက်ခိုက်ကြလေ၏။

"မိတ်ဆွေ ... ကျုပ်တို့ဝင်လာရင် မလွယ်ဘူးနော်၊ လက်နက်ချပါ"

ကျန်တိချိုပြောသော်လည်း လူရွယ်က မမှုပါ။

သူသည် ဆက်၍သာ တိုက်မြဲတိုက်နေ၏။

သို့သော် ...

သူ၏တိုက်ကွက်များမှာ တဖြည်းဖြည်း အားပျော့လာသည်။



သူသည် အန်းနိုင်းနိုင်းနှင့်ကျူးလုဆန်ကို လွယ်ကူစွာ တိုက်ခိုက်နိုင်လေ၏။

ယခု ...

သူသည် ကျူးဝေဝေ အန်းနိုင်းနိုင်းတို့နှင့် တိုက်ခိုက်ရသည်မှာ လွန်စွာအားပျော့လှ၏။

ထိုစဉ်မှာပင် ...

အန်းနိုင်းနိုင်းမှာ လူရွယ်၏လက်ဝါးချက်ကြောင့် လွင့်စဉ်သွားလေ၏။

သို့သော် ...

အားပါလှသော ရိုက်ချက်မဟုတ်၍ သိပ်နာကျင်ခြင်း မရှိချေ။

ထိုအချိန်မှာပင် ...ကျူးဝေဝေ၏ပဝါစမှာ ထိုလူ၏လက်တွင် ရစ်ပတ်ကိုင်တွယ်မိကာ ဆတ်ခနဲ ဆောင့်ဆွဲခြင်းခံလိုက်ရ၏။

ပဝါကို မလွှတ်ဘဲကိုင်ထားသော ကျူးဝေဝေမှာ အရှိန်နှင့် ထိုလူ့ဆီသို့ ပါသွားလေရာ လက်နှစ်ဖက်မှာလည်း ပဝါကို ဆုပ်ကိုင်ထားသဖြင့် လည်စင်းခံရသော အနေအထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဝေဝေသည် ဘုရားတ၍ မျက်လုံးအစုံကို မှိတ်ထားလိုက်မိ၏။

သို့သော် …

"ဝှီး"

ဟူသောအသံနှင့် ကျူးဝေဝေ နံဘေးမှဖြတ်သွားသော လေတိုးသံကိုသာ ကြားလိုက်ရပြီး သူမ၏ခန္ဓာကိုယ်မှာ ဘာမှထိခိုက်နာကျင်ခြင်းမရှိသည်ကို သတိပြုမိ၏။

မျက်လုံးဖွင့်ကြည့်လိုက်ချိန်၌ လူရွယ်သည် သူ့နံဘေးမှ ဖြတ်ကာ ဝန်းရံထားသူကို တိုးဖောက်လျက် အိမ်အပြင်သို့ ထွက်ပြေးသွားလေ၏။

ကျူးဝေဝေ၏အန္တရာယ်ကိုသာ ငေးကြည့်ရင်း ရင်ထိတ်နေသော ကျန်လူများမှာ ကျန်တီချိမှအစ အားလုံး ယခုမှ အသက်ဝင်လာပြီး အိမ်အပြင်သို့ ထွက်လိုက်လေ၏။

"ရွှီး"

လူရွယ်၏လေချွန်သံနှင့်အတူ ကျူးဝေဝေတို့မောင်နှမ စီးလာသော မြင်းကြီးမှာ လူရွယ်ထံသို့ ပြေးဝင်လာလေသည်။



မြင်းကြီးအနီးသို့ရောက်သည်နှင့် လူရွယ်က ခုန်တက်လိုက်ပြီး မြို့ပြင်သို့ဦးတည်ကာ ထွက်ပြေးသွားလေ၏။

"လေးသမားတွေ အသင့်ပြင်၊ ပစ်"

ကျန်တီချိ၏အမိန့်သံအဆုံး၌ လေးသမားငါးဦး ပစ်လိုက်သော မြားတို့သည် အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့မှ ပြေးနေသော မြင်းပေါ်မှချယ်ရီကျွန်းသားတာမန်တော်၏ကျောပြင်ကို ငါးချောင်းလုံး စိုက်ဝင်သွားလေသည်။

မြင်းပေါ်မှလူသည် တုံ့ခနဲတစ်ချက်ဖြစ်သွားပြီး မြင်း၏လည်ပင်းကိုဖက်၍ ကုပ်ကပ်လိုက်ပါသွား၏။

ချယ်ရီကျွန်းသားတာမန်တော်သည် နယ်စပ်တောင်တန်းများဆီ ဦးတည်ပြေးလွှားနေသော မြင်းကြီးပေါ်၌ ပါသွားလေတော့၏။

"ဒီလူ မလွတ်ပါဘူး ကျူးဝေဝေ၊ ကျုပ် စီစဉ်ထားပါတယ်၊ ငွေဖြူတောင်ကြား မရောက်ခင်မိမှာပါ"

ကျန်တီချိ၏စကားကို ကျေနပ်စွာ ခေါင်းညိတ်ပြရင်း အိမ်ထဲမှ ဒဏ်ရာရနေသော အစ်ကိုဆီသို့ ကျူးဝေဝေသည် အပြေးကလေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာလေတော့သည်။

○

အခန်းထဲဝယ် ကျူးလူဆန်မှာ ကောင်းစွာ သတိရနေပြီ ဖြစ်သည်။

"မိသွားပြီလား ညီမလေး"

ကျူးလူဆန်မှာ ညီမဖြစ်သူအား အားတက်သရော မေးလိုက်၏။

သူမက ပြုံးလိုက်ပြီး ...

"မိဖို့ကျိန်းသေပါတယ် အစ်ကိုကြီး၊ အဆိပ်လူးမြား ငါးစင်းလည်း မှန်သွားပါတယ်"

သူမ၏စကားကို ကြားလိုက်ရသောအခါ ကျူးလူဆန်မှာ ကျေနပ်စွာ ပြုံးလိုက်၏။

"မမ ဖေဖေ့ကို လာကြည့်ပါဦး"

အန်းနိုင်းနိုင်း၏အသံကြောင့် ကျူးဝေဝေသည် အန်းစီရီထံ



အပြေးကလေး ရောက်လာသည်။

"ကျူပ် ... မနေရတော့ပါဘူး၊ ကျန်တဲ့ချိုကို ပြောပြလိုက်ပါ၊ ကျူပ်ဟာ နောက်ဆုံးအချိန်ထိ တိုင်းပြည်ရဲ့သစ္စာကို စောင့်သွားပါတယ်ဆိုတာ"

ယင်းနောက် ...

ပါးစပ်မှသွေးများ ပွက်ခနဲ အန်ချလိုက်သည်။

"သိပ်စကားမပြောပါနဲ့ ဦးလေးအန်း"

ကျူးဝေဝေက တားဆီးသော်လည်း မရပါ။

အန်းစီရီက သူ့အပြစ်ကို ထုတ်ဖော်ဝန်ခံလိုက်သည်။

"ပြောပါရစေ ... ကျူပ်အပြစ်တွေ ဝန်ခံသွားပါ့မယ်၊ မှူခင်းနှိမ်နင်းရေးတာဝန်ခံ ဂူရယ်ကြူးကိုသတ်တာလည်း ကျူပ်ပါပဲ၊ ကျူပ်ကို လိုက်ပြီးစုံစမ်းနေတယ်လို့ သတင်းကြားလို့ နှုတ်ပိတ်လိုက်တာပါ"

ထိုစဉ်မှာပင် ...

မှူခင်းထောက်လှမ်းရေးမှူး ကျန်တီချိုလည်း အနားသို့ ရောက်လာကာ စိတ်မကောင်းစွာဖြင့် အန်းစီရီကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့သမီးလေးကို စောင့်ရှောက်ပေးကြပါ၊ တိုင်းပြည်ကို သစ္စာဖောက်ရဲ့သမီးဘဝကနေ တိုင်းပြည်ကို သစ္စာရှိရှိနဲ့ ကျဆုံးသွားသူရဲ့သမီးဖြစ်သွားတာကို ကျုပ် ဂုဏ်ယူပါတယ်"

အန်းစီရီ၏စကားသံ တိတ်ဆိတ်သွားချေပြီ။

အန်းနိုင်းနိုင်း၏ငိုရှိုက်သံက ညှော်ခန်းဆောင်ကြီးတစ်ခုလုံး ပျံ့လွင့်ထွက်ပေါ်လာချေ၏။

ooo



## အခန်း (၂၀)

## ပဝါလာက်ဆောင်

မြားဒဏ်ရာကို ကြိတ်မှိတ်ခံစားရင်း အံကိုတင်းတင်းကြိတ်၍ မြင်းကြီးကိုဖက်ကာ မိမိ၏ဂျပန်တပ်များရှိရာ ငွေဖြူတောင်ကြား၏တစ်ဖက်ဆီသို့ အရောက်အားခဲ၍ လိုက်ပါလာသော တိုကုဆာသည် ငွေဖြူတောင်ကြားသို့ ဝင်စပြုလာလေပြီ ဖြစ်၏။

ထိုစဉ်မှာပင် ...

အနောက်ဘက်မှ မြင်းခွာသံများကြောင့် နောက်သို့ကြည့်လိုက်မိ၏။

ထိုအခါ ...

များပြားလှသော မြင်းစီးတပ်သားများကို တွေ့လိုက်ရသောအခါ စိတ်ကိုတင်း၍ မြင်းကြီးကို ဇက်ကုန်လွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်း၏ပြေးနှုန်းမှာ လေအလျှင်ကဲ့သို့ မြန်ဆန်လှ၏။

သူ၏ဦးခေါင်းတစ်ခုလုံး မူးနောက်ရီဝေနေ၏။

အဆိပ်လူးမြား ငါးစင်း၏အဆိပ်ဒဏ်ကြောင့် သူ၏ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေ၏။

နောက်ဆုံးတွင် ...

ဆုပ်ကိုင်ထားသော မြင်းဇက်ကြိုးသည် လက်မှလွတ်ထွက်သွားလေတော့၏။

မြင်းဇက်ကြိုးလွတ်သွားသည်နှင့် သူ၏ခန္ဓာကိုယ်သည်လည်း မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့၏။

မြင်းကြီးသည် စီးနင်းသူမပါဘဲ ငွေဖြူတောင်ကြားလမ်းသို့ ပြေးလွှားဝင်ရောက်သွားလေတော့သည်။

တိုကုဆာသည် မြေပြင်ပေါ်၌ လဲကျနေလေ၏။

ဤတောင်ကြားကိုကျော်လျှင် မိမိ၏ဂျပန်တပ်များရှိရာ ရောက်မည်ဖြစ်သည်။

သို့သော် ...

သူသည် တောင်ကြားကို မဖြတ်ကျော်နိုင်တော့ပါ။



မကြာမီအချိန်၌ ...

သူသည် အဆိပ်လူးမြားငါးစင်း၏ဒဏ်ကြောင့် သေဆုံးရတော့မည်ဖြစ်၏။

ထို့အပြင် ...

သူ၏နောက်သို့ လိုက်လာကြသော မြင်းစီးတပ်ကြီးသည်လည်း တဖြည်းဖြည်း နီးလာပြီဖြစ်၏။

ထို့ကြောင့် ...

သူ့အဖို့ လွတ်လမ်းမရှိတော့ပါ။

သို့ဖြစ်၍ ...

တိုကုဆာသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သေသည်။

ထိုဆုံးဖြတ်ချက်ကို ချလိုက်မိသည်နှင့် သူ၏ရင်ထဲ၌ ပေါ့ပါးသန်းဆန်းသွားသည်ဟု ထင်လိုက်မိ၏။

ထိုဆုံးဖြတ်ချက်မှာ ...

မိမိကိုယ်မိမိ သတ်သေရန်ဖြစ်၏။

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သည့်အခါမှ ရန်သူ့လက်ချက်ဖြင့် အသက်သေခံမည့် လူစားမျိုးမဟုတ်ပါ။

ယခု ...

သူသည် အဆိပ်လူမြွားငါးစင်း ထိမှန်သွားပြီဖြစ်၏။

ထို့ကြောင့် ...

သူသည် သေဖို့တံဆိပ်တုံး ခတ်ထားသောလူတစ်ယောက်ဖြစ်နေ၏။

ဤကဲ့သို့သောအခြေအနေ၌ မိမိကိုယ်ကို အဆုံးစီရင်ရန်မှတစ်ပါး အခြားမရှိတော့ပါ။

ထိုဆုံးဖြတ်ချက်နှင့်အတူ သူသည် ခါး၌ချိတ်ထားသောကင်ဒိုဓားကို အားယူ၍ဆွဲထုတ်လိုက်၏။

ထို့နောက် ...

ဓားကို အပေါ်သို့ မြှောက်လိုက်၏။

ထိုအချိန်တွင် ...

သူ အနားကို မြင်းစီးတပ်ကြီးရောက်လာပြီး သူ့အား ဝိုင်းရံလိုက်လေ၏။



သူက ဓားမြှောက်ထားသောလက်ကို ပြန်ချလိုက်သည်နှင့် ရင်ဝမှသွေးများ ဖြာဆင်းကျလာလေတော့၏။

အဆိပ်တက်မှုဒဏ်နှင့် ဓားဒဏ်ရာနှစ်ရပ်ပေါင်းထားသော ဝေဒနာကြောင့် တိုကုဆာသည် ထွက်သက်ဝင်သက်ကို ပြင်းစွာ ရှူရှိုက်နေရ၏။

ထိုအချိန်မှာပင် ...

သူ၏အနား ပျှောက်လာသော မြင်းစီးတပ်ခေါင်းဆောင်ကို တွေ့မြင်လိုက်ရ၏။

ခေါင်းဆောင်သည် သူ့အား အံ့အားသင့်သောမျက်လုံးများဖြင့် ငေးကြည့်နေ၏။

ယခု ...

သူတို့ အသေအလဲလိုက်ဖမ်းရသော ချယ်ရီကျွန်းသားတမန်တော်ကို မိပြီဖြစ်၏။

သို့သော် ...

ထိုတမန်တော်သည် ကြာမီသေဆုံးရတော့မည်ဖြစ်၏။

သူတို့လက်ချက်ဖြင့် သေဆုံးရမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီကျွန်းသားတမန်တော်သည် မိမိကိုယ်ကို အဆုံးစီရင်ခြင်းဖြင့် သေဆုံးရတော့မည် မဟုတ်ပါလား။

မြင်းစီးတပ်ခေါင်းဆောင် တိုကုဆာကို ငုံ့ကြည့်လိုက်မိ၏။

တိုကုဆာက ခေါင်းဆောင်ကို အကူအညီတောင်းသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး ...

"ခင် ... ခင်ဗျား"

မြင်းစီးတပ်ခေါင်းဆောင်က ခေါင်းညိတ်လိုက်ပြီး ...

"ခင်ဗျား ဘာပြောချင်လို့လဲ တိုကုဆာ၊ ပြောပါ ကျုပ်နား ထောင်နေပါတယ်"

ဟု ခွင့်ပေးလိုက်၏။

တိုကုဆာက ဘာမျှပြန်မပြောပါချေ။

သူ၏တုန်ယင်နေသောလက်အစုံက ရင်ဘတ်မှ အင်္ကျီကို ဆွဲဖြဲလိုက်လေသည်။

ထိုအခါ ...

အင်္ကျီရင်ဘတ်အတွင်းမှ အဝါရောင်ပဝါစလေးတစ်ခုကို တွေ့မြင်လိုက်ရလေ၏။



တိုကုဆာသည် သွေးများပေနေသောလက်ဖြင့် ပဝါစလေးကို ဆုပ်ကိုင်လိုက်၏။

ထို့ကြောင့် ...

အဝါရောင်ပဝါစလေးတွင် အနီရောင်သွေးများ စွန်းထင်းသွား၏။

တိုကုဆာသည် တွက်သက်ဝင်သက်ကို ခက်ခဲပင်ပန်းစွာ ရှူလိုက်ရင်း ...

"ဒီ ... ဒီပဝါလေးကို မနက်ဖြန်ကြရင် ဆုံဆည်းရာတည်းခိုခန်းကို ပို့ပေးပါ"

မြင်းစီးတပ်ဖွဲ့ခေါင်းဆောင်က သွေးစွန်းနေသော ပဝါလေးကို လှမ်းယူလိုက်ပြီး ...

"စိတ်ချပါ၊ ကျုပ်ရောက်အောင် ပို့ပေးပါ့မယ်"

"နောက် ... နောက်ပြီး ... အဲ ... အဲဒီ တည်းခိုခန်းကိုလာတဲ့ ကျူးဝေဝေဆိုတဲ့ မိန်းကလေးကိုပြောလိုက်ပါ၊ ကျုပ်မလာနိုင်တော့ဘူးလို့"

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



တိုကုဆာသည် စကားဆုံးသည်နှင့် သွေးများ ပွက်ခနဲ အန်လိုက်၏။

ထို့နောက် ...

တိုကုဆာ၏ခန္ဓာကိုယ်သည် ငြိမ်ကျသွားလေတော့၏။

မြင်းစီးတပ်ဖွဲ့၏ခေါင်းဆောင်သည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်မိလေတော့၏။

○

ယနေ့သည် ကျူးဝေဝေနှင့်စစ်ခန်းတို့ ချိန်းထားသည့်နေ့ဖြစ်၏။

ကျူးဝေဝေသည် သူမထမ်းဆောင်ရမည့်တာဝန်များ ပြီးဆုံးသွားပြီဖြစ်၏။

ထို့ကြောင့် ...

သူမသည် ဆုံဆည်းရာတည်းခိုခန်းသို့ စောစီးစွာထွက်လာခဲ့ခြင်းဖြစ်၏။



ဆုံဆည်းရာတည်းခိုခန်းသို့ ရောက်ကာနီးလေလေ သူမ၏ ရင်ခုန်သံသည် မြန်လေဖြစ်နေ၏။

သူမ၏ခြေလှမ်းများသည် အလျင်ကထက်ပို၍ သွက်လက်နေသည်ဟု ထင်မိ၏။

ယနေ့တွင် စစ်ခန်းသည် သူမအား စကားတစ်ခွန်းပြောပေလိမ့်မည်။

ထိုစကားသည် ချစ်စကားဖြစ်သည်ကို ကျူးဝေဝေ ကြိုတင်တွက်မိထားပြီဖြစ်၏။

သို့သော် ...

သူမသည် စစ်ခန်းအား စိတ်မဆိုးပေ။

အကြောင်းမှာ ...

သူမကိုယ်တိုင်လည်း စစ်ခန်းကို ချစ်နေမိသည် မဟုတ်ပါလော။

မကြာမီမှာပင် ...

စုန်ကျုန်းမြို့လယ်တွင်ရှိသော ဆုံဆည်းရာတည်းခိုခန်းရှေ့သို့ ရောက်ရှိလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဝေဝေသည် တည်းခိုခန်းအတွင်းသို့ လှမ်းဝင်လိုက်ပြီး စားသောက်ခန်းဆီသို့ လျှောက်သွားလိုက်၏။

စားသောက်ခန်းအတွင်းသို့ရောက်သည်နှင့် ထောင့်ကျကျ စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်လိုက်၏။

အချိန်သည် အများကြီး စောနေ၏။

ထို့ကြောင့် ...

စစ်ခန်းပင် မရောက်သေးချေ။

ထိုစဉ်မှာပင် ...

သူမအနီးသို့ ဆိုင်လုလင်တစ်ယောက် ရောက်ရှိလာတော့သည်။

ဆိုင်လုလင်လေးက သူမအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ...

"ဒီက အစ်မလေးက ကျူးဝေဝေလား ခင်ဗျာ"

ကျူးဝေဝေသည် ဆိုင်လုလင်က သူမနာမည်ကို ပြောလိုက်သဖြင့် ကြောင်အမ်းအမ်း ဖြစ်မိ၏။

သူမက ဆိုင်လုလင်ကို ပြုံးပြပြီး ...

BURMESE CLASSIC .com



"ဟုတ်ပါတယ်၊ ကျွန်မနာမည် ကျူးဝေဝေပါ"

ဟု ယဉ်ကျေးစွာ ဖြေကြားလိုက်၏။

သူမ၏စကားသံကို ကြားလိုက်ရသောအခါ ဆိုင်လုလင်လေး၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားတော့သည်။

"ဟာ ... ဒါဆို အတော်ပဲ"

ဆိုင်လုလင်၏စကားကြောင့် သူမသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာအတော်ပဲလဲ"

ဆိုင်လုလင်က ခေါင်းညိတ်ပြီး ...

"ဒီလိုပါ၊ ကျွန်တော်တို့ ဆိုင်ဖွင့်ဖွင့်ချင်း လူတစ်ယောက် ရောက်လာတယ်၊ အဲဒီလူက ပြောတယ်၊ ဒီတည်းခိုခန်းကို မိန်းကလေးတစ်ယောက် ရောက်လာမယ်တဲ့၊ နောက်ပြီး အဲဒီမိန်းကလေး နာမည်က ကျူးဝေဝေတဲ့၊ အဲဒီမိန်းကလေးလာရင် ပြောလိုက်ပါတဲ့၊ ဒီနေ့ စစ်ခန်း မလာအားဘူးလို့၊ နောက်ပြီး ... အဲဒီလူက အစ်မကို အဲဒါရောင်ပဝါစလေး ပေးလိုက်ပါလို့ သေချာမှာသွားလို့ပါ"

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်လေး၏စကားကြောင့် ကျူးဝေဝေ၏မျှော်လင့်ချက် ရောင်ခြည်များ ပြည့်လျှံနေသော မျက်ဝန်းအစုံသည် မှေးမှိန်သွားလေတော့သည်။

သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဒါနဲ့ သူက ဘာထပ်မှာသွားသေးလဲ"

ဆိုင်လုလင်က ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာမှမမှာသွားတော့ဘူး၊ သူ မလာအားသေးဘူးလို့ပဲ ပြောတယ်၊ ဒီမှာ ဟိုအစ်ကိုပေးသွားတဲ့ ပဝါစ"

ကျူးဝေဝေက ဆိုင်လုလင်လက်ထဲမှ အဝါရောင် ပဝါစလေးကို ဖြည်းညင်းစွာ လှမ်းယူလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်ရှင်"

ဆိုင်လုလင်က ပြုံး၍ လှည့်ထွက်သွား၏။

ကျူးဝေဝေသည် အဝါခင် ပဝါစလေးကို ငုံ့ကြည့်မိသည်။

"ဟင် ... သွေးတွေပါလား"

သူမ၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားလေသည်။

BURMESE CLASSIC



အကြောင်းမှာ ...

အဝါရောင်စလေးတွင် သွေးများ စွန်းထင်းနေသည် မဟုတ်ပါလား။

"အစ်ကိုဗိုက်က ဒဏ်ရာမသက်သာဘူး ထင်တယ်၊ အင်း ... ဒါကြောင့်မို့ သူ မလာနိုင်တာပဲ ဖြစ်မယ်"

ကျူးဝေဝေသည် ပဝါစလေးကို ယုယစွာ ကိုင်တွယ်ရင်း စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်၏။

သူမ၏မျက်နှာပေါ်တွင် အပြုံးရိပ်လေး ယှက်သန်းသွားသည်။

"ဟွန်း ... ဒဏ်ရာ မသက်သာတာများ၊ မလာအားသေးဘူး ဘာလေးညာလေးနဲ့ လာမှာနေရသေးတယ်၊ ပြန်တွေ့မှ ရန်တွေ့ပစ်လိုက်မယ်"

ထိုအတွေးနှင့်အတူ ကျူးဝေဝေ၏ရင်ထဲ၌ လန်းဆန်းပေါ့ပါးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် ကျူးဝေဝေ မျှော်လင့်စောင့်စားနေသော စစ်ခန်းသည် ချယ်ရီကျွန်းသား တိုကုဆာပင် ဖြစ်သည်။

စစ်ခန်းအမည်ခံ တိုကုဆာသည် သေဆုံးသွားပြီ ဖြစ်လေသည်။

သူသည် ချယ်ရီကျွန်းသား တမန်တော်တစ်ယောက် ဖြစ်လေသည်။

ထိုအကြောင်းများကို ကျူးဝေဝေတစ်ယောက် မသိရှိခဲ့ပါချေ။

နောက်ရက်များတွင် သူမထံသို့ စစ်ခန်းရောက်လာလိမ့်မည်ဟု မျှော်လင့်တကြီးစွာ စောင့်စားနေမိသည်။

အကယ်၍သာ သူမချစ်သော စစ်ခန်းသည် ငွေဖြူတောင်ကြားတွင် သေဆုံးသွားခဲ့သည့် ချယ်ရီကျွန်းသား တမန်တော်မှန်း သိခဲ့မည်ဆိုလျှင် ...

မိုးကျော်သူ

www.burmeseclassic.com